
www.burmeseclassic.com
ရိုးမိုးစာပေ
လုံးချင်းဝတ္ထုသစ်
မြပုလဲသွယ်
အချစ်လွန်မိုး
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မြပုလဲသွယ်

## အချစ်လှနိမိုး

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၀၀၆၀၀၀၃၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၀၀၀၃၃၀၇၀၉ |
| အဖုံးဒီဇိုင်း | - | သိန်းရွှေကြည် |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၇၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း။ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) ဝံ့ယံအော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း။ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသိန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၃၅၀ ကျပ် |

၈၉၅ . ၈၃

မြပုလဲသွယ်

အချစ်လွန်မိုး/မြပုလဲသွယ်။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၀၉

၂၈၆- စာ ၊ ၁၂×၁၈ စင်တီ။

(ဝ) အချစ်လွန်မိုး


## အခန်း (၁)

မိုးမခံ့။

ကြေးဝါရောင်ပြောင်လက်နေသည့် ဆိုင်းဘုတ်ပေါ်မှာ အနက်ရောင် ဖောင်းကြွစာလုံးများဖြင့် မိုးမခံ့ဆိုသည့် စာလုံးတွေက ထင်းနေသည်။ ခြံဝန်းကြီးက ကျယ်သလို ဟီးထနေသော သုံးထပ်တိုက် အဖြူရောင်ကြီးကလည်း ခေတ်မီနောက်ဆုံးပေါ် ဗိသုကာလက်ရာ၏ အစွမ်းကြောင့် ငေးကြည့်နေချင်စရာကောင်းအောင် နန်းတော်တစ်မျှ ခမ်းနားကြီးကျယ်သောအသွင်ကို ဆောင်လျက်။

မြင့်မားသော တောင်ကုန်းထက်မှာ ကြွားဝင့်စွာ ဦးမော့နေရာယူထားပုံက တော်ရုံလူ ဖူးသွားနိုင်သည့် အနေအထားဖြစ်သည်။ နိုင်ခန့်ထည်ထဲသည့် သံမဏိတံခါးကြီးများကို အသုံးပြုထားသည့်အပြင် သဘာဝကျောက်တုံးကြီးများအား စနစ်တကျ မှန်းမ



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ပြီး ခြံဝန်းတံတိုင်းကြီးကို ခွေးတစ်ကောင် ကြောင်တစ်မြီးမှ အနားမသီနိုင်အောင် အမြင့်ကြီး ခတ်ထားပုံကလည်း ခန့်ခန့်ညားညား လှလှပပ။

သူဌေးတွေချည်းနေသည့် လူကုံထံရပ်ကွက်ထဲမှာ မိုးမခခြံကြီးက ဘယ်သူနှင့်မှ မရောနှောဘဲ သူ့ဘာသာ သီးသန့် ထီးထီးမားမားကြီး ရှိနေသလို မိုးမခခြံကို ရောက်ဖို့ရာမှာလည်း ပြေပြစ်ချောညီသော လမ်းအဆင့်ဆင့်ကို ဖြတ်ကျော်ပြီးမှ တောင်ကုန်းမြင့်ကြီးရှိရာသို့ မနည်းချီတက်လာခဲ့ရသော ခရီးဟုဆိုလျှင်လည်း မမှားပါ။

မိုးမခခြံကြီးက တောင်ကုန်းမြင့်မှာ ရှိနေခြင်းကိုက ပတ်ဝန်းကျင်တစ်ခုလုံးကို အထက်စီးက ကြည့်မြင်နိုင်သည်။ အမြင့်ကကြည့်လျှင် အောက်ခြေကို သေးသေးနုတ်နုတ်မျှသာ မြင်နိုင်သည့်သဘောကို အောင်ဖုံ ပြုံးလိုက်သည်။

မိုးမခခြံပိုင်ရှင် သူဌေးကြီးဦးစက်ရှိန်ကိုယ်တိုင် ဤသဘောအတိုင်းဖြစ်သည်ကိုက အောင်ဖုံမမေ့။ သူတို့လောကမှာ ဦးစက်ရှိန်၏ ဩဇာအာဏာပျံ့နှံ့သက်ရောက်မှုကို တော်ရုံလူ ဘယ်သူမှ လိုက်မမီ။ ဦးစက်ရှိန်ဟုဆိုလျှင် အားလုံးပြီးသည်။ ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာ ဦးစက်ရှိန်မပါလျှင်မပြီး။ ဦးစက်ရှိန်၏ အကူအညီအထောက်အပံ့နှင့် ကင်းလွတ်သူကလည်း သူတို့လောကမှာ ခပ်ရှားရှား။

လူ့တည်၊ လူမှန်၊ လူနည်းစုသာလျှင် ဦးစက်ရှိန်ကို ဂရုမစိုက်သလို ခပ်ကင်းကင်းနေနိုင်ကြသည်။ ထိုလူစုကတော့ ဦးစက်ရှိန်ကို အထင်လည်းမကြီး။ ရောနှောဝင်ထွက်ခြင်းလည်းမပြု။ အနေမှန်သည်။ မတတ်သာ၍ ခေါ်ပြောနှုတ်ဆက်ရလျှင်လည်း ခပ်မှန်မှန်မျှသာ။ ဦးစက်ရှိန်ကို အလေးမထားသော်လည်း သတိတော့ထားသည်။

ဦးစက်ရှိန် သိသော်လည်း မည်သူ့ကိုမျှ ဂရုမစိုက်။ အရေးစိုက်လောက်စရာမဟုတ်ဟုလည်း သတ်မှတ်ဟန်တူသည်။ သူ့အလုပ်ထဲမှာသာ သူ့အာရုံကရှိသည်။ များပြားလှသော စီးပွားရေးလုပ်ငန်းတွေ၏ အဝင်အထွက်စာရင်းဇယားများ။ ကိုယ်တိုင်ဦးဆောင်လှုပ်ရှားနေရသည့် လုပ်ငန်းပိုင်းတွေနှင့် အချိန်အအား မရှိ။ အနားမနေတတ်သော သူ့ဝါသနာအရ မည်မျှပင် ပင်ပန်းသည့်ခရီးဖြစ်ပစေ သူကိုယ်တိုင် ဦးဆောင်သည်။ သွားလာလှုပ်ရှားသည်။

အပေါ်ပိုင်း သူဌေးလောပန်လောကမှာ မိန့်မိန့်ကြီးထိုင်နေသူမဟုတ်။ ကိုယ်တိုင် အခြေခံကျကျ၊ လက်တွေ့ဘဝ လူတန်းစားနှင့် ကင်းကွာသူမဟုတ်သဖြင့် ဦးစက်ရှိန်ကို ဘယ်သူမှ လိမ်ချင်ညာချင်လို့မရ။ ဦးစက်ရှိန် လက်အောက်မှာ ရှိနေကြသူအားလုံး ဦးစက်ရှိန်၏ လက်ရွေးစင်တပည့်တွေချည်းဖြစ်သည်။

www.burmeseclassic.com



စီသားစုအဖွဲ့အစည်းအလိုက် အုပ်စုဖွဲ့ လှုပ်ရှားနေကြသူ ဆွေ့အဝေါမှာ အကျိုးအမြတ် ခံစားခွင့် အပြည့်အဝပေးထားခြင်းက လည်း ဦးစက်ရှိန်အပေါ် သစ္စာရှိသူများအဖြစ်သို့ ပြောင်းလွဲစေ သည်။ ဤသည်က လောက၏ မှတ္တာအရ ကိုင်းကျွန်းမှီ၊ ကျွန်း ကိုင်းမှီသည့်သဘော။

ဦးစက်ရှိန်ကလည်း လူ့သဘော လူ့မနောကို နားလည် သည်။ အပေးအကမ်း ရက်ရောသလို တင်းကြပ်သည့် စည်းကမ်း ကို ဖောက်ဖျက်လာရင်လည်း အပြစ်ပေးဖို့ရာ လက်မနှေး။ လက်သည်မပေါ်ဘဲ အပြတ်ရှင်းမည့် တပည့်တွေကို သီးသန့် လက်သတ်မွေးထားသည်။

များပြားလှသော စီးပွားရေးလုပ်ငန်းတွေထဲမှာ မှန်တာတွေ ရှိသလို မမှန်တာတွေလည်း ရှိသည်။ ပကတိစင်းလုံးချော လူစား မျိုးထဲကမဟုတ်။ ဒါကိုသိ၍ မမလုံက သူ့ကိုမသွားဖို့ အတန်တန် တားသည်။ မျက်ရည်ခံထိုး ငိုကြွေးသည်။ အောင်ဖုံ စိတ်ထဲ မကောင်းပေမယ့် အစ်မဖြစ်သူစကားကို နားထောင်ပြီး ဘာအလုပ်မှ မလုပ်ဘဲ ငြိမ်နေ၍မဖြစ်တော့သော သူတို့ဘဝ သူတို့အခြေအနေကို နားလည်သည်။

ဒါကြောင့်လည်း ဆုံးဖြတ်ချက်ကို ပြန်မပြင်တော့။ မမလုံ တားနေသည့်ကြားကပဲ မိုးမခခြိပိုင်ရှင် သူဌေးဦးစက်ရှိန်ရှိရာကို





အရဲစွန့်ပြီး ထွက်လာခဲ့သည်။ ကြောက်နေလို့ ဘာမှမပြီး။ ရဲမှ မင်းဖြစ်သည်ဆိုသည့် စကားအတိုင်း ဦးလေး ဦးသီတင်း စာတစ်စောင်နှင့် မိုးမခခြံကြီးရှေ့ကို ရောက်လာခဲ့ခြင်းဖြစ်သည်။

ဆိတ်ငြိမ်ရပ်ကွက်ဖြစ်၍ ပတ်ဝန်းကျင်က တိတ်နေသည်။ သူဌေးခြံရှေ့မှာ ကျောပိုးအိတ်လေးတစ်လုံးနှင့် ယောင်လည်လည်ရပ် ပြီး မိုးမခခြံကြီးနှင့် သုံးထပ်အိမ်မြင့်ကြီးကို ငေးနေသည့် အောင်ဖုံ ပုံစံက တောသားတစ်ယောက် မြို့တက်လာပြီး ယောင်လည်လည် ဖြစ်နေသည့်ပုံစံမျိုးဟု တွေးရင်း ကိုယ့်အဖြစ်ကိုယ် သဘောကျစွာ ပြုံးလိုက်မိသည်။

အကျီအိတ်ကပ်ထဲက ဦးသီတင်းရေးပေးလိုက်သည့်စာကို တစ်ချက်ငုံ့ကြည့်လိုက်သည်။

ဦးစက်ရှိန်။

မိုးမခခြံ။

ဦးသီတင်း၏ လက်ရေးက ခပ်သော့သော့။ တစ်ချိန်က သူဌေးဦးစက်ရှိန်၏ လူယုံတော်ကြီးအဖြစ် ဦးစက်ရှိန်အနားမှာ သစ္စာ အရှိဆုံးလူအဖြစ် တာဝန်ထမ်းခဲ့သူ။ သူ့စာကိုသာ ပေးလိုက်ပါ။ ဦးစက်ရှိန်က မင်းကို စိတ်ချယုံကြည်စွာ လက်ခံပါလိမ့်မည်ဟု ပြောခဲ့သည့်စကားကို အခုချိန်ထိ ကြားနေမိဆဲ။

တံခါးဝမှာ တပ်ဆင်ထားသည့် အင်တာကွန်ခလုတ်ကို



www.burmeseclassic.com

www.burmeseclassic.com



နှိပ်မည်ဟု လက်ကိုအမြှောက်…

''တီ''

ကျယ်လောင်စွာ အနီးဂေါ်ပ်ထွက်ပေါ်လာသည့် ကားဟွန်းသံက အောင်ဖုံလက်ကို လေထဲမှာ ရပ်တန့်သွားစေခဲ့သည်။ နောက်ကို ဖြည်းဖြည်းချင်း အလှည့်မှာ နီရဲကြွရှနေသည့် ပြိုင်ကားလှလှလေးနှင့် ဖြူနုဖွေးအုနေသည့် မိန်းမချောလေးတစ်ယောက်။ ဖီးညှိရောင်မျက်မှန်ကို တပ်ထားသည်။ ပလက်တီနမ် နားဆွဲနောက်က ညိုဖျော့ဖျော့ ဆံနွယ်တွေက ပခုံးနှင့်ကျောပြင်မှာ မျောလွင့်လျက်။

''ရှင်ဘယ်သူလဲ''

''ဗျာ''

''ဘာ်ကီစွန့် ကျွန်မတို့ခြံရှေ့မှာ လာရပ်နေတာလဲလို့ မေးနေတာ''

မျက်နှာလေးက အပြစ်ဆိုစရာမရှိအောင် လှသလို အသံလေးကလည်း ချိုသည်။ မျက်နှာတစ်ဝက်နီးပါး ဖုံးအုပ်ထားသည့် မျက်မှန်ကြောင့် မျက်ဝန်းအစုံကို မမြင်ရပေမယ့် ပြည့်ဖောင်းနုထွေးသည့် နှုတ်ခမ်းရဲရဲစိုစိုလေးမှာ ညို့ဓာတ်တွေအပြည့် ရှိနေတာ သူသိသည်။

''ဦးစက်ရှိန်နဲ့ တွေ့ချင်လို့ပါ''





ဦးစက်ရှိန်။

မိုးကေရီ မျက်ခုံးလေးက သိသာစွာ တွန့်ကွေးသွားသည်။ ဒက်ဒီ့ကိုများ ဦးစက်ရှိန်တဲ့။ ဒီဝန်းကျင်အသိုင်းအဝန်းမှာ ဒက်ဒီကို ဒီလို ဘယ်သူမှ ခေါ်ရဲသူမရှိ။ ဒီလူက ဒက်ဒီနာမည်ကို ရဲတင်းစွာ ခေါ်ပြီးမေးနေရအောင် သူက ဘယ်သူမို့လဲဟု မိုးစိတ်ထဲမှာ မကျေမနပ်လေးတွေးရင်း သူမမျက်စိရှေ့မှာ ရပ်နေသည့် လူကိုပါ တစ်ဆက်တည်း အကဲခတ်လိုက်သည်။

အရပ်ကြီးက ခြောက်ပေလောက်ရှိမလားမသိ။ မျက်ခုံးထူထူ၊ အသားဖြူဖြူ၊ နှာတံပေါ်ပေါ်၊ မျက်လုံးအိမ်တွေက စူးရှတောက်ပပြီး အရောင်တစ်မျိုး ဖြာထွက်သလားထင်ရသည်။ နှုတ်ခမ်းနှစ်လွှာက ခပ်တင်းတင်း စေ့ပိတ်ထားပြီး အရယ်အပြုံးမရှိ။ ခပ်တည်တည်ပေမယ့် ဒီလူချောတာကိုတော့ အသိအမှတ်မပြုဘဲ နေလို့မရ။

ခပ်လတ်လတ် ဂျင်းဘောင်းဘီနှင့် တီရှပ်တစ်ထည်ကို ဝတ်ထားပြီး ကျောပိုးအိတ်တစ်လုံးနှင့် ရပ်နေသည့် လူပုံစံက အားကစားလိုက်စားသူတစ်ယောက်အဖြစ် ခန္ဓာကိုယ်မှာ ဘာအဆီပိုမှ မရှိဘဲ သပ်သပ်ရပ်ရပ်နှင့် ကြည့်ကောင်းသည်။

အားလုံးခြုံကြည့်လိုက်တော့ အပြင်အဆင် အသားအနားကြီးမဟုတ်ပေမယ့် လူချောလူဖြောင့်တစ်ယောက်၏ ဂုဏ်အင်္ဂါနှင့်



www.burmeseclassic.com

www.burmeseclassic.com



ညီညွတ်သူ။ အနေအထိုင် တည်ကြည်သူအဖြစ် သိမှတ်လက်ခံလိုက်ရသည့်တိုင် မိုးစိတ်ထဲ သိပ်တော့မကျေနပ်။

ဒါကလည်း သူလိုလူတစ်ယောက်က မိုးဒက်ဒီကို ဦးစက်ရှိန်လို့ ရဲတင်းရင့်သီးစွာ ခေါ်လိုက်ခြင်းကြောင့်ပါ။

"ဦးစက်ရှိန်ရှိလား"

"သိချင်ရင် အထဲရောက်တော့ မေးကြည့်ပေါ့"

မိုးကို သူ ငေးကြည့်နေဆဲ မိုး၏ကားဟွန်းသံကြောင့် အော်တိုပွင့်သွားသည့် ခြံဝင်းတံခါးကြီးအတိုင်း မိုးက သူမပြိုင်ကားလေးကို ဝေါခနဲ မောင်းဝင်သွားသည်။ နောက်ကြည့်မှန်က လှမ်းကြည့်လိုက်တော့ မိုးနှင့် စကားပြောခဲ့သည့် ကိုလူချောပါ ခြံထဲဝင်လာတာ မြင်လိုက်ရသည်။

လူကတော့ လူချောပဲ။

ဒါပေမယ့် မိုးကေရီလို အသိုင်းအဝိုင်းထဲက လူစားမျိုး မဟုတ်ခြင်းကြောင့် ထိုအကြောင်းကို သူမခေါင်းထဲက ထုတ်ပစ်လိုက်သည်။ မိုးကေရီဆိုတာ သူဌေးကြီး ဦးစက်ရှိန်ရဲ့ ရွှေမငြိမ်းဖြစ်တဲ့ တစ်ဦးတည်းသောသမီးလေးလေ။ ဒါမျိုးတွေအတွက် ခေါင်းအမလေးခံပြီး တွေးနေဖို့ အချိန်မရှိ။

မိုးကေရီဆိုသည့် မိန်းမလှလေးအပေါ်မှာ ဝိုင်းဝိုင်းလည်ခစားနေသည့် ခုနစ်ပြည်ထောင်မင်းသားတွေဆိုတာ ရေတွက်လို့ပင်





မကုန်။ ဟောတစ်ယောက် ဟောတစ်ယောက် မိုးကေရီအပေါ်မှာ သူမ သေဆိုသေ၊ ရှင်ဆိုလျှင်ရှင်မည့်သူတွေချည်း။

အားလုံးက မိုးကေရီ၏ အလှနတ်ဖုရားမလေး၏ အချစ်ကိုမှမရရင် သေတော့မတတ် ကဲပြသည်းပြသူတွေချည်းဖြစ်ပြီး မိုးကေရီ၏ မျက်နှာညိုမခံဝံ့သူတွေချည်းဖြစ်နေကြခြင်းကလည်း မိုးအတွက် ကြာတော့ စိတ်ပျက်ညည်းငွေ့စရာ ဖြစ်လာရခြင်းကို မည်သူမျှမသိ။

ကားလေးကို တောင်ယက်လမ်းသွယ် ဖောက်လုပ်ထားသော လမ်းလေးအတိုင်း ခပ်ကြမ်းကြမ်း မောင်းတက်အလာ ဆင်ဝင်အောက်မှာ ဒက်ဒီကား ရပ်ထားတာကို တွေ့လိုက်ရသဖြင့် ပခုံးလေးနှစ်ဘက်ကို လှပစွာ တွန့်လိုက်သည်။

ဟိုလူတော့ ကံကောင်းပြီပဲ။

ဒက်ဒီ့လို လူတစ်ယောက်ကို ကြိုတင်ချိန်းဆိုထားခြင်းမရှိဘဲ တွေ့နိုင်သူကလည်း ခပ်ရှားရှား။ တော်ရုံလူ ဒက်ဒီလိုပုဂ္ဂိုလ်မျိုး အလွယ်တကူ တွေ့နိုင်ခွင့်မရှိ။ ဒီကြားထဲက ကိုလူချောက ဒက်ဒီနှင့် တစ်ခေါက်လာ တစ်ခါထဲတွေ့ဆိုတော့ သူမှ ကံမကောင်းလျှင် ဘယ်လိုလူကို ကံကောင်းသူအဖြစ် ဆိုရမည်နည်း။

"ကျိုး"

ဒက်ဒီ့ကားနက်ကြီးနောက်မှာ သူမကားလေးကို ထိုးရပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကားပေါ်က မိုး ဆင်းလိုက်သည်နှင့် ဒေါ်ရှမ်းက ပျာပျာသလဲ မိုးနားကို ရောက်လာကာ မိုးကားပေါ်က ပါလာသည့် ပစ္စည်း အသုံးအဆောင်တွေကို အိမ်ဖော်ကောင်မလေးတစ်ယောက်နှင့် သယ်ယူဖို့ စီစဉ်နေသည်။

ဧည့်ခန်းထဲ လှမ်းအဝင်မှာ ပထမဆုံး ကြားရသည်က ဒက်ဒီဖုန်းပြောနေသည့် ယိုးဒယားစကားသံဖြစ်သည်။ တစ်ဖက်နှင့် ဘာတွေ အခြေအတင်ပြောနေသည်မသိ မိုးဝင်လာတာ မြင်သည်နှင့် ပြောလက်စဖုန်းကို လက်စသပ်ပြီး ရပ်ပစ်သည်။

"ဒက်ဒီ ဘယ်တုန်းက အိမ်ကိုရောက်နေတာလဲဟင်"

"နှစ်ရက်ရှိပြီ၊ ဒီညပြန်မယ်၊ သမီးပြန်လာမယ်ဆိုလို့ စောင့်နေတာ"

သားအဖနှစ်ယောက် အခုမှ တစ်ယောက်မျက်နှာ တစ်ယောက် စေ့စေ့ကြည့်ဖြစ်သည်။ သားအဖနှစ်ယောက် အခုလို မျက်နှာချင်းဆိုင်မဆုံဖြစ်တာ ခြောက်လပင်မကတော့။ ဖုန်းနှင့် အဆက်အသွယ်လုပ်ပြီး သာကြောင်းမာကြောင်းလောက်သာ ပြော ဖြစ်ပြီး လူချင်း အခုမှဆုံကြတာဖြစ်သည်။

"ဒက်ဒီပြန်ရင် မိုးပါလိုက်မယ်"

"ခရီးတွေက များလှချည်လား၊ သမီးမှာ ကျောင်းက တစ်ဖက်ရှိသေးတယ်၊ လိုက်ချင်ရင် ကျောင်းပိတ်မှလိုက်"





သူငယ်ချင်းတွေစုပြီး ဘန်ကောက်ကို စျေးဝယ်ထွက်ခြင်း ကို ရည်ရွယ်၍ ပြောခြင်းဖြစ်သော်လည်း ဒက်ဒီ့မျက်နှာက ခပ်ပြုံး ပြုံး။ ငွေကို ရေလိုသုံးသည့်နေရာမှာ မိုးကို ဘယ်သူမှ လိုက်မမီ။ မိုးအတွက် အပေါ်ထပ်တစ်ခုလုံး သီးသန့်ထားပေး၍သာ တော် တော့သည်။ အပေါ်ထပ်တစ်ခုလုံး မိုး၏ အသုံးအဆောင်ပစ္စည်း တွေက အပြည့်။

ဖိနပ်ဆို တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဍာန်အစုံစုံ မှန်ကောင်တာ ထဲမှာ အဆင့်ဆင့် အပြည့်ရှိနေပေမယ့် ဝယ်ယူခြင်းက ရပ်ဆိုင်း မသွား။ အင်္ကျီဘောင်းဘီဆိုလည်း နာမည်ကြီးတံဆိပ်တွေချည်းဖြစ် ကာ ရေမွှေး၊ မိတ်ကပ်၊ နှုတ်ခမ်းနီ၊ ပေါင်ဒါ အားလုံး မိုးစိတ်ကြိုက် ပစ္စည်းတွေချည်းဖြစ်သည်။ မိတဆိုးသမီးလေးအဖြစ် ဒက်ဒီက မိုးကို တုန်နေအောင်ချစ်သည်။ အလိုလိုက်သည်။ မျက်နှာတစ်ချက် အညိုခံခြင်းမရှိ။

"သမီးဘဏ်စာအုပ်ထဲ ငွေထပ်ထည့်ခဲ့ပြီ၊ လိုတာရှိရင် လည်း ဒက်ဒီ့ဆီကို ဖုန်းဆက်ဟုတ်လား"

"ဟုတ်ကဲ့"

"ဘာကိစ္စလဲဟော့ မောင်ရင်"

ရိပ်ခနဲ အိမ်ပေါက်ဝမှာ ရပ်လာသည့်လူကို မျက်ဝန်း ထောင့်စွန်းက လှမ်းမြင်လိုက်ချိန်မှာပင် ဒက်ဒီ့ထံမှ အောင်မြင်



www.burmeseclassic.com

www.burmeseclassic.com



ခန့်ညားသော အသံက ဟိန်းထွက်သွားသည်။

မိုး လှမ်းကြည့်လိုက်တော့ ခြံပေါက်ဝမှာ မိုးနှင့်ဆုံခဲ့သည့် လူ။

"ကျွန်တော် ဦးစက်ရှိန်နဲ့ တွေ့ချင်လို့ပါ"

"ဦးစက်ရှိန်ဆိုတာ ငါပဲ၊ ဘာကိစ္စလဲပြော"

ဒက်ဒီ့မျက်နှာက တည်သလို စကားပြောသည့်လေသံက လည်း ပြတ်သည်။ ဒက်ဒီ့ထံမှ နူးညံ့ခြင်းနှင့် အပြုံးက မိုးအတွက် သီးသန့်ဟုဆိုရမည်။

"ဦးသီတင်းက လွှတ်လိုက်လို့ပါ၊ ဒီမှာ ဦးအတွက် စာပေးလိုက်ပါတယ်"

ရိုကျိုးသော အသွင်ရှိသော်လည်း နှိမ့်ချသောပုံစံမရှိ။ တည်ငြိမ်သောမျက်နှာက အေးဆေးသည်။ စိုးရိမ်ခြင်းကင်းသည်။ ပြီးတော့ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိသူတစ်ယောက်၏ ပုံစံမျိုး ဖြစ်သည်။

ဒက်ဒီက သူ့လက်ထဲရောက်လာသည့်စာကို ဆွဲယူဖွင့်ဖတ် သော်လည်း ထိုင်ပါဟု တစ်ခွန်းမပြောသဖြင့် သူကလည်း အလိုက် သင့်ရပ်လျက် ဒက်ဒီ့မျက်နှာကိုသာ ငြိမ်သက်တိတ်ဆိတ်စွာ အကဲ ခတ်နေ၏။ အနားမှာ မိုးရှိနေတာကိုပင် ဂရုမစိုက်။ ကြီးကျယ်ခမ်းနား သော အသုံးအဆောင်ပစ္စည်းတွေနှင့် မြင်သူ အံ့သြရသော အပြင်





အဆင်တွေကို ဘာတစ်ခုမှ စိတ်မဝင်စား။

ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်တိတ်ဆိတ်နေပုံက တစ်လောကလုံးမှာ ဒက်ဒီနှင့်သူ နှစ်ယောက်တည်းရှိနေသည့်ပုံမျိုး။

"အောင်ဇံဆိုတာ မင်းလား"

"ဟုတ်ကဲ့"

ဒက်ဒီက လက်ထဲစာကို ခေါက်သိမ်းရင်း သူ့ရှေ့မှာ မားမားကြီးရပ်နေသော အောင်ဇံဆိုသည့်လူ၏ မျက်လုံးထဲကို စူးစိုက် ကြည့်ပြီး အကဲခတ်ကြည့်ရှုလိုက်သည်။

သစ္စာရှိလူယုံ ဦးသီတင်းက လွှတ်လိုက်သည်ဆိုတာနှင့် အောင်ဇံဆိုသည့်လူငယ်ကို သူ အလွယ်တကူ လက်ခံယုံကြည်ပစ် သည်။ ဥပမိရုပ်ကောင်းသလို သူ့အပေါ် သစ္စာရှိလျှင် ဒီလိုလူမျိုး သူ့အတွက် အသုံးတည့်မှာကို ဦးစက်ရှိန် သိသည်။

လူက လူချောလူဖြောင့်တစ်ယောက်။

"အေး…မင်းကို ဦးသီတင်းရဲ့ စာအရ အလုပ်ထဲမှာ သုံးမယ်၊ ငါ့အပေါ်မှာ သစ္စာရှိသလို ငါ့မိသားစု၊ ငါ့အလုပ်အပေါ် မှာလည်း သစ္စာရှိရမယ်၊ ငါပြောတာ နားလည်လား"

"ဟုတ်ကဲ့၊ နားလည်ပါတယ်"

"ဒါ ငါ့ရဲ့တစ်ဦးတည်းသောသမီး မိုးကေရီဆိုတာပဲ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



အောင်စုံက သူ့ကို ခပ်တည်တည်လေးကြည့်နေသော မိုးကေရီဆိုသည့် မိန်းမလှလေးရှိရာသို့ တစ်ချက်ကြည့်လိုက်သည်။ နက်မှောင်ရှန်းလဲ့စွာ ကြည်လင်တောက်ပနေသည့် မိုးကေရီ၏ မျက်နက်ဝန်းများနှင့် ဆုံမိုက်မှာ အောင်စုံ့ရင်ထဲ လျှပ်စစ်လှိုင်းလေး တစ်ခု အရှိန်ပြင်းပြင်း ဖြတ်ပြေးသွားသည်။

လှလိုက်တဲ့ မျက်နက်ဝန်းတွေ။

အကြည့်ကို ဖျတ်ခနဲ လွှဲပစ်လိုက်ပေမယ့် မိုးကေရီဆိုသည့် ချာတိတ်မလှလှလေးရဲ့ မျက်ဝန်းအကြည့်တွေက အောင်စုံ့ရင်ထဲ ဘယ်နေရာကမှန်းမသိ စွဲထင်ကျန်ရစ်သည့်အဖြစ်ကလည်း အတော် ထူးဆန်းသည်။

"ကနေ့ညပဲ ခရီးစထွက်ရမယ်၊ မင်း ငါနဲ့တစ်ခါတည်း လိုက်ခဲ့"

"ဟုတ်ကဲ့"

"တူ…တူ…တူ"

ဦးစက်ရှိန့်လက်ထဲက ဖုန်းသံမြည်လာသည်။ ဦးစက်ရှိန် က အောင်စုံ နားမလည်သော ဘာသာစကားဖြင့် တစ်ဖက်ကို ဖုန်းပြောနေတာကို သူ ငေးကြည့်နေသည်။ အခြေအတင်၊ ဆူဆူ ညံညံ။ ဖြူသော ဦးစက်ရှိန့်မျက်နှာက ဒေါသဖြင့် သွေးရောင်လွှမ်းစ ပြုနိုက်မှာ ဖုန်းကို ပိတ်လိုက်သည်။





"အခုပဲ ဒက်ဒီ ခရီးသွားရမယ်သမီး၊ အောင်စုံကို ဒက်ဒီ နဲ့အတူ ခေါ်သွားလို့မဖြစ်သေးဘူး၊ သမီးပဲ ခြံထဲက ဦးမြိုင်အိမ်လေး မှာ ခဏပို့ထားလိုက်တော့"

"ဒက်ဒီသွားပြီ"

ခြေလှမ်းကျဲကြီးတွေနှင့် ရှေ့ကို အလောတကြီး ထွက်သွား ပြီးမှ နောက်ကြောင်းကို သတိရသလို ဖျတ်ခနဲ ခြေစုံကို ရပ်လိုက်သူ က ဦးစက်ရှိန်။

"အောင်စုံ"

"ခင်ဗျာ"

"ဒီမှာရှိနေတဲ့အခိုက် ငါ့သမီးစကားကို တသွေမတိမ်း နားထောင်ပြီး လိမ်လိမ်မာမာနေပါ"

"ဟုတ်ကဲ့"

"သမီး"

"ရှင်…ဒက်ဒီ"

"အကြောင်းထူးရှိရင် ချက်ချင်းဖုန်းဆက်လိုက် ဟုတ်လား"

"ဟုတ်ကဲ့"

ဘယ်လိုအကြောင်းထူးကို ရည်ညွှန်းပြောဆိုမှန်း သေချာ မသိပေမယ့် စကား၏အဓိပ္ပာယ်က နက်ရှိုင်းကျယ်ပြန့်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာနေပြီး မင်းဘာဆက်လုပ်ရမယ်ဆိုတာ သမီးက တစ်ဆင့် ငါညွှန်ကြားလိုက်မယ်၊ သမီး ဒက်ဒီသွားပြီ"

ကားကို ဦးစက်ရှိန်ကိုယ်တိုင်ပဲ မောင်းသွားတာ မြင်လိုက်ရသည်။ ကိုယ်တိုင်ပဲ ကားမောင်းတာ ဝါသနာပါလို့လား။ ဒါမှမဟုတ် သူ့နားမှာ နီးနီးကပ်ကပ် ဒရိုင်ဘာအဖြစ် စိတ်ချယုံကြည်ရမယ့်သူ မရှိလို့လား။ သိပ်တော့မဖြစ်နိုင်။ ကိုယ်ကကျူး ကိုယ့်ဒူးတောင် မယုံနဲ့ဆိုသည့်စကားထဲကလိုများလား။

"ဒေါ်ရှမ်း"

"လာပြီ ကလေး"

ရိုကျိုးသော အမူအရာဖြင့် ဒေါ်ရှမ်းဆိုသည့် အဒေါ်ကြီးတစ်ယောက် အောင်ဖုံရှိနေသည့် ဧည့်ခန်းထဲ ရောက်လာသည်။

"ဦးမြိုင်ကို ဖုန်းဆက်ပြီး ဒီလူကို လာခေါ်ပါလို့ပြောလိုက်"

"ကောင်းပါပြီ"

အောင်ဖုံကို တစ်ချက်လှည့်မကြည့်ဘဲ နေရာက ကြွကြွရွရွလေး ထွက်သွားသည့် မိန်းမချောလေးက မိုးမခြိုကြီး၏ပိုင်ရှင်သူဌေးဦးစက်ရှိန်၏ တစ်ဦးတည်းသောသမီး။

အသက်က အလွန်ဆုံးရှိမှ ဆယ့်ရှစ်နှစ်သာသာမျှ ဖြစ်သော်လည်း မည်သူတစ်ဦးတစ်ယောက်ကိုမှ လူမထင်သည့်ပုံစံအပြည့်။





ထိုအတွက် မိုးစေကြီဆိုသည့် မိန်းမလှလေးကို အပြစ်ဆိုရန် အကြောင်းမရှိ။ သခင်မတစ်ပါး၊ ဘုရင်မတစ်ပါးလို နေထိုင်ကြီးပြင်းလာရသော မိုးစေကြီဘဝ၊ အချစ်ခံရသူ သခင်မတစ်ပါး၏ဘဝ။ သူမဖြစ်ချင်တာ လိုချင်တာအားလုံး ဘာမဆိုဖြစ်ခွင့်ရသော အခွင့်အာဏာရှိသူ။ ပြည့်စုံချမ်းသာသည့်ဘဝမှာ နေသားကျနေသူအား အပြစ်တင်လျှင် ထိုအပြစ်တင်သူသာလျှင် အပြစ်သင့်ရှေမည်။

"ကျွပ်ရောက်ပါပြီ ဒေါ်ရှမ်း"

ဦးမြိုင်ဟု သိလိုက်သည်။

ညိုမောင်းမောင်းအသားအရေနှင့် ခန္ဓာကိုယ် ပိန်လှီဖျော့တော့သော အသက်ကြီးကြီး အဘိုးအိုတစ်ယောက်။

"ဆရာကြီးက သူ့ကို ရှင်နဲ့အတူ ထားရမယ်လို့ပြောတယ်၊ ခေါ်သွားပါ"

"လာ…လူလေး"

အောင်ဖုံရှေ့မှ ဦးဆောင်ထွက်သွားသော ဦးမြိုင်ဆိုသည့် အဘိုးအိုနောက်က သူလိုက်ခဲ့သည်။ အခုမှ ကျယ်ပြန့်လှင့်ပြောသော မိုးမခြိုကြီးတစ်ခုလုံး စိတ်ဝင်စားစွာ သိမ်းကျုံးကြည့်ဖြစ်သွားသည်။ စနစ်တကျ စိုက်ပျိုးထားသည့် ပန်းဥယျာဉ်နှင့် စိမ်းစိုသည့် သစ်ကြီးဝါးကြီးတွေက မိုးမခြိုကို ပို၍ ထူးခြားမှုကိုဖြစ်စေသည်။

ကျောက်ခင်းထားသည့် ကွန်ကရစ်လမ်းလေးအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ရင်း မြို့ကြီး၏ နောက်ပိုင်းအတွင်းဘက်သို့ ရောက်မှန်းမသိ ရောက်လာသည်။

◆ ◆ ◆



## အခန်း (၂)

အုံ့ဆိုင်းမှိုင်းညို့သော စိမ်းမြသည့် သစ်ပင်သစ်ရွက်တချို့ ဆီမှ သင်းပျံ့လတ်ဆတ်သော သဘာဝရနံ့ကို ရှူရှိုက်မိ၏။

"ဟိုးမှာ လှမ်းမြင်နေရတဲ့အိမ်လေးက အဘနေတဲ့ အိမ်လေးပေါ့၊ လူလေးနေရမှာ အဲဒီအိမ်လေးပဲ"

အဘိုးအို ညွှန်ပြသော အိမ်လေးရှိရာ လှမ်းမျှော်ကြည့် လိုက်တော့ တိတ်ဆိတ်ခြင်းအဖြစ်က ကြိုနှင့်၏။

"အဘ မိသားစုမရှိဘူးလား"

"မရှိပါဘူးကွယ်၊ အဘက တစ်ကိုယ်တည်းသမားပါ၊ ချက်ပြုတ်စားသောက်တော့လည်း ကိုယ်တိုင်ပဲ၊ စိတ်လွတ်ကိုယ် လွတ်နေပါ၊ အဘကို ဘာမှအားနာစရာမလိုဘူး"

"ကျေးဇူးတင်ပါတယ် အဘ၊ ကျွန်တော့်နာမည် အောင်ဖုံ ပါ"



www.burmeseclassic.com

www.burmeseclassic.com



“မောင်အောင်ဖုံပေါ့”

“ဟုတ်ကဲ့”

ဦးမြိုင်က ဦးခေါင်းကို တဆတ်ဆတ်ညိတ်လျက် အသိအမှတ်ပြုသည်။

“ဦးစက်ရှိန်က စိတ်ရင်းမဆိုးပါဘူး၊ အလုပ်မှာကြိုးစားရင် ကြိုးစားသလောက်တော့ အကျိုးခံစားခွင့်ပေးပါတယ်၊ မောင်အောင်ဖုံလည်း ကြိုးစားပေါ့”

သူ ဘာမှမပြောဘဲ ဦးမြိုင် ပြောသမျှကိုသာ အမြဲးဖြင့်ငြိမ်လျက် နားထောင်နေလိုက်သည်။ ဦးစက်ရှိန်က အောင်ဖုံကို အလုပ်ခန့်လိုက်ပြီဟု ပြောပေမယ့် အောင်ဖုံ လုပ်ရမည့်အလုပ်က ဘာအလုပ်မှန်း ကိုယ်တိုင်သိရသေးတာမဟုတ်။

“လာ…လူလေး၊ ဒီနေရာကို ဘယ်သူမှမလာဘူး၊ အေးအေးဆေးဆေး အနားယူ၊ ဗိုက်ဆာရင် အိုးထဲမှာ ထမင်းဟင်းတွေ အသင့်ရှိတယ်၊ ဆာတဲ့အချိန် ကိုယ့်ဘာသာ ထည့်စား၊ ကိုယ့်အိမ်ကိုယ့်ယာလို သဘောထား ဟုတ်လား”

“အိမ်အနောက်ဘက်မှာ ရေချိုးခန်းနဲ့ အိမ်သာရှိတယ်”

“အဘက ဒီမှာဘာလုပ်တာလဲ”

“ခြံစောင့်မာလီပေါ့၊ ဒီပန်းဥယျာဉ်တွေက အဘလက်ရာတွေချည်းပဲ၊ အိမ်ကြီးက အဘကို ခိုင်းစရာရှိရင် ဖုန်းနဲ့လှမ်းပြော





လိုက်တာပဲ၊ သစ်ပင်တွေ ပြုပြင်စိုက်ပျိုး၊ လိုအပ်တာတွေ လုပ်ပေးပေါ့”

“ဗြော်”

ဦးမြိုင်က တစ်ယောက်တည်းနေသည်ဆိုပေမယ့် အိမ်လေးက သပ်ရပ်သန့်ရှင်းနေသည်။ တစ်ခန်းထဲသာရှိသော အိပ်ခန်းမှာ ဦးမြိုင်နေသည်။ အောင်ဖုံကတော့ အိပ်ခန်းထောင့်ရှိ တစ်ယောက်အိပ် ခေါက်ခုတင်လေးမှာ နေခွင့်ရသည်။ ပါလာသည့် အဝတ်အိတ်လေးကို အိပ်ရာပေါ်တင်ပြီး လှပသောခြံကြီးနှင့် နာမည်ကြီး မိုးမခအဆောက်အဦးကြီးကို ငေးကြည့်နေမိသည်။

ဦးမြိုင်က အောင်ဖုံကို ရေနွေးခတ်ဗူးနှင့် လက်ဖက်အုပ်လေး ချထားခဲ့ပြီး သူလုပ်လက်စအလုပ်တွေကို ခြံကြီးထဲမှာ တကုတ်ကုတ် ဆက်လုပ်နေသည်။ ဥယျာဉ်မှူးတစ်ယောက် တာဝန်ဝတ္တရားတွေက အပေါ်ယံအမြင်မှာ လွယ်ကူသယောင်နှင့် သစ်ပင်တစ်ပင် ကြီးထွားရှင်သန်လာအောင်၊ အပွင့်အသီး ဝေဆာပြီးတွေ့မြင်သမျှ လူတွေက ချီးကျူးထောပနာပြုလောက်အောင် ဥယျာဉ်မှူးက အနစ်နာခံ ပြုစုယုယနေရခြင်းအဖြစ်ကိုက မည်သူမျှမသိ။

အောင်ဖုံက ဦးမြိုင် လှုပ်ရှားသမျှ အသံတိတ်လေ့လာမှတ်သားနေမိသည်။ မိုးမခမှာ နေရသည့်အခိုက်အတန့်ပင် ဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com



ဦးတော့ သူများဆီက ထမင်းတစ်လုပ်ကို ကိုယ်ဘာတစ်ခုမှ မလုပ်ရဘဲနှင့် အလကား နှိုက်မစားချင်။ ထမင်းတစ်လုပ်အတွက် ထိုက်တန်သည့် အလုပ်တစ်ခုခု လုပ်ပေးပြီးမှ ထမင်းတစ်လုပ်ကို ရဲရဲမျိုချနိုင်မည်။

တိတ်ဆိတ်နေသော မိုးမခအိမ်ကြီးမှာ ဘာလှုပ်ရှားမှုကိုမှ မတွေ့ရ။ အနီရဲရဲပြိုင်ကားလေးက သူ့သခင်မ ထားသွားသည့်အတိုင်း တိုက်ကြီး၏ ဆင်ဝင်အောက်မှာ မလှုပ်မယှက်။ မိုးကေရီဆိုသည့် မိန်းမလှလေးနှင့် တစ်ဝင်းထဲ တစ်ခြံထဲ အတူရှိနေကြရသည်ဆိုပေမယ့် ယူ့အဖြစ်က သခင်နားမှာ ခစားနေရသော ငွေဝယ်ကျွန်အဖြစ်နှင့် ဘာမှမခြား။

ချက်ချင်းပင် သူ့ခေါင်းထဲက မိန်းမလှလေးအကြောင်းကို မောင်းထုတ်ပစ်လိုက်သည်။ ကိုယ်နဲ့ လုံးဝမသက်ဆိုင်သော အကြောင်းအရာတစ်ခုအတွက် ဘာကိုခေါင်းအလေးခံ တွေးနေရမည်နည်း။

ကိုယ့်ဘဝ ကိုယ်သိရမည်။

ကိုယ့်အကြောင်း ကိုယ်နားလည်ရမည်။ ညစာကို ဦးမြိုင်နှင့်အတူ ည ခုနစ်နာရီမှ စားဖြစ်သည်။ ဟင်းက ချဉ်ပေါင်ရွက်ချဉ်ရည်ဟင်း။ ဘဲဥကြော်။ ပြုပ်သီးစိမ်းနိုင်ခြင်းပါသော ငါးခြောက်ထောင်းကြော်တစ်ခွက်။ ထမင်းပူပူ၊ ချဉ်ပေါင်ရွက်ချဉ်ရည်ဟင်း





ပူပူထဲ ငြုပ်သီးငါးခြောက်ထောင်းကြော်ကို တရှူးရှူးတရှဲရှဲစားရင်း ချွေးပြန်နေသော သူ့အဖြစ်ကို ဦးမြိုင်က သဘောကျမဆုံး။

"လူလေးကြည့်ရတာ အရင်က အစပ်မစားဖူးဘူးထင်တယ်"

"နည်းနည်းပါးပါးတော့- စားပါတယ်၊ ဒါပေမယ့် ဒီလောက်စပ်တဲ့ဟင်းမျိုး ဒီတစ်ခါပဲ စားဖူးတယ်"

"စပ်ပေမယ့် စားလို့တော့ကောင်းတယ်မဟုတ်လားကွ၊ အဘနဲ့နေရင် မင်းတော့ နေ့တိုင်း ငြုပ်သီးဟင်းအမျိုးမျိုး စားရမယ်၊ နောက်တော့လည်း အဘလို ငြုပ်သီးမပါရင် ထမင်းမစားနိုင်အောင် ဖြစ်လာမှာပေါ့ကွာ"

"အဘက ငြုပ်သီးသိပ်ကြိုက်ပုံပဲ"

"ဒါပေါ့ကွ၊ ငြုပ်သီးမပါရင် အဘက ထမင်းကို စားလို့မရတာ၊ တစ်နည်းပြောရရင် ငြုပ်သီးကို အရက်စွဲသလို စွဲနေပြီပေါ့"

"လူတစ်ကိုယ် အကြိုက်တစ်မျိုးဆိုသလိုပေါ့၊ တချို့က လက်ဖက်ရည် မသောက်ရရင် မနေနိုင်ဘူး၊ တချို့ကပြန်တော့လည်း ဆေးလိပ်၊ ကွမ်း တစ်ခုခု စွဲနေကြပြန်ရော"

"အဘကတော့ ငြုပ်သီးခရေဇီပေါ့"

"အေး"

"ဟား...ဟား...ဟား"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ဦးမြိုင်က အသံဝါကြီးနှင့် သဘောကျစွာ ရယ်လိုက်တာမို့ ပြပ်သီးတန်ခိုးနှင့် ချွေးဖောပျံနေသည့်ကြားက အောင်စုံကိုယ်တိုင်လည်း ပြုံးလိုက်မိသည်။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုတာ ဒါမျိုးဖြစ်မည်။

"ခြံနောက်ဘက်က အာစိုက်ထားတဲ့ ပြပ်သီးပင်အမျိုးမျိုးထဲမှာ ရွှေအပ်ပြပ်သီးပင်က အာ အကြိုက်ပေါ့"

ဦးမြိုင်က သူ့ပြပ်သီးစိုက်ခင်းအကြောင်း၊ အမျိုးအမည်ကွဲပြားသော ပြပ်သီးများအကြောင်း စိတ်ပါဝင်စားစွာ အားပါးတရ ပြောနေချိန်မှာ အောင်စုံကတော့ ပြပ်သီးအကြောင်းကို စိတ်မဝင်စားဘဲ အိမ်မှာ တစ်ယောက်တည်းကျန်ရစ်သည့် မမလုံ့ရှိရာကိုသာ စိတ်ကရောက်လျက်ရှိပါသည်။

မမလုံ့ရယ်။

မောင်နှမနှစ်ယောက်ထဲ မိမရှိ ဘမရှိ လောကကြီးအလယ်မှာ မျက်စိသူငယ် နားသူငယ်ဘဝနှင့် သူစိမ်းတွေအလယ်မှာ နေထိုင်ဖြတ်သန်းခဲ့ရသည့်အချိန်တွေ။ မေမေ့အစ်မ ကြီးကြီးအုံဆိုတာကလည်း အရင်းအချာထဲကမဟုတ်။ နှစ်ဝမ်းကွဲတော်စပ်သည့် အဒေါ်ဖြစ်သော်လည်း အဖိုးကြီးမို့ အောင်စုံတို့မောင်နှမနှစ်ယောက်ကို ဂရုတစိုက် ပြုစုစောင့်ရှောက်ခဲ့သည်ဆိုပေမယ့် သူတို့မောင်နှမနှစ်ယောက်ကို လက်မခံဘဲ မိဘမဲ့ကျောင်းတစ်ကျောင်းကိုပို့ဖို့





တိုက်တွန်းဖိအားပေးနေသူတွေကြားက ခဲရာခဲဆစ် ဖြတ်နှစ်ကျွေးမွေးခဲ့သည့် ကျေးဇူးရှင်သာ။

ကြီးကြီးအုံသာ သူတို့မောင်နှမဘက်က ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရပ်တည်ခြင်းမရှိခဲ့လျှင် အောင်စုံတို့ဘဝက တွေးဝံ့စရာမရှိ။ ကြီးကြီးအုံ ရုတ်တရက်ဆုံးသွားတော့ အောင်စုံတို့မောင်နှမကို ကြီးကြီးအုံ၏ အစ်ကိုနှင့် ညီမဖြစ်သူက လာနှင်ထုတ်ကြသည်။

တချုပ်စာတမ်း အခိုင်အမာနှင့် ကြီးကြီးအုံ၏ ရှေ့နေကြီးက ဝင်ရောက်ဖြေရှင်းလိုက်မှ အောင်စုံတို့မောင်နှမ ကြီးကြီးအုံပိုင်နှစ်ထပ်တိုက်အိမ်ကြီးနှင့်တကွ အတွင်းပစ္စည်းကို ရကြသည်။ ကြီးကြီးအုံအခန်းကို ရှင်းလင်းကြရာမှာ မမျှော်လင့်သော သဲလွန်စတစ်ခု၏ ခြေရာကို ခံမိရာမှ အစပြု၍ အောင်စုံ ရည်မှန်းချက်တွေ ပြောင်းလဲသွားရခြင်းဖြစ်သည်။

အောင့်ကိုခွင့်လွှတ်ပါ မမလုံ့ရယ်။

ဖေဖေ၊ မေမေတို့အတွက် အောင် စွန့်စားပါရစေ။

"မမလုံ့ တောင်းပန်လို့မရတော့ဘူးလား အောင်ရယ်၊ မမလုံ့တို့တစ်တွေမှာ ဟိုတုန်းက ပေးဆပ်ရမယ့် ဝဋ်ကြွေးရှိလို့ အခုလိုဖြစ်နေတယ်လို့ပဲ သဘောထားလိုက်ပါကွယ်"

"လောကကြီးအလယ်မှာ မမလုံ့တစ်ယောက်တည်း ဆွေမဲ့မျိုးမဲ့ အထီးကျန်နေရစ်ခဲ့ရအောင် အခုလို ရက်ရက်စက်စက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်လိုက်တာလား ကလေးရယ်''

''မမလုံ့နားက အောင် ဘယ်ကိုမှ မသွားပါနဲ့''

''မသွားပါနဲ့ မောင်လေးရယ်''

''ဟင်း''

ကျယ်လောင်သော သက်ပြင်းရှိုက်သံက မမလုံ၏ ရှိုက်သံများကြားမှာ ရောရောထွေးထွေး ပျောက်ကွယ်သွားသည်။ နောက်တော့ မမလုံ့ကို ခေါင်းငြိမ်းသာနှင့် ထားရစ်ကာ ခွတ်နှစ်ပြီး ဒီခရီးကို ထွက်လာခဲ့သည့်သူ့အဖြစ်များ။ အခုတော့ အဆုံးသတ်နေရာအဖြစ် မိုးမခခြံကြီးထဲကို သူရောက်လာခဲ့ရပေပြီ။

သူဌေး ဦးစက်ရှိန်နှင့် သမီး မိုးကေရီတို့ သားအဖ နှစ်ယောက်၏ ပန်းခင်းသောခရီးလမ်းက ငွေဆိုသည့် ဒုတိယ တန်ခိုးရှင်၏ ဖွမ်းပကားနှင့် လက်ညှိုးညွှန်ရာ ရွှေဖြစ်နိုင်သည့် စိန်ဖြစ်နိုင်သည့် လိုတရာဘဝပိုင်ရှင်များအဖြစ် သူကိုယ်တိုင် မျက်ဝါး ထင်ထင် တွေ့မြင်ရလေပြီ။

သူဌေးကြီး ဦးစက်ရှိန်က သူ၏ တစ်ဦးတည်းသော သမီးလေး မိုးကေရီကို ငုံထားမတတ် ချစ်ခင်သလို အောင်ဖုံ မိဘနှစ်ပါးကလည်း အောင်ဖုံတို့ မောင်နှမအပေါ်မှာ ဘယ်မျှ ချစ်ကြမည်ဆိုသည်ကို တွေးကြည့်ရုံနှင့် သိနိုင်ပါသည်။ မဆုံးနိုင်သော အတွေးတွေနှင့် ညဦးနက်မှ အိပ်ပျော်သည်ဆိုပေမယ့် နံနက်ခင်း ခြောက်





နာရီတိတိမှာ နိုးထနေကြဖြစ်သော သူ့မျက်ဝန်းအစုံက ကြည်လင် နိုးကြားစွာ နိုးထနှင့်ပြီးဖြစ်နေသည်။

အိပ်ရာကို စနစ်တကျ ခေါက်သိမ်းပြီးမှ မျက်နှာသစ်၊ သွားတိုက်၊ တစ်ကိုယ်ရေသန့်ရှင်းမှု လုပ်သည်။ လျှပ်စစ်မီး အသင့်ရှိသဖြင့် ရေနွေးအိုးနှင့် ထမင်းတစ်အိုး တည်သည်။ ခေါက်ဆွဲထဲလက်ဖက်ခြောက် သင့်ရုံခပ်ပြီး ထမင်းအိုးအကျက်မှာ မိုးမခခြံကြီး၏ ဥယျာဉ်မှူးအလုပ်ကို အောင်ဖုံ စလုပ်သည်။

ပေါင်းရှင်းသည်။ မြေဆွသည်။ သစ်ပင်တွေကို ရေလောင်းသည်။ ပုံစံမကျ မလှမပဖြစ်နေသော သစ်ပင်တွေကို လှလှပပ ကိုယ်လိုချင်သော ပုံသဏ္ဌာန်ရအောင် ကပ်ကြေးတစ်လက် သစ်ပင်တက်လှေကားတစ်စင်းနှင့် ပုံဖော်သည်။ အချိန်တွေ ဘယ်လို ကုန်လို့ ကုန်သွားလိုက်မှန်းပင်မသိ။

အောင်ဖုံ့အာရုံက သစ်ပင်ပန်းပင်တွေထဲမှာ စူးနှစ်နေသဖြင့် ပတ်ဝန်းကျင်ကို သတိမထားမိပေမယ့် အောင်ဖုံလှုပ်ရှားမှုကို ဘာရယ်မဟုတ် အမှတ်မထင် စောင့်ကြည့်နေသူတစ်ယောက်က မိုးမခခြံကြီး၏ အိမ်ပေါ်ထပ်ရှိ သူမအိပ်ခန်းထဲရှိ လိုက်ကာအကွယ်က အောင်ဖုံကို စိတ်ဝင်တစား စူးစိုက်ကြည့်နေပါသည်။

သူမက တခြားသူမဟုတ်။

သူဌေးကြီး ဦးစက်ရှိန်၏ တစ်ဦးတည်းသောသမီးလေး



www.burmeseclassic.com

www.burmeseclassic.com



မုံးကေရီ ခေါ် မိုးမခါ်ကြီး၏ အရှင်သခင်မကိုယ်တိုင် ဖြစ်နေသည်။ အဖြူရောင် ခွပ်ကျယ်ဂျိုင်းပြတ်နှင့် ဂျင်းဘောင်းဘီကို ဒူးဆစ်အထိ လိပ်တင်ထားသဖြင့် ဖြောင့်စင်း တောင့်တင်းသော ယောက်ျား တစ်ယောက်၏ ခန္ဓာကိုယ်အလှကို ထင်းခနဲ ရှင်းခနဲ မြင်နေရသည်။

စိုပြေဝင်းဝါသော အသားအရေက ချွေးတို့ဖြင့် လက်ပြောင်ကာ အရောင်တလက်လက် ထွက်နေပုံကိုကြည့်ရင်း ကာယအလှမောင်တွေ ခန္ဓာကိုယ်မှာ သုတ်လိမ်းထားသည့် အဆီတွေကို ဖျတ်ခနဲ သတိရသွားသည်။ အောင်ဇံဆိုသည့်လူက သူ့အလုပ် သူလုပ်နေတာမှန်ပေမယ့် အခု သူရောက်နေသည့်နေရာက မိုး အိပ်ခန်းရှေ့တည့်တည့်နေရာမှာဆိုတော့ မိုးကို တမင်သက်သက် အလှလာပြနေသလိုဖြစ်နေသည်။

သူ့နာမည်က အောင်ဇံဆိုပါလား။

ယောကျ်ားပီသ၍ ချောမောခန့်ညားသော သူလိုလူ တစ်ယောက်က ဒီအလုပ်တွေလုပ်ဖို့ မိုးမခါ်ကို ရောက်လာသည် ဆိုတာကလည်း တဆိတ်အံ့ဩစရာဖြစ်သည်။ ဒက်ဒီ ဦးစက်ရှိန်ဆီမှာ အလုပ်လာလုပ်ရအောင် အပြင်မှာ ဒီလောက်ပဲ အလုပ်ရှားသည်လား။ မိုး မသိ။ မိုးသိတာက အောင်ဇံဆိုသည့်လူ မိုးမခါ်ကို ရောက်လာပြီး မိုး မျက်စိရှေ့တည့်တည့် ရောက်လာခြင်းဖြစ်သည်။

အသက်ကတော့ မိုးထက် လေးငါးခြောက်နှစ်ခန့် ကြီးမည်





ထင်သည်။ မိုးနှင့်ဆိုလျှင်တော့ ကိုကိုအရွယ်ဟု ဆိုပေမယ့် သူ့ကိုတော့ မိုးက ကိုကိုဟု မခေါ်ချင်။ ကြည့်စမ်း မိုးအတွေးတွေ ဘယ်ကိုရောက်နေသည်မသိ။ ကိုယ့်ကိုယ်ကို သဘောကျစွာ ခစ်ခနဲ ရယ်မိသည်။

မိုးပဲကွယ်။

တော်ရုံလူကို ရင်မခုန်တတ်တဲ့ အသည်းနှလုံးပိုင်ရှင်မလေးပါ။ ဒါပေမယ့် အောင်ဇံဆိုသည့် လူအပေါ်မှာတော့ နည်းနည်းထူးခြားသလို ထင်မိသည်။ မိုး ပတ်ဝန်းကျင်မှာရှိနေသည့် ယောကျ်ားတွေနှင့် သိပ်မတူ။

ဒါကလည်း မိုးအထင်များ ဖြစ်နေမလားမသိ။ သေချာသည်ကတော့ မိုးရဲ့အလှ၊ မိုးရဲ့ပကာသန လွှမ်းချက်အောက်မှာ ယောကျ်ားတော်တော်များများ လည့်စင်းပေးတတ်ကြတာ မိုးကိုယ်တွေ့ဆိုတော့ ဘယ်ယောကျ်ားကိုမှ အထင်မကြီး။ မိုးရဲ့အလှအပမှာ ကျရှုံးသူတွေ၊ မိုးရဲ့ချမ်းသာကြွယ်ဝမှုတွေကို ပိုင်ဆိုင်ပတ်သက်လိုသူတွေ၊ ဒီလိုလူတွေက မိုးရဲ့အချစ်ကို လိုချင်လှပါချည်ရဲ့ဟု ယုံလောက်အောင် ပလီပလာ တီတာတာချွဲနေတာကို စိတ်ပျက်လှသည်။

တကယ်ချစ်တာလည်း ဖြစ်ချင်ဖြစ်မည်။

တကယ် အနှစ်မပါဘဲ ချစ်တာလည်း ဖြစ်မည်။ ဘယ်လို

www.burmeseclassic.com



ပုံစံဖြစ်ဖြစ် မိုးကေရီဆိုသည့် သူမကလည်း ဂရုမစိုက်။ ဂရုစိုက် လောက်စရာလူကို မတွေ့တာလည်း ဖြစ်နိုင်သည်။

"ဟဲလို"

"မိုး ကိုယ်ပါ၊ စွမ်းလေ"

စွမ်းဆိုသည့်လူ။

မိုးဆီကို ဖုန်းမဆက်ဖို့ပြောထားသည့်ကြားက ဖုန်းဆက် ဖြစ်အောင် ဆက်သေးသည်။

"ဘယ်ကစွမ်းလဲ၊ ကျွန်မအသိထဲမှာ ဒီနာမည်မျိုး လုံးဝ မရှိဘူး၊ ဆောရီးပဲ"

"မိုး"

လက်ထဲက ဖုန်းကိုပိတ်ပြီး အိပ်ရာပေါ် ပစ်ချလိုက်သည်။ မနက်ခင်း စောစောစီးစီး မိုးရဲ့မင်္ဂလာရှိတဲ့အချိန်လေးကို လာဖျက်စီး တဲ့လူပဲ။ စွမ်းဆိုတဲ့လူနဲ့ မိုးရဲ့ဇာတ်လမ်းက မနေ့ကပဲ ပြီးပြတ်ခဲ့ပါ လျက် ဒီလူ မိုးကို ဘာတွေအာရုံနှောက်အောင် လုပ်ဦးမည်မသိ။ ယောကျ်ားတချို့က ဒီလိုပဲ၊ မဟုတ်တဲ့နေရာမှာ ဖွဲ့ဆု လိုချင်တတ် ကြသည်။ အသနားခံ ဒူးထောက်ပြနေလို့လည်း မိုးအသည်းနှလုံးက သူတို့လိုလူတွေအတွက် ပေးစရာနေရာပို မရှိ။

"တီ...တီ"

တီတီဆီတ်သည့် ဝန်းကျင်မှာ ဟိုခပ်ဝေးဝေးက မျောလွင့်





လာသည့် ကားဟွန်းသံက မိုးစိတ်ကို အနှောင့်အယှက်ပေးလာတာ နှင့် သူမအိပ်ခန်းကတစ်ဆင့် တောင်ကုန်းအောက်ခြေကို လှမ်းမျှော် ကြည့်လိုက်တော့ ထင်သည့်အတိုင်း စွမ်းဆိုသည့်လူရဲ့ကားကို လှမ်းမြင်လိုက်ရသည်။

မိုးကေရီဆိုတာ ဘယ်လိုမိန်းကလေးလဲဆိုတာ ဒီလူ မသိ သေးဘူးထင်ရဲ့။

ယောကျ်ားတစ်ယောက် ခွာထုတ်လို့မရအောင် ဖွတ်တွယ် ကပ်ထားခံနေရလို့ ကြောက်လန့်၊ ရှက်ရွံ့တုန်လှုပ်ပြနေသည့် မိန်းမ စားထဲမှာ မိုး မပါ၊ ကွင်းရှောင်ပြေးနေသည့် မိန်းကလေးမျိုးလည်း မဟုတ်။

ကိစ္စတစ်ခုကို ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းလေ့ရှိသူက မိုးကေရီ၏ အကျင့်နှင့် ပင်ကိုယ်ဗီဇစိတ်ဟု ဆိုရမည်ထင်။ အိပ်ရာ က နိုးသည့်အချိန်မှာ ရေချိုးခေါင်းလျှော်ပြီး အသင့်မို့ မှန်တင်ခုံရှေ့ မှာထိုင်ပြီး အလှဆုံးပြင်သည်။ ပြီးတော့ မိုးနှင့် အလှပအလိုက်ဖက် ဆုံးဖြစ်သော ဝတ်စုံကို ရွေးဝတ်သည်။ လှပကျော့ရှင်းပြီး မြင်သူ တကာ ငေးနေရလောက်ပြီဆိုမှ ပခုံးလွယ်အိတ်ကို ကောက်ယူလိုက် သည်။

လိုအပ်တာတွေ စစ်ဆေးပြီးမှ အသင့်ရပ်ထားသည့် ကား လေးရှိရာသို့ အလှပဆုံး ကိုယ်ဟန်စတိုင်ဖြင့် လျှောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"နံနက်စာ ကော်ဖီမသောက်တော့ဘူးလား မိုး"

ဒေါ်ရှမ်းအမေးကို နှုတ်ကမဖြေဘဲ ကျောခိုင်းအနေအထား ကပဲ ဖြူသွယ်နုဖတ်နေသော လက်ကလေးတစ်ဖက်ကို မြှောက်ပြ လိုက်ခြင်းက သူမအဖြေမျှသာ။ ကားနားကို မိုးအရောက် ရေချိုးပြီး စအသွင်နှင့် လည်ပင်းမှာ မွှေးပွမျက်နှာသုတ်ပဝါတစ်ထည် ရစ်ပတ် ပြီး ခြံစောင့် ဦးမြိုင်နှင့် ခပ်လှမ်းလှမ်းတစ်နေရာမှာ စကားပြောနေ သည့် အောင်ဖုံဆိုသည့်လူကို ဖျတ်ခနဲ လှမ်းမြင်ဖြစ်အောင် မြင်လိုက် သည်။ ခြေအစုံကိုရပ်ပြီး သူတို့ရှိရာကို တစ်ချက်လှမ်းမျှော်ကြည့် လိုက်သည့် မိုး ဦးခေါင်းလှလှလေးထဲ အကြံတစ်ခု ဖျတ်ခနဲ လှင်းလက်စွာ ဝင်ရောက်လာသဖြင့် ကျေနပ်စွာ ပြုံးလိုက်သည်။

◆ ◆ ◆



## အခန်း (၃)

အောင်ဖုံက သူ့မျက်စိရှေ့တည့်တည့်မှာ ရောက်နေသည့် မိုးကို သေချာမကြည့်ဘဲ မျက်လုံးကို တခြားတစ်ဖက်သို့ လွှဲထား ပုံကိုကြည့်ပြီး မိုးစိတ်မှာ တစ်ခါမှ မဖြစ်စဖူး ဒေါသနှင့် မခံချင်စိတ် ဖြစ်လာသည်။

အိမ်ကနိုင်းသည့် ကောင်မလေးကို မိုးက သွားခေါ်နိုင်း သဖြင့် အောင်ဖုံက အခုလို မိုးမျက်စိရှေ့ကို ရောက်လာခြင်းဖြစ် သည်။ ရောက်သာ ရောက်လာသည်။ မိုးကို တစ်ချက်ကြည့်တာ မဟုတ်။ မိုးနှင့် မျက်နှာချင်းဆိုင်မှာရပ်ပြီး မျက်လွှာချ အကြည့်လွှဲ ပြီး ငြိမ်သက်တိတ်ဆိတ်စွာ ရောက်နေတာဖြစ်သည်။

"ဒီမှာ"

"ပြောပါ"

"ရှင် ကားမောင်းတတ်သလား"



www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းပါးပါးတော့ ရပါတယ်"

မိုးကသာ သူ့မျက်နှာကို စေ့စေ့ကြည့်၍ မေးနေပေမယ့် ဖြေသူက မိုးကို ကြည့်တာလည်းမဟုတ်။ မကြည့်တာလည်း မဟုတ်။

"ရှင့်မှာပါလာတဲ့ ဝတ်စုံထဲက အကောင်းဆုံးဝတ်စုံကိုလဲပြီး အခုချက်ချင်း ဒီကိုပြန်လာခဲ့ပါ၊ ကျွန်မစောင့်နေမယ်"

ခဏတော့ အောင်ဇံ ငြိမ်သွားသည်။

မိုးကို မကြည့်သလို ဘာစကားမှလည်း မပြော။

"သွားလေ...ကျွန်မပြောတာ မကြားဘူးလား"

"ကျွန်တော့်ကို ခင်ဗျားဒက်ဒီ ခန့်လိုက်တာ ဒရိုင်ဘာအလုပ်လားဆိုတာ အရင်သိချင်တယ်"

"ဒက်ဒီက ဟုတ်လား"

"ကျွန်တော်လုပ်ရမယ့်အလုပ်ကို ခင်ဗျားကတစ်ဆင့်ပြောဆိုညွှန်ကြားမယ်လို့ ခင်ဗျားဒက်ဒီကိုယ်တိုင် ပြောသွားတာပဲလေ၊ အဲဒါ ဟုတ်မဟုတ်သိချင်တယ်"

"ဪ"

အခုမှ အောင်ဇံ့စကားအဓိပ္ပာယ်ကို သဘောပေါက်နားလည်သွားကာ မိုး တစ်ချက်ပြုံးလိုက်သည်။

"ရှင်က ကျွန်မဒက်ဒီပြောတဲ့ စကားတွေအားလုံး တသွေ





မတိမ်း မှတ်ထားတယ်ပေါ့ ဟုတ်လား"

မိုးအမေးကို အောင်ဇံက မဖြေပါ။

ငြိမ်နေတာမို့ မိုးကပဲ ဆက်ပြောလိုက်သည်။

"ရှင်ပြောတဲ့စကားက မှန်တယ်၊ ဒရိုင်ဘာအလုပ်လုပ်ဖို့ ရှင့်ကို ကျွန်မဒက်ဒီက မခိုင်းပါဘူး၊ ဘာဆက်လုပ်ရမယ်ဆိုတာလည်း ညွှန်ကြားချက်မရှိသေးဘူး"

"ဒါပေမယ့် မိုးမခမှာ ရှင်ရှိနေသ၍ ဒက်ဒီ့သမီးဖြစ်တဲ့ ကျွန်မစကားကို နားထောင်ပြီး လိမ်လိမ်မာမာနေဖို့ ပြောခဲ့တာကိုလည်း ရှင် မမေ့ပါဘူးနော်"

"လိုရင်းကိုပြောပါ"

"လိုရင်းကတော့ ဒီနေ့ ကျွန်မကားကို ရှင်မောင်းရမယ်၊ ပြီးတော့ ကျွန်မခိုင်းတာလေးတွေ ရှင်လုပ်ပေးရမယ်၊ အဲဒီအတွက် ရှင် မနစ်နာအောင် ကျွန်မ ကူညီမယ်၊ ဒီလောက်ပါပဲ"

အောင်ဇံ တစ်ခုခုပြောဖို့ပြင်ပြီးမှ ပါးစပ်ကို ပိတ်ထားလိုက်သည်။ သူ့ဆန္ဒစားမှုတော့ ရဲရမည်ပေါ့။

"ရှင့်အတွက် ငါးမိနစ်ပဲ အချိန်ရမယ်နော်၊ ဒီထက်မြန်လည်းရတယ်"

နေရာက ချာခနဲ လှည့်အထွက်မှာ မိုးကေရီထံမှ ချိုလွင်သာယာသောအသံလေးက အောင်ဇံ့နောက်ပါးက ကပ်ပါလာခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ခြေလှမ်းကျဲကြီးတွေနှင့် သူ့တည်းခိုအိမ်လေးကို ခပ်သွက်သွက် လျှောက်ခဲ့သည်။

''ကျွန်တော် အပြင်ခဏသွားဦးမယ် အဘ''

''မိုးနဲ့လား''

''ဟုတ်ကဲ့''

ဦးမြိုင်က ခေါင်းတညိတ်ညိတ်နှင့် ကျန်ခဲ့ချိန်မှာ သုံးစုံသာပါသော အဝတ်ထဲက အသစ်လွင်ဆုံးဟု ထင်ရသော ဝတ်စုံကို လဲလှယ်ဝတ်ဆင်ပြီး မိုးစီကရီရှိတာကို သူပြန်ရောက်လာသည်။

''မဆိုးပါဘူး၊ အချိန်တိကျသားပဲ''

''ရော့ ကားသော့၊ ကျွန်မပြောတဲ့လမ်းအတိုင်း ကားကို ရှင်ကမောင်း''

မိုး လှမ်းပစ်ပေးလိုက်သဖြင့် ပြိုင်ကားနီနီရဲရဲလေး၏ ကားသော့က အောင်ဖုံလက်ထဲ ရောက်လာသည်။ သူ့ဘာမှ မတတ်နိုင်တော့။ မိုးလက်ခုပ်ထဲက ရေအဖြစ် မိုးခိုင်းသည့်အတိုင်း လုပ်ရုံသာ ရှိတော့သည်။

- ကားလေးပေါ် မိုးရောက်သည်နှင့် ဒရိုင်ဘာလက်သစ် အောင်ဖုံ့လက်ထဲမှာ မိုး၏ ပြိုင်ကားနီနီလေးက လျှောခနဲ ထွက်သွားသည်။ နည်းနည်းပါးပါးသာ ရပါသည်ဆိုသူ၏ ကားမောင်းသည့် အနေအထားနှင့် ကျွမ်းကျင်နိုင်နင်းပုံတို့ကြောင့် မိုးက အောင်ဖုံဆိုသည့်လူကို မျက်လုံးလေးစွေပြီး တစ်ချက် လှမ်းကြည့်ဖြစ်လိုက်သည်။

အကွေ့အကောက် အဆင်းလမ်းမှာ မိုးကားလေးကို ကျွမ်းကျင်စွာ ကိုင်တွယ်မောင်းနှင်သွားပုံမှာ အရင်ထဲက ဒီခရီးလမ်းကို သူ ကျွမ်းကျင်ထားသည့်ပုံစံမျိုးမို့ အံ့ဩတာလည်းပါသည်။

ပြောတော့ဖြင့် နည်းနည်းပါးပါးတဲ့။

များများစားစားသာဆိုရင် လေယာဉ်ပျံဝင် တက်မောင်းမည်လားမသိ။ ဝေါခနဲ ပြေးဆင်းလာသည့် မိုးကားလေးနောက်မှာ ဇွမ်း၏ကားက ထပ်ကြပ်မကွာ လိုက်ပါလာသည်။ အောင်ဖုံက အကြောင်းမသိသဖြင့် ဇွမ်းကားကို ပထမတော့ ရိုးရိုးသားသားဟု ထင်သည်။

နောက်မှ အခြေအနေကိုကြည့်ပြီး မိုးနောက်ကိုလိုက်နေသော ကားမှန်း သဘောပေါက်သွားသည့် တစ်ပြိုင်နက်ထဲမှာပင် ဘာကြောင့် မိုးက သူ့လိုလူတစ်ယောက်ကို သူ့မနားမှာရှိစေချင်ရတာလည်းဆိုတာကိုပါ သိလိုက်သည်။ မိုးပြောသည့်အတိုင်း လမ်းတွေကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်ခဲ့သလို နောက်ကကားကလည်း ခွဲကောင်းကောင်းနှင့် လိုက်ပါမြဲ။

''ရှေ့ကခြံထဲ ချိုးဝင်ပြီးရပ်လိုက်''

''ကျွိုး''







www.burmeseclassic.com

www.burmeseclassic.com



"ကျိုး"

မိုးအမိန့်အတိုင်း အောင်ဇံ ကားကိုရပ်လိုက်တော့ နောက်က ကားကလည်း သူတို့ကားနောက်မှာ ကပ်လျက်ရပ်ပါသည်။

"မိုး"

"ကြည့်စမ်း ဒါ ဘာလုပ်တာလဲ"

အဖြစ်အပျက်တို့က မြန်ဆန်လှသည်။ နောက်ကားပေါ်က လူတစ်ယောက် ဆင်းလာပြီး မိုးလက်ကလေးတစ်ဖက်ကို ဖျတ်ခနဲ ပိုင်စိုးပိုင်နင်း ဆွဲယူလိုက်ခြင်းဖြစ်သည်။

"စွမ်းနဲ့ ခဏလောက်လိုက်ခဲ့ပါ မိုးရယ်၊ စွမ်း မိုးကို ရှင်းပြပါရစေ"

ကောင်လေးက မိုးဧကရီတို့အရွယ်။ လူပုံချောချောနှင့် ချစ်စရာဖြစ်ပေမယ့် မိုးဧကရီကတော့ သူမလက်တစ်ဖက်ကို ပိုင်စိုးပိုင်နင်းဆွဲလျက် သူနှင့်အတူလိုက်ခဲ့ဖို့ မျက်နှာငယ်လေးနှင့် ဖွတ်အတင်း တောင်းပန်အသနားခံနေသည့် ထိုကောင်လေးကို ချစ်ခင်ပုံမရ။

တင်းမာခက်ထန်သော မျက်နှာ။ အမုန်းဖြင့် စိမ်းလက်နေသော မျက်လုံးဝိုင်းကြီးများကိုဝင့်လျက် သူမလက်ကလေးကို ခါးခါးသီးသီး ရုန်းထွက်ဖို့ ကြိုးစားနေသည့်ပုံစံလေးက ထိုစွမ်းဆိုသည့် ကောင်လေးအပေါ်မှာ အဘယ်မျှ စိတ်ကုန်စိတ်ပျက်နေသည်





ကလည်း အထင်းသားမြင်နေရပါသည်။

"နင် မိုးလက်ကို အခုလွှတ်စမ်း စွမ်း"

"မိုးရယ် စွမ်းကို မိုးရှေ့မှာ ဒူးထောက်ပြီး တောင်းပန်ဆို တောင်းပန်ပါ့မယ်၊ စွမ်းနဲ့ ခဏလောက်ပဲလိုက်ခဲ့ပါနော်"

"စွမ်း…နင် လွှတ်ဆိုနော်"

"လာပါမိုးရယ်၊ ခဏလေးပါ၊ ပြီးရင် မိုးကို စွမ်း ပြန်ပို့ပေးမှာပါ"

"စွမ်း နင်နော်၊ လွှတ်ဆိုတာ ပြောမရဘူးလား၊ ဒီလောက် တောင်ဖြစ်လှတာ"

"ကဲဟယ်"

"ဖြန်း"

စွမ်းဆိုသည့်ကောင်လေးက မိုးလက်တစ်ဖက်ကို ဖွတ်အတင်းဆွဲပြီး သူ့ကားပေါ်အရောက် သူ့အားနှင့် ဆွဲတင်ဖို့ ကြိုးစားနေခြင်းကြောင့် အင်အားချင်းမမျှသည့် မိုးဧကရီမှာ စွမ်းဆွဲခေါ်ရာ နောက်သို့ ဒရွတ်တိုက်အနေအထားအတိုင်း တွန်းထိုးရုန်းကန်ရင်းပါမှန်းမသိ လိုက်ပါသွားရသည်။

စွမ်းဆိုသည့် ကောင်လေး၏ ဖွတ်တရွတ်လုပ်ရပ်ဟာ မိုးဧကရီ၏ဒေါသကို အမြင့်ဆုံးဒီဂရီသို့ရောက်ရှိသွားရပြီးနောက် စွမ်းမျက်နှာပေါ်တွင် မိုးဧကရီ၏ ဒေါသလက်ရာလည်း ထင်းနေ



www.burmeseclassic.com

www.burmeseclassic.com



နေရာယူပါသည်။

"မကျေနပ်ရင် စွမ်းကိုထပ်ရိုက်ပ၊ မိုး၊ မိုးသာ စိတ်ဆိုး ပြေမယ်ဆိုရင် စွမ်းကို ကြိုက်သလောက်ရိုက်၊ စွမ်း အနာခံမယ်၊ ဒါပေမယ့် စွမ်းကိုတော့ ခွဲမသွားနဲ့၊ စွမ်း မိုးကိုချစ်တယ်"

"မိုးနဲ့ခွဲရရင် စွမ်း သေလိမ့်မယ်သိလား"

အရူးတစ်ယောက်လို စွမ်းဆိုသည့် ကောင်လေးဆီက အော်ဟစ်ပေါက်ကွဲသံနှင့် စဝင်လာထဲက ရှုန်းရင်းဆန်ခတ်ဖြစ်နေသော အောင်ဖုံတို့ကားနှစ်စီးနှင့် ကားပေါ်ကလူတွေကို ဟိုတယ်ထဲက လူတွေက စိတ်ဝင်တစား ဝိုင်းကြည့်နေသည့်အဖြစ်ကလည်း အောင်ဖုံတို့ ယောကျ်ားလေးတွေအနေဖြင့် သိပ်ဂရုစိုက်စရာမဟုတ်ဟု ဆိုရမည်ဖြစ်သော်လည်း မိုးဧကရီလို မိန်းမလှလေးအတွက်တော့ နာမည်ပျက်စရာ၊ ထိခိုက်နစ်နာစရာ အနေအထားဖြစ်သည်။

"သေချင်ရင် နင့်ဘာသာ အခုလဲသေလိုက် စွမ်း၊ နင်နဲ့ မိုး ဘာမှမဆိုင်ဘူး"

"မိုး"

စွမ်းဆိုသည့် ကောင်လေးက မိုးနာမည်ကို ရင်ကွဲသံကြီးနှင့် အော်သည်။ မိုးက ဂရုမစိုက်။

"မိုးလက်ကို အခုလွှတ်"

"မလွှတ်ဘူး၊ စွမ်းနောက်ကို မိုးလိုက်ခဲ့"





"မလိုက်ဘူး"

"မလိုက်လို့မရဘူး၊ လိုက်ကိုလိုက်ရမယ်၊ စွမ်းဆိုတဲ့ကောင်က တခြားလူတွေလို စိတ်ကြိုက်ဆော့ကစားပြီး ထားချင်တိုင်းထားလို့ရမယ် မထင်နဲ့"

"မင်းတွေ့ဖူးတဲ့ ယောကျ်ားတွေထဲမှာ စွမ်းဆိုတဲ့ကောင် မပါဘူးကွ၊ နားလည်လား"

"လာစမ်း"

"အိုး"

"ဦးအောင်ဖုံ ရှင် ဒီလိုပဲ မိုးကို ဖြစ်ချင်ရာဖြစ် ကြည့်နေတော့မှာလားဟင်၊ ဒီလူ မိုးကို မ[illegible]ရားအနိုင်ကျင့်နေတာ ရှင်မမြင်ဘူးလား"

မိုးအသံက ဒေါသဖြင့် မွှန်ထူပြာဝေနေသလို စွမ်းဆိုသည့်ကောင်လေးကလည်း အနားမှာအတူရှိနေသည့် အောင်ဖုံကို လူဟုပင် ထင်ပုံမရပါ။ သူတို့သမီးရည်းစားကိစ္စ မပြေလည်တာကိုသာ ပြေလည်အောင် ဖြေရှင်းရန်သာ ကြိုးစားအားထုတ်လျက်ရှိနေသည်။

လက်ရှိအနေအထားကို ခြုံငုံသုံးသပ်၍ရသမျှတော့ မိုးဧကရီက စွမ်းဆိုသည့်ကောင်လေးကို ရက်စက်စွာ အဆက်ဖြတ်ကြိုးစားသည်။ ဒါကို စွမ်းက မခံမရပ်နိုင်ဖြစ်၍ ပေါက်ကွဲနာကြည်းသည်။ ဘယ်သူမှားသည်၊ ဘယ်သူမှန်သည်ဆိုတာ အောင်ဖုံ မသိ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် မိုးကေရီဆိုတာ သူ့အလုပ်ရှင် သူဌေး ဦးစက်ရှိန်ရဲ့ သမီး ဖြစ်နေတာနှင့် သူ့မှာ မိုးကေရီဘက်က ရပ်တည်ဖို့ အလိုလိုဖြစ်လာသည်။

ငြိမ်ပြီး ပွဲကြည့်ပရိသတ်လုပ်နေ၍ မရတော့ စွမ်းနှင့် မိုးကေရီရှေ့ကို အောင်ခံ့ ဝင်လိုက်ရသည်။ ရုပ်ရှင်ထဲက လူမိုက်ပုံစံမျိုးနှင့် မဟုတ်သလို မင်းသမီး ဒုက္ခရောက်နေတာကို ကယ်တင်မည့် မင်းသားတစ်ယောက်၏ မျက်နှာမျိုးလည်း မဟုတ်ပါ။

"သူမလိုက်ချင်တာကို ဇွတ်အတင်းမခေါ်ပါနဲ့လား ညီလေးရယ်၊ နောက်မှ အကျိုးအကြောင်း ရှင်းပြလဲ"

"ခင်ဗျားက ဆရာကြီးလား၊ မိုးနဲ့ ကျွန်တော့်အကြောင်း မသိဘဲ ဘာတစ်ခုမှ ဝင်မပါချင်စမ်းပါနဲ့ဗျာ၊ မဆိုင်တဲ့လူနဲ့ ဘာစကားမှကို မပြောချင်ဘူး"

"ဘာမဆိုင်ဘူးလဲ၊ ဦးအောင်ခံ့က မိုးရဲ့အစ်ကိုသိလား"

"ဘာအစ်ကိုလဲ၊ ဘဂ်လားအစ်ကိုလား"

"စွမ်း နိုင်"

"အပိုတွေလာမလုပ်နဲ့ မိုး၊ အခုချိန်မှာ စွမ်း ဘာကိုမှ ကြောက်မယ်မထင်နဲ့၊ ပြဿနာမဖြစ်ချင်ရင် စွမ်းနောက်ကိုသာ အေးအေးဆေးဆေး လိုက်ခဲ့"

ကောင်လေးက ဇွတ်တရွတ်။





ပိုက်ဆံချမ်းသာသော သူဌေးသားတစ်ယောက်၏ ဟိတ်ဟန်နှင့် မာန်မာနက အပြည့်။ လူရာမသွင်းတတ်၊ ဂရုမစိုက်တတ်သည့်နေရာမှာရော ထောင့်မကျိုးသည့်နေရာမှာရော မိုးကေရီနှင့် တစ်ထပ်ထဲနီးပါး တူညီမှုကို တွေ့ရသည်။

"ကိုယ်တောင်းပန်ပါတယ်ကွာ၊ မိုးကို လွှတ်လိုက်ပါ"

"ခင်ဗျားက ဘာကောင်မို့ ကျုပ်ကို အမိန့်လာပေးနေရတာလဲ"

"ကြာပါတယ်၊ ကဲကွာ"

စွမ်းလက်တစ်ဖက်က အရင်ဦးအောင် လေထဲမြှောက်တက်လာတာကို အသာအယာ ဇောင်တိမ်းပေးလိုက်သဖြင့် လေထဲမှာ လက်သီးက ဝဲသွားသည်။

"အောင်မယ် မင်းလိုလူကများ"

မိုးရှေ့မှာ သူ့အစွမ်းကို ပြခွင့်မရလိုက်တာကိုပဲ ရှက်ရမ်းရမ်းပြီး နောက်ထပ် လက်သီးလက်ဝါးတွေ အဆက်မပြတ် အောင်ခံ့ရှိရာ ဝဲပျံရောက်လာသည်။

အောင်ခံ့အသားကို မပြောနှင့် အင်္ကျီအနားစကိုပင် မထိ။ လှပစွာ ရှောင်တိမ်းမှုတွေအောက်မှာ စွမ်းတစ်ယောက်တည်း အရူးလို မည်းမည်းမြင်ရာ လိုက်ထိုးနေသလို ဖြစ်နေတာကိုကြည့်ပြီး မိုးစိတ်ထဲ အောင်ခံ့ကို ကျိတ်သဘောကျနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားဆိုတာ ဒီလိုဖြစ်နေရမည်။ ရုပ်ချောဉစ္စာပေါ မိဘအမွေအနှစ်တွေ သုံးမကုန် ဖြုန်းမကုန်အောင်ရှိတာနှင့် ကိုယ်ပိုင် အရည်အချင်းရှိတာနှင့် ဘာမှမဆိုင်။ ကိုယ်ပိုင်အရည်အချင်းမရှိသူ ကို ဘယ်သူမှ အထင်မကြီး။ အရေးကြုံလို့မှ ဘာသက်လုံမှမရှိ သည့် လူကို အရောတဝင် ဆက်ဆံမိသမျှ အခုမှ မိုး နောင်တ ရနေသည်။

"ဒီလောက်တောင် ဖြစ်လုတဲ့လူ"

"သေစမ်းကွာ"

"ဦးအောင်ဖုံ"

မိုးထံမှ အလန့်တကြား အော်ဟစ်လိုက်သံလေးနှင့်အတူ အနားက သစ်သားတုတ်တစ်ချောင်းဆွဲပြီး ဒေါသမွှန်ထူစွာ အောင်ဖုံ ကို အားကုန်သုံးပြီး ရိုက်ချလိုက်သည့် စွမ်းလက်နှစ်ဖက် မြှောက် အတက်မှာ မိုးမျက်လုံးအစုံကို ဆက်မကြည့်ရဲတော့ဘဲ တအားပိတ် ပစ်လိုက်သည်။

"ဒုတ်"

"အား"

ခပ်အုပ်အုပ်အော်သံနှင့် လဲပြိုသံတစ်ခုကြောင့် ပိတ်ထား သည့် မိုးမျက်လုံးအစုံကို အလန့်တကြား ဖွင့်ကြည့်လိုက်သည်။ လက်ထဲကိုင်ထားသည့် တုတ်က တခြား၊ လူကတခြား မြေပေါ်မှာ





ဆန့်ဆန့်ကြီးမှောက်နေသည့် စွမ်းကို မြင်လိုက်ရသည်နှင့် မိုးကိုယ် လေးက ဖျတ်ခနဲ အောင်ဖုံနား ရောက်သွားသည်။

"မိုးတို့ ဒီနေရာက သွားကြရအောင် ဦးအောင်ဖုံ"

"ဒီကောင်လေးကိုရော ဘယ်လိုလုပ်မှာလဲ"

"အိုး…ဘာလုပ်ရမှာလဲ၊ ထားခဲ့ပေါ့၊ လာစမ်းပါ ကားပေါ်တက်၊ သူ့ကိစ္စ သူ့ဘာသာ ကြည့်ရှင်းလိမ့်မယ်"

မိုးအလိုကျ ပြိုင်ကားနီနီလေးပေါ် အောင်ဖုံတို့နှစ်ယောက် ပြန်ရောက်လာသည်။ ကားကို နေရာက ဝေါခနဲမောင်းအထွက်မှာ အလုပ်သမားကောင်လေးတွေက စွမ်းကိုယ်ကြီးကို တွဲထူဆွဲမပြီး ဆွဲယူသွားတာကို နောက်ကြည့်မှန်ကတစ်ဆင့် လှမ်းမြင်လိုက်ရ သည်။

အလွန်အန္တရာယ်များသော ကစားနည်းဖြင့် ပျော်နေဟန် ရှိသော မိန်းမလှလေးရှိရာသို့ တစ်ချက်လှမ်းကြည့်၍ ရင်မောစွာ သက်ပြင်းကျိတ်ရှိုက်လိုက်သံကို သူမကြားပါ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

မိုးစေကရီက သူမစိတ်ကြိုက်မှာထားသော အစားအသောက်များ ရောက်လာသည်နှင့် တူနှစ်ချောင်းကို လှပကျွမ်းကျင်စွာ အသုံးပြုလျက် ချစ်စဖွယ်စားနေပုံက သက်တောင့်သက်သာ ရှိလှသည်။ စောစောတုန်းက သူမကြောင့် ရှန်းရင်းဆန်ခတ်ဖြစ်ခဲ့ရသော ရန်ပွဲနှင့် အဖြစ်အပျက်များက သူမနှင့် လုံးဝမသက်ဆိုင်သကဲ့သို့ပင်။ အေးအေးဆေးဆေး အလှမပျက်သလို အပြုံးလည်းမပျက်။

စွမ်းဆိုသည့်ကောင်လေး အခြေအနေ ဘယ်လိုရှိမည်မသိရသော်လည်း မိုးစေကရီ အခြေအနေကတော့ ကောင်းလွန်း၍ ဒေါင်ဒေါင်မြည်နေသည်ဆိုတဲ့ အစားထဲက ဖြစ်သည်။ ဒီလိုအဖြစ်အပျက် အတွေ့အကြုံတွေတ သူမအတွက် ရိုးအီနေဟန်မျိုး။

"စားလေ ဘာဖြစ်လို့လဲ၊ မကြိုက်လို့လား၊ ထမင်းကြော် မစားချင်ရင် တစ်ခုခုပြောင်းမှာလိုက်လေ"





"နေဦး…ဘဲ့ုင်ကောင်လေးတွေကို မိုး ခေါ်လိုက်မယ်"

"နေပါစေ မိုးစေကရီ၊ ထမင်းကြော်ကို ကျွန်တော်ကြိုက်ပါတယ်၊ ဒီလောက်ဆို ကိုယ့်အတွက် လုံလောက်ပါပြီ"

"ဒါဖြင့်လည်း ဒီဟင်းတွေ ထည့်စားလေ၊ ရှင် မစားလည်း ထားပစ်ခဲ့ရမှာပဲ၊ ထားခဲ့မလား စားပစ်မလား၊ ရှင့်ဘာသာရွေး"

ဒါပဲပြောပြီး မိုးက သူမ စားစရာရှိတာ ဆက်စားသည်။ စကားပြောပြတ်သလို စိတ်ဓာတ်ရော နှလုံးသားပါ မာကျောပြတ်သားသည့် မိန်းကလေးထဲမှာ မိုးစေကရီဆိုသည့် မိန်းမလှလေးက ထိပ်ဆုံးက ပါမည်လားမပြောတတ်။

စွမ်းဆိုသည့် ကောင်လေးနှင့် ဖိုက်တင်ပွဲအပြီးမှာ မိုးက အိမ်မပြန်ဘဲ သူမဒက်ဒီပိုင် ဟိုတယ်တွင် ဟိုမကျဒီမကျပုံစံနှင့် နေလယ်စာ လာစားနေခြင်းဖြစ်သည်။ အောင်ဇံက မိုးနှင့် တစ်ဝိုင်းထဲမှာ မထိုင်ဘဲ အလိုက်တသိ တခြားမှာသွားထိုင်တော့ မိုးက လက်ညှိုးနှင့် လက်ခလယ်နှစ်ချောင်း အသုံးပြုပြီး အသံတိတ်နည်းနှင့် အောင်ဇံကို သူမနှင့် တစ်စားပွဲထဲ ထိုင်ခိုင်းသည်။

မိုးအမိန့်ကို လွန်ဆန်၍ မရတာနှင့် သူမစားပွဲကို သူရောက်သွားသည်။ သင်းပျံ့ချိုအီသော မွှေးရနံ့နှင့် ထိရက်စရာမရှိအောင် လှပလွန်းသော သူမအလှတွေကို မကြည့်မိအောင် ကိုယ့်ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



သတိနှင့်နေသည်။

မိုးဇေရီဆိုတာ သူတို့လောကသားချင်း၊ သူတို့အသိုင်းအဝိုင်းထဲမှာပင် အလှဆုံး ဇေရီဘွဲ့ရထားသူ တစ်ယောက်မို့ အောင်ဖုံလို လူတစ်ယောက်အနေဖြင့် အိပ်မက်ပင် မမက်ဝံ့သော စိတ်ကူးနှင့်ပင် မပြစ်မှားသင့်သော ဘုရင်မတစ်ပါးမျှသာ။ ခိုင်းတာလုပ် ကျွေးတာစား ပြောသမျှ နားထောင်ရမည်က အောင်ဖုံတို့လို အလုပ်သမားတစ်ယောက်မှာရှိရမည့် အရည်အချင်းတစ်ရပ်ဟု နားလည်ထားသည်။ ထမင်းနှင့်ဟင်းကို ခပ်သွက်သွက်စားပြီး လက်စသတ်လိုက်ပေမယ့် လျှာထဲမှာ ဘာအရသာမှမတွေ့။

မိုးဇေရီနားမှာ အတူရှိနေရခြင်းကို အောင်ဖုံစိတ်ထဲက ကျဉ်းကျပ်နေသဖြင့် မိုးကို သူက အရင်ဦးအောင် နှုတ်ဆက်လိုက်သည်။

"ကျွန်တော် ကားထဲက စောင့်နေပါ့မယ်"

"ကောင်းပြီ"

မိုးနားက ကျောခိုင်းထွက်သွားသူ၏ နောက်ကျောပြင်ကို ကြည့်ပြီး မိုးစိတ်ထဲမှာ ဘာကိုမှန်းမသိဘဲ ကျိတ်မကျေမနပ်။ စွမ်းနှင့်မိုးတို့ ဖြစ်ခဲ့ကြရသောကိစ္စမှာ ဦးအောင်ဖုံဆိုသည့်လူကြီးကို မိုးနှင့်အတူ ခေါ်လာခဲ့မိ၍သာ တော်တော့သည်။ စွမ်းကို ဒီလိုပြုမူလိမ့်မည်ဟု ထင်မထားတာလည်း ပါသည်။





ဦးအောင်ဖုံကသာ မိုးဘက်က ဝင်မကူလျှင် အခုချိန် စွမ်းလက်ချက်နှင့် မိုးတစ်ခုခုဖြစ်နေလောက်ပြီ။ ယောကျ်ားလေး တော်တော်များများ တွဲခဲ့ခွဲခဲ့ဖူးပေမယ့် ဘယ်သူမှ စွမ်းလို မမိုက်ရိုင်းခဲ့။ ဒက်ဒီ့အရှိန်အဝါကို ကြောက်၍ပဲလား။ မိုးလို မိန်းမလှလေး တစ်ယောက်နှင့် အခြေအတင် မဖြစ်ချင်တာလားမသိ။ အခြေအတင် စကားပြောဖြစ်ကြသူပင် ခပ်နည်းနည်း။ မိုးက လာသမျှဖုန်းမကိုင် အတွေ့မခံတာနှင့်ပဲ ပြီးသွားသည့် ဇာတ်လမ်းတွေထဲမှာ တချို့က သူ့ဂုဏ်သိက္ခာ၊ ကိုယ့်ဂုဏ်သိက္ခာ ထိန်းသွားတာလည်း ဖြစ်နိုင်သည်။

စွမ်းကတော့ တခြားသူတွေလိုမဟုတ်။

စွမ်းဒက်ဒီကလည်း မိုးဒက်ဒီနီးပါး နာမည်ကြီးသူဌေး တစ်ယောက်ဖြစ်သလို မိုးဇေရီတို့ အသိုင်းအဝိုင်းထဲမှာ စွမ်းကိုယ်တိုင်ကလည်း မိုးလို နာမည်တစ်လုံးနှင့် နေသူဖြစ်သည်။ ဒီလို လူနှစ်ယောက် ထိပ်တိုက်ရင်ဆိုင်ကြသည့်ပွဲမှာ ဘယ်သူကမှ ဘယ်သူ့ကို အလျှော့ပေးလိုကြသည်မဟုတ်။

အထူးသဖြင့် စွမ်းက မိုးကို တစ်ဖက်သတ်ချစ်နေတော့ ပိုဆိုးသည်။ မိုးက စွမ်းအပေါ်မှာ ဘော်ဒါကဏ္ဍလောက်သာ သဘောထားပေမယ့် စွမ်းဘက်က မိုးလိုမဟုတ်တော့ စိတ်ရှုပ်မခံနိုင်တာနှင့် စွမ်းကို အဆက်ဖြတ်ပစ်လိုက်သည်။ စွမ်းက ဒါကို

www.burmeseclassic.com

www.burmeseclassic.com



လုံးဝလက်ခံခြင်းမပြု။ မိုးကို အမျိုးမျိုး စိတ်အနှောင့်အယှက်ပေးသည်။ မိုးမကြိုက်တာတွေ လုပ်သည်။

အဆိုးဆုံးက မိုးအချစ်ကိုမှမရရင် သေရတော့မလို အကယ်ဒမီရှော့တွေ လာလုပ်ပြနေတာကို အမုန်းဆုံး။ ကြည့်မရဆုံးဖြစ်သည်။ အခုတော့ ပွဲကပြီးသွားသည်။ ရိုးရိုးပြီးခြင်းကမဟုတ်။ ဦးအောင်စိုးလက်ချက်ဖြင့် ဖလက်ပြပြီး ကျန့်ရစ်တာဖြစ်သည်။ ပါးစပ်က ဖွင့်မပြောပေမယ့် ဦးအောင်စိုးဆိုသည့်လူကြီးစိတ်ထဲမှာ မိုးကို မိန်းမဆိုး၊ မိန်းမရှုပ်လေးအဖြစ် အထင်အမြင်သေးနေမှာ သေချာသည်။

အခုပဲကြည့်…

မိုးနားမှာ နေရမှာကို ကျားတစ်ကောင်နဲ့ နေရမှာထက်ကြောက်ရွံ့တဲ့ပုံစံမျိုးနှင့် မျက်နှာထားတည်တည်ကြီး လုပ်ထားပုံကအကြောင်းမသိရင် မိုးကတောင် သူ့မျက်နှာကိုကြည့်ပြီး ပြန်ကြောက်ရမည့်ပုံစံမျိုး။ နေရာက မိုး ထရပ်လိုက်တော့ မန်နေဂျာကိုယ်တိုင် မိုးနားကို အပြေးရောက်လာပြီး နှုတ်ဆက်သည်။

"ပြန်တော့မလား မမိုး"

"အင်း"

"နောက်လာမယ်ဆိုရင် ကြိုတင်ဖုန်းဆက်ပေးပါလားဗျာ။ မမိုးကြိုက်တဲ့ အစားအသောက်လေးတွေ ကြိုတင်စီစဉ်နိုင်တာပေါ့"





"အဲဒီလောက်လည်း မလိုပါဘူး၊ ဒီလိုပဲ ကြုံတဲ့အခါအားတဲ့အခါ ဝင်လာပါ့မယ်"

"သွားမယ်"

"ကောင်းပါပြီခင်ဗျာ"

မိုးပုံစံက ထောင့်မကျိုး။

သူဌေးသမီးပီပီ အလိုလိုက် အကြိုက်ဆောင်ခံထားရသောဘဝမှာ နေသားကျနေသူအဖြစ် သူ့ထက် အသက်ကြီးသူ၊ ဝါကြီးသူတွေကို ရိုသေလေးစားရကောင်းမှန်းမသိ။ အားလုံးကို သူ့မျက်လုံးထဲမှာ ဒက်ဒီ့အလုပ်သမား၊ သူ့မ ဗိုလ်ကျအနိုင်ယူစရာလူတွေလောက်သာ မြင်သူဖြစ်သည်။

သူ့မစိတ်နှင့်မတွေ့လျှင် သူ့မ သဘောမကျလျှင် ထိုလူအချိန်မရွေး အလုပ်ပြုတ်နိုင်သည်။ မိုး၏ နှုတ်ထွက်စကားတစ်ခွန်းက အမိန့်အာဏာအဖြစ် ပြောင်းလဲသွားသည်နှင့် တခြားမိသားစုတစ်ခု၏ ထမင်းအိုးကို ရိုက်ခွဲပစ်နိုင်သည်။ ဘဝပျက်သွားနိုင်သည်။ အလုပ်တစ်နေရာအတွက် ခက်ခဲစွာ ကြိုးစားထားရသူတွေချည်းဖြစ်သည်။

သူတို့၏ ဘော့စ်နှင့် ဘော့စ်၏ တစ်ဦးတည်းသောသမီးလေး မိုးကေရီဆိုသည့် သမီးအရွယ်ကလေးမလေးမှာ သူတို့အပေါ်မရှိသေး၊ မလေးစားလျှင် ဒါထက်ပိုပြီး မရိုင်းပျမဆော်ကားလျှင်



www.burmeseclassic.com

www.burmeseclassic.com



တော်လောက်ပြီဟု သဘောထားကြသူများဖြစ်သည့်အတိုင်း မိုးခေကရီ ဘာပြောပြော ဘာလုပ်လုပ် သူတို့ကို မထိခိုက်လျှင် ကျေကျေနပ်နပ်ပင် ပြုံးနေလိုက်ကြသည်။

မိုးခေကရီကို ကားနားအထိ လိုက်ပို့သည့်အထိ ဂရုစိုက်ကြသည်။

"သွားလို့ရပြီ"

မိုးခေကရီ၏ အမိန့်အတိုင်း နေရာက ကားလေးကို ဝေါခနဲ မောင်းထွက်ခဲ့သည်။ ကားအထွက်မှာ မိုးက သူမထုံးစံအတိုင်း နောက်ကို တစ်ချက်လှည့်မကြည့်ဘဲ လိုက်ပို့သည့် မန်နေဂျာကို လက်ကလေးတစ်ဖက် မြှောက်ပြီး နှုတ်ဆက်တာကို မြင်ရသည်။

ရွှေမင်းသမီးလေး၏ ဘဝခရီးလမ်းက ပန်းမွေ့ရာ ရွှေကော်ဇောအတိဖြစ်သည်။ အောင်ဇံတို့ဘဝနှင့် တခြားစီ။

"ဘယ်ကိုမောင်းရမှာလဲ"

"မိုး လမ်းညွှန်တဲ့အတိုင်း မောင်းပေါ့"

မိုး၏အမိန့်ကို နာခံယူရုံကလွဲ၍ တခြားမရှိ။ သူမစီစဉ် ညွှန်ကြားသည့်အတိုင်း မောင်းရင်း မြို့ပြင်ကို ရောက်မှန်းမသိ ရောက်လာသည်။ ဘယ်ကိုများ သွားမည်မသိ။

"ရပြီ၊ ရှေ့နားရောက်ရင် ညာဘက်ကို ချိုးဝင်လိုက်၊ လမ်းဆုံးရင် သွားရမယ့်နေရာ ရောက်တာပဲ"





သူမပြောသည့်အတိုင်း ကားလေးကို နေရာက ဝေါခနဲ ချိုးကွေ့လိုက်သည်။ လမ်းအဆုံးမရောက်ခင် လှမ်းမြင်လိုက်ရသည်က စိမ်းညို့ပြာမှောင်သော ရေပြင်ကျယ်။ အရိပ်ကောင်းသည့် သစ်ပင်ခြေရင်းနားကပ်ပြီး ကားကို ထိုးရပ်လိုက်သည်။ စိမ်းမှောင်ဝေဆိုင်းသော သစ်ရွက်သစ်ခက်များ ဝေဆာနေသည့် သစ်ပင်ကြီးကို သေချာကြည့်မိတော့ ခရေပင်ကြီးဖြစ်နေသည်။

ကြီးမားတုတ်ခိုင်သည့် ပင်စည်ကို ကြည့်ရခြင်းဖြင့် ဤခရေပင်ကြီး၏ သက်တမ်းကို ခန့်မှန်းတွက်ချက်နေမိသည်။

"ရှင်က ဂျူဒိုခါးပတ်နက်လား"

"ဗျာ"

"မိုးနားမှာနေပြီး ဘော်ဒီဂတ်လုပ်ပေးနိုင်မလား"

နုနယ်လှပသော မိုးခေကရီမျက်နှာလေးကို သူတစ်ချက်မျှ စူးစိုက်ကြည့်လိုက်ပြီး ချက်ချင်း အကြည့်ကိုလွှဲလိုက်သည်။ သောကဆိုတာ ချိုနဲ့လားလို့ ဒုက္ခ၏သဘောတရားကိုလည်း အခြေခံကျကျ နားလည်ဟန်မတူ။

"ကျွန်တော် အလုပ်လုပ်ဖို့လာတာပါ"

"မိုးနားမှာနေပြီး မိုးကို စောင့်ရှောက်တာလည်း အလုပ်ပဲလေ၊ ရှင့်အတွက် လစာကောင်းကောင်းပေးမှာပါ"

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော်လုပ်ချင်တဲ့ အလုပ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်နားမှာနေပြီး တခြားလူတွေနဲ့ အဓိပ္ပာယ်မဲ့ ရန်ဖြစ်ရမယ့်အလုပ် မပါပါဘူး"

"ရှင်ဆိုလိုတာက မိုးက ပြဿနာမရှိ ပြဿနာရှာတယ်လို့ ပြောချင်တာလား"

"ဝမ်းနည်းပါတယ်ဗျာ၊ ခင်ဗျား ဘယ်လိုနေတယ်ထိုင်တယ်၊ ဘာတွေလုပ်တယ်ဆိုတာ ကျွန်တော် စိတ်မဝင်စားလို့ပါ"

"ဘာ"

မိုးကေရီရင်ထဲ အွန့်ခနဲ ဖြစ်သွားသည်။ ဘာမှမဟုတ်တဲ့ လူတစ်ယောက်က မိုးရင်ကို အခံရအခက်ဆုံး စကားလုံးတွေနှင့် ရက်ရက်စက်စက် ပစ်ခွင်းလိုက်ပုံက ဝိရိသေသပ်လှချည်လား။

"ရှင်...ရှင် မိုးကို ဘာစော်ကားတာလဲ"

"စော်ကားတယ်ထင်ရင် ထပ်ဆင့်တောင်းပန်ရမှာပေါ့၊ မိုးကေရီကို ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော်က စကားကို အဆင်တန်ဆာ ဘာမှမပါဘဲ စိတ်ထဲရှိတာ ပြောတတ်လွန်းလို့ပါ"

"မိုးကေရီလိုချင်တဲ့ ဆော်ဒီဂတ်ကို မိုးကေရီရဲ့ ဒက်ဒီကို ရှာခိုင်းလိုက်ရင် ပိုပြီးအဆင်ပြေမယ်ထင်ပါတယ်"

"ရှင့်အကူ မပါပါဘူး"

ဒေါသနှင့် ခံပြင်းခြင်းကြောင့် မိုးပါးလေးတွေ သွေးရောင်



လွှမ်းကာ ရဲရဲနီလာသည်။ ဒီလိုလူမျိုးကို အရောတဝင် သွားစကားပြောမိတာကိုက မိုးအမှားပဲဟု တွေးလိုက်သည်။ မျက်နှာသာပေး အရောဝင်လိုက်တာနှင့် မိုးကို အထင်အမြင်သေးသလိုလို၊ ဂရုမစိုက်သလိုလိုပုံစံနှင့် စကားလုံးရင့်ရင့်တွေ သုံးရအောင် သူ့ကိုယ်သူ ဘာထင်နေသည်မသိ။

သူတို့အသိုင်းအဝိုင်းထဲမှာ မိုးကေရီလို မိန်းကလေးကို ဒီလိုပြောရဲသည့်လူမရှိ။

"မိုး ကားပေါ်ကဆင်းပါ"

အောင်ဖုံ ဘာမှမပြော။

မိုးကေရီ၏ အမိန့်အတိုင်း သူမကားပေါ်က ဆင်းဆိုတာနှင့် ဆင်းလိုက်သည်။ သူ ကားအောက်ရောက်တာနှင့် မိုးကေရီက ကားမောင်းသူနေရာကို ဝင်ထိုင်ပြီး ကားစက်ကို ဝေါခနဲနှိုးသည်။

"ကိုယ့်အစီအစဉ်နဲ့ကိုယ် အိမ်ပြန်ပါ"

"ဝေါ"

ကားလေးက လေးညို့က ပစ်လွှတ်လိုက်သော မြားလို အောင်ဖုံ့နားက ဖြေးထွက်သွားတာကိုကြည့်ပြီး မိုးကေရီ သူ့ကို ညာပြသွားပုံကို သဘောကျစွာ နှစ်နှစ်ခြိုက်ခြိုက် ရယ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဪ...မိုးကေရီဆိုတဲ့ မိုးပေါ်က မိန်းမလှလေးရယ်။

အောင်ဖုံကို သူမ စိတ်ဆိုးဒေါသဖြစ်သွားခြင်းကို အောင်ဖုံ သိပါသည်။ အောင်ဖုံစကားက သူမလိုမိန်းမလှလေးကစ်ယောက်၏ မာနကို တိုက်ရိုက်ထိသွားမှန်း သိပေမယ့် မတတ်နိုင်။ မှန်သော စကားကို ဆိုမိခြင်းမျှသာ။ မိုးကေရီ၏ ဘဝနှင့် အောင်ဖုံ့ဘဝက ပြဒါးတစ်လမ်း သံတစ်လမ်း။ လုံးဝတခြားစီဖြစ်သည်။

သူမ၏ လှပခြင်းနှင့် ပြည့်စုံချမ်းသာခြင်းမှာ အောင်ဖုံနှင့် မည်သို့မျှ မသက်ဆိုင်။ သက်ဆိုင်ပတ်သက်ရန်လည်း အကြောင်းမရှိ။ အောင်ဖုံ လျှောက်လှမ်းရမည့် ဘဝခရီးရှည်ကြီးထဲကို ဘယ်လို မိန်းကလေးမှလည်း အဝင်မခံနိုင်။ အောင်ဖုံမှာ ချည်ရွယ်ချက်၊ ရည်မှန်းချက်တွေရှိသည်။ ရည်မှန်းထားသည့် ပန်းတိုင်ကို မရောက်မချင်း သူ့အတွက် အနှောင့်အယှက်ဖြစ်စေမည့် ဘယ်လို ဝန်ထုပ်ဝန်ပိုးမှလည်း သူ့ဘဝထဲ အဝင်မခံနိုင်။

သစ်မြစ်ဆုံကြီးတစ်ခုမှာ ကိုယ်ကို ခပ်လျောလျောအနေအထားဖြင့် မှီထိုင်ရင်း မျက်စိတစ်ဆုံး လှမ်းမြင်နေရသော ရေပြင်ကျယ်ကို ငေးကြည့်နေမိသည်။ မိုးကေရီကတော့ သူ့ကို လှသူ ကင်းဝေး၍ တိတ်ဆိတ်ငြိမ်သက်သော ရေပြင်ကျယ်နားမှာ ထားရစ်ခဲ့ပြီး သူမကားလေးကို မောင်းထွက်သွားနှင့်ပေပြီ။

အလာထဲက နီးသည့်ခရီးမဟုတ်သဖြင့် အပြန်ခရီးမှာ

လည်း အလှမ်းဝေးလှသည့်အဖြစ်ကို သူနားလည်သလို မိုးကေရီလည်း နားလည်သည်။ ကိုယ့်အစီအစဉ်နှင့် ကိုယ်ပြန်ဟုဆိုသဖြင့် ရောက်တုန်းရောက်ခိုက် ဒီနေရာလေးမှာ အေးအေးဆေးဆေးနေပြီးမှ ပြန်တော့မည်ဟု စဉ်းစားပြီး လက်နှစ်ဖက်ကို ခေါင်းအောက်ထဲ လျှိုသွင်းလျက် ရေပြင်ကိုငေးရင်း အတွေးတွေရှက်လွှင့်နေသည်။

သို့သော် ကြာကြာတွေးပြီး ကြာကြာငေးနေခွင့်ကို ဆူဆူညံညံ အသံစာစာလေးများ ဝင်ရောက်နှောင့်ယှက်ခြင်းဖြင့် ခပ်မြန်မြန် အဆုံးသတ်ခြင်းသို့ ရောက်သွားသည်။ ကားတစ်စီးနှင့် မိန်းမလှလေးတစ်စု။ ကားမရပ်ခင်ထဲက ဝူးဝူးဝါးဝါး ဆူညံသံများကို ကြားရပြီး ကားရပ်သည်နှင့် ကားပေါ်က တဘုတ်ဘုတ်ဆင်းလာသူလေးတွေ့က ရောင်စုံဖြူနီပြာဝါ။

အသက်အလေးတွေကလည်း မိုးကေရီတို့အရွယ်။ နုနုငယ်ငယ် ချောချောလှလှ။ ကားပေါ်ကဆင်းပြီး သစ်ပင်ရိပ်ထဲ ပြေးဝင်လာတော့ သူတို့အရင် ကြိုရောက်နေသော အောင်ဖုံနှင့် တည့်တည့်ဝင်တိုးပါသည်။

"ဟယ်...လူကြီးတော့"

"ခစ်...ခစ်"

ဓါဝါလေးက အလန့်တကြား တခစ်ခစ်ရယ်သည်။

"ဘယ်မှာလဲ ပြစမ်း"







www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက် ပြာပြာလေးအသံ။

"အံ့မယ် ဘွယ့်ကလူကြီးရမှာလဲဟဲ့၊ ခုမှ ငယ်ငယ်ပဲရှိသေးတဲ့ဟာကို အလွန်ဆုံးရှိမှ အသက်ကိုးဆယ်၊ တစ်ရာလေးကိုများ"

"တော်တော်ရှည်တာပဲ"

"ဘာလဲ ဘာလဲ"

"ဩော်...အရပ်ကြီးကိုပြောပါတယ်၊ အနည်းဆုံးခြောက်ပေပဲလို့ပြောတာ"

"ခစ်...ခစ်"

ရယ်သံလေးတွေ မစဲ။

အောင်ဖုံ့နားမှာ တရစ်ရစ်ဝဲဝဲ ခပ်ကဲကဲပုံစံနှင့် ကလေးမလေးတွေက ရေများရေနိုင် အောင်ဖုံ့ကို ပြုံးစိစိနှင့် ဝိုင်းကြည့်နေကြသည်။

"တစ်ယောက်တည်းလား"

အားလုံးထဲက အဖြူမလေးက မေးခြင်းဖြစ်သည်။ အောင်ဖုံ့ ခေါင်းညိတ်ပြလိုက်သည်။

"အင်း"

"နှစ်ယောက်တွဲ သုံးယောက်တွဲဖြစ်ချင်ရင် ဖြူစင်တို့အဖွဲ့ထဲလာလေ၊ အသည်းကွဲနေတာဆိုရင်လည်း ကွဲနေတဲ့အသည်းကို





တစ်ခါထဲ ပြန်ဆက်ပေးလိုက်မယ်"

အောင်ဖုံ့က ကောင်မလေးတွေအုပ်စုထဲ ရောက်သွားရခြင်းမဟုတ်ပါ။ ကောင်မလေးတွေကသာ သူတို့အုပ်စုထဲ အောင်ဖုံ့ကို သူတို့သဘောနှင့်သူတို့ ထည့်လိုက်ခြင်းဖြစ်သည်။ တခဏအတွင်းမှာပင် ဆူဆူညံညံ ကောင်မလေးအဖွဲ့နှင့် အုပ်စုကျသွားသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"တာ့တာ"

"ဘိုင့်ဘိုင်"

အော်ဟစ်နှုတ်ဆက်သံလေးတွေက တီတီတာတာ ချိုသာဝေဆာစွာ ဆူညံနေသံလေးတွေကို အပြုံးဖြင့် တုံ့ပြန်လက်ပြနေသူ၏ မျက်နှာချောချောက မိုးနှင့်အတူ ရှိနေစဉ်အခိုက်မှာ တွေ့ရသည့် ခပ်တည်တည် ခပ်တင်းတင်း မျက်နှာမျိုးလည်းမဟုတ်ပါလား။

မိုးလို မိန်းမလှလေးတစ်ယောက်ကို စိတ်မဝင်စားသလို၊ အရေးမစိုက်သလို မျက်နှာထားတင်းတင်းနှင့်နေသည့်လူက အခုတော့ မိုးလောက်မှ ချောမောလှပခြင်းမရှိသော မိန်းကလေးအုပ်စုကို လက်တပြပြ။ အပြုံးတဝေဝေနှင့် နှုတ်ဆက်မဆုံးဖြစ်နေတာကို လှမ်းကြည့်ရင်း မိုးရင်ထဲမှာ ခံပြင်းစိတ်နှင့် ဒေါသဖြစ်နေသည်။

တမင်သက်သက် သူ့ကိုဒုက္ခပေးချင်တာနှင့် အဝေးကြီးမှာ





ထားရစ်ခဲ့ပြီး သူ မောမောပန်းပန်း ခြေကုန်လက်ပန်းကျ ပြန်လာမည့်အချိန်ကို သူမအိပ်ခန်းထဲ စိမ်ပြေနပြေ ထိုင်ကြည့်ရန် စောင့်နေခဲ့သမျှ အခုတော့ အလကားဖြစ်နေသည်။

မိုးအထင်နှင့်အမြင်က တခြားစီ။ အောင်စံဆိုသည့်လူကို မချောလေးတွေ တစ်အုပ်တစ်သင်းက မိုးမခခြံပေါက်အထိ ကားနှင့်လိုက်ပို့ပေးကြရုံမက အားလုံး ဟီးဟီးဟားဟားနှင့် ဟိုလူကြီးရော ကောင်မလေးတွေပါ ပါးစပ်မနေ။

"See you again နော် ဦးအောင်စံ"

"အိုကေ"

ဟွန်း။

သည်းနေကဲနေလိုက်ကြတာ။

နောက်တစ်ကြိမ်ဆုံတွေ့ကြဦးမယ်ဆိုတော့ ဟိုလူကြီးကပဲ အိုကေတဲ့။ မိုးတစ်ယောက်တည်း ဘာကိုမကျေနပ်မှန်းမသိ။ လှပသော မျက်နှာလေးထက် အလိုမကျခြင်းတွေနှင့် ညိုမှောင်နေကောက်နေခိုက်မှာ ကောင်မလေးတစ်အုပ်တစ်သင်းပါသောကားက နေရာက ဝေါခနဲ ပြေးထွက်သွားသလို အောင်စံလည်း မိုးမခခြံကြီးရှိရာဘက်သို့ ဖျတ်ခနဲ လှည့်လာသည်။

အောင်စံ့အကြည့်က ဘာရယ်မဟုတ် သုံးထပ်တိုက်အိမ်အမြင့်ကြီးရှိရာသို့ လှမ်းမျှော်ကြည့်လိုက်တာဖြစ်ပေမယ့် လိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုအကွယ်မှ အောင်စုံပြန်အလာကို တိတ်တဆိတ် ချောင်းကြည့်နေမိသော မိုးမှာတော့ ဖျတ်ခနဲ ရောက်လာသည့် အောင်စုံ့အကြည့်များကြောင့် စိတ်မလုံစွာ လက်ထဲက လိုက်ကာစလေးကို လွှတ်ချပြီး သူမကိုယ်လေးကို အိပ်ခန်းနံရံမှာ ကပ်ထားလိုက်ပါသည်။

အောင်စုံကတော့ မိုးဇေကရီဆိုသည့် မိုးမင်းသမီးလေး၏ အဖြစ်ကိုမသိ။ မိုးမခြိမ်းကြီးထဲ စိတ်အေးလက်အေး လှမ်းဝင်လာရင်း အိမ်ကြီး၏အောက် ပေါ်တီကိုရှိရာ တစ်ချက်လှမ်းကြည့်သည်။ အနီရဲရဲ ပြိုင်ကားလေးရပ်ထားတာ မြင်ရတော့မှ သက်ပြင်းချလိုက်သည်။

သူ့ကိုဒုက္ခပေးပြီး သူမနှင့် ဘာမှမဆိုင်သလို အိမ်ပြန်ရောက်နေသူလေး၏ နုနယ်ကဲဆတ်လှသော ကလေးစိတ်ဖြင့် ထင်ရာလုပ်တတ် အနိုင်ယူဗိုလ်ကျပုံကို တွေးကာ ခေါင်းကို ဖြည်းညှင်းစွာ ခါလိုက်မိသည်။

ဒီလိုပုံစံနဲ့ လူဘယ်နှစ်ယောက်ကို ဒုက္ခဖြစ်စေခဲ့ပြီလည်း မိုးမင်းသမီးလေးရယ်။

ကံကောင်း၍ ဖြူစင်တို့ သူငယ်ချင်းအုပ်စုနှင့် တွေ့ပြီး မိုးမခြိမ်းကို ဤအချိန်နှင့် ချောမောစွာ မပင်မပန်း ပြန်ရောက်လာခြင်းဖြစ်သည်။ ဖြူစင်တို့ သူငယ်ချင်းအုပ်စုနှင့်သာ မတွေ့လျှင် အခုချိန်ထိ လမ်းပေါ်မှာ တစ်ယောက်တည်း ခြေလျင်ခရီးနှင်နေရ





သဦးမည်။

"ဘယ်လိုဖြစ်ပြီး တစ်ယောက်တည်းဖြစ်လာတာလဲ ကွ"

"ဒီလိုပဲ သွေးအေးနေလို့ သွေးပူလေ့ကျင့်ခန်းလေး လုပ်ပေးတာပါ"

"ဟား...ဟား ဒီလောက်ဆို သဘောပေါက်ပါပြီဗျာ၊ မိုးလေးရဲ့ လက်ချက်မှုဟုတ်ရဲ့လား"

ဦးမြိုင်အမေးကို ပြန်မဖြေဘဲ သူပြုံးနေလိုက်သည်။ အားလုံးက မိုးအကြောင်း နောကြေနေကြပေမယ့် မိုး၏ ဖွတ်တိဖွတ်ထိုးအပြုအမူများကို ပြောနေသည့် စကားလုံးတိုင်းက ချစ်စနိုးဟန်အပြည့်မှန်း သူသိသည်။

"ဒါ အစပဲရှိသေးတယ် မောင်အောင်စုံရေ၊ နောက်ကြုံရလိမ့်ဦးမယ်၊ သတိသာထားနေဗျား"

မိုးအကြောင်းပြောနေသည့် ဦးမြိုင်မျက်နှာမှာ ချစ်စနိုးအပြုံးရိပ်ကို မြင်နေရသည်။ မိုးဆိုတာက အူဝဲဆိုထဲက သူတို့အားလုံး လက်ပေါ်မှာ ကြီးပြင်းလူလားမြောက်လာခဲ့ရသည့် ကလေးမလေးဖြစ်သည်။ မိုးအမေက မိုးကိုမွေးပြီး မီးတွင်းထဲမှာပဲ ဆုံးသွားသည့်အတွက် မိုးကို ပို၍ချစ်ကြ၊ ပို၍ သနားကရုဏာဖြစ်ကြ၊ ပို၍ အလိုလိုက်ကြနှင့်၊ မည်သူတစ်ဦးတစ်ယောက်မျှ မိုးကို ပြောရဲသူ၊ ပြောရက်သူမရှိ။



www.burmeseclassic.com

www.burmeseclassic.com



မိုးဒက်ဒီ ဦးစက်ရှိန်အပါအဝင်ဖြစ်သည်။ ဦးမြိုင်နှင့်အတူ စကားပြောနေတုန်း မိုး၏ ပြိုင်ကားနီနီလေး အရှိန်ပြင်းပြင်းနှင့် သူတို့နားက ကျော်ဖြတ်ပြီး မိုးမခခြံကြီးထဲက ထွက်သွားသည်။ လှပသော မိုး၏မျက်နှာလေးကို မမြင်လိုက်ရဘဲ လေအနှင်မှာ ဝဲလွင့်ကျန်ရစ်သော ရွှေညိုရောင်ဆံနွယ်လေးတွေ လှုပ်ခါနေတာကို ပဲ မြင်လိုက်ရသည်။

ပြောကြစတမ်းဆိုလျှင် မိုးဆိုတာ ငယ်ရွယ်နုပျိုလှပခြင်း။ ချမ်းသာပြည့်စုံခြင်း ဂုဏ်အရှိန်အဝါတွေနှင့် ပန်းမွေ့ယာကော်ဇော တို့ဖြင့် နေထိုင်ကြီးပြင်း ရှင်သန်လာခဲ့ရသည်မှန်သော်လည်း သူမ နားမှာ အတူနေပြီး မိဘညီအစ်ကိုမောင်နှမတို့၏ နွေးထွေးသော မေတ္တာကို ပေးမည့်သူမရှိ။ မိတဆိုးလေးအဖြစ်နှင့် နေထိုင်ကြီးပြင်း လာရသည့် ဘဝတစ်လျှောက်လုံးမှာလည်း ဖခင်ကြီးက မိုးနားမှာ အတူနေနိုင်ရှာသူမဟုတ်။ များပြားလှသော လူမှုစီးပွားရေးအလုပ် တွေထဲမှာ အချိန်ကုန်လူပင်ပန်းကာ ကျုံးရုံးရှာဖွေနေသူဖြစ်သည်။

သမီးငယ်မိုးကို ပြန်မကြည့်နိုင်။ အလျှံပယ်နေသော ရုပ်ဝတ္ထုပစ္စည်း ရတနာစိန်ရွှေတွေက မိုးအတွက် တောင်လိုပုံပေး ပေမယ့် မိုး လိုချင်တောင့်တသည့် မေတ္တာတရားကို အချိန်ပြည့် မပေးနိုင်ခြင်းအဖြစ်ကို သူသိသည်။

တစ်နည်းပြောရလျှင် မိုးဘဝက သနားစရာကောင်း





သည်။ ဖောင်စီးရင်း ရေငတ်ဆိုသည်မှာ မိုးကေရီလို ကလေးမ လေးကို ရည်ညွှန်းနေသလားမသိ။ ထိုထက်ပိုဆိုးသည်က ယောကျ်ားဆိုသည့် သတ္တဝါတွေကို မိုးက ကြောက်ရလန့်ရကောင်း မှန်းမသိဘဲ ဆော့ကစားစရာဟု မြင်နေခြင်းဖြစ်သည်။

အကောင်ကြီးသည် ငယ်သည်မဟုတ်။ မြွေသတ္တဝါ တိုင်းမှာ အလွန်ပြင်းထန်သော အဆိပ်တစ်မျိုးရှိသလို ယောကျ်ား ဆိုသည့် သတ္တဝါတိုင်းမှာလည်း အရွယ်ကြီးသည်၊ ငယ်သည် မဟုတ် အားနွဲ့သော မိန်းမသားတစ်ယောက်ကို အချိန်မရွေး အန္တရာယ်ပြုနိုင်သည်။ မိန်းမသားတစ်ယောက်၏ အရှက်နှင့် ဂုဏ်သိက္ခာကို ထိပါးစော်ကားနိုင်သည်။

ဒါကို မိုးကေရီဆိုသည့် မိန်းမလှလေး သိစေချင်သည်။ သူမပြောသလို အောင်စံ့ကို သူမအတွက် သက်တော်စောင့်လုပ် ပေးရန် တောင်းဆိုခြင်းမှာလည်း နုနယ်ငယ်ရွယ်သော အတွေး ကြောင့် မစဉ်းစားမဆင်ခြင်ဘဲ ပြောခြင်းဟု နားလည်သည်။ အောင်စံ့ နေရာမှာ တခြားသူတစ်ယောက်ဆိုလျှင်တော့ မိုး ပြောသလို ဖြစ်ရင်ဖြစ်နိုင်သည်။

အောင်စံ့ကတော့ မိုးစိတ်ကြိုက် စေခိုင်းဆော့ကစားစရာ လူစားထဲမှာ မပါ။ အကြောက်အလန့်ဆိုသည့်စကားကို မိုး နားလည်ဟန်မတူ။ မနက်ပိုင်းကလည်း စွမ်းဆိုသည့်ကောင်လေး



www.burmeseclassic.com

www.burmeseclassic.com



နှင့် သူမကြောင့် ပြဿနာဖြစ်ခဲ့ကြသည်။ ဟော အခုညနေပိုင်းမှာ မိုးက ဘာမှမဖြစ်သလို ဘယ်သူ့ကိုမှ ဂရုမစိုက်သည့် မျက်နှာပေးဖြင့် တစ်ယောက်တည်း ကားတစ်စီးနှင့် ထွက်သွားသည်။

စွမ်းဆိုသည့်ကောင်လေးကလည်း ခေသူမဟုတ်။ မိုးတို့လို အသိုင်းအဝိုင်းထဲက လူငယ်လေးတစ်ယောက်ဖြစ်သည့် အတိုင်း တခြားသူတစ်ယောက်၏ စိတ်ဆန္ဒအလိုထက် မိမိ၏ စိတ်ဆန္ဒအလိုကို ဦးစားပေးသူ။ တစ်ကိုယ်ကောင်းဆန်သူအဖြစ် အောင်ဖုံ့ကိုယ်တိုင် မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ပြီးပါပြီ။

ဒီပုံအတိုင်း ဆက်သွားနေလို့ မိုးတစ်ယောက် ဘာမှမဖြစ်လျှင် ကောင်းသည်။ ဖြစ်လာရပြီဟေ့ဆိုလျှင်လည်း လွယ်မည်တော့မထင်။ မိုးချုပ်သည့်အချိန်ထိ မိုးကေရီ၏ ပြိုင်ကားနီနီလေး၏ အရိပ်အယောင်ကိုမျှ မမြင်ရသေးတော့ အောင်ဖုံနှင့် မည်သို့မျှ မသက်ဆိုင်ပေမယ့် စိတ်ထဲက သူမပြန်အလာကို တိတ်တဆိတ် စောင့်နေမိသလို ဖြစ်နေသည်။

စွမ်းဆိုသည့် ကောင်လေးက မလွယ်တာ သူသိသည်။ မိုးမှာ အန္တရာယ်တစ်စုံတစ်ခု ဖြစ်လာလျှင် သူ့မှာ တာဝန်မကင်းသလိုလည်းဖြစ်နေသည်။ ထမင်းပင် ကောင်းစွာမစားနိုင်။

"ဘယ်လိုဖြစ်တာလဲကွ၊ အစားနည်းလှချည်လား ကျွေ ပြေပ်သီးစပ်လို့ထင်တယ် ဟုတ်လား"





"ဟုတ်တယ်ဗျာ၊ အဘာဟင်းတွေက စပ်လို့ မစားနိုင်တာ"

ရင်ထဲကအပူကို ဦးမြိုင်၏ ပြေပ်သီးအပူနှင့် ရောချလိုက်တော့ သူ့အဖြေစကားကို သဘောကျစွာ ဦးမြိုင်ရယ်သည်။

"ယောက်ျားပဲကွ၊ ဒီဟင်းအစပ်လောက်ကတော့ စားနိုင်ရမှာပေါ့၊ အခု အစမို့ပါ၊ နောက်ဆို မင်းဘာသာ ခံနိုင်ရည်ရှိလာမှာပါ"

3 "အခုဟာ အစ"

"အေးလေ…ပြေပ်သီးအစပ်ရဲ့ အရသာကို အခုမှ မင်းက တွေ့ဖူးကြုံဖူးတာဆိုတော့ အစပေါ့၊ နောက်တော့ အစပ်ရဲ့အရသာကို မင်း သူ့အလိုလိုသိလာလိမ့်မယ်"

အစ။

ဦးမြိုင်စကားကို သဘောကျစွာ အောင်ဖုံ ဦးခေါင်းကို ဆတ်ဆတ်ညိတ်လိုက်သည်။ ဦးမြိုင်၏ ပြေပ်သီးသဘောထားကို သဘောကျခြင်းကမဟုတ်။ မိုးကို သူ စတွေ့ရခြင်းနှင့် မိုးနှင့်သူကြုံတွေ့ရသည့်အဖြစ်အပျက်များ၏ အစပထမကို တွေးမိ၍ဖြစ်သည်။

မိုးဆိုသည့် မိန်းမလှလေးကြောင့် အခုထဲက အောင်ဖုံလို လူတစ်ယောက်ရင်ထဲမှာ စိုးရိမ်ခြင်းတွေ အစပြုနေလျှင် နောက်နောင်



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ဆက်စပ်မှုတွေရှိလာလျှင် မည်သို့မည်ပုံဖြစ်မည်နည်း။ အကောင်းဆုံးက အောင်ဖုံနှင့် အခုထဲက မိုးကေရီဆိုသည့် မိန်းမလှလေးနှင့် ကင်းနိုင်သမျှ ကင်း၍ ဝေးနိုင်သ၍ ဝေးအောင်နေမှ ဖြစ်မည်ဟု တိတ်တိတ်ကျိတ်၍ ဆုံးဖြတ်လိုက်၏။

◆ ◆ ◆

## အခန်း (၆)

"ဦးအောင်ဖုံ"

ထိုအမည်ကို မေဖြူနှုတ်ဖျားက ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ ရေရွတ်ရင်း မည်းနက်သော မျက်ခုံးလေးကို တွန့်ကုတ်လျက် အတော်ကြာ ငြိမ်သက်တိတ်ဆိတ်နေမိသည်။

ထိုအမည်ကို မေဖြူစိတ်ထဲမှာ တစ်နေရာရာမှာ ရင်းရင်းနှီးနှီး ကြားဖူးနေသလို ထင်မိပေမယ့် လူကိုတော့ သေသေချာချာ မမြင်ဖူးခဲ့။ ဖြီးခနဲ ဖျတ်ခနဲ လှမ်းတွေ့လိုက်ရသူ၏ ကျောခိုင်းသွားတိုက်အနေအထားအတိုင်းဆိုလျှင်တော့ မေဖြူသိသည့် ဦးအောင်ဖုံနှင့် အခု မိုးမခက ဦးအောင်ဖုံတို့ အရပ်အမောင်း၊ လှုပ်ရှားသွားလာပြောဆိုပုံကအစ အတော်တူသည်။

တစ်ခုကွာခြားသည်က မိုးမခခြံက ဦးအောင်ဖုံဆိုသည့်လူ




www.burmeseclassic.com

www.burmeseclassic.com



နှင့် မေဖြူသိထားသည့် ဦးအောင်စုံဆိုသည့်လူက အစစအရာရာ ဆန့်ကျင်ဘက်အနေအထားမှာဖြင့် ပြည့်နေသည်။ ခေတ်ပညာတတ် သူဌေးသားဖြစ်သော ဒေါက်တာဦးအောင်စုံနှင့် မိုးမခခြံကြီးမှာ အလုပ်သမားတစ်ယောက်အဖြစ် အလုပ်လုပ်ဖို့ ရောက်နေပါသည်ဟု ဆိုသော ဦးအောင်စုံတို့ဘဝက မိုးနှင့်မြေလို အလှမ်းကွာလွန်းသည်။

အေးလေ လောကကြီးမှာ လူတူမရှား၊ နာမည်တူမရှားဆိုတာ ဒါမျိုးထင်ပါရဲ့။ ဒေါက်တာအောင်စုံဆိုသည့်လူကို စိတ်ဝင်စားသလို မိုးမခခြံကြီးမှာ အလုပ်လုပ်ဖို့ ရောက်လာရပါသည်ဟုဆိုသော အလုပ်သမား အောင်စုံဘဝကိုလည်း မေဖြူ စိတ်ဝင်စားနေပါသည်။

အလုပ်သမားတစ်ယောက်အဖြစ် မိုးမခခြံကြီးမှာ အလုပ်လုပ်ဖို့ရောက်လာသူက မင်းသားတစ်ယောက်လို ဥပမိရုပ်ရည်ဖြင့် ယောက်ျားပီသစွာ ချောမောခန့်ညားခြင်းတို့ကြောင့် မိန်းကလေးတိုင်း စိတ်ဝင်စား သဘောကျလောက်သည့် ဆွဲဆောင်မှုမျိုး ပိုင်ဆိုင်ထားသူအဖြစ် သဘောကျခြင်းဖြစ်သည်။

လူကတော့ တကယ့်ကို လူချောတစ်ယောက်ပဲ။

ဒါပေမယ့် မိုးမခခြံကြီးမှာ အလုပ်သမားအဖြစ် ရောက်လာတာကတော့ တကယ့်ကို နှမြောစရာ။ သူ့လို ရုပ်ရည် အဆင့်အတန်းမျိုးနဲ့ မေဖြူတို့လို အသိုင်းအဝိုင်းထဲက လူတစ်ယောက်သာဖြစ်ခဲ့





မယ်ဆိုရင် ဦးအောင်စုံဆိုသည့် လူနားကို သမီးရှင်တွေရော၊ သမီးတွေပါ ဝိုင်းဝိုင်းလည်နေကြမည့်အဖြစ်ကို မြင်ယောင်မိသည်။

ငွေကြေးချမ်းသာပြည့်စုံသူကို လူအထင်ကြီးကြသလို ရုပ်ရည်ချောမောသူကိုလည်း လူတိုင်းက စိတ်ဝင်တစား ဂရုပြုမိတတ်ကြသည်မှာ လောက၏ အမှန်တရားများစွာထဲက အမှန်တရားတစ်ခုဟု ဆိုချင်သည်။ ရုပ်ရည်ချောမောမှုနှင့် ချမ်းသာပြည့်စုံမှု ဝဏ်ဒြပ်နှစ်ခုလုံး ပိုင်ဆိုင်ထားသူတစ်ယောက်အတွက်မူ ဆိုဖွယ်ရာပင် မရှိတော့ပါ။

သို့ပါသော်လည်း လူ့လောက လူ့သဘောကြီးက ကိုယ်ဖြစ်ချင်တိုင်း ဖြစ်ခွင့်ရကြသည်မရှိ။ ငွေကြေးအပိုင်းမှာ ကျိကျိတက် ချမ်းသာပြည့်စုံကြွယ်ဝ၍ လူတိုင်းက အထင်ကြီး အားကျရသူတွေ ရှိသော်လည်း ဘဝပေးကံတရားအရ ဥပမိရုပ်ပိုင်းဆိုင်ရာမှာ သူလိုကိုယ်လို လူသာမန်အနေအထားမျိုး မလှမပ ရှိတတ်ကြသူတွေလည်း မရှားသလို...

ငွေကြေးချို့တဲ့၍ ဆင်းရဲမွဲတေနေသည့်တိုင် ဥပမိရုပ်ပိုင်းဆိုင်ရာမှာ သူမတူအောင် ချောမောခန့်ညားကြသူတွေကလည်း အများသားဟု ဆိုချင်သည်။ နှစ်ခုစလုံး ပြည့်စုံကြသူတွေလည်းရှိသည်။ ထိုအထဲမှာ မိုးမခခြံက ဦးအောင်စုံတော့မပါ။ ရုပ်ချောသော်လည်း ငွေကမရှိ။ ငွေမရှိတော့ လူအထင်ကြီးဖို့ ခက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာပြည့်စုံသည့် အသိုင်းအဝိုင်းထဲမှာလည်း ချပြဖို့ ခက်သွားသည်။

ဤသည်က မေဖြူတို့ မိဘအသိုင်းအဝိုင်း အနေနှင့်မှန်သော်လည်း လူငယ်အပိုင်းမှာတော့ မေဖြူက ဦးအောင်ဖုံဆိုသည့် လူကို နှစ်သက်သဘောကျနေသည်။ မိုးမခခြံဆိုတာ မေဖြူနှင့်စိမ်းသော နေရာတစ်ခုတော့မဟုတ်။

မေဖြူသူငယ်ချင်း မိုးကေရီထံ မကြာခဏ အလည်အပတ်ရောက်နေသော နေရာဖြစ်သည်။ စွမ်းကိစ္စနှင့် သူငယ်ချင်းနှစ်ယောက် မပြေမလည်ဖြစ်ပြီးထဲက မိုးမခခြံသို့ မေဖြူ မရောက်တော့။ စွမ်းကို မေဖြူလက်ထဲက မိုးကေရီလုသွားသည်ဟု မေဖြူက ထင်သည်။

စွမ်းသဘောနှင့်စွမ်း မေဖြူကိုထားပြီး မိုးနောက်ကောက်ကောက်ပါသွားခြင်းကိုက မတွေး။ စွမ်းကို စိတ်နာပြီး မိုးကိုကြည့်မရတာနှင့် မခေါ်မပြောဘဲ အဆက်ဖြတ်ပစ်သည်။ စွမ်းကြောင့် မေဖြူ အတော်လေးခံစားလိုက်ရသည်။

အခုတော့ မေဖြူ ဝဋ်တွေ စွမ်းလည်းရပေပြီ။ မိုးကေရီက သူမထုံးစံအတိုင်း ဘယ်ယောကျ်ားလေးနှင့်မှ ကြာကြာမတွဲ တတ်တာ မေဖြူသိသလို ကျန်တဲ့လူတွေလည်း သိသည်။ မိုးက အသည်းစားဘုရင်မအဖြစ် နာမည်ကြီးတာကို သိသိနှင့် မိုက်မိုက်





မဲမဲ ဝင်တိုးသည့် စွမ်းကို မိုးက ဘာအကြောင်းပြချက်မှမပေးဘဲ ရက်ရက်စက်စက် အသည်းခွဲတမ်း ကစားပစ်လိုက်သည်။

နောက်တော့ မိုးနှင့် ဘယ်လိုပြဿနာတွေ ဖြစ်သည်မသိ စွမ်းခေါင်းမှာ ပတ်တီးအဖွေးသားတွေ့ရတော့ မေဖြူမှာ စွမ်းကို မသနားဘဲ ပြုံးမိသည်။ မိုးကေရီများကို ကပ်ချင်တဲ့လူ။ ဒီလောက်တော့ဖြစ်သင့်သည်။ မေဖြူလို မိန်းကလေးကိုကြတော့ ဂရုမစိုက်။ မေဖြူကလည်း စွမ်းလိုလူကို ခေါင်းထဲက ထုတ်ပစ်လိုက်သည်။

တစ်ယောက်တည်း သူငယ်ချင်းတွေနှင့် ပျော်နေရာက ဦးအောင်ဖုံဆိုသည့်လူကြီးနှင့် အမှတ်မထင် ဆုံမိခြင်းဖြစ်သည်။ မေဖြူလိုချင်သည့် အသိုင်းအဝိုင်းက မဟုတ်ပေမယ့် ဦးအောင်ဖုံက ချောသည်. ဆန့်ကျင်ဖက်တွေအပေါ်မှာ ညှို့နိုင်သော စွဲဆောင်အားကောင်းသည်။ ဦးအောင်ဖုံကို မြင်မြင်ချင်း မေဖြူ သဘောကျသည်။

သူ့ပုံစံက ဘယ်လိုနေနေ မိုက်သည်။ စတိုင်လ်အပြည့်ရှိသည်။ စွဲဆောင်ညှို့ယူဖမ်းစားနိုင်သည်။ သူ့လိုလူကို မေဖြူမှ မဟုတ် မိန်းကလေးတိုင်း သဘောကျကြမှာ သေချာသည်။ ထိုထဲမှာ မိုးမခခြံကြီး၏ သမီးပျို မိုးကေရီပါ မပါကိုတော့ မေဖြူ မသိ။

စိတ်လည်း မဝင်စားချင်။ မေဖြူစိတ်ဝင်စားတာက



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဖုံဆိုသည့် လူချောကြီးတစ်ယောက်ထဲ။ စွမ်းနဲ့တုန်းက မေဖြူ ခံလိုက်ရသည်။ ဒီတစ်ခါတော့ မေဖြူအလှည့်ဟု သဘောထားလိုက်သည်။ အလှဆုံးပြင်ပြီး ကားကို ကိုယ်တိုင်မောင်းထွက်ခဲ့သည်။ မေဖြူ ဦးတည်သည့်နေရာက မိုးမခခြိမှာနေသည့် ဦးအောင်ဖုံဆိုသည့် လူကြီးရှိရာသို့ ဖြစ်သည်။

မိုးမခခြံကိုရောက်လျှင် မိုးကေရီရှိနေပါစေဟု ဆုတောင်းသည်။ ဒါမှ ပွဲက ပို၍ကြည့်ကောင်းမည်။

"တီ"

မိုးမခခြံရှေ့ ရောက်တာနှင့် ကားဟွန်းရှည်တစ်ချက်တီးလိုက်သည်။ ဒါက မိုးမခခြံကို အမြဲဝင်ထွက်နေသော ကားတိုင်း၏ အမှတ်အသားဆိုလျှင်လည်း မမှား။ သိပ်ကြာကြာမစောင့်လိုက်ရ အဝေးထိန်းခလုတ်ဖြင့် ထိန်းထားသည့် ခြံဝင်းတံခါးကြီးက ဘယ်သူ့အကူအညီမှမပါဘဲ ဖြည်းဖြည်းချင်း ပွင့်သွားသည်။

ဒါပဲလေ နည်းသိလျှင် ဘာမဆို အလွယ်လေးဖြစ်သည်။ လမ်းကြောင်းလေးအတိုင်း နင်းပြီး အသာလေး နင်းလျှောက်သွားလိုက်ရုံနှင့် အဆင်ပြေသည်။ ကားကို ခြံပတ်လမ်းအတိုင်း ကျွမ်းကျင်မှုအပြည့်ဖြင့် ခပ်ကြမ်းကြမ်းလေး မောင်းတက်ခဲ့သည်။

လမ်းတစ်ဝက်ကျော်မှာပင် မိုးကေရီရဲ့ ပြိုင်ကားနီနီလေးကို တွေ့လိုက်ရတော့ မေဖြူစိတ်ထဲ ကျေနပ်ခြင်းများစွာဖြင့် နှုတ်ခမ်း





အစုံ ကော့ညွတ်လာပစ္စာ ပြုံးသွားသည်။ မေဖြူ ဆုတောင်းက ဒီလိုတော့ပြည့်သားပဲ။ စွမ်းကိုစ ဖြစ်ပြီးကတည်းက မိုးမခခြံဘက်ကို လုံးဝခြေဦးမလှည့်ဘဲ နေလာခဲ့သည့်အနေအထားက အခု ပထမဆုံး ခြေဦးလှည့်ခြင်းဖြစ်သည်။

"ကျွီး"

မေဖြူက သူ့မကားလေးကို မိုးကေရီ၏ ပြိုင်ကားနီနီလေးနားမှာ ကပ်ရပ်လိုက်သည်။ ကားပေါ်ကဆင်းပြီး မိုးမခအိမ်ကြီးထဲ လှမ်းဝင်လိုက်တော့ အပေါ်ထပ် လှေကားအတိုင်း ဆင်းလာသည့် မိုးကေရီကို မိုင်လိုရောင်ဖျော့ဖျော့ တစ်ဆက်တည်းဂါဝန်ဖြင့် လှပစွာ ဆင်းလာတာနှင့် ဆုံသည်။

"ဘယ်လိုလုပ်ပြီး မျက်စိလည်လာတာလဲ"

"မျက်စိမလည်ပါဘူး၊ ဒီကိုလာချင်လို့ တမင်တည့်တည့် လာတာပါ"

အိမ်ရှင် မိုးကေရီ၏ မျက်နှာလှလှလေးက အရယ်အပြုံးမရှိသလို ချည့်သည် မေဖြူကိုယ်တိုင်ကလည်း ရယ်ပြုံးခြင်းကင်းစွာ ချည့်ခန်းအလယ်မှာ မျက်နှာချင်းဆိုင်အတူရပ်မိကြသည်။

မြွေမြွေခြင်းခြေမြင်လို့ပဲ ပြောရမည်ထင်။ မေဖြူလို မိန်းကလေးတစ်ယောက်က ကိစ္စအထူးမရှိဘဲ မိုးကေရီရှိရာသို့ တည့်မတ်စွာ ရောက်မလာနိုင်ခြင်းကို သိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စွမ်းကိစ္စအတွက်လာတာဆိုရင်တော့ မိုးမှာ ပြောစရာစကားမရှိဘူး ဆောရီးပဲ"

"သူ့ကိစ္စကို မေဖြူကလည်း စိတ်မဝင်စားပါဘူး၊ မေဖြူစိတ်ဝင်စားတာက တခြားကိစ္စပါ၊ မေဖြူ အခုလာတာကလည်း မိုးဆီကိုလာတာ မဟုတ်ဘူး"

"မိုးတို့ခြံမှာနေတဲ့ ဦးအောင်စုံကို စိတ်ဝင်စားလို့ သူ့ဆီလာတာ၊ မိုး ခွင့်ပြုမယ်ဆိုရင် ဒီကို မကြာခဏလာမယ်၊ ခွင့်မပြုနိုင်ဘူးဆိုရင်လည်း ဦးအောင်စုံကို ခြံပြင်ခေါ်ထုတ်ပြီး မဖြစ်ဖြစ်တဲ့နည်းနဲ့ ချိန်းတွေ့ရမှာပေါ့၊ အဲဒါ လာပြောတာ"

မေဖြူ့အကြည့်တွေက မထိတရိနိုင်သလို စကားလုံးတွေကလည်း မိုးကို မဆီမဆိုင် တမင်လာကလိနေမှန်း သိလိုက်သည်။

ဦးအောင်စုံနဲ့ မေဖြူ။

ဒီလောက်ဆို ဟိုတစ်နေ့က မိုးမခြံပေါက်အထိ ဆူရှည်ညံအသံတွေနှင့် ဦးအောင်စုံကို ကားနဲ့လိုက်ပို့တဲ့သူဟာ မိုးကေရီကို အမြဲယှဉ်ပြိုင်ပြီး မနာလိုဝန်တိုဖြစ်နေတဲ့ မေဖြူဆိုတဲ့ မိန်းမပေါ့။

"ယူကြိုက်သလိုလုပ်ပေါ့၊ မိုးက အဲဒီကိစ္စတွေ ဘာတစ်ခုမှ စိတ်မဝင်စားဘူး"

မိုးဘက်က ခပ်တင်းတင်း ခပ်ပြတ်ပြတ်ပြောလိုက်ပေမယ့် စိတ်ထဲက ဦးအောင်စုံနဲ့ မေဖြူကို ယှဉ်တွဲ၍ ကြည့်မရဘဲဖြစ်နေ





သည်။ အထူးသဖြင့် မေဖြူဆိုတဲ့မိန်းမကို မုန်းခြင်းဖြစ်သည်။ မိုးအိမ်အထိ လိုက်လာပြီး မိုးက တမင်သက်သက် စိန်ခေါ်နေတာကို အခံရခက်နေသည်။

"မိုး ခွင့်ပြုတယ်ဆိုရင် တို့နဲ့ ဦးအောင်စုံ ဒီမှာပဲတွေ့မယ်လေ၊ ယူတို့ခြံမှာ ဒီလိုအလုပ်သမား နောက်ထပ်ရှိရင် မေဖြူ့ဖို့လည်း တစ်ယောက်လောက်မျှပါဦးလား၊ ဦးအောင်စုံကိုတော့ မြင်မြင်ချင်း မေဖြူတော့ သိပ်စိတ်ဝင်စားသွားပြီ"

"ယူရော ဦးအောင်စုံကို နည်းနည်းမှ စိတ်မဝင်စားဘူးလား မိုး"

"ကိုယ့်အိမ်ကခိုင်းတဲ့ အလုပ်သမားကို လိုက်ပြီးစိတ်ဝင်စားနေရအောင် မိုးတို့က အောက်တန်းမကျဘူးလေ၊ မေဖြူကခါမျိုးကိုမှ စိတ်ဝင်စားတယ်ဆိုတော့ ဆက်လုပ်ပေါ့"

မိုးက မေဖြူ ဆတ်ဆတ်ခါသွားမည့် စကားကို တမင်ရွေးပြောပေမယ့် မေဖြူက မိုးထင်သလို မျက်နှာမပျက်ဘဲ မိုးစကားကို အဓိပ္ပာယ်တစ်မျိုးပါသည့် ပြောနည်းဖြင့် ခပ်သာသာလေး ရယ်မောလိုက်ရာ မိုးမှာ မေဖြူဆိုသည့် မိန်းမကို နားမလည်နိုင်ဘဲ မျက်ခုံးတွန့်လျက် ကြည့်လိုက်သည်။

"အခုချိန်မှာ မိုးဘာပြောပြော မေဖြူက စိတ်လည်းမနာ၊ စိတ်လည်းမဆိုးပါဘူး၊ မေဖြူ့စိတ်ထဲမှာ ဦးအောင်စုံတစ်မျက်နှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတော့ မိုးကျေနပ်မယ်ဆိုရင် ကြိုက်သလိုပြောပါ၊ မဖြူ အခု လည်း ဦးအောင်ဖုံကို သွားတွေ့လိုက်ဦးမယ်၊ မိုးရော လိုက်ဦး မလား''

''မလိုပါဘူး''

''မဖြူ့အတွက်တော့ လိုအပ်လို့ပါ၊ ဦးအောင်ဖုံရှိတဲ့နေရာ ကို လမ်းညွှန်ပါဦး''

''ခြံအလုပ်သမားပဲ ခြံထဲရှိမှာပေါ့''

''သင့်ခ်ယူးနော် မိုး''

မဖြူက ခြံထဲကို အလွန်အင်မတန် ဖျတ်လတ်သွက် လက်သော ခြေလှမ်းများဖြင့် အပြေးအလွှား ဆင်းသွားခြင်းကြောင့် ခဏအတွင်းမှာပင် မိုးကေရီမျက်စိရှေ့မှ ပျောက်သွား၏။

မိုးသည် သူမကိုယ်သူမ ဘာလုပ်၍လုပ်လိုက်မှန်း မသိ လိုက်သော်လည်း သူမကိုယ်သူမ သတိပြုမိလိုက်သော အချိန်တွင် က သူမအိပ်ခန်းပြတင်း အဖြူရောင်လိုက်ကာစများကြားတွင် တိတ်တဆိတ် ရောက်ရှိနေ၏။ ခြံတွင်းရှိ မိုးမျက်စိနှင့် အထက်စီး က လှမ်းပြီးမြင်တွေ့နိုင်သည့် နေရာတစ်ခုတွင် ဦးအောင်ဖုံဆိုသည့် လူနှင့် မဖြူတို့နှစ်ယောက် စကားလက်ဆုံ ပြောမကုန်ဖြစ်နေပုံကို ငြိမ်လျက်ကြည့်နေမိသည်။

ဦးအောင်ဖုံ၏ ခန္ဓာကိုယ်အပေါ်ပိုင်းတစ်ခုလုံး ဗလာကျင်း





ထားသဖြင့်လည်းကောင်း၊ အလုပ်ပင်ပင်ပန်းပန်း လုပ်ထားရသော အရှိန်ဖြင့် ချွေးနှစ်လျက်ရှိသော ခန္ဓာကိုယ်မှာ နေရောင်ခြည်ဖြင့် ဝင်းလက်တောက်ပြောင်လျက် ခန္ဓာကိုယ်အလှကို ဖော်ပြသကဲ့သို့ ရှိနေခြင်းအဖြစ်ကိုလည်းကောင်း မဖြူဆိုသည့် မိန်းမက အနီးကပ် ကြည့်လျက် အပြုံးအရယ်မပျက် မိန်းမနောက်ပိုးလုပ်နေခြင်းအဖြစ်ကို ရွံမုန်းစိတ်ပျက်စွာ အထင်မြင်သေးလျက်ရှိသည်။

ဟွန်း၂။

နည်းနည်းမှ အရှက်မရှိတဲ့မိန်းမ။ သူမို့လို့ မိုးအိမ်အထိလိုက် လာပြီး ခြံထဲကအလုပ်သမားကို မျက်နှာပြောင်ပြောင်နှင့် လာပိုးနေ သည်။ ဒါကြောင့်လည်း သင်းကို စွမ်းက ဂရုမစိုက်ဘဲ ထားခဲ့တာ ဖြစ်မည်။

စွမ်း အထင်ကြီး စိတ်ဝင်စားသည်က မိုးကေရီလို မိန်းက လေးမျိုးဖြစ်သည်။ မိုးက လှပသလောက် မာန်မာနကြီးသည်။ ဆော်ရုံလူကို လူလို့ထင်တတ်သူမျိုးမဟုတ်။ သူမအနားကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ရောက်လာကြသည့် ယောကျ်ားတွေကို ဘယ်တုန်းကမှ မျက်နှာသာပေး၊ အရေးလုပ်တတ်သူမဟုတ်။

သူမ ထင်လျှင်ထင်သလို ဆက်ဆံပြီး သူမ မထင်လျှင် ဒါနေနှင့်မနက်ဖြန် ဆန့်ကျင်ဘက်အခြေအနေများအဖြစ် ချက်ချင်း အပြောင်းအလဲ မြန်တတ်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း...ဟွန်း...ဟွန်း"

"ခစ်...ခစ်...ခစ်"

ကြည်သာရွှင်ပျစွာ နှစ်ဦးအတူ ရယ်မောလိုက်သံက လေရူးနှင့်အတူ မြူးကြွပြီး မိုးကေရီဆံ ပွဲလွှင့်လာခြင်းက မိုးရင်ကို ပူလောင်သွားသလို ထင်မိသည်။ မိုးကိုယ်တိုင် ထိုခံစားချက်ကို အံ့ဩသွားသည်။ မိုးဘဝမှာ တစ်ခါမှ မခံစားဖူးတဲ့ဝေဒနာ ဖြစ်သည်။ မေဖြူဆိုသည့် မိန်းမနှင့် မိုးခြံထဲက အလုပ်သမား ဦးအောင်ဖုံဆိုသည့်လူ အတူရယ်ရယ်မောမော တရင်းတနှီး ရှိနေကြခြင်းအဖြစ်မှ သူ့အလိုလို နှမ်းလျော့သွားရတာကို ကျေကျေနပ်နပ်ကြီး ပျော်ရမည့်အနေအထားမျှသာ။

အခု မိုးရင်ထဲမှာ မေဖြူနှင့် ဦးအောင်ဖုံတို့နှစ်ယောက် အတူရှိနေတာကိုကြည့်ပြီး ဝမ်းလည်းမသာနိုင်သလို ကျေလည်း မကျေနပ်နိုင်ဖြစ်နေမိသည်မှာ ဘာကြောင့်နည်း။ ထိုအဖြေကို မိုးကိုယ်တိုင်လည်းမသိ။ မိုးသိသည်က မေဖြူဆိုသည့် မိန်းမကို ရော ဦးအောင်ဖုံဆိုသည့်လူကိုပါ နှစ်ယောက်စလုံးကို ကြည့်မရအောင် မုန်းခြင်းဖြစ်သည်။

ထိုနှစ်ယောက်စလုံး မိုးမျက်စိရှေ့မရှိလျှင် ပို၍ပျော်ရမည် ထင်သည်။ ဒါမှမဟုတ် မိုးကအရင် သူတို့နှစ်ယောက်စလုံးကို မမြင်နိုင်သည့်နေရာကို ကျောခိုင်းထွက်သွားဖို့ သင့်သည်။





ချက်ချင်းပင် ကားသော့နှင့် ပိုက်ဆံအိတ်ကို ကောက်ယူပြီး အခန်းထဲက ထွက်ခဲ့သည်။ အိမ်ရှင်မရှိဘဲ အိမ်လည်ချင်တဲ့ မိန်းမလည်း လည်ပစေ။ ဟိုလူလည်း အလုပ်တစ်နေ့ကုန်မလုပ်ဘဲ မေဖြူဆိုတဲ့ မိန်းမကို ဧည့်ခံနိုင်မယ်ဆိုလည်း ဧည့်ခံပေါ့။

"ရှူး"

"ကျွီး"

"ဝရော"

ဘရိတ်ဖိနင်းသံ၊ လီဗာခပ်ကြမ်းကြမ်းဖိနင်းသံတွေ ဆူညံအောင် တမင်လုပ်ပြီးမှ ပြိုင်ကားနီလေးကို နေရာက ဝေါခနဲ မောင်းထွက်သွားသူရှိရာသို့ အောင်ဖုံတို့နှစ်ယောက်၏ အကြည့်တွေက ပြိုင်တူလို ရောက်သွားသည်။

"ဟိုမှာ မေဖြူသူငယ်ချင်း ကားနဲ့ထွက်သွားပြီ၊ မေဖြူ တစ်ယောက်တည်း ဘယ်လိုလုပ်မလဲ"

"တစ်ယောက်တည်းမဟုတ်ပါဘူးနော် ဦးအောင်ဖုံရှိသားပဲ၊ မေဖြူ ဒီကိုလာတာ မိုးဆီကိုမဟုတ်ဘူး၊ ဦးအောင်ဖုံဆီ တမင်လာတာလေ၊ မိုးကိုလည်း ပြောပြီးပြီ၊ ယူ့ဆီလာတာမဟုတ်ဘူး၊ ဦးအောင်ဖုံဆီကို လာလည်တာလို့လေ"

"သူငယ်ချင်းက စိတ်ဆိုးမှာပေါ့"

"ထားလိုက်ပါ၊ အဲဒါတွေက အရေးမကြီးပါဘူး၊ နော်



www.burmeseclassic.com

www.burmeseclassic.com



ရက်တွေလည်း မေဖြူက ဦးအောင်ဖုံဆီ လာလည်ဦးမှာဆိုတော့ ရှိုးသွားမှာပါ"

"တူ…တူ…တူ"

"မေဖြူ့ဖုန်းလာနေလို့ ခဏလေးနော် ဦးအောင်ဖုံ"

မေဖြူဆိုသည့် ကောင်မလေးက အောင်ဖုံနှင့် ခပ်လှမ်းလှမ်းမှာ ဖုန်းပြောနေသည်။ စကားပြောသံ သဲသဲကွဲကွဲ မကြားရပေမယ့် မကြာခဏဆိုသလို ခိုးခိုးခစ်ခစ်ရယ်သံလေးတွေကို ကြားနေရသည်။ မိုးကေရီနှင့် သက်တူရွယ်တူ ဤကလေးမလေးမှာလည်း မိုးကေရီ၏ သူငယ်ချင်းဟု ဆိုပါသည်။ ဘယ်လိုသူငယ်ချင်းဆိုသည်ကိုက အောင်ဖုံလည်းမသိ။

လိုက်လည်းမမီ။

မေဖြူက မိုးကေရီလောက် မချော်ပေမယ့် တစ်မျိုးချစ်စရာကောင်းသည်က အမှန်ဖြစ်သည်။ ဘာကြောင့် ကိုယ့်အိမ်ကို လာလည်သည့် သူငယ်ချင်းဆိုသူကိုထားပြီး မိုးကေရီ ထွက်သွားရသနည်း။ မေဖြူဆိုသည့် ကလေးမကလည်း မိုးကေရီကားနှင့် ထွက်သွားတာကို သူမနှင့်မဆိုင်သလို ခပ်ပြုံးပြုံး လက်ပိုက်ကြည့်ရင်း ကျန်ခဲ့သည်။

ဘာကြောင့် အခုလို ဖြစ်ရသနည်း။

အောင်ဖုံဆိုသည့် သူ့ကြောင့်လား။ မိန်းမချောလေးနှစ်ယောက်ကြားမှာ လိုက်မမီနိုင်တာတွေကြောင့် ခေါင်းရှုပ်သွားသည်။

"မေဖြူကို အိမ်က ဖုန်းဆက်ခေါ်နေလို့ အခုပဲပြန်မှဖြစ်တော့မယ် ဦးအောင်ဖုံရေ၊ နောက်မှ ထပ်လာမယ်နော်"

"ကောင်းပါပြီဗျာ"

"ဘိုင့်ဘိုင်"

မေဖြူက အောင်ဖုံ့နားက ယုန်ဖြူမလေးတစ်ကောင်လို လှစ်ခနဲ ခုန်ပေါက်ပြေးထွက်သွားတာကို သူငေးကြည့်နေသည်။ ငယ်ရွယ်သူတို့ဘာဝ၊ လွတ်လပ်ချင်တိုင်း လွတ်လပ်သော်လည်း တားဆီးကန့်ကွက်မည့်သူမရှိ။ ပူပင်သောကကင်းသူတို့ သဘာဝအတိုင်း အရာရာကို ပျော်ရွှင်စရာဟုသာ ထင်ကြသည်။

မေဖြူ့ကားလေး နေရာက ဝေါခနဲထွက်သွားသည်။ ကားပြတင်းပေါက်က လက်တစ်ဖက်မြှောက်ပြီး လက်ပြသွားသူလေးကို တုံ့ပြန်လက်ပြလိုက်ရသည်။

မေဖြူလို မိန်းမလှလေးနားမှာ ဝိုင်းဝိုင်းလည်နေသူ များစွာရှိခြင်းကို အောင်ဖုံ သိသည်။ ဘာအတွက် သူ့လိုအသက်ကြီးကြီး အလုပ်အကိုင် အတည်တကျ မရှိသော မိုးမခြိအလုပ်သမားကိုမှ လာပတ်သက်ဖို့ ကြိုးစားနေရသနည်း။

တွေးကြည့်သော်လည်း အဖြေကမရှိ။ ခေါင်းရှုပ်ရှုပ်နှင့်




ခိုးမိုး - တမေ

www.burmeseclassic.com

www.burmeseclassic.com



သူနားခိုရာ အိမ်ကလေးရှိရာသို့ ခြေလှမ်းကျဲကြီးတွေနှင့် လှမ်းထွက်ခဲ့သည်။

◆ ◆ ◆



## အခန်း (၇)

သူမပိုင်အိပ်ခန်းလေးထဲမှာ ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်ရင်း ဘယ်သူ့ကို စိတ်ဆိုးရမှန်းမသိဘဲ ကိုယ့်ကိုယ်ကို ဒေါသထွက်နေမိသူက မိုး။ မေဖြူက မိုးမခခြံကို နေ့တိုင်းနီးပါးလာသည်။ မိုးထံ ရောက်လာခြင်းကမဟုတ်။

ဦးအောင်စိုးဆိုသည့် ပုဂ္ဂိုလ်ထံ လာခြင်းဖြစ်၏။ မေဖြူက ခြံရှေ့မှာ ကားကိုရပ်ပြီး စောင့်နေလျှင် ဦးအောင်စိုးက မေဖြူရှိရာကို သွားသည်။ ကြိုတင်ချိန်းဆိုထားပြီးဖြစ်ဟန်နှင့် နှစ်ယောက်အတူ ရယ်ရယ်မောမော ခြံအပြင်မှာ လမ်းလျှောက်ကြ၊ စကားပြောကြနှင့်။ တစ်ခါတလေ မေဖြူ့ကားပေါ်မှာ မေဖြူကထိုင်နေပြီး ဦးအောင်စိုးက ကားကိုမှီကာ စကားပြောသည့်ရက်လည်းရှိသည်။

ဘယ်တုန်းကမှ ပတ်ဝန်းကျင်ကို ဂရုစိုက်လေ့မရှိသော



www.burmeseclassic.com

www.burmeseclassic.com



မိုးက အခုတော့ သူမမျက်စိရှေ့မှာ ဖြစ်ပျက်နေသည့် မေဖြူနှင့် ဟိုလူကြီးကို ကြည့်၍မရဘဲ မျက်လုံးထဲ ကန့်လန့်ကြီးဖြစ်နေသည်။

မေဖြူဆိုသည့်မိန်းမသာ မိုးအဖြစ်ကိုသိလျှင် သိပ်ကို ဝမ်းသာ့ပြုမှာသေချာသည်။ ဒက်ဒီကိုလည်း ဖုန်းဆက်လို့မရ။ ဒက်ဒီကိုတွေ့တာနှင့် တွေ့သည့်အချိန် ဦးအောင်ဇံဆိုသည့်လူကို မိုးမခံမြှာမထားဘဲ တခြားတစ်နေရာမှာထားပါဟု ပြောရန် စိတ်ကူးထားသည်။ ဤသည်မှာ ဦးအောင်ဇံဆိုသည့်လူကို ကြည့်မရအောင် ပိုမုန်း၍ဖြစ်သည်။

နာရီကို တစ်ချက်လှမ်းကြည့်လိုက်တော့ မေဖြူ လာနေကြအချိန် ရောက်ခါနီးပြီမှန်း သိလိုက်သည်။ မေဖြူဆိုသည့်မိန်းမက အရင်လို မနက်ပိုင်းမလာတော့။ ကျောင်းက တစ်ဖက်နှင့်ဆိုတော့ နောက်ပိုင်း ညနေ ငါးနာရီကျော်ကျော်မှာ အလှဆုံးပြင်ဆင်ပြီးမှ ဦးအောင်ဇံဆီကို လာသည်။

မိုးအတွက် ဘော်ဒီဂတ်လုပ်မပေးချင်သည့်လူက မေဖြူနားမှာတော့ ပြုံးရွှင်ရယ်မောလျက် အမြဲအတူရှိနေသည်။ ပြီးတော့ မေဖြူဆိုတာ မိုးရဲ့သူငယ်ချင်းဆိုတာ သိရက်နဲ့ တမင်သက်သက် မိုးကို အရွဲ့တိုက်ပြီး မိုးသူငယ်ချင်းနဲ့ တွဲနေသလို ဖြစ်နေသည်။ မေဖြူဆိုသည့် မိန်းမရော၊ ဦးအောင်ဇံဆိုသည့်လူကိုပါ မိုး ကြည့်၍မရပါ။ တစ်နည်းနည်းနှင့် လက်တုံ့ပြန်ရန် စိတ်ကူးထားသည်။





အရင်ကတော့ သူတို့နှစ်ယောက် အတူရှိနေသည့် အချိန်တွေမှာ မိုးက မသိဟန်ဆောင်ပြီး ကားတစ်စီးနှင့် အပြင်မှာ အချိန်ကုန်ပစ်သည်။ နောက်ကြာလာတော့ မိုးစိတ်ကူးက တစ်မျိုးပြောင်းလာသည်။ ဦးအောင်ဇံဆိုတာ မိုးမခပိုင် ခြံအလုပ်သမား။ ဒက်ဒီက ဦးအောင်ဇံ၏ အလုပ်ရှင်ဖြစ်သလို ဒက်ဒီ့သမီး မိုးကေရီဆိုတာကလည်း ဦးအောင်ဇံအတွက် အလုပ်ရှင်၏သမီးအဖြစ် နေရာပေးအလေးထားရမည်။ ဒက်ဒီကိုယ်တိုင် မိုးစကားကိုနားထောင်ပြီး လိမ်လိမ်မာမာနေပါဟု ပြောသွားသည်။

တကယ့်လက်တွေ့မှာ ဒီလူက မိုးစကားထက် မေဖြူ့စကားကို ပိုအလေးထားချင်သူ။ ဒီနေ့တော့ မိုးအကြောင်း ပြရသေးတာပေါ့ဟု စိတ်ထဲမှာ တေးထားသည့်အတိုင်း ခြံထဲကို မိုး ဆင်းခဲ့သည်။ ပြီးတော့ ခပ်တည်တည်နှင့် ဦးမြိုင်နေသည့် အိမ်လေးဘက်ကို လျှောက်ခဲ့သည်။ တစ်သက်နှင့်တစ်ကိုယ် မိုး ဘယ်တုန်းကမှ မလာဘူးသည့်နေရာ။

ခိုင်းစရာရှိလျှင် ဒေါ်ရှမ်းကတစ်ဆင့် ပြောပြီး ဖုန်းဆက်လှမ်းခေါ်လိုက်ရုံဖြင့် ဦးမြိုင်က မိုးရှေ့ကို ရောက်လာရသူ။ အခုတော့ ရှေမင်းသမီး မိုးကိုယ်တိုင် ခြံအလုပ်သမား အဘိုးအိုအိမ်အရောက် ကြွလှမ်းလာသည့်အဖြစ်ကို အိမ်ကြီးထဲက လူတွေသိလျှင် အံ့သြလိုက်ကြမည်ဖြစ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



''ဦးမြိုင်...ဦးမြိုင်''

ချိုလွင်သည့် အသံသာသာလေးနှင့်အတူ မိုးဆိုသည့် မိန်းမချောလေးကို ရုတ်တရက် တွေ့လိုက်ရတော့ အောင်ဇံ အံ့သြသွားသည်။

မိုးကေရီပါလား။

ဘယ်လိုလုပ်ပြီး ဒီကလေးမလေး သူတို့နေရာကို ရောက်လာရတာပါလိမ့်။

''ဦးမြိုင်မရှိဘူး မိုးကေရီ၊ ဘာခိုင်းစရာရှိလို့လဲ၊ ကျွန်တော့်ကိုခိုင်းပါ''

''ပန်းအိုးတွေ အရွှေ့ခိုင်းမလို့ပါ''

''ရတယ်လေ၊ ဘယ်နေရာက ဘယ်နေရာကို ရွှေ့ပေးရမယ်ဆိုတာသာပြော''

''နေရာကို မိုးကိုယ်တိုင်ပြောပါ့မယ်၊ ရှင်သာ လိုက်ခဲ့ပါ''

''ကောင်းပါပြီ''

သွယ်နွဲ့ညွတ်ပြောင်းသော မိုးမင်းသမီးလေးနှင့်အတူ အောင်ဇံ ပါလာသည်။ နာရီကို တစ်ချက်လှမ်းကြည့်လိုက်တော့ မေဖြူနှင့်သူ ချိန်းထားသည့်အချိန် ရောက်ဖို့ နာရီဝက်ခန့် လိုသေးသည်။ ကိစ္စမရှိပါ။ မေဖြူဆိုသည့် ကလေးမလေးကို တစ်နေ့မတွေ့ရရင် မနေနိုင်လောက်အောင် ဖြစ်နေတာလည်းမဟုတ်။





ကိုယ့်အဆင့် ကိုယ်နားလည်ထားသဖြင့် မေဖြူဘက်က ဘယ်လိုအခွင့်အရေးပေးပေး မသိသလိုသာ ဟန်ဆောင်နေခဲ့သည်။ တော်ဝင်သည့်သစင်ဆိုသည်က ပင်မြင့်မှာသာ ပွင့်သည့်သဘောကို သူနားလည်သည်။ နေရာရွေးပြီးမှ ပေါက်သည်။ သူ့လို အညတရထဲမှာ ဘယ်လိုတော်ဝင်ပန်းမှ မပွင့်ထိုက်။ မပွင့်အပ်ခြင်းကို သိသည်။

အသိရှိသူတစ်ယောက်တွင် သတိရှိသည်။ မေဖြူက သူ့အပေါ် လိုက်လိုက်လျောလျော အခွင့်အရေးပေးဆက်ဆံပေမယ့် သူ့ဘက်က မေဖြူအပေါ်မှာ ဘယ်လိုစိတ်မျိုးမှမရှိ။ ဖြူဖြူစင်စင် ရိုးရိုးသားသားစိတ်သာ ရှိသဖြင့် ချစ်စရာကောင်းသည့် ညီမဆိုးလေးတစ်ယောက်ထက် ပိုမမြင်။

နောက်တစ်ချက်က မိုးကေရီအပေါ်ထားသည့် မေဖြူ့သဘောထားဖြစ်သည်။ နှုတ်ဖျားက မိုးကေရီနှင့် သူငယ်ချင်းပါဟု ဘယ်လောက်ပဲပြောပြော ထိုစကားမှာ သကာပေါ် အချိုရည်လောင်းထားသော ထပ်ဆင့်ဟန်ဆောင်ခြင်းမျှသာဖြစ်ပြီး အဖြစ်မှန်က မေဖြူနှင့် မိုးကေရီတို့က အစစအရာရာ ပြိုင်ဘက်များဖြစ်ခြင်းတို လူသဘော လူမနောကို သူမတို့ထက် ပိုပြီးသိထားသော အောင်ဇံကိုယ်တိုင် နားလည်ခဲ့သည်။

သူ့ဆီကို တမင် အလှပဆုံး ပြင်ဆင်ရောက်ရှိလာခြင်း



www.burmeseclassic.com

www.burmeseclassic.com



သည်ပင်လျှင် မိုးကေရီကို စိတ်အနှောင့်အယှက်ပေးရန်မှုဟု သဘော ပေါက်ထားသည်။ မေဖြူလို မိန်းမလှလေးတစ်ယောက်ကို မလာပါနဲ့ဟု သူ့လို အလုပ်သမားတစ်ယောက်က တား၍မရ။ အခြေအနေခြင်းက မိုးနှင့်မြေလို ကွာသည်။ ပြီးတော့ မေဖြူက သူ့အလုပ်ရှင်၏သမီး မိုးကေရီ၏ သူငယ်ချင်းဖြစ်နေတာလည်း ပါသည်။

မိုးမခခြံသို့ မေဖြူကို လာလည်ခွင့်ပေးခြင်း၊ လာလည်ခွင့်မပေးခြင်းကိစ္စမှာ မိုးမခ၏ အရှင်သခင်ဖြစ်သော မိုးကေရီနှင့်သာ ဆိုင်သည်။ မေဖြူကလည်း ဒါကို ကောင်းကောင်းသဘောပေါက်ပုံရသည်။ ဒါကြောင့် မိုးမခခြံကြီးရှေ့မှာ သူမကားကိုရပ်ပြီး ထိုနေရာမှာပဲ အောင်ဖုံနှင့် ရယ်ရယ်မောမော စကားဆို လမ်းလျှောက်သည်။

ပြောသည့်စကားတွေက ဦးတည်ရာမရှိ။ ဒီလိုပဲ ရောက်တတ်ရာရာ။ ရယ်စရာ မောစရာတွေအစုံဖြစ်သည်။ မေဖြူ့ကားလေး မိုးမခခြံရှေ့မှာ ရပ်ရပ်လာတိုင်း မိုးကေရီအိပ်ခန်းက ပြတင်းပေါက်လိုက်ကာစဖြူဖြူလေး အမြဲလို သတိမထားမိသော်လည်း အောင်ဖုံကတော့ အမြဲသတိထားမိနေသည်။

မေဖြူလာခြင်းကို မိုးကေရီ မကြိုက်နှစ်သက်ဟု အောင်ဖုံစိတ်က အလိုလို သိနေသည့်တိုင် မေဖြူကို ဘာမှပြောဆိုခွင့်မရှိ။

"ဒီပန်းအိုးတွေပဲ၊ ဟိုးမှာမြင်လား ပေါ်တီကိုအောက်က လွတ်နေတဲ့နေရာအရောက် ရွှေ့ပေး"

"ဖြစ်သလို ပြီးပြီးရော ရွှေ့ခိုင်းတာမဟုတ်ဘူးနော်၊ သူ့နေရာနဲ့သူ လှလှပပ မျက်စိပသာဒဖြစ်အောင် စီစဉ်တကျ ရွှေ့ပေးဖို့ပြောတာ"

"စိတ်ချပါ၊ ကျွန်တော် မိုးကေရီပြောတဲ့အတိုင်း အကောင်းဆုံးဖြစ်အောင် လုပ်ပါ့မယ်"

မိုးက အောင်ဖုံကို ဘာစကားမှ ထပ်မဆိုတော့။ အောင်ဖုံလှုပ်ရှားသမျှကိုသာ မျက်နှာထား ခပ်တည်တည်လေးနှင့် လက်ပိုက်ရပ်လျက် ငြိမ်သက်တိတ်ဆိတ်စွာ ကြည့်နေသည်။ နူးညံ့ရွှန်းလဲ့သည့် မျက်နက်ဝန်းကြီးတွေက ဖြူစင်ကြည်လင်ကာ ဝိုင်းဝိုင်းစက်စက်။ အပြစ်ဆိုစရာ မြူတစ်မှုံစာမျှပင် မရှိချေ။

ဤမျှ အပြစ်ကင်းစင်လှပသော မျက်နှာမျိုးကို ဝစ်ကြိမ်တစ်ခါမှ မမြင်တွေ့ဖူးသော်လည်း မိုးကေရီဆိုသည့် ကလေးမလေး၏ မျက်နက်ဝန်းအစုံကိုက သတိမထားမိဘဲ မနေနိုင်ချေ။

အပုံလိုက်စုဝေးနေသော ပန်းအိုးများက ကြီးငယ်အလတ်ပုံသဏ္ဌာန်အမျိုးမျိုး ရောထွေးလျက်ရှိရာ အချို့ပန်းအိုးအကြီးကြီးများကိုက အောင်ဖုံတစ်ယောက်ထဲ ရွှေ့မရနိုင် မလွယ်ကူကြောင်း တွေ့ရသည်။

"မမလေး ဆရာကြီးဆီက ဖုန်းလာနေပါတယ်"







www.burmeseclassic.com

www.burmeseclassic.com



"အေး အခုပဲ လာခဲ့မယ်လို့ ဒက်ဒီကို ပြောထားလိုက်"

"ဟုတ်ကဲ့"

နိုင်းသည့် ကောင်မလေးက ခြေလှမ်းသွက်သွက်ဖြင့် အိမ်ရှိရာသို့ ပြန်ပြေးသွားသည်။

"ခဏနေမှ မိုး ပြန်လာခဲ့မယ်"

"ကောင်းပါပြီ"

ကျောခိုင်းထွက်ခွာသွားသော မိုးကေရီ၏ နောက်ပိုင်းအလှကို ငေးကြည့်ရင်း ရင်မောစွာ ပင့်သက်ဖြာခိုက်မှာ သူ့နားထဲသို့ ကားဟွန်းသံ့သံ တိုးဝင်လာသည်။ မေဖြူ့ကားမှန်း ချက်ချင်းသိပေမယ့် သူ့မှာ လုပ်စရာအလုပ်တွေက ပုံနေသည့်အတွက် ဘာမှ မတတ်နိုင်။ မိုးကေရီ နိုင်းထားတာတွေကို လုပ်နေရသည်။

မိုးကိုယ်တိုင်လည်း လိုင်းကျသွားသည့် ဒက်ဒီဖုန်းကို ပြန်စောင့်ရင်း မျက်လုံးတွေက ခြံအပြင်ကို လှမ်းကြည့်နေတာမို့ မေဖြူ့ကားကို မြင်ပါသည်။

မိုးမခြံနှင့် မလှမ်းမကမ်းနေရာမှာ သူ့မကားလေးကို ရပ်လိုက်တော့ မိုး ကျေနပ်စွာ ပြုံးလိုက်သည်။

"စောင့်...စောင့် အဲဒီနေရာမှာ သေအောင်စောင့်နေတော့ ဒီနေ့ ရှင်မြင်ချင်တွေ့ချင်တဲ့ ဦးအောင်စိုးမျက်နှာကို မြင်ရလိမ့်မယ် မထင်နဲ့ မေဖြူရေ"





မိုးမခြံရဲ့ အလုပ်သမားကို မိုးမခရဲ့ အရှင်သခင် မိုးကေရီက အလုပ်ပေးထားတယ်သိရဲ့လား။ အစထဲက ဒီလိုအကြံမျိုးမရခဲ့မိတာကို အခုမှ နောင်တရနေသည်။ မိုးမှာသာ ဒီလိုအကြံရှိနေရင် မေဖြူဆိုသည့်မိန်းမ မိုးမခြံနားတောင် သီနိုင်မည်မဟုတ်။

"တူ...တူ...တူ"

ဖုန်းသံမြည်လာသဖြင့် ဒက်ဒီဖုန်းမှန်း သိလိုက်သည်။

"ဟဲလို"

"သမီး ဒက်ဒီပါ၊ သမီးလေး နေကောင်းရဲ့လားဗျာ"

"သမီးနေကောင်းပါတယ်၊ ဒက်ဒီသာ ကိုယ့်ကျန်းမာရေး ကိုယ်ဂရုစိုက်ပါ၊ စကားပြောသံကြီးကိုက တစ်မျိုးပဲ နေရောင်းရဲ့လား ဒက်ဒီရယ်"

ဒက်ဒီအသံက အက်တက်တက်ကြီးမို့ မိုးရင်ထဲ ပူသွားသည်။ မိုးဘဝမှာ ဒက်ဒီသာ မရှိဘူးဆိုလျှင် တွေးရဲစရာမရှိ။ ဖုန်းထဲက ဒက်ဒီရယ်သံကိုကြားမှ အားတက်သွားသည်။

"ဒက်ဒီ ဘာမှမဖြစ်ပါဘူး သမီးရဲ့၊ အအေးမိတာလောက်ပါ၊ ဒါလည်းမကြာပါဘူး၊ ခဏနေရင် ကောင်းသွားပါလိမ့်မယ်၊ ဒက်ဒီ့အတွက် သမီး ဘာမှစိတ်မပူနဲ့ဟုတ်လား၊ ကိုယ့်ကျန်းမာရေးကိုသာ ဂရုစိုက် ကြားလား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သမီး ဘာတွေလိုချင်တာရှိလဲ၊ လိုချင်တာပြောလေ၊ ဒီမှာ လူကြုံအသင့်ရှိနေလို့ သမီးမှာတာတွေ ထည့်ပေးလိုက်ရတယ်"

"လောလောဆယ်တော့ ဘာမှမမှာသေးပါဘူး ဒက်ဒီရယ်၊ ဒါနဲ့ အိမ်မှာထားခဲ့တဲ့ ဟိုလူကြီးကိုရော ဘယ်လိုလုပ်မှာလဲ ဒက်ဒီ"

"ဘယ်လူကြီးတုန်း သမီးရဲ့၊ ဒက်ဒီလည်း ဘာမှမသိရပါလား"

လုပ်ပြီ ဒက်ဒီတို့ကတော့။ သူကိုယ်တိုင် အလုပ်ခန့်ပြီး မိုးမခခြံမှာ မိုးနှင့်အတူ စိတ်ချလက်ချထားသွားသည့် လူတစ်ယောက်လုံးကို နည်းနည်းမှ သတိမရတော့အောင် အလုပ်တွေ ဘယ်လောက်ရှုပ်နေသည်မသိ။

"ဦးအောင်ဖုံဆိုတဲ့လူကြီးလေ၊ ဒက်ဒီ မိုးမခလာတုန်းက အိမ်မှာ အလုပ်ခန့်တယ်ဆိုပြီး ဦးမြိုင်နဲ့ထားခဲ့တဲ့ လူကြီးကိုပြောတာ"

"သြော်...အေး...အေး သမီးက လူကြီးဆိုတော့ ရုတ်တရက် ဒက်ဒီလည်း နားရှုပ်သွားတာပေါ့၊ သူ့အတွက် ဒက်ဒီ စီစဉ်ပြီးပါပြီ၊ ဦးဘမောင်လာရင် ခေါ်သွားလိမ့်မယ်၊ ဘာဖြစ်လို့လဲ သမီးနဲ့ အဆင်မပြေလို့လား"

"မဟုတ်ပါဘူး၊ သိချင်လို့ မေးကြည့်တာပါ"

"ဟုတ်ပြီ ဟုတ်ပြီ၊ ဦးဘမောင်လာရင် အဲဒီကောင်လေး





သူ့နဲ့ထည့်ပေးလိုက်၊ သူဘယ်မှာနေရမယ်၊ ဘာတွေလုပ်ရမယ် ဆိုတာ ဦးဘမောင် ပြောလိမ့်မယ်"

"သမီး ဘာမှမမှာလည်း လူကြုံရှိလို့ သမီးအတွက် ဝယ်ထားတာတွေ ဒက်ဒီ ထည့်ပေးလိုက်မယ် ဟုတ်လား၊ ဒက်ဒီ ဖုန်းချတော့မယ် သမီးဘာပြောဦးမလဲ"

"မပြောတော့ပါဘူး ဒက်ဒီ"

"အေး...အေး ဒါဆို ဒါပဲနော် သမီး"

"ဟုတ်ကဲ့"

ဖုန်းလိုင်းက ပြတ်သွားသည်။ ဦးအောင်ဖုံဆိုသည့် လူကြီးကို ဦးဘမောင်နှင့် ထည့်ပေးလိုက်ဟု ဒက်ဒီပြောသည့်စကားကို တွေးစားနေမိသည်။ ဦးဘမောင်က ဒက်ဒီ့ညာလက်ရုံး၊ လူယုံတစ်ယောက်ဆိုပေမယ့် လူကြီးပုံစံက တစ်မျိုးဖြစ်သည်။

ပြတ်သားရက်စက်သည့်နေရာမှာ နာမည်ကြီးသည်။ သေနတ်ကိုင်ရဲ သတ်ဖြတ်ရဲသည်။ မည်သူနှင့်မှလည်း အရောတဝင် မရှိ။ သူဘာသာ တစ်ယောက်တည်းနေသည်။ မိန်းမနှင့် ကလေးရှိသည်ဟု ကြားဖူးသော်လည်း သူနှင့်အတူမနေ။ တစ်ဖက်နိုင်ငံမှာ နေကြသည်။

ဦးအောင်ဖုံကို ဦးဘမောင်လက်ထဲ စိတ်ချလက်ချထည့်ရမှာကို ဘာကြောင့်မှန်းမသိ မိုးစိတ်ထဲမှာ သဘောမတွေ့ဘဲဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးအောင်စုံကို သူနှင့်အတူ တစ်ဖက်နိုင်ငံကိုများ ခေါ်သွား မလို့လားမသိ။ ဒီလိုဆိုရင်တော့ ဦးအောင်စုံဆိုသည့်လူနှင့် မိုးကေ တို့ ပြန်ဆုံတွေ့ကြဖို့က မသေချာ။

အိုး…မိုးနဲ့သူ ဘာကိစ္စ ပြန်တွေ့စရာအကြောင်းရှိလို့လဲ သူ့ဘဝနဲ့ ကိုယ့်ဘဝ တခြားစီပဲဟာ။ သူ့လမ်းသူသွားပေါ့။ မိုးက လည်း ကိုယ့်အလုပ် ကိုယ်လုပ်ရုံအပြင် မရှိ။

“တူ…တူ…တူ”

ဖုန်းသံ ထပ်မြည်လာသည်။

ဒီတစ်ခါ မြည်လာသည့်ဖုန်းက မိုးလက်ကိုင်ဖုန်းမြည်သံ ဖြစ်သည်။ နံပါတ်ကို ကြည့်လိုက်တော့ မေဖြူဖုန်း။ မိုး ကျေနပ် ပြုံးလိုက်သည်။

“ပြောပါ”

“တို့ပါ၊ ဦးအောင်စုံမလာလို့ ယူများ တစ်ခုခုခိုင်းထ သလား သိချင်လို့”

“ဒါပေါ့၊ ခြံထဲကအလုပ်သမားကို ခြံရှင်းခိုင်းထားရ ပေါ့၊ ကိုယ်တိုင်လုပ်အားဝင်ပေးချင်ရင်လည်း ရတယ်၊ ခြံထဲ ပန်းအိုးရွှေ့ဖို့ လူလိုနေလို့ ဒါပဲနော်”

မိုးက အရင်ဦးအောင် ဖုန်းချပစ်လိုက်သည်။ တစ်ဖက် မေဖြူဆိုသည့်မိန်းမ မိုးစကားကို နားထောင်ပြီး ဈေ့ဈေ့ခုန်နေ





အဖြစ်ကို သဘောကျစွာ နှစ်နှစ်ခြိုက်ခြိုက်လေး ရယ်မောပစ်လိုက် သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

''အောင်''

''ဟာ...မမလုံ၊ ဘာဖြစ်လို့ ဒီအထိအောင် လိုက်လာ
တာလဲဗျာ၊ တော်ကြာ တစ်ယောက်ယောက်တွေ့သွားရင် မကောင်
ပါဘူး''

အစ်မဖြစ်သူကို ရုတ်တရက် တွေ့လိုက်ရတော့ အောင်
မျက်နှာချောချောက ထိန်းမရအောင် ပျက်သွားသလို မမလုံ
မျက်နှာလှလှလေးသည်လည်း နွမ်းလျနေပါသည်။

''အိမ်ကိုပဲ ပြန်လာခဲ့ပါတော့ အောင်ရယ်၊ ပြီးပြီးတဲ့ကိ
တွေကိုလည်း မေ့ပစ်လိုက်ပါတော့ကွယ်၊ သူတို့တရား သူတို့စီ
ပါလိမ့်မယ်၊ ဒီ ဦးစက်ရှိန်ဆိုတဲ့လူကြီးက အောင့်အကြောင်းသိသွ
ရင် အို မမလုံကြောက်တယ်အောင်ရယ်၊ မမလုံနဲ့သာ ပြန်လိုက်
ပါကွယ်''





ငိုမလိုမျက်နှာနှင့် တုန်တုန်ရီရီဖြစ်နေသော အစ်မမျက်နှာကိုကြည့်ပြီး အောင်ခုံ စိတ်ရှုပ်သွားသည်။ မမလုံလုပ်တာနှင့် သူ့ရည်မှန်းချက်တွေ ပျက်ရတော့မည်ထင်သည်။

''ကိုတင်ထွန်းကို ဘာလို့ခေါ်မလာတာလဲ မမလုံရယ်''

''သူ့ကို မသိစေချင်လို့ပေါ့ အောင်၊ သူပါလာမှ ပိုပြီး အတက်လမ်းတွေ ရှုပ်ကုန်မှာ မမလုံ အစိုးရိမ်ဆုံးပဲ''

''ဒါပေမယ့် သူက မမလုံရဲ့''

''တော်ပါ အောင်ရယ်၊ လောကမှာ ကိုယ်ကကျူး ကိုယ့်ဒူးတောင် မယုံနဲ့ဆိုထားတာ အောင် မေ့ပြီလား၊ မမကတော့ ဘယ်သူ့ကိုမှ မယုံဘူး၊ တို့မောင်နှမကိစ္စကို သူသိဖို့မလိုပါဘူး ကွယ်''

ဒီလိုကြပြန်တော့လည်း မမလုံက ပြတ်သားတင်းမာလို့ နေပြန်သည်။ မမလုံမှာ ကိုတင်ထွန်းဆိုသည့် ချစ်ဦးသူနှင့် အိမ်ထောင်ကျသော်လည်း သားသမီးမထွန်းကား။ ချစ်၍ယူခဲ့ကြသော ချစ်သူများဖြစ်သော်လည်း အိမ်ထောင်သက်ရှည်ကြာလာသည်နှင့်အမျှ အိမ်ထောင်ရေးက အေးစက်စက်အသွင်သို့ ကူးပြောင်းလာသည်။

လင်မယားကွာရှင်းခြင်းမပြုသည့်တိုင် တစ်နေ့လုံးနေလို့ စကားဟုတ်တိပတ်တိ မပြောဖြစ်သည့်အချိန်တွေလည်း ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုတင်ထွန်းက အလုပ်ကို အကြောင်းပြပြီး အပြင်မှာချည်း အချိန်ကုန်နေတတ်သူဖြစ်ရုံမက တိုးတိုးကျိတ်ကျိတ် အပျော်အပါးကိစ္စလေးတွေကို သိပေမယ့် မမလုံက ဘာမှမပြော။

အရေးယူ ဆူပူကန့်ကွက်ခြင်းလည်းမရှိ။ တတ်နိုင်သမျှ စိတ်ကိုငြိမ်အောင်နေသည့်အတွက် လင်မယားနှစ်ယောက် ခွန်းကြီးခွန်းငယ် စကားများရန်ဖြစ်ခြင်းမရှိသော်လည်း လက်ရှိအခြေအနေက ရန်ဖြစ်သည်ထက် ဆိုးသလိုထင်မိသည်။

တစ်ခုတော့ ယောက်ဖဖြစ်သူကို ကျေးဇူးတင်သည်။ မမလုံကိုထားပြီး နောက်အိမ်ထောင်သစ်မထူဘဲ နေနိုင်သူဖြစ်ခြင်းကို ဖြစ်သည်။

"ကြည့်ပါဦး အောင်ရယ်၊ ဝတ်စားထားလိုက်တာက လည်း ဘယ်လိုပုံစံမှန်းမသိဘူး၊ ထိပ်ထားခင်သာ ဒီလိုပုံစံနဲ့ အောင့်ကိုတွေ့ရင် လန့်အော်မှာ သေချာတယ်"

"ဒါလား ဒေါက်တာ ဦးအောင်ဖုံးဆိုတာ"

"မမလုံရယ်"

ထိပ်ထားခင်ဆိုသည့် အသံကြားမှ သူမေ့နေသည့် သူငယ်ချင်းမလေးကို သတိရသည်။

"ပြန်တော့နော် မမလုံ၊ နောက်ကိုလည်း အောင် မခေါ်ဘဲနဲ့ မလာပါနဲ့ဗျာ၊ မမလုံပြောသလို ဒီနေရာဟာ အန္တရာယ်တွေ





ဝိုင်းနေမှန်း အောင် သိပါတယ်၊ ဒါပေမဲ့ အောင့်ဆုံးဖြတ်ချက်အတိုင်းပဲ ရှိပါရစေ၊ အောင့်ကို နားလည်ပေးပါဗျာ"

"မမလုံက နားလည်ပေးတာက ဟုတ်ပါပြီ၊ ဦးစက်ရှိန်က အောင့်ကို နားလည်ပေးမှာတဲ့လား"

"ဒါကြောင့် ပြောတာပေါ့၊ အောင် ဘယ်သူဆိုတာ ဘယ်သူမှ မသိမှဖြစ်မယ်၊ သိသွားတဲ့တစ်နေ့တော့ ပြဿနာအကြီးအကျယ်တက်ပြီပဲ၊ မမလုံ အောင့်ကိုတွေ့ဖို့ မကြိုးစားပါနဲ့ဗျာ"

"မမမှ မင်းကိုစိတ်မချပဲ"

"ဟုတ်ပြီ…မမစိတ်ချရအောင် စီစဉ်ပေးမယ်၊ အောင် ဖုန်းဆက်တဲ့အချိန် ချိန်းတဲ့နေရာကို မမလာရင် ရပြီဟုတ်လား"

"ကဲ ကဲ ပြန်တော့၊ နောက်မှ အောင် ဖုန်းဆက်လိုက်မယ်"

"အောင်လည်းသွားပြီနော် မမ"

"အောင်"

မမလုံအသံကြားပေမယ့် အောင်ဖုံ နောက်ကိုလှည့်မကြည့်တော့။ ပတ်ဝန်းကျင်ကို မျက်စိတစ်ချက်ဝေ့ကြည့်ကာ အစ်မဖြစ်သူကို ခြေလှမ်းကျဲကြီးတွေနှင့် ကျော်ခိုင်းခဲ့သည်။ လူရှင်းပြတ်သော နေရာမို့သာ တော်တော့သည်။ မမလုံကို မိုးမခအထိ လိုက်လာလိမ့်မည်မထင်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူတို့မောင်နှမနှစ်ယောက် တိတ်ကဆိတ် ဆုံတွေ့လိုက်သည့်ကိစ္စကို ဘယ်သူမှ မသိလိုက်ရှာသော တော်တော့သည်။ တစ်ယောက်ယောက် ရိပ်မိပြီး အောင်ဖုံ့ဘဝမှန်ကို သိလျှင်မလွယ်။ ဦးစက်ရှိန်ဆိုတာ ဘယ်လိုလူလဲဆိုတာ သိထားတော့ မိုဆိုးသည်။

"ဟော…လူလေးပြန်လာပြီလား၊ ခုလေးတင်ပဲ မိုးဇေကရို ဖုန်းဆက်တယ်၊ သူ့ဆီကို ရောက်ရောက်ခြင်းလာခဲ့ပါတဲ့၊ အိမ်မကြီးမှာ ဧည့်သည်ရောက်နေတယ်ကွဲ့"

"ဟုတ်ကဲ့…ကျွန်တော် အခုပဲ သွားလိုက်ပါ့မယ်"

မှန်အလုံပိတ် ကားတစ်စီးရပ်ထားတာကို မြင်လိုက်ရပြီးနောက် ဧည့်ခန်းမှာ သူ့အလာကို စောင့်နေဟန်တူသော မိုးဇေရို နှင့် အသက်ငါးဆယ်အရွယ် လူတစ်ယောက်ကို တွေ့လိုက်ရသည်။

"ကျွန်တော် ရောက်ပါပြီ"

"ဦးအောင်ဖုံ့ဆိုတာ သူပဲ ဦးဘမောင်၊ တစ်ခါထဲ ခေါ်သွားမယ်ဆိုရင် သူ့အဝတ်ထုပ် သွားယူခိုင်းလိုက်ရုံပဲ"

ရူးရှုတောက်ပသည့် မျက်လုံးချင်း လမ်းခုလတ်မှာ ထိပ်တိုက်ဆုံစည်းမိကြသည်။

ကျွန်းမာကြံ့ခိုင်သော ခန္ဓာကိုယ်အနေအထားနှင့် ရက်စက် ပြတ်သားမည့် ဥပဓိရုပ်ကို မြင်ရသည်။

"သူ့အလုပ်က ဟိုမှာဆိုတော့ တစ်ခါထဲပဲ ခေါ်သွား





လိုက်မယ်၊ ယူစရာရှိတာ ယူခိုင်းလိုက်ပါ"

"ဒက်ဒီက ရှင့်ကို ဒီက ဦးဘမောင်နဲ့ အလုပ်အတူတွဲလုပ်ဖို့ ခန့်လိုက်ပြီ၊ ရှင် ဦးဘမောင်နဲ့ အတူလိုက်သွားပါ"

"ကျွန်တော် အောင်ဖုံ့ပါ၊ အဝတ်အိတ်သွားယူလိုက်ပါဦးမယ်"

"ကောင်းပြီ"

ပေါ့ပါးသွက်လက်သော ခြေလှမ်းတွေနှင့် ကျောခိုင်းထွက်သွားသည့် အောင်ဖုံ့ကို မိုးတစ်ချက်လှမ်းကြည့်လိုက်သည်။ ဒက်ဒီက ဦးအောင်ဖုံ့ကို မိုးမခမှာ မထားတော့ဘဲ သူပိုင်သည့် ဆိပ်ကမ်းက ရေထွက်ပစ္စည်းထုတ်လုပ်ရေး စက်ရုံမှာ ပြောင်းရွှေ့တာဝန်ပေးထား၏။ အမြဲတမ်း စက်လှေ၊ သမ္ဗာန်၊ သင်္ဘောများ ဝင်ထွက်နေသည့်နေရာ။

ထိုနေရာကို မေဖြူဆိုသည့် မိန်းမ လိုက်သွား၍မရတော့။ ယောက်ျားတွေချည်း စုဝေးနေသည့်နေရာ လူတန်းစားစုံသလို စရိုက်ပေါင်းစုံနေသည်။ အောင်ဖုံ့လို လူတစ်ယောက်ကို ထိုလူစုထဲ ရောထွေးနေတာမျိုး မဖြစ်စေချင်။ အချိန်မရွေး မိုးကိုယ်တိုင် ဝင်ထွက်သွားလာလို့ရသည့်နေရာမျိုးမှာပဲ ရှိစေချင်သည်။

"သူ့ကို ဘယ်နေရာမှာ ထားမှာလဲ ဦးဘမောင်"

"သူနဲ့သင့်တော်မယ့် တစ်နေရာရာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဒက်ဒီလူပဲ၊ နေရာကောင်းကောင်းမှာ ထားပေးလိုက်ပါလား"

"ကြည့်ကြသေးတာပေါ့"

"ကျွန်တော်ရောက်ပါပြီ"

"ကိုင်း…ကျုပ်တို့သွားလိုက်ဦးမယ်၊ မိုးဒက်ဒီ ဖုန်းဆက်ရင် သူ့လူကိုခေါ်သွားပြီလို့ ပြောလိုက်"

"ဟုတ်ကဲ့"

"ကိုယ်သွားတော့မယ် မိုးကေရီ၊ ကိုယ့်ကိုယ်ကို ဂရုစိုက်ပါ"

မိုးက သူ့ကိုဘာမှမပြော။

ဦးဘမောင်ကားနှင့် ပါသွားသူကို တစ်ချက်လှမ်းကြည့်ပြီး အိမ်အပေါ်ထပ်ကို ပြန်တက်ခဲ့သည်။ ဦးအောင်ဖုံ ဦးအောင်ဖုံ ဒီလူနှင့်ပတ်သက်ပြီး မိုးစိတ်ထဲမှာ အမြဲတစ်မျိုးဖြစ်ကျန်ရစ်သည်။ ဘယ်လိုခံစားချက်မှန်းတော့မသိ။ သူနှင့်မပြို အတူရှိနေသည့်အချိန်တိုင်း မိုးရင်တွေအမြဲပူလောင်ကာ ဘာမှန်းမသိသော ခံစားချက်ဖြင့်လှုက ထူပူနေသည်။

အခုတော့ ထိုဝဋ်က ကျွတ်ပြီ။ မိုးမျက်စိနှင့် မမြင်နိုင်သည့်နေရာမှာ သူဘာသာ ဘာပဲဖြစ်နေဖြစ်နေ မိုးဘက်က ဂရုစိုက်နေစရာမရှိ။ မမြင်ရ မကြားရတော့ တစ်မျိုးစိတ်ချမ်းသာသည်။





ဒါပေမယ့် အရင်ကလို မိုးအခန်းထဲက လှမ်းကြည့်လိုက်တိုင်း သူ့ကို မြင်တွေ့ခွင့်မရတော့ တိတ်တိတ်လေး သူမသိအောင် သူ့လှုပ်ရှားမှုတွေ ခိုးကြည့်နေခွင့်ကို လက်လွှတ်ဆုံးရှုံးလိုက်ရသည်။

အခုပဲကြည့်……။

မိုးမခမှာ ဦးအောင်ဖုံမရှိတော့ဘူး။ ထွက်သွားပြီဆိုတာ သိတာနှင့် ရင်ထဲမှာ လှိုက်ဟာပြီး ကျန်ရစ်သည်။ မိုး ဘာတွေဖြစ်နေပြီနည်း။ အိပ်ရာထက်က လူးလိမ့်ပြီး ဝုန်းခနဲ ထလိုက်သည်။ ဒါတော့ မိုးဘက်က သိပ်ကိုလွန်နေပြီ။ ဘာမဟုတ်တဲ့လူ တစ်ယောက်အတွက် မိုးကေရီလို မိန်းကလေးတစ်ယောက်က ဒီလိုဖြစ်စရာအကြောင်းကိုမရှိ။

မိုးနားမှာရှိနေသည့် ဂုဏ်ရည်တူအသိုင်းအဝိုင်းထဲက ယောကျ်ားတွေအပေါ် မိုးကေရီက▮ အထက်စီးအနေအထားက ခပ်ပြုံးပြုံး ခေါင်းမော့ဝင့်ကြွားစွာ ဘာခံစားချက်မှမရှိဘဲ အနေကြီးနေလာခဲ့ပြီးမှ ဘာမဟုတ်တဲ့ လူတစ်ယောက်နဲ့ကြမှ မိုးကေရီဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ အစဉ်အလာကို ဖျက်သိမ်းလိုက်ရတော့မည်လား။

သွားစမ်းပါ။

မိုးကေရီဆိုတာ အဲဒီလို ခပ်ညံ့ညံ့မိန်းမတွေထဲကမှ မဟုတ်ဘဲ။ အချစ်အတွက် မိုက်ရူးရဲအလုပ်တွေ ဘယ်တော့မှမလုပ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဂုဏ်သိက္ခာ၊ ကိုယ်နဲ့အဆင့်အတန်းတူသူက လွဲပြီး မိုးဘဝ၊ မိုးနှလုံးသားထဲကို တခြားသူ အဝင်ခံနိုင်။

မိုးက သူမနှလုံးသား၏ အလိုဆန္ဒကို ဦးနှောက်အသိတရားနဲ့ ထိန်းချုပ်ပြီး ဆန့်ကျင်လိုက်သည်။ အချစ်ကို အရှုံးမပေးလိုက်နှင့်ဟု သူမကိုယ်သူမ အပြင်းအထန် ကန့်ကွက်သည်။

ဦးအောင်ဇံလိုလူကို ဘာအတွက်နဲ့မှ မချစ်ဘူး။ တကယ့်လက်တွေ့ဘဝမှာ အချစ်ထက် အရေးကြီးတာတွေ အများကြီးပဲ။ ရေချိုးခန်းထဲ ပြေးဝင်ပြီး ခေါင်းကနေ ရေဖြင့်လောင်းချပစ်သည်။

ဦးအောင်ဇံကို ချစ်မိပြီဟု သိလိုက်ရပြီးနောက် မိုး သိပ်တုန်လှုပ်ချောက်ချားသွားသည်။ အချစ်ဆိုသည့် စကားလုံးကို ဤမျှကြောက်စရာကောင်းလိမ့်မည်ဟု မိုး မသိခဲ့။ အခုတော့ အချစ်၏ လောင်ကျွမ်းဝါးမြိုမှုအောက်မှာ ဦးအောင်ဇံကို မချစ်မိပါစေနှင့်ဟု ကျိတ်ဆုတောင်းပေမယ့် သူမဆုတောင်းကမပြည့်။

သူ့ကို ဦးအောင်ဇံကို မိုး သိပ်ချစ်မိနေပြီ။ မှန်တင်ခုံရှေ့မှာ အလှဆုံးပြင်ဆင်ပြီး ကားတစ်စီးဖြင့် အိမ်ကထွက်ကာနီးမှာ မိုးဖုန်းလေးက အသံမြည်လာသည်။

"ဟဲလို"

"နေကောင်းတယ်နော် မိုး"

"ဘယ်သူလဲ"





"ကိုယ်ပါ ဒယ်နီလေ"

ဒယ်နီ။

ယောကျ်ားဆန်ဆန် လေးထောင့်ကျကျ မျက်နှာနှင့် လိုက်ဖက်အောင် ချိုမြစွာ ရယ်လိုက်တိုင်း ချိုင့်ဝင်သွားသည့် ပါးချိုင့်တွေနှင့် ဒယ်နီဆိုသည့်လူ။

"ဘယ်လိုလဲ အခုမှဖုန်းထဆက်ရအောင် ဘယ်ချောင်မှာ သွားအိပ်ပျော်နေလို့လဲ"

"ဘယ်ချောင်မှ သွားစရာမရှိပါဘူးဗျာ၊ မိုးဆိုတဲ့ချောင်ကလွဲရင်ပေါ့"

"အဟွန်း...ဟွန်း"

ပြောရင်း ချိုမြစွာ ရယ်သံကိုကြားရသည်။

"မနေ့က ဘန်ကောက်က ပြန်ရောက်တယ်၊ မိုးအတွက် ဝယ်လာတဲ့ ပစ္စည်းလေးတွေပေးချင်လို့ ခဏလောက်တွေ့ခွင့်ရနိုင်မလား"

"ဘယ်မှာတွေ့မှာလဲ"

"မိုးကြိုက်တဲ့နေရာပေါ့"

ဘယ်တုန်းကမှ ဒယ်နီကို အလွယ်တကူ စိတ်မဝင်စားသည့် မိုးက အခုချိန်မှာတော့ သူ့ကိုတွေ့ဖို့ ဆုံးဖြတ်ထားသည်။ ဒယ်နီကို သူမဒက်ဒီပိုင် ဟိုတယ်တစ်ခုမှာ ချိန်းလိုက်သည်။ အခု



www.burmeseclassic.com

www.burmeseclassic.com



ချိန်မှာ မိုးအတွက် အဖော်တစ်ယောက်လိုသည်။ တစ်ယောက်တည်း ငေါင်နေရတာထက် အဖော်လေးနဲ့ စကားပြောရင်း အချိန်ကုန်ရတာ မိုး မေ့ထားချင်သည့် အကြောင်းအရာတွေကို အလွယ်တကူ မေ့ထားနိုင်သည်။

နေရာက ကားလေးကို ဝေါခနဲမောင်းအထွက်မှာ မိုးနောက်က ကားတစ်စီးပါလာခြင်းအဖြစ်ကို သူမ မရိပ်မိ။ မိုးက သူမဦးတည်ရာလမ်းအတိုင်း ကျွမ်းကျင်ပိုင်နိုင်စွာ မိုင်နှုန်းပြင်းပြင်းဖြင့် မောင်းထွက်သွားသည်။

◆ ◆ ◆



## အခန်း (၉)

"မိုး"

"ဒယ်နီ"

"မတွေ့ရတာကြာလို့လားမသိဘူး၊ ဒယ်နီ့မျက်လုံးထဲ မိုးက သိပ်လှနေတယ်၊ ကြည့်လို့မဝနိုင်အောင်ကိုပဲဗျာ"

"ဒါကတော့ ယုပိုတာပါ"

"သြော်…လိုတောင်လိုနေပါသေးတယ်ဗျာ၊ မိုးမင်းသမီးလေးရဲ့အလှက စာဖွဲ့မကုန်နိုင်မှန်း လူတိုင်းသိပြီးသားပါ"

"မိုးကို ကိုယ်ချစ်တယ်"

"မိုးကတော့ ဒယ်နီ့ကိုမချစ်ဘူး"

"အဟွန်း…ဟွန်း…ဟွန်း"

"မိုးအသည်းမာတာ သိပြီးသားပါဗျာ၊ မိုးဘက်က တုံ့ပြန်လာမယ့်အချိန်ကိုပဲ စိတ်ရှည်ရှည်ထားပြီး စောင့်နေမယ့်ဒယ်နီပါ"



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းလဲ့သည့် ဒယ်နီမျက်လုံးတွေက အရောင်တောက်နေသလို နွေးထွေးလှိုပ်လှဲသည့် အပြုံးတွေကလည်း သူ့ရင်ထဲက ချစ်ခြင်းမေတ္တာကို ဖော်ပြမှန်းသိပေမယ့် မိုးရင်မခုန်မိပါ။ လှချော လေးတစ်ယောက်အဖြစ် ဒယ်နီကို အသိအမှတ်ပြုပေမယ့် ချစ်သူတစ်ယောက်လိုတော့ မခံစားမိ။ သူငယ်ချင်းတစ်ယောက်၊ မိတ်ဆွေတစ်ယောက်ထက် မပိုသော သံယောဇဉ်ဖြင့်သာ ဒယ်နီကို ခင်မင်သည်။

ဒါထက် ဘာတစ်ခုမှမပို။

ပို၍လည်းမရ။

ဒယ်နီကို မိုး မချစ်။

အချစ်ဆိုသည့်အရာက ဆန်းသည်။

မိုးလို မိန်းမလှလေးတစ်ယောက်ကို လုံးဝဂရုမစိုက်၊ အရေးပင်မလုပ်သည့် လူကိုမှ မိုး အသည်းနှလုံးထဲက မြန်းခနဲ ဒိုင်းခနဲ ချစ်သွားသည်။ ဒီလိုဖြစ်သွားလိမ့်မည်ဟု မိုးကိုယ်မိုးလည်း ထင်မထား။

"အချစ်"ဆိုတာ ရုပ်ချောချော ယောကျ်ားတစ်ယောက်ဖြစ်ခဲ့မယ်ဆိုရင် အခု မိုးမျက်လုံးရှေ့တည့်တည့်မှာ ရှိနေတဲ့ ဒယ်နီဆိုတာလည်း လူချောတစ်ယောက်ပါ။ ပြီးတော့ ဒယ်နီမှာ မျိုးရိုးအဆင့်အတန်း၊ မိဘအသိုင်းအဝိုင်း ဘာတစ်ခုမှ အပြစ်ပြောစရာ မရှိသောလူ။

"အချစ်"ဆိုတဲ့အရာကသာ ကြည့်တတ်မြင်တတ်ရင် အောင်ဇံလို ဘာတစ်ခုမှ အခြေအမြစ်မရှိတဲ့ လူတစ်ယောက်ကို ဘာအတွက်နှင့်မှ အရှုံးအမူး စွဲလမ်းနေစရာမရှိ။ အခုတော့ အချစ်ဆိုသည့်အရာမှာ မျက်စိမရှိ။ နားမရှိ။ ဦးနှောက်မရှိ။ ဘာဆိုဘာမှမရှိခြင်းကို မိုးကေရီ သိလိုက်သည်။

အချစ်မှာရှိတာ အချစ်တစ်ခုထဲပါပဲလား။

ဒါ လုံးဝအစစ်ဖြစ်သည်။

အချစ်စစ်ဆိုသည့် စကားလုံးကို အခုတော့ မိုး ကိုယ်တွေ့သိနားလည်လာသည်။

"မိုး"

"ဟင်"

"ဘာတွေတွေးနေတာလဲဗျာ၊ ကိုယ်ပြောတာကိုရော ကြားရဲ့လား"

"ဆောရီး…မိုး အခုပဲ အိမ်ကိုပြန်မှဖြစ်မယ်"

"ကိုယ်လိုက်ပို့မယ်လေ"

"နေခဲ့ပါ၊ မိုးကေရီကို ဘယ်သူမှ လိုက်မနှောင့်ယှက်ရဲပါဘူး"

"ဒါပေမယ့်"







www.burmeseclassic.com

www.burmeseclassic.com



"မိုးသွားပြီ"

"မိုး"

ဒယ်နီ လှမ်းခေါ်သော်လည်း မိုးက လှည့်မကြည့်။ ကျောခိုင်းအနေအထားနှင့် လက်ကလေးတစ်ဖက်မြှောက်ပြပြီး သူမ စတိုင်လ်အတိုင်း လွတ်လပ်ပေါ့ပါးစွာ ထွက်သွားပြီမို့ ဒယ်နီ သက်ပြင်းချရုံသာ တတ်နိုင်သည်။

မိုးကေရီဆိုတဲ့ မိန်းမလှလေးရယ်။ ဒယ်နီက မိုးကို မိုးကေရီအဖြစ်နှင့် ချစ်ရခြင်းမဟုတ်ပါ။ မိုးကို မိုးမခြံပိုင်ရှင် ဦးစက်ရှိန်သမီးမှန်းမသိဘဲ မိုးနှင့် ညှိခံပွဲတစ်ခုမှာ အမှတ်မထင် ဆုံစည်းရာမှ မေတ္တာစစ်ဖြင့် ရူးနှစ်စွာ ချစ်မိရသူဖြစ်ပါသည်။

သို့ပါသော်လည်း မိုးက ဒယ်နီကိုရော ဒယ်နီ့အချစ်ကိုပါ လုံးဝဂရုမစိုက်။

အလေးအနက်လည်းမရှိ။

ဒယ်နီကို သူမ အပျင်းပြေဆော့ကစားစရာ အရုပ်လောက် ပဲ သဘောထားသည်။ အခုလည်း စကားပြောနေရင်းတန်းလန်း သူ့ကိုထားပြီး ထွက်သွားသည်။

မိုးရယ်။

ကိုယ့်အပေါ်မှာ မိုး ဘယ်လိုပဲသဘောထားထား ကိုယ်က တော့ မိုးတစ်ယောက်တည်းကိုပဲ မြတ်မြတ်နိုးနိုးချစ်နေမယ့်သူပါဗျာ





ဒယ်နီတစ်ယောက် စားပွဲမှာ ငူငူကြီးကျန်ခဲ့သည့်အချိန် အရှိန်ပြင်းစွာ ပြေးလွှားထွက်ခွာသွားသော မိုး၏ပြိုင်ကားနီနီလေး ာက်သို့ ထပ်ချပ်မကွာ နောက်ကားတစ်စီး လိုက်လာခြင်းအဖြစ် ို မိုး မရိပ်မိလိုက်ပါ။

မိုးကေရီက ကိုယ့်အတွေးနှင့်ကိုယ် ကားကို ပုံမှန်ဂရုစိုက် ာင်းနှင်လာသည်ဆိုပေမယ့် သူမထုံးစံအတိုင်း ပတ်ဝန်းကျင်ကို ရှုစိုက်။ ကိုယ်သွားရမည့် ခရီးဆုံးကိုပဲ စိတ်ကရောက်နေသည်။ ိုထက်ပိုဆိုးသည်က မိုးကေရီ အတွေးအာရုံကို လူတစ်ယောက် ိုးနေရာယူဖမ်းစားထားသည်။

ထိုအဖြစ်ကိုပဲ မိုးရင်မှာ အောင့်သီးအောင့်သက်နှင့် မခံ ပ်နိုင် ဖြစ်နေသည်။ မိုးအသိစိတ်က ဒါဖြစ်ကိုမဖြစ်သင့်ဘူးဟု ်တင်းတင်း ခပ်မာမာ သတိပေးနေသလို မိုးဦးနှောက်နှင့် အသိ ားကလည်း အောင်ဖုံဆိုသည့်လူကို ဖယ်ထုတ်ပစ်ပါဟု အမိန့် စေခိုင်းနေပေမယ့်မရ။

ဒါဟာ ဘယ်လိုဖြစ်ရတာလဲ။ မိုးကေရီလို မိန်းကလေး ်ယောက်ကို ဘာမဟုတ်တဲ့ ယောကျ်ားတစ်ယောက်က လွှမ်းမိုး တာမျိုး ဖြစ်သင့်လို့လား။

သွားစမ်းပါ။

ဒီလိုအခြေအနေမျိုးက မိုးအတွက် ခါးသီးလွန်းလို့

www.burmeseclassic.com

www.burmeseclassic.com



မုန်းလိုက်တာ။

''တီ…တီ''

နောက်ကားက ဟွန်းသံဆူဆူညံညံနှင့် မိုး၏ပြိုင်ကား
လေးကို ခွတ်အတင်းကျော်ဖြတ်ဖို့ ကြိုးစားသည့်အတွက် မိုးကေ
က သူမကားလေးကို လမ်းတစ်ဖက်သို့ အသာဆွဲကပ်ပေးလိုက်
သည်။

''တီ…တီ''

''ဝေါ''

''ကျွီး''

''ဝူး''

''အိုး''

''ကျွီး…ကျွီး''

အဖြစ်အပျက်တွေက မြန်ဆန်သည်။ မိုးကေရီသာ သူ
ကားလေးကို အချိန်မီ ဘရိတ်မအုပ်နိုင်ခဲ့လျှင် သူမကားရှေ့
အလယ်တည့်တည့်မှာ မိုက်ရူးရဲပီတ်ရပ်လာသည့် ကားကို သေ
ပေါက် ဝင်တိုက်မိပေတော့မည်။

ဒေါသလေးတွေ ဆူဝေပေါက်ကွဲဖို့ရာ ဟန်ပြင်နေတု
တစ်ဖက်ကားပေါ်က ကားတံခါးဖွင့်ပြီး ဆင်းလာသည့်လူကြော
မိုးကေရီရင်ထဲ ပေါက်ကွဲမည့်ဒေါသက အမြင့်ဆုံးဖြစ်သွားသည်



''စွမ်း''

''ဟုတ်ပါ့ဗျာ စွမ်းပါ၊ ဘယ်လိုလဲ ဒီနည်းကိုသုံးလိုက်တော့ စွမ်းဆိုတဲ့လူတစ်ယောက်ကို မိုး ဘယ်လိုမှ ရှောင်ပြေးလို့မရဘဲ အမိခံလိုက်ရလို့ ကိုယ့်ကို စိတ်ဆိုးနေမယ်ထင်တယ်''

စွမ်းပုံစံက မခိုးမခန့်။

စကားလုံးတွေကလည်း မှထိတရိ။ ဘယ်အချိန်က မိုးနောက်ကို လိုက်ပြီး ကြိုတင်အကောက်ကြံ စီစဉ်နေသည်မသိ။ သူပြောသလို မိုးမှာ သူ့ကိုရှောင်မပြေးနိုင်ဘဲ အမိခံလိုက်ရသည်ကလည်း အမှန်ပင်။

''အပိုစကားတွေ ပြောမနေစမ်းပါနဲ့ စွမ်း၊ အခုချက်ချင်း မိုးကားရှေ့က နင့်ကားကိုဖယ်ပါ''

''အားပါး…အမိန့်စကားတွေက ပြင်းထန်လှချည်လား ဒေါ်မိုးကေရီရဲ့၊ စွမ်းကို ဒီလိုပုံစံမျိုးနဲ့ ချုပ်ကိုင်လို့ရတယ်ထင်ရင် သိပ်ကိုမှားသွားမှာပေါ့ဗျာ''

''ဒီလိုအခြေအနေ အခွင့်အရေးမျိုးရအောင် စွမ်းဘက်က အချိန်တွေ ဘယ်လောက်ပေးရတယ်ဆိုတာ မိုးမှမသိဘဲ''

''နင်ပြောချင်တာ ဘာလဲ၊ လိုရင်းပဲပြော''

''ဟ…လေသံက မာလှချည်လား၊ အခုလို အခြေအနေမှာတောင် မကြောက်ဘူးဆိုတော့လည်း မိုးကေရီလို့ နာမည်ကြီးတာ



www.burmeseclassic.com

www.burmeseclassic.com



ဘာဆန်းလို့လဲ''

အရက်နဲ့ထောင်းထောင်းထနေသော စွမ်း၏ အဆီပြန်နေသည့်မျက်နှာကို ရွံမုန်းစက်ဆုပ်စွာ စူးစိုက်ကြည့်ပစ်လိုက်သည်။

''နင့်ကို ဘာကိစ္စ မိုးကကြောက်ရမှာလဲ၊ မိုးဧကရီဘဝမှာ ကြောက်ရမဲ့ သူစိမ်းယောကျ်ားဆိုတာ အခုချိန်ထိ မမွေးသေးဘူး နားလည်လား''

''အဟတ်…ဟား…ဟား''

''ကြိုက်တယ်ကွာ၊ အဲဒီလိုသတ္တိမျိုးကိုမှ စွမ်းက ကြိုက်တာ၊ ဒီမယ် မိုး မင်း စွမ်းကို လက်ထပ်ယူမလား၊ ဒါမှမဟုတ် စွမ်းသဘောနဲ့စွမ်း မင်းကိုလက်ထပ်ယူရမလား ကြိုက်တာပြော''

''စိတ်ချ နင့်လိုလူကို ဒီဘဝရော နောင်ဘဝပါ ဘယ်တော့မှ လက်မထပ်ဘူး''

''မိုး''

''မင်း…မင်း ဒါ မင်းအဖြေပေါ့ ဟုတ်လား''

မိုးကမလှုပ်။

ခပ်တည်တည်မျက်နှာထားနှင့် လက်ပိုက်နေသော စွမ်းပုံစံက ဆတ်ဆတ်ခါသွားသည်။

''ဟိတ်ကောင်တွေ လာစမ်း၊ သူ့ကို ငါ့ကားပေါ်ဆွဲတင်ခဲ့''





လူသုံးယောက် ကားပေါ်ကပြေးဆင်းပြီး မိုးဧကရီနားရောက်လာသည်။

''သတ္တိရှိရင် မိုးအသားကို ထိကြည့်စမ်း၊ နင်တို့အားလုံး ဒက်ဒီခြံထဲမှာ ခွေးစာကျွေးပြီးသား ဖြစ်သွားမယ် နားလည်လား''

''ဟာ''

လူသုံးယောက်က မိုးစကားကြောင့် တွန့်သွားပြီး စွမ်းမျက်နှာကို အလန့်တကြား လှည့်ကြည့်တာ မြင်လိုက်ရသည်။

''မိုးဧကရီဆိုတာ ဦးစက်ရှိန်ရဲ့ တစ်ဦးတည်းသောသမီးဆိုတာရော သိကြရဲ့လား၊ ကြားထဲက ကိုယ့်သားမယားတွေ ဒုက္ခရောက်ချင်ရင် ကိုယ့်ဘာသာနေကြ''

''ဆရာ ကျွန်တော်တို့''

''ဟာကွာ မင်းတို့ကြောက်ရင်နေခဲ့''

''မိုး…လာစမ်း''

''စွမ်း''

''နင်ဘာလုပ်တာလဲ၊ ဖယ်စမ်း''

''လွှတ်ဆို''

''အိုး''

စွမ်းကိုယ်တိုင် မိုးကိုယ်လေးကို ဝင်ဆွဲတာမို့ အခြေအနေတွေအားလုံး ရှုပ်ထွေးကုန်သည်။ စွမ်းနှင့်မိုး နှစ်ယောက်စလုံး အုန်းထိုးရုန်းကန်နေသည့်ပွဲမှာ စွမ်းခေါ်လာသည့် လူသုံးယောက်က



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘက်ကို ပါရမှန်းမသိ။ အလုပ်အကိုင်မရှိ၍ စွမ်းတို့စက်ရုံမှာ အလုပ်လာလုပ်နေကြသူတွေဖြစ်သော်လည်း ရုပ်ရှင်ထဲကလို လူဆိုး လူမိုက်တွေမဟုတ်တော့ အားလုံး တုန်တုန်ရီရီ။ အယောင်ယောင် အမှားမှားဖြစ်နေကြတာကိုက စွမ်းခေါ်သကို ပို၍ပေါက်ကွဲရ ဖြစ်လာရခြင်းဖြစ်သည်။

"တီ…တီ"

"ဟော…ရဲကားလားမသိဘူး၊ ပြေး ပြေး"

"ဟိတ်လူတွေ"

"ကျွီး"

စွမ်းလှမ်းခေါ်ပေမယ့် နောက်ကြောင်းကို ဘယ်သူမှလှည့် မကြည့်။ ခြေဦးတည့်ရာ တချိုးထဲ လစ်ပြေးချိန်မှာ ကားတစ်စီးက စွမ်းနှင့် မိုးဧကရီနား အရှိန်ပြင်းစွာ ထိုးဆိုက်ရပ်တည်လာခြင်းဖြစ် သည်။

"ဟိတ်ကောင် မင်းလက်ထဲက မိုးကို လွှတ်လိုက်စမ်း"

"ဒယ်နီ"

မိုးအသံလေးက ဝမ်းသာစိတ်ဖြင့် ဒယ်နီကို အားကိုးတကြီး လှမ်းခေါ်လိုက်သည်။

"ဒယ်နီ ဒီလူ မိုးကို မတရားအနိုင်ကျင့်ဖို့ ကြိုးစားနေတာ ကူညီပါဦး"

"ကိုယ်လာပြီမိုး"





"ဟိတ်ကောင် မင်းကဘာဆိုင်လို့ ငါ့ကိစ္စထဲ ဝင်ရှုပ်ရ တာလဲ၊ ဒီမှာ ဘာလဲမြင်လား"

"ဖြောင်း"

"ဟင်"

ကားမီးရောင်အောက်မှာ စွမ်းလက်ထဲကဓားက ဖွေးခနဲ အရောင်လက်သွားသည်။ စွမ်းလက်ထဲမှာ ဓားနဲ့ပါလား။

"စွမ်း…နင်ယုတ်မာလှချည်လား"

"အေး သိရင်ငြိမ်ငြိမ်နေ၊ ပြောမရရင် မိုးကိုရော ဟိုကောင် ကိုပါ အသေသတ်ပစ်မယ် နားလည်လား"

"မိုး…ငြိမ်ငြိမ်နေလေ"

ဒယ်နီ့အသံက စွမ်းလက်ထဲက ဓားကြောင့် လှုပ်ခတ်နေ သည်။ အချစ်ရူး ရူးနေသည့် စွမ်းကလည်း အခုချိန်မှာ ဘာမဆို လုပ်ဖို့ အသင့်ဖြစ်နေသူအဖြစ် မိုးရော ဒယ်နီပါ သဘောပေါက်ထား သည့်အတွက် စိတ်ရှိသလောက် မလှုပ်ရဲ။

တစ်ယောက်နှင့်တစ်ယောက် အလစ်ကိုစောင့်နေခိုက် ဒယ်နီက လျှပ်တပြက်ဆိုသလို စွမ်းကို ဝင်တိုက်ခိုက်သည်။

"ဒယ်နီ မလုပ်နဲ့"

မိုးထံမှ အလန့်တကြား အော်သံအဆုံးမှာ ယောကျ်ား နှစ်ယောက် လုံးထွေးသွားတာ မြင်လိုက်ရသည်။ စွမ်းလက်ထဲက ဓားကို ဒယ်နီက ဝင်လုခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စွမ်း နင်မလုပ်နဲ့ဆိုနော်"

"ဒယ်နီ သူ့လက်ကို လုံးဝမလွှတ်နဲ့"

မိုးကေရီ ဘယ်သူ့ဘက်ကို ဝင်ရမှန်းမသိဘဲ အရူးမလေးလို အော်ဟစ်နေခိုက်

"မိုး ဒီနားမလာနဲ့"ဆိုသည့် ဒယ်နီ့အသံကလည်း တုန်နေသည်။

နှစ်ယောက်စလုံး အလုံးအဖန်တူ၊ ဆိုက်တူဂိုက်တူဆိုတော့ ဘယ်သူမှ ရတ်တရက် အားမသာ။ ဒယ်နီထက် စွမ်းက ရန်ပွဲတွေမှာ အစွမ်းပြနိုင်သူဖြစ်သည့်အတိုင်း တစ်ခဏအတွင်းမှာပင် ဒယ်နီ့အခြေအနေက အရေးနိမ့်သည့်ဘက်သို့ ကူးပြောင်းသွား၏။

"ဒီလောက်တောင် လူစွမ်းကောင်းလုပ်ချင်တဲ့ကောင်"

"ကဲကွာ"

"အမလေး…ဒယ်နီ သေပါပြီ"

"ဟိတ်"

"ဒုတ်"

"အား"

မျက်နှာလှလှလေးကို လက်ဖဝါးနှစ်ဖက်ထဲ နှစ်ကွယ်ပြီး ကြောက်လန့်တကြား ဟစ်အော်လိုက်သည့် မိုးကေရီအော်သံမဆုံးခင်မှာပင် ဒယ်နီ့ကို ဓားနှင့်ထိုးရန် ကြံရွယ်နေသော စွမ်း၏အကြံ





အစည်မှာ မအောင်မြင်ရုံသာမက လူတခြား ဓားတခြား လွင့်သွားတာကိုပါ မြင်လိုက်ရသည့်အတွက် မိုး အံ့ဩဝမ်းသာသွားသည်။

"ဒယ်နီ"

"မိုး"

"ဟင်…ဦးအောင်ဖုံ"

ဒယ်နီ့ကိုလှည့်အကြည့် ဒယ်နီ့အပေါ်မှာ မားမားကြီးရပ်နေသော ဦးအောင်ဖုံကြောင့် မိုးကေရီ မျက်လုံးအိမ်မှာ ချက်ချင်းလို မျက်ရည်တွေ ပြည့်အိုင်လာသည်။

"ကားပေါ်တက်နေပါ"

အောင်ဖုံ့ထံမှ ပထမဆုံးထွက်လာသော အသံဖြစ်သည်။ ဝိသကြုံမြ၍ အသံသြဇာ အပြည့်ပါသောအသံ။

"ဟိုညီလေးက မိုးကေရီကို ခေါ်လိုက်ပါ"

"လာ မိုး"

"မိုး စောင့်နေမယ်"

"မိုး"

ဒယ်နီက မိုးကေရီမျက်နှာကို အလန့်တကြား လှမ်းကြည့်သလို အောင်ဖုံကလည်း ကားမီးရောင်အောက်မှ ဖူးဖူးစင်စင် ဝင်းနှစ်နေသော မျက်နှာလှလှလေးကို တစ်ချက်စိုက်ကြည့်ပြီး ချက်ချင်းအကြည့်လွှဲပစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုပဲ မိုးရင်ထဲ ဘယ်နေရာကမှန်းမသိ ဝမ်းနည်းနာကျင်သွားရခြင်းအဖြစ်ကို မည်သူသိနိုင်မည်နည်း။

မိုးကို အောင်ဖုံးက ကျောခိုင်းပြီး စွမ်းကားရှိရာလျှောက်သွားသည်။

''ကိုယ်တိုင်ကားမောင်းလို့ ဖြစ်သေးရဲ့လား မိုး''

''ဖြစ်ပါတယ် ဒယ်နီ၊ ယူကို မိုး ကျေးဇူးတင်ပါတယ်''

''မိုး သွားမယ်''

''မိုး''

မိုးက လှည့်မကြည့်။

ဘာအတွက်မှန်းမသိ။ ပါးပြင်ပေါ် မျက်ရည်ပေါက်ကြီးတွေ အဆက်မပြတ် စီးကျလာ၏။

ရက်စက်တဲ့လူ။

အသည်းနှလုံးမရှိတဲ့လူ။

အို ဒီလိုလည်းမဟုတ်သေးပါဘူး။ မိုးကိုယ်တိုင်ရော ဘယ်တုန်းကများ ခံစားတတ်တဲ့ နှလုံးသားရှိခဲ့လို့လား။

မိုးကေရီ

အခုချိန်ကစပြီး မင်း ဝဋ်လည်ပြီ။

◆ ◆ ◆



## အခန်း (၁၀)

''ပစ္စည်းတွေ စုံမစုံ တစ်ခါထဲ စစ်ကြည့်ပါ''

''မလိုပါဘူး''

မိုးအသံက မာသလို မျက်နှာကလည်း တင်းပါသည်။ အောင်ဖုံးကို ဘစ်ချက်မကြည့်။ ကျေးဇူးတင်စကား တစ်ခွန်းမဆို။ မျက်နှာကို တစ်ဖက်သို့ လွှဲထားတာမို့ တစ်ဖက်က အောင်ဖုံးအတွက် မိုးကေရီအလှကို စိတ်ကြိုက်ကြည့်ခွင့် ဖေးခွင့်ရနေသည်။

ဖြူနုဝင်းဝါနေသည့် အရေပြားလေးတွေမှာ အကြောစိမ်းလေးတွေကို အတိုင်းသားမြင်နေရသည်။ ဘယ်လိုနေနေ ဘယ်လိုကြည့်ကြည့် မိုးကေရီဆိုသည့် မိန်းမလှလေးက ကြည့်မဝ ဖေးမဝသူလေးဖြစ်နေရခြင်းက အောင်ဖုံးရင်ကို ပန်းလျှမ်းမောစေသည်။

''တခြားခိုင်းစရာမရှိရင် ပြန်တော့မယ်''

မိုးထံက ဘာမှထွက်မလာတာနှင့် နေရာက ထရပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့်အခိုက်မှာ မိုးရှေ့က ဖုန်းမှာ အသံမြည်လာ၏။

"တူ တူ တူ"

"ဟဲလို"

"ဒက်ဒီလား ဟုတ်ကဲ့"

မားမတ်ခန့်ညားသော ခြေလှမ်းကျဲကြီးတွေနှင့် ကျောခိုင်း သွားနေသူကို ရင်နာနာဖြင့် မိုး လှမ်းကြည့်လိုက်သည်။ ဒီလူကို မိုး မုန်းချင်လိုက်တာ။ ဘယ်လိုလုပ်ရင် ဒီလူကို မုန်းနိုင် မေ့နိုင်မှာ ပါလိမ့်။

"ဒီမှာ"

မိုး၏ခေါ်သံကြောင့် အောင်ဇံ့ထံမှ လှမ်းလက်စခြေလှမ်း တန့်သွားကာ နောက်ကိုလှည့်အကြည့်

"ရှင့်ကို ဒက်ဒီက စကားပြောမလို့"

မိုးကေရီလက်ထဲက ဖုန်းလေး အောင်ဇံလက်ထဲရောက် သွားသည်။

"ဟဲလို"

"မောင်အောင်ဇံလား"

"ဟုတ်ကဲ့ခင်ဗျာ"

"အေး မင်းက ငါ့သမီးအပေါ်မှာ ကျေးဇူးရှိတယ်လို့ သိရတယ်၊ မင်း ဘာလိုချင်လဲ၊ ဘာလုပ်ချင်လဲ ငါ့ကိုပြော"





ဦးစက်ရှိန့်ထံမှ ပြတ်သားသောစကားကြောင့် ဖုန်းပြောနေ ရင်း သူ့ကို ကျောခိုင်းအနေအထားနှင့် အဝေးကိုမျှော်ငေးကြည့်နေ သော မိုးမင်းသမီးလေးရှိရာ အလန့်တကြား လှမ်းကြည့်လိုက်၏။

မိုးမင်းသမီးလေး သူ့မဒက်ဒီကို ဘာတွေပြောထားလေ သည်မသိ။ ကြားထဲက နားထောင်ရတာကို မျက်နှာပူသလိုလိုဖြစ် မိသည်။

"သူပြောသလောက်လည်း မဟုတ်ပါဘူးခင်ဗျာ၊ မတော် တဆ အကြောင်းတိုက်ဆိုင်သွားလို့ မဖြစ်မနေ ဝင်ကူညီပေးရတဲ့ သဘောမျိုးလောက်ပါ"

"အန်ကယ့်စိတ်ထဲ ဘယ်လိုသဘောမျိုးမှ မထားပါနဲ့၊ ကျွန်တော်လည်း ဘာမှ မလိုချင်ပါဘူး၊ ရိုးရိုးသားသား ကြိုးကြိုး စားစားနဲ့ ပုံမှန်ဘဝမှာပဲ နေချင်ပါတယ်"

တစ်ဖက်က ခဏငြိမ်သွားသည်။ အတော်လေးကြာမှ

"ကောင်းပြီလေ၊ မင်းသဘောအတိုင်း ဖြစ်ရမှာပေါ့၊ သမီးကို ဖုန်းပေးလိုက်ပါ"

"ဟုတ်ကဲ့ခင်ဗျာ"

"မိုးကေရီနဲ့ပြောမယ်တဲ့"

သူ့လက်ထဲက ဖုန်းကို မိုးကေရီလက်ထဲ ပြန်ထည့်ပေး သည်အထိ မိုးက သူ့ကိုမကြည့်။



www.burmeseclassic.com

www.burmeseclassic.com



''ဒက်ဒီ''

''အေး သမီးသဘောကျစိမ့်ပါ၊ ဒက်ဒီ ခွင့်ပြုတယ်ကြား လား''

''ဟုတ်ကဲ့''

သားအဖနှစ်ယောက် အချိန်အတော်ကြာ စကားပြောနေတာကိုစောင့်ပြီးမှ ပြန်ဖို့ သူ ထပ်နှုတ်ဆက်သည်။

''မိုးကေရီ''

''ရှင့်ကို ဒက်ဒီက မိုးနဲ့အတူ ကုန်ပစ္စည်းစစ်ဆေးရမယ့် တာဝန်ကို ပေးလိုက်ပြီ မိုးနဲ့အတူလိုက်ခဲ့ပါ''

ဘယ်ကိုလဲဟု မမေးတော့ပါ။ ကားသော့ကိုဆွဲပြီး သူ့ရှေ့က ကျော့ကျော့လေး လျှောက်သွားသည့် မိုးကေရီနောက်ကပဲ အသံတိတ်လိုက်ခဲ့သည်။

''ကားကို ကိုယ်ပဲ မောင်းခဲ့ပါရစေ''

''ဘာဖြစ်လို့လဲ''

မိုးကေရီ၏ လှပရွှန်းစက်သော မျက်လုံးအစုံနှင့် အောင်စံ၏ စူးရှတောက်ပသော မျက်ဝန်းနှစ်စုံ လမ်းခုလတ်မှာ တစ်သားတည်းဖြစ်အောင် ပေါင်းစည်းသွားသည်။

''ကိုယ့်အဖြေစကားကို မိုးကေရီ ကြိုက်ချင်မှကြိုက်မယ်''

''ပြောမှာသာပြောပါ''





''မိန်းမတစ်ယောက် မောင်းတဲ့ကားကို အရင်ကလည်း တစ်ခါမှ မစီးဖူးဘူး၊ အခုလည်း မစီးနိုင်လို့ပါ''

''ရော့''

''ဝှစ်''

အောင်ဖို့စကားအဆုံးမှာ သူ့ထံ ဝှစ်ခနဲ လေထဲက အပြေးရောက်လာသည့် ကားသော့ကို ကျွမ်းကျင်စွာ ဖမ်းယူလိုက်ပြီး မိုးကေရီတက်ဖို့ ကားတံခါးကို အရင်ဖွင့်ပေးပြီးမှ ပြိုင်ကားနီနီလေးသို့ နေရာက ကျွမ်းကျင်စွာ ဝေါခနဲ ပြေးထွက်စေလိုက်သည်။ မိုးကေရီက သူ့ကို တစ်လမ်းလုံး စကားမပြောဘဲ ငြိမ်နေသည်။

''မိုးကေရီ''

''ပြောပါ''

''ဖြစ်နိုင်ရင် အခု မိုးကေရီပြောတဲ့အလုပ်ကို ကိုယ် လက်ခံပါရစေနော်''

''အကြောင်းပြချက်က ဘာလဲ''

သူ ရုတ်တရက်မဖြေသေးဘဲ မျက်ခုံးထူထူတို့ကို တွန့်ကုပ်ပစ်သည်။

''အမှန်အတိုင်းပြောရမလား၊ လိမ်ညာဖြေရမလား''

''အမှန်အတိုင်းဖြေ''

''ကိုယ်နဲ့ တခြားတစ်ယောက်ဆိုရင် ဒီတာဝန်ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မငြင်းပါဘူး”

“ဪ မိုးနဲ့မို့လို့ ငြင်းတယ်ပေါ့”

သူ မဖြေ။

စိမ်းကားနာကြည်းသော မျက်လုံးအစုံဖြင့် မိုးကေ
အောင်ဖုံဘက်ကို ဆတ်ခနဲ လှည့်ကြည့်သည့်အဖြစ်ကို အောင်
မသိလိုက်။ ကားကို ဂရုစိုက်မောင်းရင်း ပြောရမည့်စကားကိုသ
အလေးအနက် စဉ်းစားနေ၏။

မိုးကေရီမှာဖြင့် အသည်းရော နှလုံးပါ ဆတ်ဆတ်ခါနာ
ပါပြီ။

သူလို လူတစ်ယောက်ကများ မိုးကေရီလို မိန်းကလေ
တစ်ယောက်ကိုဆိုသည့် မာနစိတ်က တစ်ဖက်။ ဒီလော
လိုက်လျှောနေရာပေးနေပါရက်နဲ့ မိုး ခံနိုင်သမျှပေးအောင် ကျ
ရှောင်နေရအောင် သူက ဘာသားနဲ့ထုထားတာမို့လည်းဆိုသ
အလှမာန်လေးကတစ်ဖက်နှင့် ကိုယ်ချစ်မိတဲ့သူက ကိုယ့်အ
ရက်ရက်စက်စက်ဆိုသည့် အတွေးတွေရောနှောကာ ပါးပြင်
မျက်ရည်တွေ စီးကျမလာအောင် မနည်းသတိနှင့် ထိန်းချုပ်
သည်။

တခြားမျက်ကွယ်နေရာမှာဆို မိုး အော်ငိုမိမည်လား မ
တတ်။





“ကိုယ်ဆိုလိုတာက”

“ရှင့်စကားကြောင့် မိုး စိတ်မဝင်စားဘူး။ ဒက်ဒီပေးတဲ့တာဝန်ကို မလုပ်ချင်ရင် ဒက်ဒီကို ရှင်ကိုယ်တိုင်ငြင်းပြီး အလုပ်ကထွက်လိုက်”

“ရှင့်အတွက် ဒါထက်ကောင်းတဲ့အဖြေ မရှိဘူး”

မိုးကေရီမျက်နှာလေးကို သူ ဖျတ်ခနဲလှည့်ကြည့်ပြီး ချက်ချင်းအကြည့်ကို လွှဲပစ်သည်။

“ဖြစ်နိုင်ရင် မိုးကေရီပြောသလို ကိုယ်လုပ်ချင်ပါတယ်”

“ဦးအောင်ဖုံ”

“ဗျာ”

“ရှင့်ပါးစပ်ကို အခုချိန်ကစပြီး ပိတ်ထားရင် အကောင်းဆုံးပဲ၊ ရှင့်ကျေးဇူးရှိတယ်ဆိုပြီး ငြိမ်ခံနေတာကို အကောင်းမထင်ပါနဲ့”

“မိုးနဲ့ရှင် အတူတွဲပြီး အလုပ်မလုပ်နိုင်ရင် မိုးကားပေါ်က ဆင်းပါ”

“မိုးကေရီ”

“ရှင် မိုးကို ဘာမှမပြောနဲ့၊ ရှင့်ကိုယ်ရှင် ဘာထင်လဲ၊ ရှင့်ကို မိုး သိပ်မုန်းတယ်သိလား”

“မုန်းတယ်”



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ဤမျှပေါက်ကွဲမိသည်ကို မိုးကိုယ်တိုင်လည်း မသိတော့။ အခုပဲ ငိုတော့မယောင် မျက်နှာလေး၏ မိန်းမလှလေး အဖြစ်ကိုကြည့်ပြီး မည်သည့်စကားမှမဆိုဘဲ ရေငုံနှုတ်ဆိတ်သွားသူက အောင်ဇံ။

"ကားကို အခုရပ်"

မိုး၏အော်သံကို မကြားသလို လေအနှင်မှာ တလွင့်လွင့် ပြေးနေသည့် ကားပေါ်မှာ မိုး အင်မတန် မုန်းသည့်လူနှင့် မိုး နှစ်ယောက်တည်း။ မငိုဘူးဟု စိတ်ကို အပြတ်တင်းထားသည်။ မျက်ရည်ဆိုတာ သူမ သက်ဆိုင်ပတ်သက်သောအရာဟု ဘယ်တုန်းကမှ မတွေးဘဲနေလာခဲ့သည့် ကလေးမ။

အခုမှ ဘာမဟုတ်တာလေးနှင့် ဘာမှမဟုတ်သည့် သူစိမ်းယောကျ်ားတစ်ယောက်ရှေ့ မျက်ရည်အလွယ်ကျနေခြင်းအဖြစ်ကိုလည်း ကိုယ့်ဘာသာ မုန်းမိသည်။ ကားက ဦးတည်ရာလမ်းအတိုင်း တရိပ်ရိပ်ပြေးနေ၏။ ဘယ်ကိုသွားရမှာလည်းဟု အောင်ဇံက မမေးသလို မိုးကေရီကလည်းမပြောပါ။

တစ်နေရာအရောက်မှာ ကားကိုချိုးကွေ့ဝင်လိုက်တော့ ဘွားခနဲမြင်တွေ့လိုက်ရသည့် ကြည်စင်ပြာလွင်သော ရေပြင်ကျယ်။

"ကျွိး"

ကားလေးကို ကျယ်လွန့်ပုံ့ပြောသော နေရာမှာ ထိုးရပ်ပြီး ကားပေါ်က အောင်ဇံ အရင်ဆင်းသည်။ ပြီးတော့ မိုးကေရီဘက်က ကားတံခါးကို ဖွင့်ပေးသည်။





"ဒါဘာလုပ်တာလဲ"

"ကားပေါ်ကဆင်းနိုင်အောင် တံခါးဖွင့်ပေးတာလေ"

"ရှင့်ကို အဲဒါ မေးတာမဟုတ်ဘူး၊ ဒီနေရာကို ဘာကိစ္စနဲ့ လာတာလည်းလို့ မေးနေတာ"

"ကိုယ်လည်းမသိဘူး"

"ဘာ"

"ဟိုတစ်ခါတုန်းက ဒီနေရာကိုပို့ပေးဖူးတာ သတိရလို့ ပါ"

အောင်ဇံက သဘောရိုးနှင့်ပြောတာဖြစ်ပေမယ့် မိုးမျက်လုံးထဲမှာ ဖျတ်ဆို မေဖြူ့မျက်နှာ နီးနီးခစ်ခစ် ပြေးဝင်လာတော့ ရင်ထဲ စပ်ဖျင်းဖျင်းနှင့် အခံရခက်သွားသည်။

အကြောင်းမှသိရင် ခက်ဦးမယ်။

မေဖြူဆိုတဲ့ မိန်းမနဲ့ ဒီနေရာလေးမှာ ဆုံခဲ့တာကို မိုး မသိဘူးထင်နေလား မသိ။

"ပြန်မယ်"

အောင်ဇံက မိုးမျက်နှာလေးကို စိုက်ကြည့်သည်။ မိုးက သူ့ကိုမကြည့်ဘဲ အကြည့်လွှဲထားတာမို့ ကားတံခါး ချက်ချင်းပြန်



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ပေးလိုက်သည်။ ပြီးတော့ နေရာက ဝေါခနဲ ကားကို ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းထွက်သည်။

ဦးစက်ရှိန်၏ သမီးကိုမှ ဘာကြောင့် အောင်ဖုံစိတ်ထဲ နေရာပေးနေတာလည်းဟု ကိုယ့်ကိုယ်ကို မကျေနပ်။

အောင်ဖုံ။

မင်းနာတော့မယ်။ သတိထားနေစမ်းဟု အပြတ်မဲတင်းလိုက်မှ နေသာထိုင်သာဖြစ်သွားသည်။ အပြန်ခရီးမှာ မိုးက အောင်ဖုံ့မျက်နှာကို သူ့အလစ်မှာ မသိမသာလေး ခိုးကြည့်သည်။

အံမယ် သူ့မျက်နှာကလည်း ရှစ်ခေါက်ချိုးနဲ့ မိုးကေရီကို မြင်ပြီး စိတ်ဆိုးနေပုံမျိုးပါလား။ သူလိုသူ စိတ်ဆိုးတော့ မိုးက ဘာဂရုစိုက်ရမည်နည်း။ သူပြောသည့်စကားကမှ မိုး၏ မိန်းမသားမာနကိုရော ရှိရှိသမျှဂုဏ်သိက္ခာကိုရော ထိခိုက်နာကျင်ခံစားစေတာ မို့ မေ့မရ။

တခြားသူတစ်ယောက်က မိုးကေရီအပေါ်မှာ ဒီလိုလေမျိုး လာချိုးလို့ကတော့ နေရာမှာတင် ပွဲပြီးသွားမှာဖြစ်ပေမယ့် ဦးအောင်ဖုံဆိုသည့်လူက မိုးရင်ထဲ အသည်းထဲက အရှုံးပေးထားရသူဖြစ်နေတော့ ခက်သည်။

"ဒါက ဘယ်ကိုသွားမှာလဲ"

"မသိဘူး"





ကြည့်စမ်း။

"မသိဘဲနဲ့ ကားကို မောင်းချင်ရာလျှောက်မောင်းနေလို့ ဖြစ်မလားရှင့်"

"လျှောက်မောင်းတာမကြိုက်ရင် နေရာအတိအကျပြော"

မိုးနှင့် စကားပြောတော့ လေသံက မာသလိုမျက်နှာက လည်းတင်းတာမို့ မေဖြူနှင့်တုန်းက ပြုံးရယ်စကား ဆိုနေသောရုပ်ကို နှိုင်းယှဉ်ကာ မိုးရင်ထဲ ဒေါသစိတ်လေးတွေ ဆူဝေလာသည်။

အေးလေ ဒါလည်း မိုးအလုပ်မဟုတ်ပါဘူး။

စိတ်ထဲရှိသည့်အတိုင်း ပြောရအောင်လည်း သူနဲ့ကိုယ် ဘာမှဆိုင်တာလည်းမဟုတ်။

"ကမ်းနားဘက်ကို အရင်သွားမယ်"

"ကောင်းပြီ"

"ရှူး"

ဟွန်း။

မှန်းစရာကောင်းတဲ့လူ။

သူ့ကိုယ်သူ ဘာထင်နေသည်မသိ။

စိတ်ချ။

မိုးကေရီလို မိန်းကလေးကို လျှော့တွက်ထားလို့ကတော့ တစ်နေ့ ရှင်ပဲ ကောင်းကောင်းနောင်တရစေမယ်မှတ်ထား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

သူ့အတွက် အိပ်ခန်းဟုဆိုပေမယ့် ပစ္စည်းက အပြည့်အစုံ အပြင် ပိုတောင်ပိုလျှံလွန်းနေသည်ဟု ပြောရမည့်အနေအထား။ သူ့ငွေး အသုံးအဆောင်ပစ္စည်းအကုန်ရှိသည်။ ပြောရလျှင် ခုတင် မွေ့ယာ စောင် ခြင်ထောင်ကအစ။ အားလုံး သပ်သပ်ရပ်ရပ် သစ်လွင်သားနားလွန်းသည်ဆိုတော့ လက်ရှိသူ့အနေအထားနှင့် မအပ်စပ်သလိုဖြစ်နေသည်။

"ကိုယ် ဒီမှာ တကယ်နေလို့ဖြစ်ပါ့မလား မိုးကေရီ"

"ရှင် ဘာပြောတာလဲ"

"အလုပ်ရှင်နဲ့ အလုပ်သမားထုံးစံအရဆိုရင် ကိုယ့်လိုလူ တစ်ယောက်ကို ဒီလိုနေရာမျိုး ပေးတယ်ဆိုတာ မဖြစ်နိုင်လို့ပေါ့"

"ဖြစ်နိုင်လို့ ဖြစ်နေပြီပဲရှင့်၊ ကောင်းကောင်းမွန်မွန်ထားလို့မှ မနေနိုင်ဘူးဆိုရင် ရှင့်အစီအစဉ်နဲ့ရှင်နေလေ၊ ဒါလည်းဖြစ်တာပဲ"





တမင်အရွဲ့တိုက်စကားမှန်းသိသဖြင့် မိုးမျက်နှာလေးကို သူ စိုက်ကြည့်ပစ်လိုက်သည်။ မိုးကေရီဆိုသည့် မိန်းကလေးသာ ဦးစက်ရှိန်ရဲ့သမီး မဟုတ်ခဲ့ရင် ကိုယ့်ရဲ့အိပ်ပျော်နေတဲ့ နှလုံးသားကို အလန့်တကြား နိုးထစေတဲ့ အချစ်နတ်သမီးအဖြစ် အချစ်မြားနတ်မောင်ကို အောင်စုံ ကျေးဇူးတင်မိမည်။

အခုတော့ သူ့အချစ်နတ်သမီးလေးက သူ့ရန်သူတော် ဦးစက်ရှိန်၏ သမီးဖြစ်နေတော့ခက်သည်။ ဆုပ်လည်းရှူး စားလည်း ရှူးဘဝ။

"ဒီမှာနေရင် တစ်ခုတော့ ကြိုပြောထားမယ်၊ ဘာဘာ ညာညာ ရှုပ်ရှုပ်ယှက်ယှက်ကိစ္စမျိုး ရှိလာလို့ကတော့ လုံးဝခွင့်လွှတ် မှာ မဟုတ်ဘူးဆိုတာသိထားပါ"

"ဘာကိုဆိုလိုချင်တာလဲဆိုတာ အတိအကျပြောပါ"

လှပဝိုင်းစက်သော မိုးကေရီ မျက်ဝန်းအကြည့်တွေက အောင်စုံထံ ဖျတ်ခနဲရောက်လာသည်။ သိရဲ့သားနဲ့ တမင်ညစ်ပြီး မိုးကို ပြန်မေးနေတာကို မုန်းမုန်းနှင့် မျက်စောင်းထိုးမိမတတ် ဖြစ်သွား ရသော စိတ်ကို ဖျတ်ခနဲ သိမ်းဖုက်လိုက်ရ၏။

"ရှင်းနေတာပဲ၊ မိန်းမကိစ္စ ရှုပ်ရှုပ်ယှက်ယှက်မနေဖို့ ပြောနေတာ"

"ဆိုလိုတာက ဘယ်မိန်းကလေးညှို့သည်မှ မလာရဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ သဘောလား''

''ညှိသည်ကိုတော့ မပြောဘူး''

''ညှိသည်မဟုတ်တဲ့လူဆိုရင်တော့ မရဘူးပေါ့''

''ဟုတ်တယ်''

အောင်ဖုံနှုတ်ခမ်းအစုံမှာ ချစ်စနိုးအပြုံးတစ်ခု လက်ခနဲ ဖြစ်သွားတာကို မိုး မသိလိုက်ပါ။

''အလုပ်ရှင်နဲ့ အလုပ်သမားစည်းကမ်းထဲမှာ အဲဒါမျိုး မပါဘူးထင်တယ်''

''တခြားအလုပ်တွေမှာတော့ မပြောတတ်ဘူး၊ ဒီက အလုပ်သဘောမှာပါတယ်၊ ဒါလည်း ရှင်သဘောကျမှ အလုပ်ဆက်လုပ်ပါ၊ ချမှတ်ထားတဲ့စည်းကမ်းကို မလိုက်နာနိုင်လို့ကတော့ အလုပ်ကထွက်ချင်တယ်ဆိုလည်း ရှင့်သဘောပဲ''

''ဒီအလုပ်လေးရှိမှ ထမင်းနပ်မှန်ရမယ့်ဘ၀ဆိုတော့လည်း စည်းကမ်းကို လိုက်နာပါ့မယ်၊ အလုပ်ကိုတော့ မထွက်ပါရစေနဲ့လို့ တောင်းပန်ရတော့မှာပေါ့ဗျာ''

''ဒီလိုတောင်းပန်လာတော့လည်း လက်ခံရတော့မှာပေါ့လေ၊ အခုချိန်ကစပြီး ရှင် ဒီမှာနေခဲ့တော့၊ မိုးလာတဲ့အချိန် မိုးခေါ်တဲ့အချိန်မှာ အဆင်သင့်ရှိရင်ရပြီ''

''ကောင်းပါပြီ''





မိုးကားလေး နေရာက ဝေါခနဲ ထွက်သွားတော့ ရပ်ကြည့်ရင်းကျန်ခဲ့သည်။

လှိုင်းတွေက တလုန်းလုန်းရိုက်ခတ်နေ၏။ ပင်လယ်ပြင်ဘက်ကို မျက်နှာမူပြီး ဆောက်ထားသည့် အဆောက်အဦးများစွာရှိနေသည့်ထဲက အဆောက်အဦးလေးထဲတစ်ခုမှာ အောင်ဖုံ ရောက်နေသည်။ ဤဝင်းကြီးတစ်ခုလုံးကို သူဌေး ဦးစက်ရှိန်ပိုင်သလို ကုန်ပစ္စည်းအဝင်အထွက်တွေကလည်း ရှုပ်ထွေးသည်။

ကုန်းလမ်းခရီး ကားနှင့်လာတာရှိသလို ရေလမ်းက ဦးစက်ရှိန်ပိုင် မော်တော်စက်လှေတွေနှင့် ရောက်လာတာလည်းရှိသည်။ အပေါ်ယံအမြင်မှာတော့ ဦးစက်ရှိန်က ရိုးရိုးသားသား ရေထွက်ပုပ်ငန်းပစ္စည်းနှင့် ရော်ဘာခြံစိုက်ပျိုးသူ။ မြို့မျက်နှာဖုံး သူဌေးဦးစက်ရှိန်အမည်နှင့် လှူထားသည့် ဘုရားကျောင်းဇရပ်တွေလည်း လက်ညှိုးထိုးမလွဲ။

ဦးစက်ရှိန် ကိုးကွယ်သည့်ဘုန်းကြီးကျောင်းက ဟီးထနေသည်။ တော်ရုံလူ အနားမကပ်ဝံ့အောင် မြန်မာမှုလက်ရာတွေနှင့် ခမ်းနားသည် ကြီးကျယ်သည်။ သူဌေးဦးစက်ရှိန်အဖြစ် အလှူအတန်း အပေးအကမ်း ရက်ရောသော ဦးစက်ရှိန် အတိတ်ခရီးလမ်းနှင့် အတွင်းအစ္ဆတ္တကိုက မည်သူမှ အတိအကျမသိကြ။

တစ်ချိန်က ဦးစက်ရှိန်၏ အတိတ်သမိုင်းခရီးမှာ ဦးစက်



www.burmeseclassic.com

www.burmeseclassic.com



ရှိန် နေထိုင်ကျင်လည်ခဲ့ရသည့် လူမှုဝန်းကျင်ကို ဖော်ထုတ်မည့်သူက အောင်ဖုံ။

ဦးအောင်ဇေ ဒေါ်မေမေခင်တို့ သားရတနာ အောင်ဖုံ။ အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်အဖြစ် ဦးအောင်ဇေနှင့် ဦးတင်ရှိန်တို့ အကျိုးတူပူးပေါင်းပြီး စပ်တူစီးပွားရေးလုပ်ခဲ့ကြသည်။ ထိုစဉ်က ဦးတင်ရှိန် ဒေါ်ရင်လှဆိုသည့် ဇနီးမယားရှိသော်လည်း သားသမီးမရှိ။

သူငယ်ချင်းနှစ်ယောက် ကံတူအကျိုးပေးသဖြင့် စီးပွားဖြစ်ကြသည်။ နောက်ဆုံးပိတ် အိတ်နှင့်လွယ်ဆိုသလို ရှိသမျှ အရင်းအနှီး စုပုံအောမည့်အခေါက်မှာ ဦးတင်ရှိန်၏ ဇနီး ဒေါ်ရင်လှ ဆုံးသည်။ အရက်တတွေတွေဖြစ်နေသည့် ဦးတင်ရှိန်ကို ဖျောင်းဖျပြီး ဦးအောင်ဇေတို့လင်မယားနှစ်ယောက် ခရီးအတူသွားကြရင်း ကားဘရိတ်ပေါက်ပြီး ချောက်ထဲကျသည်။

ကားမီးလောင်ပေါက်ကွဲသဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော အလောင်းသုံးလောင်းကို မည်သူမျှ သံသယမဖြစ်ဘဲ မီးသင်္ဂြိုလ်လိုက်ကြသည်။ အောင်ဖုံတို့ခေါင်နှမ ခိုးကိုးရာမဲ့ဖြစ်သွားတာကို ကြီးကြီးအုံက ခေါ်ယူမွေးစားသည်။ ကျောင်းထားပေးသည်။ အမွေစား အမွေခံအဖြစ် သူပိုင်ပစ္စည်းတွေ ပေးအပ်ခဲ့သည်။

အကြောင်းတိုက်ဆိုင်ချင်တော့ အောင်ဖုံဖခင်၏ မိတ်ဆွေ





တစ်ယောက်က ဦးတင်ရှိန်မှ ဦးစက်ရှိန်အဖြစ် အမည်ပြောင်းပြီး ကြီးပွားချမ်းသာနေသည့် ဦးစက်ရှိန်ကိုတွေ့လာသည်။

အောင်ဖုံက မိဘနှစ်ပါးအတွက် ဦးစက်ရှိန်၏ဘဝမှန် ဖော်ထုတ်ပြီး ကလဲ့စားချေရန် သူ၏ဘဝမှန်ဖြစ်သော ဒေါက်တာအောင်ဖုံဆိုသည့် ဘဝအစစ်အမှန်ကိုဖျောက်ကာ အလုပ်သမားတစ်ယောက်အဖြစ် ဟန်ဆောင်ရောက်လာသူဖြစ်သည်။

ဖြစ်ချင်တော့ ဦးစက်ရှိန်၏သမီး မိုးဇကရီဆိုသည့် မိန်းမချောလေးအပေါ်မှာမှ သူ့စိတ်တွေ လှုပ်ရှားခဲ့သည်။ မိုးကို သူချစ်မိသည်။ ပါးစပ်က ထုတ်မပြောပေမယ့် မိုးကလည်း သူ့ကို စိတ်ဝင်စားနေတာကို အလိုလို အသိစိတ်ဖြင့် နားလည်နေသည်။

၂စ်ယောက်စလုံး ကိုယ့်အကြောင်းနှင့်ကိုယ် စည်းမကျော်မိအောင် နေကြသည်ဆိုပေမယ့် နှလုံးသားချင်း သိနေသည်။ အသွေးအသားချင်း သိနေသည်။ ဖခင်၏ မိုက်မဲကျူးလွန်ခဲ့သည့်အပြစ်အတွက် သမီးဖြစ်သူကို ခုတုံးလုပ်ပြီး ကလဲ့စားချေမည်ဆိုလျှင် ဖြစ်သော်လည်း ထိုအပြုအမူမျိုးကို အောင်ဖုံကိုယ်တိုင် လက်မခံ။

သူ့တရား သူ့စီရင်လိမ့်မည်။

အပြစ်ရှိသူကို တရားဥပဒေအရ အရေးယူ ဖြေရှင်းရုံအပြင် တခြားမရှိ။ အောင်ဖုံမှာလည်း အစ်မရှိသည်။ မိုးဇကရီ မျက်နှာကိုမြင်တိုင်း မမလုံကို ပြေးသတိရသည်။ ကိုယ့်အစ်မကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင် အိမ်ထောင်ကံကောင်းရှာသူမဟုတ်။ စာနာတရားက မိုးဇေကရီ ရင်ဆိုင်ကြုံတွေ့ရမည့် ဝဋ်ဒုက္ခဆိုးမှ ကင်းလွတ်ဖို့ဖြစ်သည်။

မင်းလေး သိပ်ကံကောင်းပါတယ် မိုးရယ်။

ကိုယ့်နေရာမှာ တခြားတစ်ယောက်သာဖြစ်ခဲ့မယ်ဆိုရင် အခုလို ကိုယ်တွေးသလို တွေးမိချင်မှ တွေးမိမယ်။

နာကြည်းခြင်းဆိုတဲ့ ခံစားချက်ကို ရှေ့တန်းတင်ပြီး ကလဲ့စားချေခြင်းဆိုတဲ့အရာနဲ့ အဆုံးသတ်တဲ့အခါ အမှားအမှန်ဆိုသည့် သူ့ဘက်ကိုယ့်ဘက် ခွဲခြားရခက်မယ်ထင်ရဲ့။

"ဟိတ်ကောင် အောင်ဖုံ"

"ဟာ စည်လွင်"

"တူပါတယ်လို့ကြည့်နေတာ၊ ဒီမှာ မင်းတစ်ယောက်တည်း ဘာလာလုပ်နေတာတုန်း"

အရေးထဲအရာပေါ်ဆိုတာ စည်လွင်လိုကောင်ကို ပြောတာဖြစ်မည်။

မိုးဇေကရီလာမည်ဆို၍ အသင့်ထွက်စောင့်နေပါသည်ဆိုမှ မှန်ကြောင်စည်လွင်နှင့် (ဘတွေ့နေ၏။

"အသိတစ်ယောက်နဲ့ ချိန်းထားလို့ လာစောင့်နေတာကွ၊ မင်းကရော"

"အေး ငါလည်း ငါ့ဦးလေးဆီလာတာလေ၊ ဟိုမှာမြင်





း၊ ဟိုးအိမ်ပြာပြာလေးဟာလေ၊ အဲ့ဒါ ငါ့ဦးလေးအိမ်ပေါ့၊ အခု ဒီမှာ ငါနေနေတာကွ"

"မင်းရော အရင်အိမ်ပဲလား"

"အေး"

"နယ်မှာအနေကြာလို့လား မသိပါဘူးကွာ၊ ငါ့အတွက် နေရတာ တစ်မျိုးတော့တစ်မျိုးဟ"

"အခု အိမ်က ငါ့ကို မိန်းမပေးစားဖို့ လုပ်နေလို့ လစ်ပြေးတာ၊ မင်းရော မယူသေးဘူးလား"

"အချိန်တွေရှိပါသေးတယ်ကွာ"

"ဘယ့်နှယ် အချိန်ရှိရမှာတုန်း၊ တို့ကောင်တွေအားလုံး တွဲလွဲ မယားတွဲလွဲနဲ့ ငါတို့ပဲ အူကြောင်ကြောင်ကျန်တာ မောင်ရေ၊ မင်းလည်း အချိန်ရှိတုန်း ကြိုးစားထား"

"ဟော ဟိုမှာလာပြီ၊ နောက်မှ အေးအေးဆေးဆေး အိမ်ငါလာဦးမယ်ဟေ့၊ အခုတော့ သွားပြီ"

"ဟ ဘာလဲကွ"

"ကျိုး"

အောင်ဖုံ့နား ကပ်ရပ်လာသည့် ပြိုင်ကားနီနီလေးက လို ကားပေါ်ကဆင်းလာသည့် ကလေးမလေးတလည်း ည်။ ကားမောင်းသူနေရာကို နေရာဝင်ယူလိုက်သော အောင်ဖုံ



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှာ လှလှကြွကြွလေးပါသွားသည့် ကလေးမလေးကိုကြည့်က
စည်လွင် သဘောပေါက်သွား၏။

သူတို့က ဒီလိုကိုး။

စည်လွင်ကိုသာ အမေတို့က ဒီလိုမိန်းမမျိုးရှာပေးစားလျှင်
အခုပဲ ယူရယူရပါ။ အခုတော့ စည်လွင်ယူရမည့်မိန်းမ၏ ပုံပေ
ပုံတွေးကာ ရင်ထဲဆွေးနာကျင်လျက် အောင်နံ့တို့ကားလေး
ဒေးရင်းကျန်ရစ်သည်။

◆ ◆ ◆



## အခန်း (၁၂)

"မိုးကေရီနှားက ဘာကောင်လဲကွ"

"သူကောင်နေမှာပေါ့"

"အဘိုးကြီးရဲ့ လူယုံလို့ပြောတာပဲ၊ သမီးပေးပြီး အဝီကိုင်
ထားထဲက တော်ရုံထဲက ဖြစ်ပါ့မလား"

"မိုးကေရီကိုကြည့်ရတာ ဒီလူကို ကျနေတဲ့ပုံပဲ"

"သိပ်မထင်ပါဘူးကွာ၊ ဒီလိုမျိုးကောင်တွေ သူနားမှာ
အချိန်မရွေးပါ"

ဝေဖန်သံတွေရော လေကန်သံတွေရော မိုးကေရီနှင့်
အောင်နံ့တို့သွားရာလမ်းမှာ ကျန်ရစ်ခြင်းကို မိုးကေရီသိသလို
အောင်နံ့လည်းသိပါသည်။ မည်သူနှင့်မှ ဖြိုင်ဘက်ပြီး ပြောရဲမရ
သော အနေအထားမှာ မကြားတကြားပြောတာရော တမင်မကြား
ကြားအောင် ပြောသည့်စကားတွေကို လျစ်လျူရှုထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ဦးစက်ရှိန်လူတွေဆိုတော့ ပိုဆိုးသည်။ အများနှင့်တစ်ယောက် ပြိုင်မိုက်လျှင် ကိုယ်ပဲနာမည်။ တချို့က အောင်ဖုံ့ကိစ္စကို သူတို့နှင့်မဆိုင်သလို နေနိုင်ကြပေမယ့် တချို့ကြတော့လည်း အသလွှတ်ကြီး ပြဿနာရှာရမ်းချင် ကြမ်းချင်တာလည်းရှိသည်။

မိုးကေရီသာ ကြားခံမနေလျှင် ရန်ပွဲဘယ်နှစ်ကြိမ် ဘယ်နှစ်ခါ နွှဲနေရမည်မသိ။ မိုးကလည်းပါးသည်။ သူမဘယ်သွားသွား အောင်ဖုံကို အပါခေါ်သည်။ နေရာပေးသည်။ ဒါတွေကြောင့်ပဲ အားလုံးမျက်လုံးထဲမှာ အောင်ဖုံ မျက်စိမွေးစူးစရာဖြစ်ရသည်။

အခြေအနေက မလှုပ်သာမလွန့်သာဆိုပေမယ့် မိုးကေရီနှင့် သွားရတာ ပညာရသည်။ လုပ်ငန်းပိုင်းကျတော့ မိုးကေရီက လူငယ် ပေမယ့် ပညာကြတော့ မငယ်။ သူ့အဖေခြေရာမီသည်။ အင်္ဂလိပ် စကားနှင့် ယိုးဒယားစကားကို ကျွမ်းကျင်စွာပြောနိုင်သည်။ ကွန်ပျူ တာသုံးရာမှာလည်း စိတ်ချရသည်ဆိုတော့ ဘယ်သူမှ ဦးစက် ရှိန့်သမီးကို မလေးမစားမလုပ်ရဲ။

မိုးက သူမအဖေခိုင်းသည့်ကိစ္စတိုင်းမှာ အောင်ဖုံနှင့်အတူ သွားသည်။ အမိကက အောင်ဖုံကိုယ်ခံပညာပိုင်းကို ယုံကြည်အား ကိုးတာလည်းပါသည်။ နောက်တစ်ခုက ကိုယ်ချစ်တဲ့သူနဲ့ အတူ သွားရတော့ ပျော်သည်။ စိတ်ကြည်နူးသည်။ ဒါက မိုးဘက်က





အပိုင်းဖြစ်ပေမယ့် အောင်ဖုံဘက်ကျတော့ ဦးစက်ရှိန့်လုပ်ငန်းသဘော တရားကို လေ့လာမှတ်သားကာ ဥပဒေနှင့်အညီ အရေးယူဖို့အမိက သက်သေအခိုင်အမာ ရှာဖွေစုဆောင်းနေသည်။

မိုးကေရီကတော့ အောင်ဖုံ့အကြံအစည်ကို မသိသလို သူမအဖေ၏ အတိတ်သမိုင်းကြောင်းကိုမသိ။

မိုးကေရီက ဦးစက်ရှိန့်၏ နောက်အိမ်ထောင်က မွေးတာ ဖြစ်ပြီး မိုးမိခင်က မိုးမွေးပြီးပြီးချင်း ဆုံးသွားသည်။ ဦးစက်ရှိန်က မိုးကို တန်နေအောင်ချစ်သည်။ အလိုလိုက်သည်။ မိုးကေရီကြောင့် လည်း အောင်ဖုံတစ်ယောက် အချိန်တိုတိုအတွင်းမှာ ဦးစက်ရှိန့်၏ အတွင်းလူဖြစ်လာရခြင်းဖြစ်သည်။

မိုးက ကားမောင်းသည့်နေရာမှာတင် ကျွမ်းကျင်ပိုင်နိုင်တာ မဟုတ်။ စက်လှေမောင်း;သည့်နေရာမှာလည်း ကျွမ်းကျင်တာ တွေ့ရသည်။ သို့သော်လည်း အောင်ဖုံက မိန်းမမောင်းသည့် အားကိုပင် မစီးပါဟုဆိုထားသဖြင့် အောင်ဖုံပါလျှင် စက်လှေ ချိတ် မော်တော် ဘာတစ်ခုမှ မောင်းနှင်ခြင်းမရှိ။

အောင်ဖုံကို ချစ်မြတ်နိုး၍ သူ့စကားကို အလေးထားခြင်း ဖြစ်ကြောင်း တခြားသူမသိပေမယ့် မိုးပဲသိသည်။ ဒီနေ့လည်း မိုးကေရီ၏ ဒက်ဒီ့အမိန့်အရ ပစ္စည်းတချို့တစ်ဝက် ရောက်လာ တာကို သွားကြည့်ကြသည်။ လုပ်ငန်း၏ သဘောတရားကိုသိအောင်



www.burmeseclassic.com

www.burmeseclassic.com



လည်း အောင်စုံကို အရေးကြီးသည့် အစိတ်အပိုင်းထားရာနေရာသို့ လိုက်ပါခွင့်မပြု။

ထိုအပိုင်းကိုတော့ မိုးတစ်ယောက်တည်း ဦးစက်ရှိန်၏ လှုယံ့တွေနှင့် ဆက်လှုပ်ရှားသွားသည်။ အပြင်မှာ မိုးကရွာချသည်။ အစတုန်းကတော့ ခပ်ဖွဲဖွဲ။ နောက်တော့သည်းသည်။

လှိုင်းထန်သလို လေကကြမ်းတာမို့ ရေထဲမှာ စက်တပ်ပဲ့ချိတ်လေးက လူးခါနေသည်မှာ အသည်းယားဖွယ်။

"သတိထားနော် မိုးကေရီ၊ လှိုင်းသိပ်ကြီးနေတယ်၊ ကိုယ့်လက်ကိုဆွဲထား"

"ဟုတ်ကဲ့"

ကမ်းမမြင် လမ်းမမြင်ဆိုတာ ဒီလိုခရီးကိုခေါ်လေသလားမသိ။ နတ်သမီးကျောက်ဆောင်ကွေ့က ပုံမှန်ဆိုလျှင် လှမ်းမြင်တွေ့နိုင်သည့် အနေအထားဖြစ်ပေမယ့် အခုလို မိုးသည်းလေထန်နေချိန်မှာ ဘာဆိုဘာမှ မမြင်မတွေ့နိုင်ခြင်းကြောင့် လှိုင်းလေထဲမှာ ဘယ်ညာလူးလိမ့်နေသော မိုးတို့လိုက်ပါလာသည့် ပဲ့ချိတ်ကို ကျည်သူကင်းမဲ့နေသည့်အဖြစ်သို့ ရောက်ရှိသွားစေသည်။

"အားလုံး သတိထားကြနော်၊ အချိန်မရွေး တစ်ခုခုဖြစ်သွားနိုင်တယ်၊ အသင့်ပြင်ထားကြ"

"ပေါင်"





"ဦးအောင်စုံ မိုးတို့ ဘယ်လိုလုပ်မလဲ"

ကြောက်စိတ်ဖြင့် ဖွေးဖွေးဖြူနေသည့် မျက်နှာလေးက ငိုမဲ့မဲ့။ ပဲ့ချိတ်မောင်းသူ၏ မျက်နှာမှာလည်း စိုးရိမ်ခြင်းတွေနှင့် မိုးရေလား ချွေးလားမသိနိုင်အောင် ရေတွေရွှဲနစ်နေပုံက စိတ်မသက်သာစရာ။

အရေးကြုံလျှင် ကိုယ့်အသက် ကိုယ်လုပြေးကြသည်က လောကဓမ္မတာ။

"ဟာ ရှေ့မှာကျောက်ဆောင်ပဲ"

အနီးကပ်ကြည့်မှ ဘွားခနဲ ရင်ဆိုင်ကြုံတွေ့လိုက်ရတာမို့ အချိန်မမှီတော့။

"ဒုန်း"

"ဝုန်း"

"အမလေး"

"မိုး…မိုး"

မိုးကေရီ၏ အသံကို မကြားရတော့။ အောင်စုံကိုယ်တိုင် ရေထဲကို အရှိန်ဖြင့်ပါသွားပြီးမှ မနည်းရုန်းပြီး ရေပေါ်ကိုဆန်အတက် တိုက်တိုက်ဆိုင်ဆိုင် သူ့နားကပ်လျက် ပေါ်လာသည့်လူတစ်ယောက်ကို အမိအရ ဖမ်းဆွဲလိုက်တော့ မိုးကေရီ။

ရေသူမလေး အရှုံးပေးရလောက်အောင် ရေကူးကျွမ်းကျင်



www.burmeseclassic.com

www.burmeseclassic.com



သော မိုးဇကရီနှင့် တက္ကသိုလ်က ရေကူးချန်ပီယံဖြစ်သော အောင်ရှိ တို့နှစ်ယောက် ရေထဲမှာ အတူကူးခတ်ရင်း သူတို့ရှေ့မှာ မည်းမည်း သဏ္ဌာန်မျောလာသော အရာကို အတူဖမ်းဆုပ်ဖွင့်ရလိုက်ကြပြီး နောက် ရေစီးအတိုင်း ကြမ်းတမ်းစွာ မျောပါသွားကြသည်။

အမှောင့်တကာ အမှောင်သို့ သက်ဆင်းပြီးနောက်မှာ အလင်းပျပျက အသိတရားအတွင်းသို့ ရေးရေးမျှဝင်ရောက်လာ၏။ ပထမဆုံး အသိတရားထဲ တိုးဝင်ရောက်ရှိလာသည်က လှိုင်းပုတ်သံ သဲ့သဲ့။ ပထမတော့ ဟိုးအဝေးက။

နောက်တော့ တဖြည်းဖြည်း အနီးကပ်။ ပီပီသသ ကြည်ကြည်မြမြ။ သဲခုံမှာမှောက်လျက် အနေအထားအတိုင်း ငြိမ်နေ ရင်း ရုတ်တရက် ကိုယ့်ကိုယ်ကို ဘာဖြစ်လို့ဖြစ်မှန်း အောင်ရှိ မသိသေး။ တဖြည်းဖြည်း အသိတရား ကိုယ်မှာကပ်ပြီဆိုမှ သူနှင့် မိုးဇကရီအဖြစ်ကို သတိရသွားကာ လူတစ်ကိုယ်လုံး လှုပ်လှုပ်ရှား ရှားဖြစ်သွားသည်။

"မိုး"

"မိုး"

မျက်လုံးကို ဖျတ်ခနဲဖွင့်ပြီး မိုးအမည်ကို အရူးတစ်ယောက် လို ဟစ်အော်ခေါ်ရင်း သူရောက်ရှိနေသည့် နေရာအနှံ့ အပြေး အလွှား ရှာဖွေကြည့်မိသည်။ ကျွန်းကလေးတစ်ကျွန်းပေါ်မှာ





သူရောက်နေခြင်းပါလား။

ဒါဖြင့် မိုးရော။

တိတ်တခိုးအချစ်နဲ့ လူမသိသူမသိ နိုးချစ်ခဲ့ရတဲ့ မြတ်နိုးရ တဲ့ မိန်းကလေး အခုဘယ်မှာလဲ။

လှိုင်းထဲ လေထဲမှာများ သေပြီလား။

ဒါမှမဟုတ် သူ့လိုပဲ ကျွန်းတစ်နေရာရာမှာ ရှိနေမလား။

"မိုး"

"မိုးဇကရီ မိုး"

နေရာက ဖွတ်အတင်းလူးလဲထမှ ခြေမခိုင်ဘဲ ဝုန်းခနဲ လဲပြိုမှ တစ်ကိုယ်လုံး စုတ်ပြဲတ်နာကျင်နေသည့်အဖြစ်ကို သတိ ရောက်သွားသည်။

"မိုး"

"မိုးဇကရီ"

နာကျင်မှုကို ဂရုမစိုက်ဘဲ ဖွတ်အတင်းထပြီး ရပ်ကာ တမ်းစပ်အနှံ့ လျှောက်အကြည့်…

"ဟာ…ဟိုမှာ မိုးပါလား"

"မိုး"

သူ အရူးတစ်ယောက်နှယ် မိုးဇကရီရှိရာသို့ ဘာကိုမှ ဂရုမစိုက်နိုင်ဘဲ အရောက်သွားပြီး မိုးကိုယ်လေးကို ဝမ်းသာဝမ်းနည်း

www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ထဲ ပွေ့ချီမယူလိုက်ကာ သတိလစ်မေ့မြောနေသော မျက်နှာလှလှလေးနှင့် သူ့မျက်နှာကို အပ်ထားလိုက်သည်။

"ကံကောင်းလို့ပါလား အချစ်မိုးရယ်၊ ကံကောင်းလို့ပါလား"

အသက်မှန်မှန်ရှူနေသော မိုးကြောင့် သူ့ရင်မှာ အတိုင်းမသိ ချမ်းမြေ့သွားသည်။ သူသာ အသက်ရှင်ပြီး မိုးကိုသာ ဆုံးရှုံးရမည်ဆိုပါက ရူးသွားနိုင်သည့် အခြေအနေ။

မိုးကောင်းကင်ကို သူမော့ကြည့်သည်။ အခုတော့လည်း ရာသီဥတုက ကြည်လင်လို့ပါလား။ ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်ပေမယ့် ဘယ်နေရာမှန်းမသိ။

"မိုး"

"မိုး"

မိုးက သူ့ရင်ခွင်ထဲမှာမလှုပ်။

သတိရအောင် မနည်းကြိုးစားမှ ပြန်သတိရလာတော့ မိုးမျက်လုံးတွေက ကြောင်တောင်တောင် အောင်စုံကိုပင် မမှတ်မိ။

"မိုး ကိုယ်လေ၊ အောင်စုံလေ၊ ကိုယ့်ကို မှတ်မိလား"

"အောင်စုံ"

"ဟုတ်တယ်လေ၊ ဦးအောင်စုံ၊ မိုးရဲ့ဦးအောင်စုံလေ"

"မိုးရဲ့ဦးအောင်စုံ"





မိုးက တီးတိုးရေရွတ်ပြီး သူ့မျက်နှာကို စေ့စေ့ကြည့်ကာ မျက်လုံးများ ချက်ချင်း မျက်ရည်တွေပြည့်လာကာ သူ့ကိုယ်ကြီးကို ဖက်ပြီး အင့်ခနဲ ငိုချသည်။

"မိုးတို့မသေဘူးနော် ဦးအောင်စုံ"

"မိုးရော ကိုယ်ရော အသင်ရှင်လျက်ရှိနေပါသေးတယ် ကလေးရယ်၊ မိုးနားမှာ ကိုယ်ရှိနေသ၍ မိုး ဘာကိုမှ ကြောက်စရာမလိုဘူးနော် သိလား"

"ဦးအောင်စုံရယ် မိုး ရေဆာလိုက်တာ"

"လာ…ဒီနားမှာနေ၊ မိုးအတွက် ကိုယ် ရေသွားရှာလိုက်ဦးမယ်"

"ဟင့်အင်း…ဟင့်အင်း မိုးတစ်ယောက်တည်း မနေရဲဘူး၊ ဦးအောင်စုံသွားတဲ့နောက်ကို မိုးပါလိုက်မယ်"

"မိုးရယ်"

မိုးလက်လေးတစ်ဖက်ကို ကြင်နာယုယစွာ တွဲခေါ်မိသလို မိုးကိုယ်တိုင်ကလည်း ဦးအောင်စုံလက်မောင်းတစ်ဖက်ကို အားကိုးရာကြီးတစ်ခုလို တင်းကြပ်စွာ ဆုပ်ကိုင်ရင်း မျက်ရည်ပြည့်နေသော မျက်လုံးကြီးများဖြင့် အားအင်ချည့်နဲ့စွာ လိုက်ပါလာပါသည်။

"အား…ကျွတ်…ကျွတ် ခြေထောက်က နာလိုက်တာ"

မိုးခြေထောက်မှာ ပြတ်ရှရာဒဏ်ရာကြီးက အထင်းသား



www.burmeseclassic.com

www.burmeseclassic.com



မို့ ဖြူသောအသားပေါ်မှာ ဒဏ်ရာကြီးက ယင်းနေသည်။

"နည်းနည်းလေးသည်းခံပြီး လျှောက်လိုက်ပါဦးဗျာ၊ ဟိုရှေ့နားက သစ်ပင်ရိပ်လေးနားဆိုရင် ရောက်ပါပြီ"

"အား…ကျွတ်"

"မိုးမလျှောက်နိုင်ရင် ကိုယ်ပွေ့သွားမယ်နော်"

"အို"

ရင်ထဲအသည်းထဲ အေးခနဲဖြစ်သွားသည်။

မိုးကိုယ်လေးကို အောင်ဖုံက ကလေးလေးတစ်ယောက်လို ညင်သာပေါ့ပါးစွာ ချီမယူသွားခြင်းဖြစ်သည်။ ဦးအောင်ဖုံရင်မှာ မိုးခေါင်းလေးကို မှီကပ်ထားမိသည်။ အခုတော့လည်း ဦးအောင်ဖုံက မိုးကို မိုးကေရီလို့ စိမ်းစိမ်းကားကား မခေါ်တော့ဘဲ မိုးကို မိုးဟူ၍ တရင်းတနှီးခေါ်သံက မိုးရင်ကို အဘယ်မျှလုံခြုံချမ်းမြေ့ နွေးထွေးရသည်ကို မိုးပဲသိသည်။

မိုး ဒုက္ခရောက်နေတဲ့အချိန်မှာ ယုယကြင်နာတဲ့ ကိုကို့ကို မိုး ကျေးဇူးတင်ပါတယ်ရှင်။

"ဒီမှာခဏထိုင်ဦးနော် မိုး၊ ကိုယ် ရေသွားရှာလိုက်ဦးမယ်"

မိုးမျက်စိရှေ့က အောင်ဖုံ ဖျတ်ခနဲ ပျောက်သွားတော့ မိုးရင်ထဲ ဝမ်းနည်းအားငယ်စွာ မျက်ရည်တွေကျလာသည်။ မိုးနား





မှာ ဦးအောင်ဖုံသာ အတူမရှိရင်။ အတွေးနှင့် မိုးတစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားစွာ ကျွန်းအနံ့ ဟိုဟိုဒီဒီလျှောက်ကြည့်ရင်း မိုးစိတ်တွေ လှုပ်ရှားလာသည်။

မိုးတို့ အခုရောက်နေတဲ့နေရာကို မိုးမသိပါ။ တစ်ယောက်တစ်နေရာစီဖြစ်နေတုန်း ဦးအောင်ဖုံကို လူဆိုးတွေ၊ လူရိုင်းတွေများ ဖမ်းသွားမှာလားဆိုသည့် အတွေးက မိုးကို ခြောက်လှန့်နေ၏။

လက်မှာလည်း နာရီမရှိ။

လက်လက်တောက်ပနေသော မိုးကောင်းကင်ကိုကြည့်ပြီး မိုးရင်ထဲ ပို၍ပူလာသည်။

ဦးအောင်ဖုံ ထွက်သွားတာ ကြာလှပြီ။

ခုထိလည်း ပြန်မလာသေးပါလား။

မိုးတွေးသလိုများ ဦးအောင်ဖုံကို လူဆိုးတွေ ဖမ်းပြီးသတ်ပစ်မှဖြင့်

"အမလေး ဦးအောင်ဖုံ"

"ဦးအောင်ဖုံရယ် မိုးနားကို အမြန်ဆုံးပြန်လာပါတော့ရှင်၊ မိုးရေမသောက်ရလို့ သေချင်သေသွားပါစေ မိုးနားမှာပဲနေပါ"

"မိုးကို ခွဲမသွားပါနဲ့"

"အီး…အဟင့်…ဟင့်"

မိုးတစ်ယောက်တည်း ကြောက်ကြောက်နှင့် မပီမသည်



www.burmeseclassic.com

www.burmeseclassic.com



တွားရင်း ကိုယ်လေးသိမ့်သိမ့်တုန်အောင် ရှိုက်ငိုနေခိုက်မှာပင်

"မိုး"

"ဟင်…ဦးအောင်ဖုံ"

"ဦးအောင်ဖုံရယ်"

"ဟိုတ် ဘာဖြစ်တာလဲ၊ နေဦး နေဦး"

"လူကို ဖွတ်အတင်း မဖက်နဲ့လေ၊ ဒီမှာ ရေ ရေ မိုးအတွက်၊ ရော့ ရော့ ဒါကိုအရင်သောက်လိုက်ဦး"

မိုးက အောင်ဖုံ့ကိုယ်ကြီးကို ကလေးတစ်ယောက်လို ဖွတ်အတင်း တွယ်ဖက်လာတာကို အော်ဟစ်တားဆီးရင်း မိုးအတွက် ယူလာသော အင်ဖက်ဖြင့် ထုပ်ယူလာသော ရေကို ဖိတ်စင်လွှင့်ကျ မသွားအောင် မနည်းကြိုးစားပြီး မိုးကိုတိုက်ရသည်။

မိုးမှာ သူယူလာသည့် ရေကို တရှိန်ထိုး မော့သောက်ပြီး ငိုရှိုက်နေဆဲမို့ အောင်ဖုံ လန့်သွား၏။

"ဘာဖြစ်လို့ ငိုနေတာလဲ မိုးရယ်၊ ကိုယ့်ကို ပြောပါဦး"

"မိုး ကြောက်လို့ပါ"

"ကြောက်လို့"

"ဟုတ်တယ်၊ ဘယ်တော့မှ မိုးကို တစ်ယောက်တည်း ထားမသွားပါနဲ့ ဦးအောင်ဖုံရယ်၊ မိုး ကြောက်လို့ပါ"

"မိုးရယ်"





သူဘယ်လိုမှ ဟန်မဆောင်နိုင်တော့။

မိုးကိုယ်လေးကို သူ့ရင်ခွင်ထဲ အတင်းကြပ်ဆုံး ထွေးပွေ့ကာ မိုးနဖူးပြင်လေးကိုပါ ကြင်နာစွာ ငုံ့မွေးရှိုက်နမ်းလိုက်သည်။

"မငိုပါနဲ့မိုးရယ်၊ ကိုယ် ဘယ်သွားသွား မိုးကိုခေါ်သွားပါ့မယ် တိတ်နော်"

မိုးပါးပြင်ပေါ်က မျက်ရည်တွေကို သူကိုယ်တိုင်ဖယ်ရှား ပေးရင်း ကလေးတစ်ယောက်လို ချော့နေမိသည်။ အတိုင်းမသိသော ချစ်ခြင်း၊ မြတ်နိုးခြင်း၊ ကြင်နာခြင်းတို့ လွှမ်းဝေနေသောအဖြစ်ကိုလည်း ဖုံးဖိဟန်ဆောင်ရန် သတိမရ။

ရန်သူတော် ဦးစက်ရှိန်၏သမီးဆိုတာကိုလည်း မေ့ခဲ့ရပါပြီ။ မိုးလက်ကလေးတစ်ဖက်ကို ကြင်နာယုယစွာ ဆွဲယူပြီး သူ့လက်ဖဝါးထဲမှာ တင်းနေအောင် ဆုပ်ကိုင်ထားမိသည်။

"ဦးအောင်ဖုံ"

"ဗျာ"

"မိုးတို့ပျောက်သွားတာ အခုချိန်ဆို ဒက်ဒီတို့လည်း သိလောက်ပြီထင်ပါရဲ့နော်၊ ဒက်ဒီသာသိရင် မိုးတို့ကို မတွေ့တွေ့အောင် လိုက်ရှာမှာပါ ဦးအောင်ဖုံရယ်"

"ဒါပေါ့ဗျာ၊ မိုးက အန်ကယ်ရဲ့ တစ်ဦးတည်းသော အချစ်ဆုံးသမီးလေးပဲ၊ အဖေတစ်ယောက်အနေနဲ့ သူ့အချစ်ဆုံးသမီး

www.burmeseclassic.com



လေးကို မတွေ့တွေ့အောင် ရှာမှာပေါ့''

''အခု မိုးနေရတာ အဆင်ပြေလား''

''ဘာလုပ်ဦးမလို့လဲဟင်''

''သြော်...ဒီအတိုင်း မိုးအနားမှာ အတူထိုင်နေလို့လည်း မဖြစ်သေးဘူးလေ၊ ဝမ်းရေးအတွက် ရှာရဖွေရဦးမှာပေါ့''

''ဦးအောင်နဲ့ ဘယ်သွားသွား မိုးလည်းလိုက်မယ်နော် ဦးအောင်နဲ့''

မိုးပုံစံလေးက လှုပ်လှုပ်ရှားရှား။

မိခင်ပျောက်မှာ ကြောက်နေသည့် ကလေးငယ်လို တွယ်မိတွယ်ရာ မိုးအဖြစ်ကို ချစ်မြတ်နိုးစွာ ပြုံးလိုက် သူငုံ့ကြည့်သည်။

''ကိုယ်ဘယ်သွားသွား မိုးကို ခေါ်သွားပါ့မယ်လို့ ကတိပေးပြီးပြီလေ၊ လာ ကိုယ့်လက်ကိုတွဲ၊ ဟိုးမှာမြင်လား ငါးသွားဖမ်းမယ်၊ လိပ်ဥရှာမယ်''

''ငါးဖမ်းတတ်လို့လား''

''အဟွန်း...ဟွန်း လက်တွေ့တော့ မလုပ်ဖူးပေမယ့် စာတွေ့တော့ရှိပါတယ်ဗျာ၊ လူကြံရင် ဘာခံနိုင်မှာမို့လဲ''

''လာစမ်းပါ''

ရဲရဲဝံ့ဝံ့ ဆွဲခေါ်သူနောက်ကို မိုးအတူ လိုက်ပါလာရခြင်းကို စိတ်မှာ အထူးကျေနပ်နှစ်သက်နေပါသည်။ တစ်ယောက်တည်း





သွားသွားတာထက်စာရင် ဘယ်နေရာသွားသွား နှစ်ယောက်အတူ သွားရတာ စိတ်မှာ ပိုလုံခြုံသည်။ မိုးကိုယ်တိုင် ပါးစပ်ကဖွင့်ပြော၍ သိရခြင်းဖြစ်သော်လည်း အောင်နဲ့ကိုယ်တိုင်လည်း ဘယ်နေရာ ဘယ်ဒေသမှန်းမသိသော ကျွန်းမှာ မိုးကို တစ်ယောက်တည်းထား သွားရသည့်အဖြစ်အတွက် လုံးဝစိတ်မချပါ။

ရေသွားရှာတာတောင် အပြန် မိုးကိုတွေ့မှတွေ့ပါဦးမလား ဆိုသည့် အတွေးနှင့် ရင်တစ်ခုလုံး ပူလောင်ခဲ့ရသူပါ။ မိုးကို တွေ့လိုက်ရမှ ရင်ထဲ အေးသွားသည့်အဖြစ်ကို မိုး မသိ။

''မိုး ဒီမှာထိုင်ပြီး ကိုယ် ငါးဖမ်းတာကို ကြည့်တတ်လား''

ရုပ်ရှင်တွေထဲမှာ မြင်ဖူးသလို စာထဲမှာ ဖတ်ဖူးသလို ပုံစံမျိုးနှင့် ငါးဖမ်းဖို့ ကြိုးစားသော လက်ထဲက ဝါးချွန်ချွန်မှာ ညည်သည့်ငါးမှ မပါ။ အချိန်ကုန်တာပဲ အဖတ်တင်သည်။

''ဟော...ဟိုမှာ ဘာလဲ''

''ရှူး''

''လိပ်...လိပ်...လိပ်ဥတော့ စားရမှာပေါ့၊ အသာလေး ငြိမ်ငြိမ်နေ''

ကမ်းပေါ်တက်လာသည့် လိပ်တစ်ကောင်ကို နှစ်ယောက် အတူ ငြိမ်ပြီး မျက်ခြေမပြတ် ဥ ဥသည့်နေရာကို စောင့်ကြည့်ထား



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကိုယ်တို့အတွက်တော့ စားစရာအသင့်ရပြီ၊ ရေလည်း တွေ့ပြီဆိုတော့ နေစရာ အသင့်ရှာထားဦးမှပဲ၊ တော်ကြာ အမှောင် လွှမ်းလာရင် ဘာကိုမှ မြင်ရတော့မှာမဟုတ်ဘူး"

မိုးဇေကရီမှာ အောင်ဖုံ့စကားကို ဘာတစ်ခုမှ ထောက်ခံခြင်း မပြုဘဲ ညမြင်ကွင်းကို စိတ်ကူးဖြင့် ပုံဖော်ရင်း ကြောက်စိတ်ဖြင့် ကြက်သီးဖြန်းဖြန်းထနေသည်။

"နေဦး အရင်ဆုံး မီးရအောင် ကိုယ် ကြိုးစားကြည့်မယ်"

"မီးခြစ်မှမရှိဘဲ"

"ကမ္ဘာဦးခေတ်ကနည်းကိုပဲ သုံးရမှာပေါ့ဗျာ"

"ကမ္ဘာဦးခေတ်"

မိုးဇေကရီမျက်လုံးတွေ ပုတ်ခတ်ပုတ်ခတ်နှင့် အောင်ဖုံကို ထူးဆန်းသည့်သတ္တဝါလို ပြန်ကြည့်နေမှန်း သူသိပါသည်။

"ဓားတစ်ချောင်းလောက်ရရင် ကောင်းမှာ၊ ဒီအနီးအနား တစ်ဝိုက် ကိုယ်တို့အတွက် အသုံးတဲ့မယ့်ပစ္စည်း ဘာရှိလဲ သွားရှာ ကြည့်လိုက်ဦးမယ်"

"ဦးအောင်ဖုံ"

"ရှူး ကိုယ်သိတယ်၊ မိုး မြင်လောက်တဲ့နေရာမှာပဲ ကိုယ်နေမှာပါ၊ ကိုယ့်ကို မိုး လှမ်းမြင်နေရမယ့်နေရာ၊ ကိုယ်က





မိုးကို လှမ်းမြင်နေရတဲ့နေရာ ဟုတ်ပြီလား"

"အင်း"

မိုး ခေါင်းလေးညိတ်ပြလိုက်သည်။ ဦးအောင်ဖုံနှင့် မိုး ကြားမှာ ဒီထက်ကောင်းတဲ့ အကြံအစည်လည်း မရှိတော့။ အောင်ဖုံ က မိုးကို ကျောခိုင်းပြီး ပင်လယ်ဘက်ပြန်လျှောက်သွားသည်။ ဖြောင့်မားထွားကြိုင်းသည့်ကိုယ်မှာ ကြွက်သားတွေ ဖုထစ်နေသည်။ အားကစားသမားတစ်ယောက်၊ ဒါမှမဟုတ် ကျန်းမာရေးလိုက်စား သူမှသာ တွေ့မြင်နိုင်သည့် ခန္ဓာကိုယ်အချိုးအစားဖြစ်ကာ အဆီပို မရှိ။

စကားပြောသည့်နေရာမှာ ရှင်းပြတ်ပေမယ့် စေတနာပါ သည်။ မိုးဇေကရီနှင့် သူ ဆက်ဆံပြောဆိုလာသည့်တစ်လျှောက် လုံး မိုးအပေါ်မှာ အမြဲတင်းမာခဲ့သူက အခုလိုအချိန်မှာ အပြုံး အရယ်တွေနဲ့ နူးညံ့သိမ်မွေ့နေတာကို ဝမ်းနည်းစရာ ကြောက်လန့်စရာ အဖြစ်အပျက်တွေကြားက ကြံဖန်ပြီး စိတ်ပျော်နေရပြန်သေးသည်။

မိုးတို့နှစ်ယောက်သား နတ်သမီးချောက်ကမ်းပါးနားမှာ ဆိုက်ကပ်ရပ်နားထားသော ဒက်ဒီ့စက်လှေထဲက ပစ္စည်းတွေ သွားမစစ်ခဲ့ဘူးဆိုလျှင် ဒီလိုအဖြစ်တွေလည်း ရှိလာမှာမဟုတ်။

ချစ်တယ် ဦးအောင်ဖုံရယ်

ကိုကို့ကို မိုး ချစ်တယ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲရှိသည့်အတိုင်း ရင်ထဲခံစားရသည့်အတိုင်း ဘယ်သူမှ မကြားနိုင်သောနေရာမှာ ခပ်တိုးတိုးလေး ဆိုညည်းလိုက်ခြင်းကို မိုး နှောင်တာမရပါ။

အောင်ဖုံက အချစ်မိုး၏အသံကို မကြား။ သဲပြင်သောင်စပ်ကျွန်းအနှံ့ လျှောက်သွားလျက် သူ အလိုရှိရာကို ရှာဖွေနေဆဲ။

◆ ◆ ◆



## အခန်း (၁၃)

"မိုး"

"ရှင်"

"သိပ်ချမ်းနေလားဟင်"

"အင်း"

"မိုးရယ်"

ပုတ်သင်ညိုမလေးလို လက်လေးနှစ်ဖက်ကို တင်းနေအောင်ပိုက်ပြီး ခေါင်းလေးညိတ်ပြလိုက်ဟန်က အောင်ဖုံ ရင်ထဲက အကြင်နာတွေကို သိမ်းကျုံးဆွဲယူသွားပြီဟု သိလိုက်သည်။ တကယ်လည်း ရာသီဥတုက စိမ့်နေအောင် ချမ်းတာမို့ မိုးလို မိန်းမသားနုနုငယ်ငယ် မဆိုထားနှင့် အောင်ဖုံလို ယောကျ်ားရင့်မကြီးတောင် မလွယ်လှသည့်အဖြစ်ပါ။

"မိုး"



www.burmeseclassic.com

www.burmeseclassic.com



"အိုး ဒါကဘာလုပ်တာလဲ၊ ဖယ်ပါ"

ဘာမပြော ညာမပြော သူမကိုယ်လေးကို လက်တံရှည်တွေနှင့် သိမ်းကျုံးပွေ့ဖက်လာသူကြောင့် ရှက်လန့်တကြား အောင်စုံ့ ရင်ခွင်ထဲက ရုန်းဖယ်လိုက်သူက မိုး။

"မိုး သိပ်ချမ်းနေတယ်မဟုတ်လား"

"အဲဒါ ဘာဖြစ်လဲ၊ ချမ်းလို့သေသွားလည်း နားအေးတာပေါ့"

"ဖယ်စမ်းပါ"

"လွှတ်ဆိုနော်"

"မလွှတ်ဘူး"

"ဟင်"

မိုး ရုန်းပေမယ့် အောင်စုံက မလွှတ်။ ပိုတိုးဖက်လာခြင်းကြောင့် မိုးပါးပြင်မှာ နှင်းဆီခင်း ဖြစ်လာသည်။

"ရှင် ဘယ်လိုဖြစ်နေတာလဲ"

"မိုး သိပ်ချမ်းနေတာကို ကိုယ်က ဒီအတိုင်း လက်ပိုက်ကြည့်နေရမှာလား"

"ကြည့်မနေလည်း ရှင်နဲ့မိုးက ဘာမှမတော်ဘဲ"

"မိုးရဲ့ချစ်သူဆိုရင်ရော"

"အို"





"ကိုယ် ဟန်မဆောင်ချင်တော့ဘူး၊ မိုးကို စတွေ့တဲ့နေ့ကတည်းက ကိုယ်ချစ်တာ၊ မိုးလည်း ကိုယ့်လိုပဲလို့ ထင်ပါတယ်"

"အိုး ရှင့်စကားက ဘယ်လိုကြီးလဲ"

မှန်တာအပြောခံလိုက်ရပေမယ့် မိုးဇေကရီဆိုတာ မိန်းမသားမို့ စကားအပြောမတတ်သော အောင်စုံ့ကိုယ်ကြီးကို စိတ်ဆိုးဆိုးဖြင့် ထရိုက်ပစ်ချင်ပါသည်။

"ဒါတော့ ကိုယ်ခံစားရတဲ့အတိုင်း ပြောတာပဲလေ၊ ကိုယ့်စိတ်ထဲမှာ မိုးလည်း ကိုယ့်ကိုချစ်တယ်ထင်နေမိလို့ပါ၊ မဟုတ်ဘူးဆိုလည်း ဆောရီးပေါ့၊ မိုးနားမှာ ကိုယ့်ထက်သာတဲ့ကောင်တွေ ဝိုင်းဝိုင်းလည်နေတာ ကိုယ် မေ့သွားတယ်"

"အဲဒါ ဘာစကားလဲ"

"အမှန်စကားလေ၊ မိုးဇေကရီလို မင်းသမီးလေးအတွက် ကိုယ့်ဘက်က စိတ်ကူးယဉ်လွန်သွားတာကို ပြောတာပါ"

"ကိုယ့်နေရာ ကိုယ်သိရင်လည်း ပြီးတာပဲ၊ မိုးဇေကရီတို့က ခပ်ညံ့ညံ့ယောကျာ်းဆို ဘယ်ယောကျာ်းမှ စိတ်မဝင်စားဘူး"

အောင်စုံ့ကိုယ်ကြီး တွန့်ခနဲဖြစ်သွားပြီး မိုးတစ်ကိုယ်လုံးကို ရူးရူးရဲရဲ စိုက်ကြည့်လာတာကို မိုးဇေကရီ မသိသလို မျက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ထားတင်းတင်းနှင့် ခပ်တည်တည်လေး လုပ်နေလိုက်သည်။ ယောကျာ်းဖြစ်ပြီး အားငယ်စကားဆိုလာသူတိုင်းကို မိုးဇေကရီ အထင်မကြီးတတ်ပါ။ ပို၍ပင် မုန်းပါသည်။

"မင်းက ကိုယ့်ကို ခပ်ညံ့ညံ့ယောကျာ်းလို့ ပြောတာလား မိုးဇေကရီ"

မိုးဇေကရီ မဖြေပါ။

နူးညံ့ရွှန်းလက်သော မျက်လုံးအစုံဖြင့် အောင်ဖုံ မျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး ချက်ချင်းအကြည့်လွှဲပစ်လိုက်ပါသည်။

"မိုးဇေကရီ"

"မိုးကို အော်စရာမလိုပါဘူး ဦးအောင်ဖုံ၊ မိုးပြောတဲ့ စကားအပေါ်မှာလည်း ရှင် ကြိုက်သလို ယူဆနိုင်တယ်၊ အဲဒီ အတွက် မိုးဘက်က ဘာတစ်ခုမှ ဖြေရှင်းချက်ထုတ်မှာမဟုတ်ဘူး"

"ကောင်းပြီလေ၊ ကိုယ်ကလည်း မိုးစွပ်စွဲရလောက် အောင် ခပ်ညံ့ညံ့ယောကျာ်းမဟုတ်ဘူးဆိုတာ ပြရသေးတာပေါ့"

"ဦးအောင်ဖုံ ရှင်နော် မိုးပြောချင်တာက"

"မင်းဘာမှမပြောနဲ့တော့ မိုး"

"ဦးအောင်ဖုံ"

"ရှင်နော်"

"အိုး"





ပြိုဆင်းလာသော ဒုနမ်းတံတိုင်းအောက်မှာ မိုးဇေကရီ အလန့်တကြား မျက်ဝန်းအစုံကို မှေးမှိတ်ပစ်လိုက်ရသည်အထိ ဦးအောင်ဖုံက ဆိုးပါသည်။ မိုးဇေကရီ၏မာနကို တိုက်ရိုက်ထိပါး သော စကားကိုဆိုလာသူအား သူ့ရဲ့ယောကျာ်းမာနကို တိုက်ရိုက် ပြန်လည်ထိပါးကြည့်တော့ ဆတ်ဆတ်ထိမခံနိုင်ခြင်းအဖြစ်ကို မိုးဇေကရီ လက်တွေ့ရင်ဆိုင် ကြုံတွေ့ရခြင်းဖြစ်သည်။

မိုးဇေကရီ မာနကြီးသလို ရှင်လည်း မာနကြီးတဲ့သူ တစ်ယောက်ပါ ဦးအောင်ဖုံ။ ချစ်သူရည်းစားများသည်ဆိုပေမယ့် မိုးဇေကရီ ဘယ်မျှသန့်စင်သည်၊ သူမကိုယ်သူမ ဘယ်လိုထိန်းသိမ်း တာကျွယ်တတ်သည်ဆိုခြင်းကို မိုးဇေကရီနှင့် တွဲဖူးသူတိုင်း သိသည်။ နားလည်သည်။

ဒါကြောင့်လည်း မိုးဇေကရီကို ပို၍အသည်းယားကြ သည်။ မချင့်မရဲဖြစ်ကြသည်။ ပိုင်ဆိုင်ရယူလိုကြသည်။ လက် တလေး ပါးကလေးလောက်သာ ထိကိုင်ခွင့်ပေးသည်ဆိုရုံလေး ထိန်းသိမ်းခဲ့သည့် ကလေးမ။ အခုတော့ ဦးအောင်ဖုံ၏ စိတ်နောက် ကိုယ်ပါ ကြမ်းချင်တိုင်းကြမ်း ရမ်းချင်တိုင်းရမ်းသည့် ချစ်အနမ်း တွေအောက်မှာ လူတစ်ကိုယ်လုံး နာကျင်ကျိုးကြေလုမတတ်ပေ။

"မိုး"

"ဖယ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ဘာမှမပြောတော့ဘူးလား"

"လွှတ်"

တိုးတိတ်ညင်သာသော အောင်ခံ့ စကားသံကို မကြားသလို အချစ်လူဆိုးမလေးက သူ့ရင်ခွင်ထဲက ရုန်းထွက်ဖို့ ကြိုးစားပါသည်။ အချစ်စိတ်ကို အချိန်မီထိန်းချုပ်လိုက်နိုင်၍ မိုးနှင့် သူ ကြားမှာ ဘယ်လိုစည်းဘောင်မှ မကျော်ခဲ့သော်လည်း နှလုံးသားချင်းကတော့ စည်းကျော် ဘောင်ကျော် ခဲ့ရပြီးပါပြီ။

"သိပ်ချစ်တယ် မိုးကေရီရယ်၊ မင်းလေးကြောင့် ကိုယ့် အသည်းနှလုံးတွေ မနာကျင်ပါရစေနဲ့"

မိုးကေရီ ပါးလေးကို ငုံ့နမ်းတော့ မိုးက ဖျတ်ခနဲ သူ့ မျက်နှာလေးကို ရှောင်ဖယ်လိုက်တာမို့ သူ့အနမ်းမိုး ဦးတည်ရာက ဖြူဖွေးနုနယ်သော လည်တိုင်ရှိရာသို့ ရောက်သွားသည်။

"ကိုယ် ဘယ်လိုလုပ်မှ မင်းကျေနပ်မှာလဲ မိုးကေရီရယ်၊ မင်းဖြစ်ချင်တာ ကိုယ့်ကိုပြောပါဦး"

"ဘာမှပြောစရာမရှိ"

"ဟင်"

"ကိုယ့်ကိုမုန်းတာလား"

"ကိုယ့်ကိုယ်ကို သိပါ"

"ဟာ"





"ကိုယ့်ကို နည်းနည်းမှကို မချစ်တာလား"

"လုံးဝပဲ"

"မိုးကေရီရယ်"

သူ ဘာဆက်ပြောရမှန်း မသိတော့ပါ။

မိုးကေရီ ဆိုးတာကို သူသိသည်။ ကြားလည်း ကြားဖူးသည်။ အခု ကိုယ်တွေ့ရင်ဆိုင် ကြုံတွေ့နေရခြင်းအဖြစ်မှာတော့ သူမကို အရှုံးပေးရန်အပြင် တခြားမရှိ။

"မင်းကို ကိုယ် အရှုံးပေးပါပြီ မိုးရယ် မင်းကို ကိုယ် ရှုံးပါပြီ၊ မင်း ကိုယ့်ကို အနိုင်ယူပါ"

"ဘယ်သူက လက်တွေ့မှာ အနိုင်ယူတာလဲ"

"မိုး"

"မိုး"

"ဒါ ဘာလုပ်တာလဲ၊ ဖယ်ပါ"

"ဟင့်အင်း"

"မိုးအတွက် ကိုယ်ပဲ လူဆိုးဖြစ်တော့မယ်"

"ရှင်နော်"

"အို"

အချိန်ကြာမြင့်စွာ စောင့်စားခဲ့ရသော အချစ်ပန်းက လန်းစွင့်စွာ ပွင့်လာ၏။ ထိုအချစ်၏ဒုက္ခကို လူသားတိုင်း ကြားနာ



www.burmeseclassic.com

www.burmeseclassic.com



မှတ်သားဖူးကြသော်လည်း ထိုအချစ်၏မာယာတောမှာတော့ တဝဲလည်လည် လှည့်လည်လျက်။ မည်သူမျှ အချစ်နှင့်ကင်းအေးအောင် နေမည်ဟု မကြံဆနိုင်ကြကုန်။

အချစ်သည် ရှာဖွေတော့ မတွေ့။ မတွေ့လို၍ ပုန်းရှောင်နေပါလျက်နှင့်လည်း ဆင်ကန်းတောတိုး ရောက်လာတတ်သည်လည်း ရှိ၏။ မချစ်အပ်ဟု တားမြစ်သော်လည်း အချစ်အတတ်နှင့် ပစ်ခတ်၍ပင် ဖွတ်နစ်လျက် ချစ်၏။ ချစ်အပ်သည်ဟု ပိုင်းဖြတ်သော်လည်း မချစ်မနှစ်သက်နိုင်သည်ဖြစ်၍ ပူဆွေးသောကရောက်ကြကုန်၏။

သို့သော် အချစ်ကို မည်သူမျှ အပြစ်မမြင်ကြ။ အချစ်ကိုသာ အလိုရှိ၍ အချစ်ကိုသာ လူသားတိုင်း တောင့်တအလိုရှိကြသည်ချည်းဖြစ်၏။

နွဲ့ထွေးသောနေခြည်က နံနက်ခင်းကို နှီးထသက်ဝင်စေသလို ကြင်နာယုယစွာ ရှိုက်နမ်းလာသည့် အနမ်းတစ်ပွင့် အချစ်ပန်းတို့ကိုလည်း လန်းကြွနိုးထစေနိုင်စွမ်းပါသည်။

"မိုး..ထတော့လေ၊ နေတောင် အတော်မြင့်နေပြီ"

ရွှေညိုရောင်ဖျော့ဖျော့ ခွေခွေလိပ်လိပ် ဆံနွယ်စုကို ချစ်စနိုးဆော့ကစားရင်း လှပသော မျက်ခုံး၊ မျက်လုံး၊ မျက်တောင်ကော့ကော့ကြီးများ၊ နှာတံစင်းစင်းကော့လေးအောက်က နှင်းဆီဖူး





လှအမ်းနီရဲသည့် နှုတ်ခမ်းညိုလေးအဆုံး ချစ်သူ၏ခန္ဓာကိုယ်ကောက်ကြောင်းအတိုင်း တစ်စိတ်တစ်ပိုင်းချင်း တစိမ့်စိမ့်ကြည့်လျက် ရင်တသိမ့်သိမ့်ခံစား ကြည်နူးနေမိသူက အောင်စုံ။

အောင်စုံ နိုးဖေမယ့် မိုးကေရီဆိုသည့် အချစ်ဘုရင်မကနိုးထခြင်းမပြုဘဲ မျက်ဝန်းလေးတွေ တလှုပ်လှုပ်နှင့် နက်မှောင်ကော့ရွှန်းသော မျက်ဝန်းအစုံကို စေ့ပိတ်ထားသဖြင့် မချင့်မရဲစိတ်ဖြင့် ချစ်အသည်းယားနေပါသည်။

ညက အဖြစ်အပျက်တွေကို သူကိုယ်တိုင် ပြန်တွေးရန်အသည်းနွေးနေသလို မိုးကေရီ ကိုယ်တိုင်လည်း သူနှယ် ခံစားရမှာ သေချာပါသည်။

"မိုး အချစ် အိပ်ရာက ထတော့လေ၊ ပြောမရရင် မင်းကိုယ်လေးကို ပွေ့ချီပြီး ရေထဲချလိုက်မှာနော်၊ မိုး အိပ်ရာကနိုးနေတာ ကိုယ်သိတယ်၊ ကိုယ့်ကိုချစ်ရင် မျက်လုံးဖွင့်ကြည့်"

ပါးပြင်နုကို လက်နှင့်လှမ်းတို့တော့ မိုးက သူ့လက်ကိုပုတ်ထုတ်သည်။ သူက ပုတ်ထုတ်လာသည့် မိုးလက်လေးကိုဆွဲယူပြီး ရှိုက်နမ်းတော့ မိုးထံက ညုညုတူတူအသံလေး ထွက်လာသည်။

"ဘယ်လိုဖြစ်နေတာလဲ၊ ကိုယ့်ဘာသာ အိပ်နေတာကိုဘာလို့ လာနှောင့်ယှက်နေတာလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



စူးစိုက်ငုံ့မိုးကြည့်နေသော ရွှန်းလဲ့နူးညံ့ စိုတောက်သည့် နူးညံ့သည့် မျက်ဝန်းအစုံနှင့် သိမ်မွေ့ရိုးသား၍ ကလေးလေး တစ်ယောက်လို အပြစ်ကင်းစင်သော လှပဝိုင်းစက်သည့် မျက်နက်ဝန်းအစုံတို့ ပေါင်းစည်းသွားကြသည်။

ချစ်လိုတ်ရတာ ကိုကို့ရဲ့ မိုးနတ်သမီးလေးရယ်။

"ကိုကိုပြောတဲ့အတိုင်း ကိုယ့်ကို မျက်လုံးဖွင့်ကြည့်တယ် ဆိုတော့ ကိုယ့်ကိုချစ်လို့ပေါ့ ဟုတ်လား"

"မိုးလင်းလို့ မျက်လုံးဖွင့်ကြည့်တာ အဓိပ္ပာယ်ကောက် လွဲပြီး တစ်မျိုးထင်ရင်တော့ မတတ်နိုင်ဘူး"

"မင်း သိပ်ဆိုးပါလား မိုးရယ်"

"ရှင်ဆိုးတာကို မမီသေးဘူး"

"မိုးနော်"

"ဘာစကားမှမပြောနဲ့၊ လုံးဝ မကြားချင်ဘူး၊ အခု မိုး ရေချိုးမယ်၊ မျက်နှာသစ်မယ်၊ သွားတိုက်မယ်၊ လိုက်ပို့ပါ"

"ကောင်းပြီ၊ လိုက်ပို့ဆိုတော့လည်း ပို့ရတာပေါ့၊ ကြွပါ"

မိုးလေသံကိုတုပြီး အောင်ဇံ ခပ်တည်တည်ပြန်ပြောသည့် အပေါ်မှာ မိုးကလည်း ဂရုစိုက်ဟန်ပင်မပြ။ အောင်ဇံ့ရှေ့က ဒေါင်းဖျို့မလေးလို ကော့ကော့ကြော့ကြော့လေး ထထွက်သွားပုံက ရင်ခွင်ထဲ အတင်းအကျပ်ဆွဲသွင်းပြီး စိတ်ရှိသလောက် ရမ်းကား





ပစ်လိုက်ချင်စရာပါ။

သူလိုချင်သောအဖြေကို မပေးဘဲ ပစ်ထားရက်သည့် ကလေးမကို သူမလို့ ဥပက္ခာပြု ဂရုမစိုက်ဘဲ နေပြချင်ပေမယ့် သူမအနားမှာနေ၊ ချစ်သူမျက်နှာလှလှလေးကို တစိမ့်စိမ့်ကြည့်နေရမှ ကျေနပ်ကြည်နူးနေရသူက သူကိုယ်တိုင်ဖြစ်နေသည်။

အချစ်ဆိုတာ ဒီလိုပဲ၊ လူတွေကို ပြုစားနိုင်တဲ့အရာပဲလား။

"ဟိုဘက်ကိုလှည့်"

"ဘာဖြစ်လို့လဲ"

"အို လှည့်ဆို လှည့်နေမှပေါ့၊ မိုး မခေါ်မချင်း နောက်ကျောခိုင်းပြီးနေပါ"

"မနေနိုင်လို့ လှည့်ကြည့်မိရင်ရော"

"ရှင့်ကို မုန်းမှာပေါ့"

တစ်ယောက်မျက်နှာတစ်ယောက် နင့်နင့်သည်းသည်း စူးစိုက်ကြည့်ဖြစ်ကြသည့်အခိုက် အသည်းနှလုံးတွေ ကိုယ်စီ ပူနွေးလာသည်။

"အခုရော ကိုယ့်ကိုချစ်လို့လား"

"ဟင့်အင်း"

"ချစ်တယ်လို့ ပြောလိုက်ရင်"



www.burmeseclassic.com

www.burmeseclassic.com



"အို မုန်းပါတယ်ဆိုမှ၊ ခွတ်ချစ်နိုင်းစရာလား"

"ချစ်တယ်"

"မုန်းပါတယ်ဆို၊ နားညည်းလိုက်တာ"

နားနှစ်ဖက်ကို ဖြူနုသော လက်လေးနှင့် ပိတ်ကွယ်ဟန်။

"နောက်မှ ချစ်ပါပြီလို့ လာပြောရင် ဘယ်တော့မှ ခွင့်မလွှတ်ဘူး"

"ဘယ်သူ့ကိုလဲ"

မိုးကေရီ အမေးကို အောင်ဇံ ဖြေကြားခြင်းမပြုဘဲ နေရာက ချာခနဲ လှည့်ထွက်သွားတာမို့ နေရာမှာ မကျေမနပ် ဇွေ့ဇွေ့ခုန် ကျန်ရစ်သူက မိုးကေရီ။

"ဦးအောင်ဇံ"

မိုး လှမ်းခေါ်သော်လည်း အောင်ဇံက လှည့်မကြည့်။ သူ့ကို တစ်ချိန်လုံး မခံချိမခံသာ လုပ်လာသည့် ကလေးမ။

ဒီတစ်ခါ သူခံစားရသလို ပြန်ခံစားရပြီဟု သိလိုက်၏။

"ဦးအောင်ဇံ"

"ရှင်ကြီးကို အခုပဲ ပိုမုန်းလိုက်ပြီ၊ သိလား"

လှိုင်းပုတ်သံ တဝုန်းဝုန်းကြားက ထွက်ပေါ်လာသည့် မိုးကေရီ အသံလေးကို နားထောင်ပြီး ကျောခိုင်းအနေအထား အတိုင်း လက်တစ်ဖက်မြှောက်ပြလိုက်သည့်ပုံစံက မိုးကေရီ





လုပ်နေကျပုံစံ။

မုန်းတယ်။

မုန်းတွာယ်။

ရှင်ကြီးကို ဒီကမ္ဘာမှာ အမုန်းဆုံးပဲ သိလား။

ရေလှိုင်း၏အော်သံကြား မိုးကေရီ၏ မခံချိမခံသာ အသံလေး နစ်ဝင်ပျောက်သွားသဖြင့် မည်သူမျှမကြားလိုက်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"စားလေ မိုး"

မိုးဇေရီ မလှုပ်။

"ဒုက္ခပဲ၊ ဗိုက်အဆာလွန်ပြီး တစ်ခုခုဖြစ်ရင် ဘယ်လို လုပ်မလဲကွ၊ တော်ရုံပဲ ဆိုးပါ"

"အံမယ် ရှင့်ကို ဘယ်သူက လာဆိုးနေလို့လဲ၊ စကား ပြောတာ လူကိုကြည့်ပြော"

ဒိုင်းခနဲ ရောက်လာသည့် မျက်စောင်းက လှသလို လူက လည်း လှသည်။ ချစ်စရာကောင်းသည်။ မိုးဇေရီ ဆိုသည့် ကလေးမလေးနားမှာ ကြာရှည်အတူ ရှိနေလို့ကတော့ သူမပုံစံ အမူအရာလေးတွေက သူ့ရင်ထဲ အချစ်စိတ်ကို ပင့်ဖိတ်နေသလို ရှိသည်။

"ကြည့်ပြောနေတာပဲဟာ၊ ဒီပုံအတိုင်း ကြာကြာဆက်လုပ်





နေလို့တော့ ကြာရင် ခက်တော့မယ်"

"ဘာပြောတယ်၊ ရှင်က မိုးကို အခုလို ဆင်းရဲဒုက္ခခံ ပြီး ရှာဖွေကျွေးမွေးနေရတာကို စိတ်ကုန်ပြီလို့ ပြောတာလား၊ စိတ်ချ မိုးမှာလည်း ခြေနဲ့လက်နဲ့၊ ကိုယ့်ဘာသာ ရှာဖွေစားနိုင်တယ်ရှင့် သိလား"

"ဩော် သတ္တိတွေ တော်တော်ကောင်းနေပေါ့ ဟုတ်လား"

"ဟုတ်တယ် ဟုတ်တယ်၊ သတ္တိကောင်းတော့ ဘာဖြစ် သေး"

"နမ်းချင်တယ်"

"ဘာ"

"သိပ်စွာနေတဲ့ နှုတ်ခမ်းလေးကို နမ်းချင်တယ်လို့ပြော တာ၊ ကိုယ်ပြောတဲ့စကားကို နားမထောင်ဘဲ တစ်ခွန်းမခံ ပြန် ပြောနေသ၍ မိုးက ကိုကို နမ်းတာကိုခံချင်လို့ တမင်လုပ်နေတာ ပဲလို့ မှတ်လိုက်မယ်"

"ကြည့်စမ်း ရှင်ကများ"

"ပြောထားပြီးသားနော်၊ နောက်ကျမှ မှားပါပြီလာလုပ် နေလည်း အချစ်ဘရိတ်ပေါက်သွားရင် မရဘူး၊ ကောင်းကောင်း ပြောနေတုန်း ကောင်းကောင်းနားထောင်ပါ၊ ပြောနေတဲ့ကြားက



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့စိတ်ကိုရော မာနကိုပါ မခံချိမခံသာအောင် လာစိတ်သွေးနေ[illegible]
ညကလို စိတ်မထိန်းနိုင်ရင်''

''ရှင် ရှင် တော်တော့လို့ ပြောနေတယ်နော်''

အရှက်မရှိ ပြောသူက ပြောရဲပေမယ့် မိုးကေရီ န[illegible]
မထောင်ရဲ။ ဖြူနုသော မျက်နှာလေး ရဲရဲနီနေတာကို ချစ်မြတ်နိ[illegible]
စွာ တစ်ချက်စူးစိုက်ကြည့်ပြီး ပြောစရာစကားကို ဆက်ရသည်[illegible]

မိုးကေရီကို သူ့နည်းနှင့်သူ ပြန်သုံးမှဖြစ်မည်ကို [illegible]
သဘောပေါက်ထားသည်။

''ကိုကို့မျက်နှာကို မကြည့်ချင်ဘူး၊ ကိုကို့အသံကို မကြ[illegible]
ချင်ဘူးဆိုမှတော့ တခြားတစ်နေရာ သွားထိုင်နေရုံပဲ၊ ပြန်လာ[illegible]
ဒီစားစရာတွေကို ဘာတစ်ခုမှ မထိမတို့ဘဲ ဒီအတိုင်းပစ်ထား[illegible]
တော့ ကိုကို့ကို လူဆိုးလို့ပြောလည်း ဂရုမစိုက်ဘူး၊ တစ်ယော[illegible]
တည်းနေရဲတဲ့ သတ္တိတွေရှိနေပြီဆိုမှတော့ သွားရုံပေါ့၊ အဝေး[illegible]
တော့ မသွားပါဘူး၊ ညစာအတွက် ရှာဖွေရုံ ဒီအနီးအနား[illegible]
သွားပြီ''

ခြေလှမ်းကျဲကြီးတွေနှင့် ကျောခိုင်းသွားသူကို မိုးကေ[illegible]
လှမ်းခေါ်ခြင်းမပြုပါ။ သူကတောင် မိုးကို ရက်ရက်စက်စ[illegible]
ထားသွားနိုင်ရင် သွားပေါ့ဟု မာနစိတ်လေးနှင့် ခပ်တင်းတင်[illegible]
လက်ပိုက်၍ပင် ကြည့်နေလိုက်ပါသေးသည်။





သွားပေါ့။

ပြန်မလာလည်း ရတယ်။

မျက်စိရှေ့တည့်တည့် မြင်ကွင်းထဲက အောင်ဖုံ ပျောက်
[illegible]သွားတာနှင့် ရင်ထဲလိုက်ဟာပြီး ဝမ်းနည်းနာကြည်းသွားကာ
[illegible]င်းခံထားသည့် မာနကြားက မျက်ရည်ပေါက်ကြီးတွေ ပါးပြင်
[illegible]ပေါ် လိမ့်ဆင်းလာသည်။

ဒက်ဒီရယ်

မိုးအဖြစ်ကို မြင်လှည့်စမ်းပါဦး။ ဘယ်နေရာ ဘယ်
[illegible]သေမှန်းမသိသော ကျွန်းတစ်ကျွန်းရဲ့အပေါ်မှာ ကူညီကယ်ဆယ်
[illegible]သူဝေးစွာ ရောက်ရှိနေသော လူသားနှစ်ယောက်အဖြစ်က မတွေးဝံ့
[illegible] ပြန်လမ်းဆိုတာ မိုးကေရီဘဝမှာ မရှိနိုင်တော့သည့် အရာ
[illegible]ထား။

မိုးကေရီအနားမှာ အတူရှိနေတဲ့လူသာ ဦးအောင်ဖုံ မဟုတ်
[illegible]ရင် မိုးကေရီဘဝမှာ ဤမျှဖြေသာနေသော ပါမည်လား။

ဒက်ဒီရယ် မိုးကို အမြန်လာခေါ်ပါ။

မိုးကို ပစ်မထားပါနဲ့။

ကလေးငယ်တစ်ယောက်လို ဖခင်ဖြစ်သူကို တမ်းတပြီး
[illegible]လိမ့်ငိုကြွေးပစ်သည်။ အောင်ဖုံမှာ မိုးအခြေအနေကို သိချင်
[illegible] အသာလေးပြန်ချောင်းအကြည့် တစ်ယောက်တည်း လူးလိမ့်



www.burmeseclassic.com

www.burmeseclassic.com



ငိုနေသည့် မိုးကြောင့် ရင်ထဲက ချစ်မေတ္တာတွေ ဝေါခနဲ သွန်ချ မိလျက်သား ဖြစ်သွားသည်။

"မိုး မိုးရယ်"

"ဦးအောင်ဇံရယ် မိုးတို့ဘဝက ဒီလိုနဲ့ပဲ ဇာတ်သိမ်းကြ ရတော့မှာလားရှင်၊ မိုးကို ဘယ်သူမှ မကယ်နိုင်ကြတော့ဘူးလား"

"တိတ်ပါ မိုးရယ်၊ ဘဝဆိုတာ ကံစီမံတဲ့အတိုင်းပါပဲ၊ ကိုယ်ဖြစ်ချင်တာတွေချည်း ဖြစ်လို့မရဘူး၊ သူဖြစ်ချင်တာတွေ ဖြစ်နေကြရတာပါဗျာ၊ မငိုနေနဲ့နော် မိုး၊ မိုးအနားမှာ ကိုယ် အမြဲ ရှိနေမှာပါ အချစ်ရယ်၊ တိတ်နော်"

တသိမ့်သိမ့် ရှိုက်ငိုနေသော မိုးက သူ့ရင်ခွင်ထဲမှာ အရုပ် လေးတစ်ရုပ်လို ပျော့ခွေပြီး သူ့ကိုယ်ကြီးကို အားကိုးတကြီး ဖက်တွယ်ငိုရှိုက်နေပြန်ပါသည်။ မိန်းမသားနုနုငယ် မိုးတစ်ယောက် အဘယ်မျှ တုန်လှုပ်ချောက်ချားနေသည်ကို အောင်ဇံ စာနာပါသည်။

အောင်ဇံကိုယ်တိုင်သည်ပင်လျှင် လက်ရှိဖြစ်ပျက်နေသည့် သူ့ဘဝ သူ့အခြေအနေကို မယုံကြည်နိုင်သည့် ဘဝပါ။

"တစ်ချိန်လုံး ငိုနေတာ မိုး သိပ်ပင်ပန်းနေပြီဗျာ၊ ဒီ ငါးကင်လေးစားပြီး အားရှိအောင် အိပ်လိုက်နော်၊ မိုးနားမှာ ကိုယ် ရှိနေမယ် ဟုတ်လား၊ ဒါလေး ကုန်အောင်စားနော် ချစ်"

မိုးကို သူကိုယ်တိုင် အစာချော့ကျွေးပေမယ့် မိုးခမျာ





စားမဝင်ရှာပါ။ သနားကရုဏာသက်စွာ မိုးကိုယ်လေးကို ပိုက် ထွေးထားရုံကလွဲပြီး အောင်ဇံကိုယ်တိုင်လည်း ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်ကြီးကိုသာ မျှော်ငေးကြည့်နေရသည့်ဘဝ။

ဒါတောင် သူတို့မှာ မီးရှိသည်။

ခုတ်ထစ်စရာ ဓားအဖြစ် အသုံးချသော သံတိုသံစ အဟောင်းရှိသည်။

မိုးရယ်

ကိုယ်လည်း အချစ်လို အော်ဟစ်ငိုယိုမနေပေမယ့် ကိုယ် တို့ကို လာကယ်နိုင်မယ့်သူကိုတော့ အမြဲမျှော်နေမိပါတယ်ဗျာ။

တစ်ရက်

နှစ်ရက်မှသည် အချိန်လေးတွေ တရွေ့ရွေ့ကုန်သွားသည် မှာ ဆယ်ရက်တိတိရှိနေပြီဖြစ်ကြောင်း သူနှင့် မိုးကေရီ မှတ်သား ထားသည့် အမှတ်အသားလေးတွေက ဖော်ပြနေပါသည်။ ဒီကြား ထဲမှာ မိုးကေရီကို ချစ်သူတစ်ယောက်လို ကြင်နာယုယသည်မှ တစ်ပါး ယောကျ်ားတို့ စောင့်ထိန်းအပ်သော သစ္စာတရားကို အထူး စောင့်စည်း ထိန်းချုပ်ခဲ့ပါသည်။

မိုးကေရီမှာလည်း သူမအပေါ်မှာ အစစအရာရာ အနစ် နာခံ စောင့်စည်းထိန်းချုပ်နိုင်သော ချစ်သူကိုကိုအား အထင်ကြီး လေးစားစိတ်ဖြင့် ပိုတိုး၍ မြတ်နိုးမဆုံးအောင် ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

"ဗျာ"

"ဒီအတိုင်း ရှေ့ဆက်နေသွားရင် မိုးတို့ ဘယ်လိုဖြစ်မယ် ထင်လဲဟင်"

ရုတ်တရက် မိုးအမေးကို မဖြေဘဲ အောင်ဇံ ငြိမ်သွားသည်။ ပြီးမှ

"ကိုကို့အထင်ပြောရရင် ဒီအတိုင်း ရှေ့ဆက်နေသွားမယ်ဆိုရင် သေချာပေါက် အတိအကျပြောနိုင်တာကတော့ ကိုယ်နဲ့မိုးမှာ သားသား၊ မီးမီးတွေ ရလာနိုင်မယ်ထင်တာပဲ"

"အာ အပေါက်မှတ်လို့ နားထောင်နေတာကို၊ သွား"

"ဩော် ကိုကိုကလည်း အဟုတ်ဖြစ်လာမှာကို ပြောနေတာပါပဲဗျာ၊ မိုးပဲ စဉ်းစားကြည့်လေ၊ ကိုကိုကလည်း အာသဝေါကုန်ခန်းနေတဲ့ ရဟန္တာလည်းမဟုတ်ဘူး၊ မိုးကလည်း အရုပ်ဆိုးမလေး မဟုတ်ဘူး၊ ပြီးတော့ ကိုကိုနဲ့မိုးက တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်တဲ့ ချစ်သူတွေလေ၊ ဆိတ်ကွယ်ရာမှာနှစ်ယောက်တည်းနေရတာဆိုတော့ ကြာရင်"

"တော်ပြီကွာ၊ မိုးမေးတာ အဲဒါမဟုတ်ဘူး"

"ကိုကိုကလည်း သိပါတယ် အချစ်ရယ်၊ မိုး စိတ်ညစ်နေမှန်းသိလို့ တမင်ပျော်အောင် ပြောနေတာပါဗျာ"





"ကိုကိုရယ်"

ချစ်သူနှစ်ယောက် တစ်ယောက်ကိုတစ်ယောက်မှီပြီး ကျယ်ပြန့်လွင့်ပြောသော ရေပြင်ကျယ်မိုးကုပ်စက်ဝိုင်းကြီးကို မျှော်ငေးအကြည့်

"ကိုကို ဟိုမှာ ဟိုမှာ"

"ကိုကိုလည်းမြင်တယ် မိုး၊ ကိုကိုတို့ကို လာခေါ်မယ့်လူတွေ ဖြစ်ပါစေလို့ ဆုတောင်းနေ"

"ကိုကို ကိုကိုရယ်"

အသက်ရှူဖို့ကို ချစ်သူနှစ်ယောက်လုံး မေ့သွားသည် အထိ ရေပြင်ထက်မှ အမည်းစက်သဏ္ဍာန်လေးရှိရာသို့ မျက်တောင်ခတ်စတမ်း စူးစိုက်ကြည့်သည့်အချိန်တိုင်းမှာ ရင်ခုန်သံတွေ ပို၍ပို၍ မြန်လာ၏။

"နီးလာပြီ ကိုကို၊ ပိုပိုနီးလာပြီ"

မိုးအသံက စိတ်လှုပ်ရှားသဖြင့် တုန်ခါနေသလို မျက်ဝန်းအစုံမှာလည်း မျက်ရည်တွေနဲ့။

"ဟေး"

"ဟေး"

မိုးက အရူးမလေးလို အသံကုန်ဟစ်ပြီး ကမ်းပေါ်မှာ ခုန်ပေါက်လျက် လက်နှစ်ဖက်ကို ဝှေ့ရမ်းသည်။ အောင်ဇံက အသံ



www.burmeseclassic.com

www.burmeseclassic.com



စုဆောင်းရှာဖွေထားသော သစ်ရွက်သစ်ခက်တွေကို မီးပုံရှို့သည်။

သဘော်ပေါ်ကလူတွေ အောင်ဇုံ ရှို့လိုက်သော မီးခိုးငွေ့တွေကို မြင်သွားသည်။

"ဆရာကြီး ဆရာကြီး ဟိုမှာ မီးခိုးတွေပြီ"

"အေး··အဲဒီကိုမောင်း"

သဘော်ဦးပိုင်းမှာ ကိုယ်တိုင် မှန်ပြောင်းတစ်လက်ဖြင့် ဦးစီးလိုက်ပါလာသူက ဦးစက်ရှိန်ကိုယ်တိုင်။ သမီးဖြစ်သူ၏ သတင်းကြားကြားချင်း ပျောက်ဆုံးသွားသည့် သမီးဖြစ်သူကို မနားတမ်း ပိုက်စိပ်တိုက် ရှာဖွေခြင်း၏ အကျိုးကျေးဇူးက အခု ကိုယ်တိုင်ခံစားရခြင်းဖြစ်သည်။

သမီးလေး

ဘုရားတရားမလို့ အခု မီးခိုးတွေ့ရတဲ့နေရာမှာ ပျောက်ဆုံးသွားတဲ့သမီးလေးကို ပြန်ရှာတွေ့ပါရစေ။

ဘယ်တုန်းကမှ ဘုရားတရား မတဖူးသည့်လူက သမီးနှင့်ပတ်သက်လာတော့ ဘုရား သတိရလာသည်။ တရား သတိရလာသည်။ သမီးဖြစ်သူ၏စိတ်ကြောင့် ဘာတစ်ခုမှ စားမဝင် အိပ်မပျော်နိုင်ခြင်းကြောင့် ဦးစက်ရှိန် ရုပ်မှာ အတော်ကျဆင်း အိုစာသွားခြင်းကို လူတိုင်းသိသည်။ တဖြည်းဖြည်း ကျွန်းနှင့်နီးလာလေ မှန်ဘီလူးထဲမှာ မြင်ကွင်းက ပို၍ထင်ရှားပီပြင်လာလေ။





"ဖော်ကြီး ဟိုမှာ ငါ့သမီးလေးကိုယ်တိုင်ပါပဲလားကွ၊ သမီး"

"ဟာ ဆရာကြီး သတိထားလေ"

သမီးစိတ်ဖြင့် အားတင်းထားရသမျှ စိတ်ကို လျှော့ချလိုက်ဟန်ဖြင့် မူးမိုက်ကာ နေရာမှ လဲပြိုသွားသော ဦးစက်ရှိန်ကို သူ့တပည့်တွေက ပွေ့ယူပြီး နားနေခန်းထဲ ခေါ်သွားသည်။

မိုးကေရီမှန်း သေချာသွားပြီမို့ အခုမှ အားလုံး သက်ပြင်းကိုယ်စီ ချနိုင်ကြသည်။

"ဒက်ဒီ ဒက်ဒီရယ်"

မိုးခကရီကတော့ စက်လှေပေါ်ရောက်ရောက်ချင်း သူ့မအဖေရင်ခွင်ထဲ ပြေးဝင်ကာ အားပါးတရ ငိုချပစ်လိုက်သည်။

"တိတ်ပါ သမီးရယ်၊ ဒက်ဒီ့သမီးရဲ့ဘဝမှာ ရှေ့လျှောက်ဘာအန္တရာယ်မှ ကြုံတွေ့စရာမရှိတော့ပါဘူး၊ အခုဖြစ်ပျက်ခဲ့တာတွေကိုလည်း အိပ်မက်ဆိုးတစ်ခုလိုပဲ သဘောထားပြီး မေ့ပစ်လိုက်တော့ ဟုတ်လား"

အသည်းမာလှပါသည်၊ ရက်စက်လှပါသည်ဆိုသော ဦးစက်ရှိန်ကိုယ်တိုင် မျက်ရည်တွေနှင့်ပါလား။ အောင်ဇုံကတော့ သူ့အဖေနှင့် သူ့အမေကို လူမဆန်စွာ ရက်ရက်စက်စက် သတ်ဖြတ်ပြီး ရှိရှိသမျှ စည်းစိမ်ဥစ္စာတွေကိုယူပြီး လစ်ပြေးသွားသည့် ဖေဖေ့

www.burmeseclassic.com



သူငယ်ချင်း ဦးတင်ရှိန်ဆိုသည့် လူယုတ်မာ၏ပုံပဲမြင်နေသည်။

"မောင်အောင်ဖုံလည်း နားလိုက်ဦး၊ နောက်မှ ဦးတို့ချင်း ထပ်တွေ့ကြတာပေါ့ ဟုတ်လား"

"ကောင်းပါပြီ ဦး၊ ကျွန်တော့်ကို ခွင့်ပြုပါ"

"ကောင်းပြီ"

ဦးစက်ရှိန် တပည့်တစ်ယောက် လိုက်ပို့ပေးသည့် အခန်းမှာပဲ စိတ်ချလက်ချ ပစ်လှဲလိုက်သည်။ စိတ်ထဲကတော့ ဦးစက်ရှိန် ပြောသည့်စကားကို မမေ့။ နောက်မှ ဦးတို့ချင်း ထပ်တွေ့ကြတာပေါ့တဲ့။ စိတ်ချပါ ဦးစက်ရှိန်။

ခင်ဗျားနဲ့ ကျွန်တော့်ကြားမှာ နှစ်ယောက်ချင်းတွေ့ရမယ့် ကိစ္စတွေ အမှန်တကယ်ရှိနေတယ်ဆိုတာ ခင်ဗျားကြီး မသိသေးလို့ပါ။

ကျွန်တော်သာ ဘယ်သူဘယ်ဝါဆိုတာသိရင် အခုလို စကားမျိုး ခင်ဗျားပါးစပ်ကတောင် ပြောထွက်နိုင်မှာမဟုတ်ဘူး ဆိုတာ သေချာပါတယ်။

ဆယ်ရက်ကျော် ခံစားခဲ့ရသော ဒုက္ခတောမှ လွတ်မြောက်ပြီဆိုသောစိတ်ဖြင့် နွေးထွေးလုံခြုံသော အိပ်ရာထက်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပစ်လိုက်သည်။ သူ အိပ်ရာကနိုးတော့ အခန်းထဲမှာ မီးပွင့်လေး လင်းနေတာ မြင်ရသည်။





မိုးတောင် ချုပ်သွားပြီပဲ။

အိပ်ရာကထပြီး ရေချိုးခန်းထဲဝင်ကာ မျက်နှာသစ်၊ သွားတိုက်၊ မျက်နှာပေါ်က အမွေးအမှင်တွေ ရှင်းလင်းကာ အားပါးတရ ခေါင်းလျှော် ရေချိုးပစ်လိုက်မှ လူက လန်းဆန်းပေါ့ပါးသွားသည်။ အခန်းထဲမှာ အသင့်ရှိနေသည့် အဝတ်သစ်တစ်စုံကိုလဲပြီး သဘောဦးပိုင်းကို ထွက်လိုက်တော့ ဦးစက်ရှိန်နှင့် မိုးကေရီတို့ သားအဖကို တွေ့လိုက်ရ၏။

"နိုးပြီလားဟေ့ မောင်အောင်ဖုံ၊ လာ လာ အခုပဲ ညစာစားမလို့ မင်းကိုစောင့်နေတာ၊ လာ ဒီမှာထိုင်၊ သမီးလည်း မင်းလိုပဲ အခုပဲ အိပ်ရာကနိုးတယ်"

မိုးကေရီနှင့် အောင်ဖုံ တစ်ယောက်ကိုတစ်ယောက် အဓိပ္ပာယ်ပါပါ လှမ်းကြည့်လိုက်ကြသည်။ ကျွန်းပေါ်မှာတုန်းက နှစ်ယောက်စလုံး စုတ်ပြတ်ပေရေကာ ယူရုပ်မပေါက်ပေမယ့် လွတ်လပ်စွာ ပျော်ခဲ့ကြသည်။

အခုတော့ အားလုံးရှေ့မှာ မိုးကေရီရော အောင်ဖုံပါ ခပ်တည်တည်။ တစ်ယောက်ကိုတစ်ယောက် မသိသလို သိသလို ဟန်လုပ်နေရ၏။

"ထိုင်ပါ ဦးအောင်ဖုံ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့အတွက် ထမင်းပွဲ အသင့်ပြင်လိုက်တော့ဟေ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဦးစက်ရှိန်လူတွေအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားချိန် ဦးစက်ရှိန်က အောင်ဖုံ့လက်ထဲကို ပယင်းရောင်ခွက်လေးတစ်ခွက် လှမ်းပေးသည်။

"ထမင်းမစားခင် နွေးနွေးထွေးထွေး ဖြစ်သွားအောင် ပေါ့ကွာ"

အောင်ဖုံ့ မငြင်းဘဲ တစ်ခါတည်း မော့ချလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဦး"

"ဦးကသာ ကျေးဇူးတင်ရမှာပါကွာ၊ ဦးသမီးမှာ မင်းပေးတဲ့ အသက်ပဲ ရှိတာပါ"

"အဲဒီလိုလည်း မဟုတ်ပါဘူးခင်ဗျာ"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ မိန်းမသားတစ်ယောက်တည်း ကျွန်းတစ်ကျွန်းပေါ် ရောက်နေရင်လည်း အသက်ရှင်ဖို့ တယ် မလွယ်ပါဘူး၊ သမီးလိုမိန်းကလေးဆို ပိုဆိုးမှာပေါ့ မဟုတ်ဘူး လား"

သူ ဘာမှမပြောဘဲ ငြိမ်နေတော့ ဦးစက်ရှိန်က သူ့သမီး ဖြစ်သူပခုံးကို တစ်ချက်လှမ်းပုတ်လိုက်ပြီး ဦးခေါင်းကို တဆတ် ဆတ် ညိတ်နေပုံကိုကြည့်ပြီး အကြည့်ကိုလွှဲပစ်လိုက်တော့ သူ့ကို





ဘယ်အချိန်ကတည်းက လှမ်းကြည့်နေမှန်းမသိသော မိုးကေရီ၏ ရွှန်းလဲ့နူးညံ့သော မျက်ဝန်းများဖြင့် ဆုံပါသည်။

ဘယ်လိုပဲဖြစ်ဖြစ်

ဂုဏ်တံတိုင်း၊ ငွေတံတိုင်းတွေကြားမှာ မင်းနဲ့ကိုယ် စည်းခြားသွားခဲ့ပါပြီ မိုးကေရီ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ကိုကို"

"ဟင်"

"ဒီခေတ်ပုံထဲက လူတွေက ကိုကို့အဖေနဲ့ အမေလား ဟင်"

"အင်း"

"နှစ်ယောက်စလုံး ချောတယ်နော်၊ ဘာဖြစ်လို့ ငယ်ငယ်လေးတွေနဲ့ ဆုံးကုန်တာလဲ"

"လူသတ်ခံရလို့ပေါ့"

"အို"

ချစ်သူရင်ခွင်ထဲမှာ မှီနွဲ့နေရာက မိုးဇေကရီ အံ့သြစွာ ချစ်သူမျက်နှာကို အလန့်တကြား မော့ကြည့်လိုက်မိသည်။

"ဘယ်လို ကိုကို၊ မိုးနားလည်အောင် ရှင်းပြစမ်းပါဦး



ကိုကို့အဖေနဲ့အမေ အသတ်ခံရတာ ဟုတ်လား"

"ဟုတ်တယ်၊ ဖေဖေ့အချစ်ဆုံးသူငယ်ချင်းက ဖေဖေနဲ့ မေမေ့ကိုသတ်၊ ပစ္စည်းတွေအားလုံးယူပြီး ထွက်ပြေးသွားတာလေ"

"ရက်စက်ယုတ်မာလိုက်တာ ကိုကိုရယ်၊ အဲဒီလူကြီး မဖမ်းဘူးလား"

"အကြံသမားပဲ၊ ရုပ်ဖျက်ပြီး တစ်ဖက်နိုင်ငံကို လစ်ပြေးသွားတော့ အဖမ်းမခံလိုက်ရဘူးလေ၊ အခုတော့ အဲဒီလူကို တွေ့ပါပြီ"

"ဟယ် ဟုတ်လား၊ ဒါဆို ရဲတိုင်ပြီး မြန်မြန်ဖမ်းလိုက်ပါလား ကိုကိုရယ်၊ ကိုကို့အဖေနဲ့အမေကို ရက်ရက်စက်စက် သတ်တဲ့လူကြီးကို မိုးလည်း ကူဖမ်းပေးမယ်လေ၊ အဲဒီလူက ဘယ်သူလဲ၊ ဘယ်မှာလဲဟင်၊ ဒက်ဒီ့မှာ မိတ်ဆွေကောင်းတွေ အများကြီးရှိတာ၊ အကူအညီတောင်းပြီး ဖမ်းခိုင်းလိုက်ရင် ချက်ချင်း မိမှာ သိလား"

အဖြစ်မှန်ကို ဘာတစ်ခုမှမသိသော မိုးဇေကရီပုံစံလေးက တက်တက်ကြွကြွ။ ကြားရသည့် သတင်းစကားအပေါ်မှာလည်း မခံမရပ်နိုင်ဟန်လေးဖြင့် ဒေါသလေးတဝေဝေ။ သူမချစ်သော ကိုကို၏အဖေနှင့်အမေကို ရက်စက်စွာသတ်ဖြတ်ပြီး ရှိသမျှ စည်းစိမ် ဥစ္စာတွေကို ယူသွားသူမှာ တခြားသူမဟုတ်ဘဲ သူမဒက်ဒီပါပဲ

www.burmeseclassic.com



ဆိုလျှင် မိုးဇေကရီ ယုံပါမည်လားမသိ။

"ကိုကို"

"ဟင်"

"မိုးပြောနေတာ ကြားရဲ့လား၊ ကိုကို့အဖေနဲ့ အမေကို ရက်ရက်စက်စက် သတ်သွားတဲ့လူကို တွေ့နေပြီဆိုမှတော့ အမြန် ဆုံး ဖမ်းဖို့ ပြင်တော့လေ"

"သက်သေ ဘယ်မှာလဲ"

"ရှင်"

"ကိုယ့်မှာ နိုင်လုံတဲ့သက်သေ ရှိရမယ်လေ၊ သက်သေ မရှိဘဲ လူတစ်ယောက်ကို ဖမ်းဆီးခွင့်မှမရှိဘဲ မိုးရယ်၊ ပြီးတော့ ဒီလူက မိုးဒက်ဒီလိုပဲ ချမ်းသာတဲ့နေရာမှာ နာမည်ကြီးသူဌေး တစ်ယောက်ပဲ"

"ဟင်"

"သက်သေမခိုင်လုံဘဲ လျှောက်လုပ်ရင် ကိုကိုပဲ နာသွား မှာပေါ့၊ သူ့မှာ ဥပဒေကို လက်တစ်လုံးခြား လုပ်နိုင်တဲ့ အရည် အချင်းအပြည့်ရှိတယ်"

မိုး ဘာမှမပြောနိုင်ဘဲ ငြိမ်သွားသည်။ မိုးဒက်ဒီလို နာမည်ကြီးသူဌေးဆိုသည့် လူတွေထဲက ကိုကို့အဖေနဲ့အမေကို သတ်ပစ်လောက်အောင် ရက်စက်သည့်လူတွေကို အတွေးထဲ





ရှာကြည့်သည်။

ဦးဟုတ်ကြည်လား။

သူ့ရုပ်က ရက်စက်တဲ့ရုပ်။ ဦးကြင်မောင်လည်း ဖြစ်နိုင် တာပဲ။ ဒီလူ့ရုပ်ကလည်း တကယ့်လူဆိုးရုပ်ပဲ။ တစ်ယောက်ပြီး တစ်ယောက် တွေးသည့်အတွေးထဲမှာ မိုးဇေကရီ၏ ဒက်ဒီ မပါပါ။ တွေးစရာ ထင်စရာဟုလည်း မစဉ်းစားခဲ့။

"မိုး ပြန်ချင် ပြန်တော့လေ"

"ဘာဖြစ်လို့လဲဟင်၊ မိုးရှိလို့ ကိုကို့မှာ စိတ်အနှောင့် အယှက်ဖြစ်လို့လား"

"မဟုတ်ပါဘူး၊ တော်ကြာ မိုးဒက်ဒီ စိတ်ပူနေမှာစိုးလို့ ပါ"

"အဲဒီအတွက်တော့ စိတ်မပူနဲ့ ကိုကိုရေ၊ ဒက်ဒီ့မှာ မိုးထက် ပူရမယ့်လူတွေ အများကြီးပဲ၊ အခုတလော ဒက်ဒီ့ပစ္စည်း တွေ ခဏခဏအဖမ်းခံရလို့ ဒက်ဒီ ဘယ်လောက်ဆူပူသောင်း ကျန်းနေတယ်ဆိုတာ ကိုကို သိရဲ့လား"

"ဟုတ်လား၊ ဒါဆို အတွင်းလူပါနေပြီထင်တယ်"

"ဒါပဲရှိတာပေါ့"

မိုးဇေကရီ စကားက လွှတ်လပ်ပေါ့ပါးသည်။ မကြာခင် လက်ထပ်တော့မည့် ခင်ပွန်းလောင်းအဖြစ် အောင်ဖုံ့အပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချယုံကြည်တာလည်း ပါသည်။ ဦးစက်ရှိန်ကိုယ်တိုင်လည်း အောင်ဖုံကို သမက်တော်ဖို့ ဆုံးဖြတ်လိုက်ပြီးနောက်မှာ မိုးစေကရီက သူမဒက်ဒီလုပ်ငန်းပိုင်းဆိုင်ရာကို အခုရှုပ်မှ နှောင်ရှင်းဟု ယူဆမှုဖြင့် ပွင့်လင်းစွာ ပြောဆိုလာခဲ့ရာမှ အခုအဖြစ်အပျက်များ ဆက်တိုက် ပေါ်ပေါက်လာခြင်းဖြစ်သည်။

ပထမတော့ ဦးစက်ရှိန်နှင့် မတည့်သည့် စီးပွားပြိုင်ဘက်ထဲက တစ်ယောက်ယောက်ဟု ထင်သည်။ အခုတော့ အတွင်းရှု အချင်းချင်း မသင်္ကာတော့သည့် အခြေအနေ။

"ဘယ်လိုအကြောင်းကိစ္စကြောင့်ပဲဖြစ်ဖြစ် ကိုကို့ကို မိုး ဘယ်တော့မှမမုန်းရဘူးနော် အချစ်"

"အရေးထဲ ကိုကိုကလည်း ဘာတွေထပေါက်နေမှန်း မသိဘူး၊ ဇကန္တ ဒက်ဒီ့ပစ္စည်းတွေ ဖမ်းခိုင်းတာ ကိုကိုလား မသိဘူး"

"ဟုတ်နေရင် ဘယ့်နှယ်လုပ်မလဲ"

"သတ်ပစ်မှာပေါ့"

"မိုးလေးရယ်"

"ဖယ်ပါ၊ မိုး ပြန်မယ်"

"ဟင့်အင်း၊ အခုပြန်မယ်ဆိုလည်း ခွင့်မပြုနိုင်တော့ဘူး"

"ကြည့်စမ်း ကိုကိုနော်"





"ဖယ်ဆို"

"အို"

ရုန်းကန်ခြင်းအားမပါသဖြင့် အောင်ဖုံ ချစ်ခြင်းထဲမှာ ပြုံဆင်းလာသော အနမ်းဥယျာဉ်သစ်အား ကြိုဆိုနေသကဲ့သို့ ရှိပါသည်။ ဦးစက်ရှိန်ကို ကလဲ့စားချေရန် ပိုင်းဖြတ်ထားသည့်အတိုင်း လုပ်ဆောင်နေပေမယ့် အပြစ်ကင်းသော မိုးကိုတော့ အောင်ဖုံ့ရင်ထဲမှာ အမြဲထွေးပိုက်ထားချင်အောင် မြတ်မြတ်နိုးနိုး ချစ်ပါသည်။

"ကိုကို့နဲ့မိုးကြားမှာ သိပ်ချစ်တာပဲဆိုတဲ့ စကားနဲ့ မလုံလောက်နိုင်ပါဘူး အချစ်ရယ်၊ မိုးအပေါ်မှာထားတဲ့ ကိုကို့အချစ်ကို သီးခြားအဓိပ္ပာယ်ဖွင့်ဆိုလို့ရမယ့်စကားရှိရင် သိပ်ကောင်းမှာပဲ"

"အံမယ် ကိုကိုမှ မိုးကိုချစ်တတ်တာ မဟုတ်ပါဘူးနော်၊ ကိုကို့အပေါ်မှာထားတဲ့ မိုးရဲ့အချစ်တွေ ဘယ်လောက်တောင်ပြင်းထန်နက်ရှိုင်းတယ်ဆိုတာ ကိုကို သိလို့လား"

"သိပါတယ်ဗျာ၊ ကိုကို့ကို မိုး ဘယ်လောက်ချစ်တယ်ဆိုတာ ကိုကို သိပါတယ်"

"သွားပါ၊ မိုးအကြိုက် လိုက်ပြောနေတာမဟုတ်လား၊ ကိုကိုက မိုးရင်ထဲက ခံစားချက်ကို သိတယ်ဆိုတော့ ဘယ်လိုသိလဲ ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြမှ သိမယ်လား"

"ဒါပေါ့"

"ကောင်းပြီ၊ ဒါဖြင့် မိုးသိအောင် နှစ်ကိုယ်ကြား တိုးတိုးလေး ပြောမယ်"

"ဘယ်လိုပြောမှာလဲဟင်"

"ဒီလိုပြောမှာလေ"

"အို ကိုကို"

မိုးက ရှက်စနိုးဖြင့် ကိုကို့ရင်ဘတ်ကြီးကို လက်သီးဆုပ်လေးတွေနှင့် မနာကျင်အောင်ထုတော့ ကိုကိုက ချစ်မြတ်နိုးစွာ ရယ်ပါသည်။

"သွား သွား ကိုကိုမကောင်းဘူး၊ သိလား၊ မိုးကို ညာပြီးတော့ လူကို ဖွတ်အတင်း"

"ဘာဖြစ်လဲ ဆက်ပြောလေ"

"ကိုကိုလူဆိုး သိလား"

"သိပ်ဆိုးတာပဲ"

"တော်ပြီ တော်ပြီ၊ နောက် ဘယ်တော့မှ ကိုကို့ဆီ မလာဘူး"

"ဒါကတော့ မိုးလေး စိတ်ချမ်းသာသလို လုပ်ပါ၊ ကိုကို့ကို မတွေ့ရ မမြင်ရလို့ စိတ်ချမ်းသာမယ်ဆိုလည်း မိုးသဘော





ပါ"

"သြော်...ကိုကိုက မိုးကိုမတွေ့ရရင်လည်း နေနိုင်တယ်ပေါ့လေ၊ ဟုတ်လား"

"ကိုကို အဲဒီလို ပြောမိလို့လား"

"အို ဘာထူးလဲ၊ ဒီလောက်တောင် ကိုကို့အသည်းတွေမာနေရင် နောက် ဒီမျက်နှာကို ဘယ်တော့မှ မြင်ရမယ်မထင်နဲ့"

"ဒါ ကိုကို့ကို ခြိမ်းခြောက်တာပေါ့"

မိုး အံလေးကြိတ်ပြီး ကိုကို့မျက်နှာကို စိုက်ကြည့်ပါသည်။

"အေးပေါ့လေ၊ အခုအချိန်မှာ ကိုကိုက မိုးကို သိပ်ချစ်တော့ မိုးပြုသမျှ နုရတော့မယ့်ဘဝပဲ၊ ချစ်မိုးကို ကိုကို အရှုံးပေးပါတယ်ဗျာ"

"ကိုကို့ကိုတော့ ခွဲမသွားပါနဲ့၊ ကိုကို့ချစ်သူ မျက်နှာလှလှလေးကို တစ်နေ့မတွေ့ရရင် မနေနိုင်လို့ပါ"

"မိုး"

"တော်ပါ၊ အခုမှ အပိုတွေလာချဲ့ပြမနေပါနဲ့၊ နောက် မိုးစိတ်ချမ်းသာသလို နေပါလို့ ထပ်ကြားရရင် ကိုကို့ကို တစ်ခါတည်း မုန်းပစ်လိုက်မယ် သိလား"

"ကြောက်စရာပါလား"



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာဟုပြောနေသည့် ကိုကို့မျက်နှာက ပြုံးနေတာမို့ မိုး မကျေနပ်ပါ။

"ဘာကြောက်စရာလဲ၊ ကိုကို့ကို မိုး ဘယ်လောက်ချစ်တယ်၊ ကိုကို့မျက်နှာကို တစ်နေ့မတွေ့ရင် မနေနိုင်ဘူး၊ ကိုကို့အသံကို တစ်နေ့မကြားရရင် မနေတတ်ဘူးဆိုတာ သိလို့ တမင်ပြောတာ မိုးမသိဘူးထင်လို့လား"

"မှားပါတယ်ဗျာ၊ နောက်ဒီလိုမဖြစ်ရဘူးလို့ ကတိပေးပါတယ်"

"တူ တူ တူ"

"ဟော ဖုန်းခေါ်နေပြီ၊ ဘယ်သူလဲ မသိဘူး"

"ဟိုတ် နေဦး"

အောင်ဖုံ လှမ်းတားပေမယ့် အချိန်မမီလိုက်ဘဲ မိုးက ဖုန်းခွက်လေးကို ကောက်ယူနားထောင်ပြီးဖြစ်နေသည်။

"ဟဲလို"

"အောင်နဲ့ပြောချင်လို့ပါကွယ်"

"အောင်"

ချိုအေးနူးညံ့သော အမျိုးသမီးတစ်ယောက်၏ အသံဖြစ်ရုံမက မိုးချစ်သူ ကိုကို့ကို အောင်လို့ ပိုင်စိုးပိုင်နင်း ခေါ်လိုက်တာမို့ မိုးရင်ထဲပူသွားသည်။





"ဆောရီးပါကွယ်၊ မောင်အောင်ဖုံကို ပြောတာပါ"

"ခဏလေး ကိုင်ထားပါနော်"

"မိုး ဘယ်သူလဲ"

"သိချင်ရင် ရှင့်ဘာသာမေးကြည့်"

"ဟိုတ် ဒါက ဘယ်လဲ"

မိုးက အကျိုးအကြောင်းလေးပင် ပြန်ပြောဖော်မရဘဲ အောင်ဖုံရှေ့က တအားပြေးထွက်သွားကာ သူမပြိုင်ကားနီနီလေးကို ခပ်ကြမ်းကြမ်းမောင်းထွက်သွားသံကိုသာ ကြားလိုက်ရပါသည်။ အောင်ဖုံမှာ မိုး၏အမူအရာကို နားမလည်နိုင်ဘဲ ချထားသည့်ဖုန်းကို ကောက်ယူလိုက်သည်။

"ဟဲလို"

"အောင် မမလုံပါ၊ သိပ်အရေးကြီးနေပြီ အောင်၊ အခုလေးတင်ပဲ မေမေ အမြဲဝတ်တတ်တဲ့ ပတ္တမြားဘယက်ကြီးကို အရောင်းအဝယ်လုပ်နေတာ တွေ့ခဲ့ရတယ်၊ မမလုံလည်း ဘာလုပ်ရမှန်းမသိတာနဲ့ အောင့်ဆီကို ဖုန်းလှမ်းဆက်မိတာ"

မေမေ့လည်ဆွဲဆိုတာနှင့် အောင်ဖုံ့ရင်တွေ တဒိတ်ဒိတ်ဆောင့်ခုန်သွားသည်။

"အဲဒီအရောင်းအဝယ် လုပ်တဲ့နေရာက ဘယ်မှာလဲ မမလုံ၊ မေမေ့ဘယက်ကြီးဆိုတာရော သေချာရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ဘယက်ဆိုတာ သေချာတယ် အောင်၊ ဆွဲသီး နောက်မှာ မေမေ့နာမည် အတိုကောက် တီအမ်ဆိုတာ ပါတယ်၊ မမပြောတဲ့နေရာကို အောင် အခုလာခဲ့"

မမလုံ ရွတ်ပြသည့် လိပ်စာကို သူ ကမန်းကတန်းမှတ်ပြီး နေရာက ခပ်သုတ်သုတ် ထွက်ခဲ့သည်။ တွေ့သည့်ကားကို ဈေးပင်မဆစ်ဘဲ မမလုံ ချိန်းသည့်နေရာကို ခပ်မြန်မြန် မောင်းပို့ခိုင်းရသည်။

သူ့အငှားကားနောက်က မိုးကေရီ၏ကားလေး လိုက်ပါလာသည့်အဖြစ်ကိုပင် သတိမထားမိ။ မမလုံ ချိန်းသည့်နေရာမှာ သူ့ကားကို ရပ်လိုက်သည်နှင့် ဆိုင်ထဲက ပြေးထွက်လာသည့် မမလုံက သူ့လက်ကိုဆွဲပြီး သူမမြင်နိုင်သည့်နေရာကို ခေါ်သွားကာ အသင့်ရပ်ထားသည့်ကားပေါ် တက်စေသည်။

ကားနောက်ခန်းမှာ သူတို့မောင်နှမနှစ်ယောက် ဝင်ထိုင်လိုက်တာနှင့် ကားက နေရာက ဝေါခနဲပြေးထွက်သွား၏။ မိုးကေရီမှာ မြန်မာဆန်ဆန် ချောချောလှလှ အမျိုးသမီးတစ်ယောက်နှင့် အတူမ်းတဝင် ရင်းရင်းနှီးနှီး ပူးကပ်လိုက်ပါသွားသည့် ချစ်သူ အဖြစ်ကို မျက်ဝါးထင်ထင် ငေးကြည့်ရင်း အရုပ်ကြိုးပြတ် လဲကျမသွားအောင် မနည်းသတိထားလိုက်ရသည်။

ရက်စက်လှချည်လား ကိုကိုရယ်။





မိုးအပေါ်မှာ ဘာကြောင့် ဒီလောက်တောင် ရက်စက်ရတာလဲ ရှင်ရယ်။

မိုးကေရီ မြင်တွေ့လိုက်ရသည့် မြင်ကွင်းက သူမ အသည်းနှလုံးကို အရက်စက်ဆုံး နင်းခြေပစ်လိုက်ပြီဟု သိလိုက်သည်။ မိုးကေရီ သူမကိုယ်သူမ သတိမထားနိုင်ခင်မှာ မျက်ရည် ပေါက်ပေါက် ကျနေလေပြီ။

"မိုး၊ ဟင် ဘာဖြစ်တာလဲ၊ ဘာလို့ တစ်ယောက်တည်း ငိုနေရတာလဲဗျာ၊ အန်ကယ်များ တစ်ခုခုဖြစ်လို့လား"

"ဒယ်နီ"

"ဟုတ်ပါတယ် ကိုယ်ပါ၊ ကြည့်ရတာ မိုးတစ်ယောက်တည်း ကားမောင်းလို့မဖြစ်ဘူးထင်တယ်၊ မိုး ဘယ်သွားမှာလဲ၊ ကိုယ်လိုက်ပို့မယ်"

"ကျေးဇူးတင်ပါတယ် ဒယ်နီရယ်"

အမှန်တကယ်လည်း ဒယ်နီကို မိုး ကျေးဇူးတင်ပါသည်။

"မလိုပါဘူး မိုးရယ်၊ ကားပေါ်တက်နော်"

ဒယ်နီ့လက်ထဲကို မိုး ကားသော့ထည့်ပေးလိုက်ပြီးနောက် နေရာက မိုးကားလေးကို အညင်သာဆုံး မောင်းထွက်ပါသည်။

မိုးက တစ်လမ်းလုံး တသိမ့်သိမ့်ရှိုက်ငိုရင်း ပါလာတာမို့ ဘာတစ်ခုမှ မေးမြန်း၍မရသော ချစ်ရသူ၏မျက်နှာလှလှငို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ ဒယ်နီမှာ နေရင်းထိုင်ရင်း ဘာမဆိုင် ညာမဆိုင် စိတ်အဆင်းရဲကြီး ဆင်းရဲနေမိသည်။

"မိုးကို အိမ်ပဲပြန်ပို့ပေးပါတော့ ဒယ်နီရယ်၊ အခုချိန်မှာ မိုးတစ်ယောက်တည်းပဲ နေချင်လို့ပါ"

"မိုးသဘောပါဗျာ၊ ဒါပေမဲ့ တစ်ခုတော့ပြောချင်တယ်"

"ဘာများလဲ ဒယ်နီ"

"စက်ရုပ်အသည်းနှလုံးပိုင်ရှင်လို့ နာမည်ကြီးလှတဲ့ မိုးကေရီလို မိန်းကလေးကို အခုလို ရှိုက်ကြီးတငင် မျက်ရည်ကျအောင် လုပ်နိုင်တဲ့သူဟာ သူစိမ်းယောကျ်ားတစ်ယောက်ဆိုရင် အေးစက်မာကျောလှတဲ့ အာ[illegible]လုံးကို ပူနွေးပျော့ပျောင်းသွားအောင် ပြောင်းလဲပေးလို့ ကျေးဇူးတင်စကား ပြောချင်လို့ပါ၊ မိုးတကယ်ချစ်သွားပြီဆိုတာ ကိုယ် တကယ်ယုံပြီ"

"ဒယ်နီရယ် မိုးကို မိုးကိုခွင့်လွှတ်ပါ"

ရှိုက်သံဗလုံးဗထွေးနှင့် မိုး တောင်းပန်တော့ ဒယ်နီက နူးညံ့သိမ်မွေ့စွာ ပြုံးသည်။

"ကိုယ့်ကို တောင်းပန်ဖို့ မလိုပါဘူးဗျာ၊ အချစ်စစ်အချစ်မှန်နဲ့ တွေ့သွားတဲ့ မိုးဘဝလေး အေးငြိမ်းခွင့်ရသွားတာ ကိုယ်ကျေနပ်ဝမ်းသာလို့ ပြောတာပါ၊ မီးနဲ့ကစားနေတဲ့ မိုးကေရီ ဘဝထက်စာရင် အချစ်ကို အချစ်လိုခံစားတတ်တဲ့ မိုးကေရီဘဝက





ပိုနေပျော်မယ်ထင်လို့ပါ"

"ကျွီး"

"ကဲ မိုးအိမ်ကို အရောက်ပို့ပေးခဲ့ပြီနော်၊ တစ်ခုပဲ မိုးချစ်တဲ့လူနဲ့ လက်ထပ်ဖြစ်အောင် ကြိုးစားပါ၊ ကိုယ် သွားမယ်"

မိုးကေရီကို ကျောခိုင်းနှုတ်ဆက်ပြီး ဖုန်းတစ်လုံးနှင့် စကားပြောသွားသော ဒယ်နီကိုကြည့်ပြီး အငိုမျက်နှာနှင့် အိမ်ပေါ်ထပ် သူမအခန်းရှိရာသို့ မိုးကေရီ ပြေးဝင်ခဲ့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဦးစက်ရှိန်ပစ္စည်းဆိုတာ သေချာပါတယ်နော်"

"သေချာပါတယ်၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ သူ့လက်ထွက်ပစ္စည်းဆိုရင် ယုံကြည်စိတ်ချလို့ပါ"

"အာ ဒါတော့ သိပ်သေချာပါတယ်ဗျာ၊ ဦးစက်ရှိန်သူနဲ့ပတ်သက်ရင် ဒီလိုကိစ္စမျိုးမှာ ဘယ်တော့မှ အရှုပ်အရှင်း မရှိစေရဘူး"

မောင်နှမနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"ငွေချေလိုက်တော့"

"ကောင်းပါပြီ အောင်"

ကြိုတင်ယူလာသည့် ချက်လက်မှတ်ဖြင့် ရောင်းသူကို





ငွေရှင်းပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ နောက်လည်း ပစ္စည်းကောင်း အရည်အသွေးကောင်း လိုချင်ရင် အချိန်မရွေးလာပါ"

"ဟုတ်ကဲ့ပါရှင့်၊ ကျွန်မတို့ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီခင်ဗျာ၊ ကောင်းပါပြီ"

အဖြစ်မှန် အကြောင်းရင်းမှန်ကို မသိသော ပွဲစားက အုံမြူးပြီး ကျန်ရစ်သလောက် အောင်စုံတို့မောင်နှမကတော့ ငြိမ်ကုပ်ပြီး ပြန်လာသည်။ ထိုအတူ နှစ်ယောက်စလုံးမှာ အတွေးကိုယ်စီ ပါလာသည်။

"အခု ဘာဆက်လုပ်ကြမလဲ အောင်"

"ဣန္ဒြေမပျက် မမလုံ အိမ်ပြန်နေပါ၊ မေမေ့ဘယက်ကြီးကို အောင် ယူသွားမယ်"

"ဖြစ်ပါ့မလား အောင်ရယ်၊ တော်ကြာ"

"ဖြစ်ပါတယ် မမလုံ၊ အောင့်အတွက် စိတ်ချစမ်းပါဗျာ"

"မင်းကတော့ ပြောနိုင်တာပေါ့ အောင်ရယ်၊ မင်းက ယောက်ျားလေးကိုး၊ မမလုံမှာသာ မိဘနှစ်ပါးသာ မကဘူး၊ အချစ်ဆုံးမောင်လေးပါ ဆုံးရှုံးရမယ်ဆိုရင်"

"နမိတ်မရှိတာတွေ ဘာလို့တွေးနေတာလဲ မမလုံရယ်၊ ဒီတစ်ခါ အောင်တို့အလှည့်ပါဗျာ၊ ဖေဖေ မေမေတို့အတွက် အောင်



www.burmeseclassic.com

www.burmeseclassic.com



ကလဲ့စားချေမှာပါ''

တသိမ့်သိမ့် ရှိုက်ငိုနေသော အစ်မဖြစ်သူကိုကြည့်ကာ အောင်ဖုံ သူ့လက်ထဲက မေမေ့ပတ္တမြားဘယက်ကြီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

''ဟုတ်ပါတယ်လေ၊ အခု အောင့်ကြောင့် ဦးစက်ရှိန်ပစ္စည်းတွေ ဆက်တိုက်ဆိုသလို ဆုံးရှုံးနေရပြီပဲ၊ တစ်စိတ်တစ်ဒေသအားဖြင့် မမလုံ ကျေနပ်ပါတယ်''

''ဒီလိုမှပေါ့ မမလုံရယ်၊ အောင့်ကို ဒီမှာချထားပြီး မမလုံ တို့ပြန်တော့''

''မမလုံ သွားပြီနော် အောင်''

အောင်ဖုံကို တစ်နေရာမှာ ချထားစေပြီး မမလုံနှင့် သူ့သူငယ်ချင်း မမအေးတို့ကို သွားခိုင်းလိုက်သည်။ အရေးထဲမှာ မိုးက သူ့ကို မမလုံနှင့်အထင်လွဲပြီး စိတ်ကောက်သွားသည်။ မိုးမလာတော့ သူ လုပ်စရာရှိတာတွေ လှုပ်ရှားခွင့်ပိုရသွားသည်။

ဒီတစ်ခေါက် ဦးစက်ရှိန် အချိုကြီးချမည်ဟု မိုးဆီက တစ်စွန်းတစ်စ စကားနှင့် အောင်ဖုံ သိခွင့်ရခဲ့သည်။ အချိန်နှင့် နေရာ အတိအကျသိလျှင် သက်ဆိုင်ရာကို ချက်ချင်းသတင်းပေးလိုက်ရုံနှင့် ဦးစက်ရှိန်ဘဝ ဇာတ်သိမ်းသွားနိုင်သည့်အနေအထား။

မိုးမလာသည့်ရက်တွေမှာ မေမေ့ဘယက်ကြီးကို ညတိုင်း





ထုတ်ကြည့်ပြီး ဦးစက်ရှိန်ကို တစိမ့်စိမ့်နာကြည်းမုန်းတီးလာသည်။

ခင်ဗျားရဲ့ လူမဆန်တဲ့ လုပ်ရပ်တွေကပဲ ခင်ဗျားကို တူညီတဲ့ တုံ့ပြန်မှု ပေးပါလိမ့်မယ် ဦးစက်ရှိန်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"တူ တူ"

တိတ်ဆိတ်သည့်ညအချိန်မှာ ဖုန်းသံမြည်လာတော့ အိပ်ရာ ထက်မှာ လှူးလိမ့်ရှိက်ငိုနေရာက မိုးကေရီ ခေါင်းလေးထောင် ကြည့်လိုက်သည်။ ထင်သည့်အတိုင်း ကိုကို့ဖုန်း ဖြစ်နေတော့ မိုး ရင်မှာ ဝမ်းသာခြင်းတစ်ဖက် နာကြည်းဝမ်းနည်းရခြင်းတစ်ဖ နှင့် မျက်ရည်ပိုကျလာသည်။

ဖုန်းလေးက အသံမြည်နေသည်မှာ မရပ်မနား။ မိုး ဖုန်း မကိုင်မချင်း ခေါ်နေမည်ဟု သိလိုက်သည်။ ထင်သည့်အတိုင်းထ လိုင်းပြတ်ကျသွားပြီး ချက်ချင်း ထအော်ပြန်တာမို့ ဒီအတိုင်း ဆ ကြည့်မနေနိုင်တော့။

တကယ်ဆို ကိုကို့ကို စိတ်နာနာနှင့် အဆက်အသွ ဖြတ်ထားပေမယ့် မိုးကိုယ်တိုင်လည်း ချစ်သူကို လွမ်းလှပြီ ပါသည်။





"မိုး"

ဖုန်းကိုဖွင့်ပြီး ထူးလည်းမထူး ဘာသံမှမပေးဘဲ ငြိမ်နေ ပေမယ့် ကိုကိုက မိုး ဖုန်းနားထောင်နေမှန်းသိတာနှင့် သူပြောချင် သည့် စကားတွေကို ဆက်ပြောနေသည်။

"မိုး ချစ်၊ မပြောမဆိုနဲ့ ဘာလို့ ဒီလောက်တောင် အထင်လွဲ စိတ်ကောက်ရက်တာလဲကွာ၊ မိုး ဖုန်းကိုင်လိုက်တဲ့သူက ကိုကို့မမ မမလုံပါဗျာ၊ ဖေဖေနဲ့မေမေ လုပ်ကြံခံရပြီးတဲ့နောက်မှာ ကိုကိုတို့မောင်နှမ နှစ်ယောက်တည်း ကျန်ခဲ့တယ်ဆိုတာ မိုးကို ပြောဖူးတယ်လေ၊ မှတ်မိလား၊ မိုးနဲ့ဖုန်းပြောခဲ့တဲ့ မမလုံပေါ့…မိုး ကိုကိုပြောတာ ကြားလား"

"ကြားဘူး"

"အဟွန်း ဟွန်း ဟွန်း"

မပြောဘူးလို့ ရည်ရွယ်ထားပါသော်လည်း မိုးအသံလေး ဆူအောင့်အောင့်ထွက်သွားတော့ ကိုကို့ထံမှ ချစ်စနိုးရယ်သံ ကြား လိုက်ရသဖြင့် မိုး အသည်းထဲ နွေးထွေးသွားသည်။

"တော်တော်ဆိုးတဲ့ကောင်မလေး၊ ပြောစမ်းပါဦးဗျာ၊ ကိုကို့ကို အဲဒီလောက်တောင်ပဲ ချစ်ရသလား"

"ဘယ်တုန်းက ချစ်လို့လဲ"

"ဒါဖြင့် မချစ်ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်တုန်းကမှကို မချစ်ခဲ့တာ''

''လူချင်းတွေ့ပြီး အဲဒီလိုစကားမျိုး ပြောရဲပြောကြည့်ပါလား''

''ဘာဖြစ်လဲ၊ ဦးအောင်ဇံကို မိုး မကြောက်ဘူး သိလား''

''ကြည့်စမ်း လူကို ဘယ်လိုခေါ်လိုက်တယ်''

''ဦးအောင်ဇံကို ဦးအောင်ဇံလို့ခေါ်တာ ဆန်းလို့လား''

''သတ္တိရှိရင် ခြံထဲဆင်းခဲ့''

''ဟင် ဘာပြောတယ်''

''ခြံထဲက ဖဘအိမ်လေးနားမှာ ကိုကို စောင့်နေမယ်''

''ဟာ''

မိုး မျက်ရည်တွေသုတ်ပြီး ဖုန်းကိုပစ်ချလိုက်သည်။ ခုတင်ပေါ်က ပြေးဆင်းပြီး ခြံထဲကို ငုံ့ကြည့်တော့ မှောင်နေ၍ မည်းမည်းထဲမှာ ဘာဆိုဘာမှမတွေ့။

မိုးကိုများ ကိုကို စနေတာလား ဆိုသည့်အတွေးနှင့် ဟိုဟိုဒီဒီ လျှောက်အကြည့်

''ဟင် ကိုကိုပါလား''

ဦးမြိုင်အိမ်ဘေးကထွက်လာသည့် ကိုကို့ကို မြင်လိုက်ရတော့ မိုးဧကရီ ရင်တွေ တဒိုင်းဒိုင်းဖြစ်ကုန်သည်။

ရေချိုးခန်းထဲ ကမန်းကတန်းပြေးဝင်ပြီး မျက်နှာသစ်





သွားတိုက်၊ အဝတ်အစားလဲနှင့် ခဏချင်း အလုပ်ရှုပ်သွားသည်။ ကိုကို့အစ်မဆိုတာ တကယ်လား ညာတာလား ဘာညာနှင့် ဟန်ဆောင်ပန်ဆောင်ဖို့ပင် သတိမရသည့် မိုးဧကရီပါ။

အခန်းထဲပြေးအထွက်မှာ အော်မြည်လာသည့် ဖုန်းဧေး ကို လှည့်မကြည့်နိုင်တော့။ အလွမ်းတွေပြည့်နေသည့် နှလုံးသား အစုံနှင့် ချစ်သူရှိရာ အပြေးရောက်သွားနိုင်ဖို့သာ စိတ်စောနေမိသူ။

အောင်ဇံမှာလည်း ကိုင်မည့်သူမရှိသော ဖုန်းသံကို နားထောင်ရင်း ချစ်သူလေး အိပ်ခန်းကိုပဲ ပြေးတက်သွားရနိုး၊ နေရာမှာပဲ ဆက်စောင့်နေရနိုးနှင့် ဝေခွဲမရဖြစ်နေတုန်း သူ့မျက်စိ ရှေ့ကို ဘွားခနဲ ရောက်လာသော အဖြူရောင်အရိပ်လေးကို မြင်သည်နှင့် သူ့လက်ထဲကဖုန်း အလိုလိုလွတ်ကျသွားသည်။

''မိုး''

''ကိုကို''

''မိုး မိုးရယ်''

တစ်ယောက်ကိုတစ်ယောက် လွတ်ထွက်သွားမှာ စိုးသည့် အလား တင်းကျပ်စွာပွေ့ဖက်' ရင်ချင်းအပ်မိကြသည်။ အနမ်းတွေ လှယ်မိကြသည်။ အလွမ်းတွေ အတိုးချဖြေသိမ့်ဖို့ ကြိုးစားသည်။

''လွမ်းလိုက်တာ အချစ်ရယ်၊ ကိုကို့အပေါ်မှာ ဒီလောက် ရက်စက်ရလား၊ ဖုန်းဆက်တော့လည်း ဖုန်းမကိုင်ဘူး၊ လူကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင် လာတွေ့တော့လည်း ထွက်မတွေ့ဘူး၊ ‹ကိုကို့ရင်ထဲ ဘယ်လောက်ခံစားရမယ်ဆိုတာ မိုး မစဉ်းစားဘူးလား''

''ကိုကိုချည်း မဟုတ်ပါဘူးနော်၊ မိုးကမှ နေ့တိုင်းငိုနေရတာ ကိုကို သိလို့လား၊ အစကတည်းက ကိုကို့မမဆိုရင် ကိုကို့မမလို့ ရှင်းရှင်းပြောပါလား''

''စာနဲ့ရေးပြီးပြောတာ မဖတ်ဘူးမဟုတ်လား''

''အဲဒီတုန်းက မုန်းနေတာကိုး''

''စာကို ဘာလုပ်ပစ်လိုက်လဲ''

''စိတ်ဆိုးဆိုးနဲ့ တစ်စစီ ဆွဲဆုတ်ပစ်လိုက်တာပေါ့''

''ကောင်းတယ်''

''အဲဒါ ကိုကို့ကြောင့်သိလား၊ မိုး ငိုခဲ့ရတဲ့ မျက်ရည်တွေပြန်လျော်ပေး''

''ကိုကို့တစ်ယောက်တည်း လွမ်းခဲ့ရတဲ့ ရက်တွေကျတော့ မိုးက ဘယ်လိုပြန်လျော်ပေးမှာလဲ''

''သိဘူး''

ဝိုးတဝါးလရောင်အောက်မှာ ချစ်သူနှစ်ယောက် တစ်ယောက်မျက်နှာကိုတစ်ယောက် စိမ်းစိမ်းရှူးရှူး နစ်ဝင်ပေါက်ထွက်မတတ် စူးစိုက်ကြည့်လိုက်ကြသည်။ သည်နောက်မှာတော့ ရှက်စနိုးရယ်မောသွားသည့် လေပြည်ညင်း၏ တီးတိုးစကားသံ





လေးကိုသာ ကြားလိုက်ရသည်။

''မိုး''

''အိုကွယ်''

အလွမ်းစည်းကို အချစ်ဖြင့် ဖြတ်ကျော်သွားသည်။ အတင်းကျပ်ဆုံး တုပ်နှောင်မှုအောက်မှာ ဘာသာစကားတို့ ပျောက်ဆုံးလျက်။

''အမြန်ဆုံး လက်ထပ်မှဖြစ်တော့မယ်''

''ဒက်ဒီက ခွင့်ပြုမှာမဟုတ်ဘူး''

''ဘာလို့လဲ''

''သမီးထက် အရေးကြီးတဲ့ကိစ္စ ရှိနေလို့ပေါ့ကွယ်၊ ဒီညတောင် ကိုကို ကံကောင်းလို့ သိလား၊ မနက်ဖြန်ညဆို ဒီနေရာကို ဘယ်သူမှ လာခွင့်မရှိဘူး''

''ဩော်''

ဒီလောက်ဆို ဒီအိမ်ကြီးရဲ့မြေအောက်ခန်းမှာ ဘာအလုပ်လုပ်မည်ဆိုတာ အောင်ခုံ သိလိုက်ပါပြီ။

''သိပ်မိုးချုပ်နေပြီ၊ ကိုကို ပြန်ချင် ပြန်တော့လေ''

''တကယ်ပြန်စေချင်ပြီလား''

တစ်ယောက်မျက်နှာ တစ်ယောက် အငမ်းမရ ကြည့်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုး"

"ဟင့်အင်း မိုး မသိဘူး"

"မိုးမသိပေမယ့် ကိုကို သိပါတယ်ဗျာ"

"အို"

"ကိုကို ဒါက ဘယ်ကိုလဲ"

"ရှူး"

မိုးတစ်ကိုယ်လုံး အသည်းအေးခဲ ဖြစ်သွားအောင် လေထဲ မြောက်တက်သွားကာ အောင်ဇံ့ရင်ခွင်ထဲ အရုပ်လေးတစ်ရုပ်လို လွယ်ကူပေါ့ပါးစွာ ပါသွားသည်။

ကိုကို့ကို စိတ်ဆိုးပေမယ့် မရုန်းမိ။ သိပ်ဆိုးတဲ့ ကိုကို ပဲကွယ်။

◆ ◆ ◆



## အခန်း (၁၇)

"ဟိတ်ကောင် မလှုပ်နဲ့"

"ဟ ဘာလဲ"

"ဘာလဲဆိုတော့ ဒါပဲကွ"

"ဝုန်း"

"ဖြောင်း"

"ငြိမ်ငြိမ်နေ၊ မလှုပ်နဲ့၊ ကားပေါ် အခုတက်စမ်း"

ဦးစက်ရှိန်၏လူတွေမှန်း မြင်တာနှင့် သိလိုက်ပါသည်။ မိုးဆီက ပြန်လာပြီး သူ့အခန်းထဲ လှမ်းအဝင်မှာ သူ့အရင် ကြို ရောက်နေသူတွေက အောင်ဇံ့ကို လက်ဦးမှုရယူလိုက်ခြင်းဖြစ်သည်။

"ခွေးမသား မင်းကိုယ်မင်း လည်လှပြီထင်နေလား၊ မင်းကြောင့် ငါတို့အားလုံး ဒုက္ခအရောက်မခံဘူး၊ မင်းကို နှပ်နှပ် စဉ်းပြီး ခွေးစာကျွေးပစ်မယ်၊ နားလည်လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့ကသွားစမ်း"

"မင်းက ဘာကြည့်တာလဲ"

"ကဲကွာ"

"ဟိတ်ကောင် ဒေးဗစ်"

လူတစ်ယောက် လှမ်းတားလိုက်သံက နောက်ကျသွားသည်။ ခွပ်ခနဲ အသံနှင့်အတူ ဦးခေါင်းပေါ်ကျလာသည့် သေနတ်ဒင်ကို ရှောင်ချိန်မရဘဲ အမှောင်ထဲထိုးကျသွားတာ နောက်ဆုံးသိလိုက်သည်။

ဗွမ်းခနဲအသံနှင့် တစ်ကိုယ်လုံး ရေတွေရွဲရွဲစိုသွား၏။

"ဟိတ်ကောင် ထစမ်း"

"ကဲကွာ"

"ဖြောင်း"

"အား"

"အေးမောင် တော်တော့၊ ဟိုမှာ ဆရာကြီးလာနေပြီ"

တဖျပ်ဖျပ် နင်းလျှောက်လာသည့် ခြေသံတွေအဆုံးမှာ ဦးစက်ရှိန်၏ ရက်စက်ကြမ်းကြုတ်သော အမူအရာ။ တင်းမာခက်ထန်သော အကြည့်များနှင့် စူးရှကြမ်းရိုင်းစွာ ဆုံရပြီးနောက်

"ကဲကွာ"

"ဝုန်း"





"မင်းလို မလောက်လေးမ လောက်စားကောင်ကများ ငါလိုလူကို လာပြီး အံတုရဲတာ အံ့ဩမဆုံးဘူး၊ ဟိတ်ကောင်တွေ ဒီကောင်ကို သေတာထက်ဆိုးတဲ့ ဘဝမျိုးရောက်အောင် အရှင်လတ်လတ် ပို့လိုက်စမ်း"

"ဒယ်ဒီ"

"ဟင် ကိုကို"

"အမလေး ကိုကိုသေပါပြီ၊ လုပ်ပါဦး ဒက်ဒီ"

"သမီး ဘာလို့ဒီနေရာကို လိုက်လာတာလဲ၊ ဟိတ်ကောင်တွေ သမီးကို ခေါ်သွားကြစမ်း"

"ကျွန်တော်တို့နဲ့ ပြန်လိုက်ခဲ့ပါ မိုးကေရီ"

"အို မလိုက်ဘူး မလိုက်ဘူး၊ ကိုကို့ကို ကယ်ပါဦး ဒက်ဒီရယ်၊ ကိုကို့မှာ ဘာအပြစ်ရှိလို့လဲ၊ ကိုကို ကိုကို"

အရူးမီးဝိုင်းသည့်အဖြစ်ကို မိုးကေရီ ကြားဖူးသော်လည်း မမြင်ဖူးပါ။ အခု သူမ လက်ရှိရောက်ရှိနေသော အဖြစ်အပျက်များကတော့ အရူးမီးဝိုင်းတာထက် ဆယ်ဆဆိုးပါသည်။ ဒဏ်ရာတွေနှင့် ညိုမည်းနေသော ကိုကိုနှင့် တင်းမာခက်ထန်စွာ လူသတ်လိုသော အရိပ်အငွေ့တွေ ပြည့်နေသည့် မျက်နှာနှင့် ဖခင်ဖြစ်သူ။

"အေး ဒီကောင်က ဒက်ဒီ အခုလိုဒုက္ခရောက်အောင် သတင်းပေးနေတဲ့ အတွင်းသူလျှိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"သမီးသိချင်တာ သိရပြီ ဟုတ်လား၊ ပြန်တော့"

"အလကား လူယုတ်မာ၊ အသားထဲက လောက်ထွက်တယ်"

"ခင်ဗျားကြီးလောက်တော့ မယုတ်မာ မရက်စက်သေးပါဘူး ဦးတင်ရှိန်"

"ဟင်၊ မင်း မင်း ဘယ်သူလဲ"

နှစ်ပေါင်းများစွာ မေ့ကွယ်ပျောက်ဆုံးသွားသော အတိတ်ခရီးကို အခုချက်ချင်း ဘွားခနဲမြင်လိုက်ရသလို ဦးစက်ရှိန်တစ်ကိုယ်လုံး တုန်လှုပ်ကာ မျက်နှာကြီးပါ ဖြူဖွေးသွားသည်။

"ကျုပ်က ဦးအောင်ဇင်၊ ဒေါ်အေးမေတို့ရဲ့ သားပဲ"

"ဗြော်"

"ကျုပ်အဖေနဲ့အမေက သနားလို့ သူတို့သူငယ်ချင်းကို ကျွေးမွေးစောင့်ရှောက်ထားသမျှ ခင်ဗျားကတော့ ကျုပ်အဖေနဲ့အမေကို သတ်ဖြတ်ပြီး ရှိသမျှပစ္စည်းတွေ ယူပြေးခဲ့တာမဟုတ်လား"

"မင်းကို…၊ မင်းက အကုန်သိနေပြီပဲ၊ ဒီတော့ ငါ့လက်ချက်နဲ့ပဲ မင်းအဖေနဲ့အမေဆီ လိုက်သွားလိုက်ပေါ့ ဟုတ်လား"





"ဒက်ဒီ မလုပ်ပါနဲ့၊ ကိုကို့ကို မသတ်ပါနဲ့"

ချစ်သူကိုကိုရှေ့မှာ သူမကိုယ်လေးကို ဂိုတ်ကွယ်ရပ်ထားရင်း မျက်ရည်တွေနှင့် အသည်းအသန် အော်ဟစ်တားမြစ်နေသူက မိုးဧကရီ။ အချစ်ဆုံးလူသားနှစ်ယောက်ကြားမှာ ဘယ်သူ့ဘက်က ဝင်ရပ်တည်ပေးရမှန်းမသိအောင် ဗျာများနေ၏။

"ဆရာကြီး အိမ်ရှေ့မှာ ရဲကားတွေရောက်နေပါတယ်"

"ဘာကွ"

"အိမ်ထဲဝင်လာနေပါပြီ၊ ကျွန်တော်တို့ ဘာလုပ်ရမလဲ ဆိုတာသာ ပြောပါ"

ဦးစက်ရှိန် ငြိမ်သွားသည်။ တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေသည့်ဟန်ဖြင့် မိုးဧကရီနှင့် အောင်ဇံ ရှိရာ တစ်ချက်လှမ်းကြည့်သည်။

"သူတို့နှစ်ယောက်ကို ထားခဲ့၊ အခုပဲ ဒီနေရာက ငါတို့ထွက်ကြမယ်"

"ဟုတ်ကဲ့ ဆရာကြီး"

ဒရောသောပါးပင် ဦးစက်ရှိန် ဦးဆောင်ရာနောက် လျှို့ဝှက်လမ်းရှိရာသို့ အသော့နှင်သွားကြသဖြင့် တစ်ခဏအတွင်းမှာ လူအားလုံးပျောက်သွားသည်။ နောက် သိပ်မကြာ၊ မော်တော်သံ သဲ့သဲ့ ကြားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးစက်ရှိန်တို့လူစု ပြေးပြီ။

"ဦးစက်ရှိန် ထွက်ပြေးဖို့မကြိုးစားပါနဲ့၊ လက်နက်ချပြီး အဖမ်းခံပါ၊ ခင်ဗျားကို ကျုပ်တို့အားလုံး ဝိုင်းထားပြီးပါပြီ"

"ဒိုင်း"

ဦးစက်ရှိန်က ရဲအရှိအမိန့်စကားဆုံးအောင်ပင် မစောင့်။ သူက အရင်ဦးအောင် စပစ်သဖြင့် တိုက်ပွဲလေးတစ်ခု ကိတ်ဆိတ်ခြင်းကို ဖြိုခွင်းသွားသည်။ ဦးစက်ရှိန်၏ လူတချို့ လှို့ဝှက်လမ်းက လွတ်မြောက်သွားသည်။

သူ့လူယုံနှင့် ဦးစက်ရှိန်ကို ဒဏ်ရာပြင်းထန်စွာ ဖမ်းဆီးရလိုက်သည်။

"သမီး"

"အမလေး ဒက်ဒီ၊ ဒက်ဒီ့အသက်ကို အမြန်ကယ်ပေးကြပါရှင်၊ ဒက်ဒီ ဒက်ဒီ"

"သမီး လှို့ဝှက်အထဲမှာ သူတို့ပစ္စည်းတွေ ပြန်ပေးလိုက်"

"အမလေး၊ မိုးအဖေကို ခေါ်လို့မရတော့ဘူး၊ လုပ်ကြပါဦး"

"ဦးစက်ရှိန် ဆုံးသွားပါပြီ မမိုးကေရီ"

"မိုး"





ရင်ခွင်ထဲ ပျော့ခွေသွားသော ကလေးမကို အတင်းကြပ်ဆုံး ပွေ့ယူချီမလိုက်ပေမယ့် မိုးက မလှုပ်တော့။ မျက်ရည်စက်လက်နှင့် သတိလစ်မေ့မြောသွားသည်။ ဦးစက်ရှိန်ရော သူ့လူယုံပါ နေရာမှာတင် ဆုံးသွားသည်။ အောင်ဖုံ သတင်းပေးသည့်အတိုင်း မြေအောက်ခန်းက မူးယစ်ဆေးဝါးနှင့် ဆေးပြားတွေကို မိသည်။

အထူးခြားဆုံးကတော့ အိပ်ခန်းတံခါးပိတ်၍ တစ်ယောက်တည်း ကြိတ်ပြီး ပူဆွေးသောကရောက်နေသော မိုးကေရီတစ်ယောက် သူမအခန်းထဲက ရုတ်တရက် ပျောက်သွားခြင်းဖြစ်သည်။

သူမ ခန်းလေးထဲမှာ မိုးကေရီကိုယ်စား စာတစ်စောင်နှင့် ရတနာဘူးလေးတစ်ဘူးသာ ကျန်ရစ်သည်။

*ဦးအောင်ဖုံ*

*ကျေးဇူးပြုပြီး မိုးကို လိုက်မရှာပါနဲ့၊ အခုလိုအဖြစ်မျိုးနဲ့ ရှင့်ကို အခုဘဝမှာရော နောင်ဘဝမှာပါ မဆုံချင်တော့ပါဘူး။*

*ရှင့်ကိုလည်း မိုး မုန်းမေ့ပစ်လိုက်ပြီ။*

*မိုးကေရီ*



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ရဲစွာ ထားသွားသူကို ရင်နာသည့်ကြားက သိပ်ပြီး သတိရတမ်းတနေခြင်းအဖြစ်ကို မည်သူ့ကိုပြောရမှန်းမသိ။ လူ တစ်ယောက်နဲ့တစ်ယောက် အခုပဲ သိပ်ချစ်ခဲ့ကြပြီး အခုပဲ မုန်းတယ် ဆိုပြီး လမ်းခွဲစကား ကျောခိုင်းသွားလိုက်ရုံနဲ့ ကိုယ်တို့အချစ်ခရီး လမ်းက ပြီးသွားမှာလား မိုးဇကရီရယ်။

"အောင်"

"အောင် သူ့ကို မတွေ့တွေ့အောင်ရှာမယ် မမလုံ"

"အောင့်သဘောပါကွယ်၊ မိန်းမသားချင်း ကိုယ်ချင်း စာနာစိတ် သနားတာရော၊ မိဘမဲ့ဖြစ်သွားရတဲ့ ရင်နာစရာ ခံစား ချက်ကြောင့်ရော မမလုံလည်း မိုးလေးကို ကူရှာပေးမှာပါကွယ်"

"မမလုံရယ်"

ယောက်ျားတန်မဲ့ မျက်ရည်ကျမိလုမတတ် ခံစားရသော အဖြစ်က မမလုံရှေ့မှာ ရှက်ရကောင်းမှန်းပင် မသိတော့ပါ။ မိုး ထားသွားသည့် ရတနာပစ္စည်းတွေကို မမလုံကို ပေးတော့ မမလုံ က လက်မခံ။

"ဒီပစ္စည်းတွေကို အောင်နဲ့မိုးလေးတို့ရဲ့ မင်္ဂလာလက်ဖွဲ့ အဖြစ် အောင်ပဲ သိမ်းထားလိုက်ပါကွယ်၊ မမလုံအတွက် လက်ရှိ ပစ္စည်းတွေကတောင် သိပ်များနေပါပြီ"

ခြေရာဖျောက်သွားသူကို ခြေရာကောက်ဖို့က အောင့်နဲ့





တာဝန်ဖြစ်သည်။ စွမ်းဆိုသည့် ကောင်လေးမှာ မူးယစ်ဆေးဝါး အသုံးလွန်ပြီး ဆုံးသွားခဲ့ပြီမို့ ချစ်သူလေးကို ကားတင်ပြေးမှာမျိုး စိုးကြောက်နေစရာ မလိုတော့ပါ။ စွမ်းလို မိုက်ရူးရဲလုပ်မည့်သူ လည်း မရှိ။ ရှိခြင်း ရှိလာခဲ့မည်ဆိုလျှင် ထိုလူမှာ တခြားသူ မဖြစ်နိုင်။

အောင်ဖုံဆိုသည့် သူကိုယ်တိုင်သာ ချစ်သူလေးကို တွေ့သည့်နေရာ၊ တွေ့သည့်အချိန်မှာ ကားတင်ပြေးဖို့ စဉ်းစား ကြံတင် ကြံစည်ထားပါသည်။

ကိုကို့လက်က လွတ်အောင် ပုန်းနိုင်ရင် ပုန်းပေါ့ မိုးရယ်။

နေရာအနှံ့ မိုးကို လိုက်ရှာသည်။

ပုန်းသူက လုံအောင်ပုန်းနေတော့ ရှာသည့်လူက ရှတ်တရက် ရှာမတွေ့။ သို့သော် မိုး သတင်းအစအနကို ရှာဖွေ တွေ့လာသူက ရှိလေသည်။ ထိုသူက တခြားသူမဟုတ်။ မိုးမခ၏ ခြံစောင့်ကြီး ဦးမြိုင် ခေါ် အဘမြိုင်။

မိုး သတင်းကြားသည်နှင့် ဘာတစ်ခုမှ စဉ်းစားမနေဘဲ သတင်းကြားသည့်နေရာသို့ ကားကို မိုင်ကုန်မောင်းပြေးခဲ့သည်။ သမ်းခရီးတို့သာ ဆုံးသွားသည်။ ချစ်သူလေးကို သတင်းကြား သည့်နေရာမှာ ရှာမတွေ့။

"သူတို့ပြောင်းသွားတာ ကြာပြီလေ၊ ဒေါ်ရှမ်းဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးနဲ့ သိပ်လှတဲ့ ကောင်မလေးတစ်ယောက် မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ သူတို့ကိုတွေ့ရင် ကျွန်တော့်ကို ချက်ချင်းအကြောင်းကြားပေးပါ၊ အဒေါ်ကျေးဇူးကို မမေ့ပါဘူး ခင်ဗျာ"

"မလိုပါဘူးကွယ်၊ ဒါမျိုးဆိုတာ စေတနာအပြည့်နဲ့ ကူညီရတာမျိုးပါ၊ စိတ်ချ အဒေါ်ကိုယ်တိုင် သတင်းစုံစမ်းပြီး မင်းဆီကိုပို့ပေးမယ်"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ"

အချစ်ရူးလို့ ဆိုချင်ဆိုလည်း ဂရုမစိုက်နိုင်ပါ။

မိုးနှာမည်ကို ဘယ်သူမှ မကြားနိုင်သည့်နေရာ အသံကျယ်ကြီးနှင့် ရင်ပွင့်မတတ် ဟစ်အော်ခေါ်လိုက်မိသည်။

"မိုး"

◆ ◆ ◆



## အခန်း (၁၈)

ရှင်နေမင်းက တိမ်ညိုတွေပြိုဆင်းပြီး တဖြည်းဖြည်း ကွယ်ပျောက်သွားသည့်တိုင် နေရာမှမလှုပ်မယှက်။ ကျောက်ရုပ် လေးချထားသလို ငေးငေးငိုင်ငိုင်။ တွေဝေစွာရှိနေသူလေး၏ အရယ်အပြုံးကင်းမဲ့သော မျက်နှာလေးကိုကြည့်ကာ ဂျူယံလောင် ၌ွာ သက်ပြင်းရှိုက်လိုက်သူက ဒေါ်ရှမ်း။

မိုးမခက မိုးကေရီ တိတ်တဆိတ် ထွက်သွားမည်ဆို တော့ မိုးအဝတ်အိတ်လေးကိုဆွဲပြီး ဤကလေးမလေးနှင့် ဖွတ် အတူလိုက်လာခဲ့သည်။ ဖခင်ဖြစ်သူကလည်းဆုံး၊ ပစ္စည်းဥစ္စာတွေ ကလည်း ရှုံးရုံမက အချစ်ဆုံး ချစ်သူကို မျက်နှာချင်းဆိုင်ရန် မဖြစ်နိုင်တော့သော မိုးအဖြစ်ကို စာနာသနား နားလည်ခွာ စိတ် ထင်တိုင်း ပေတေလေလွင့်မသွားအောင် လူကြီးသူမတစ်ယောက် အနေနှင့် ထိန်းသိမ်းစောင့်ရှောက်နေသူလည်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အအိပ်မမှန် အစားမမှန်။ တစ်ချိန်လုံး သတိရတိုင်း ထထငိုနေသော မိုးကေရီနှားက ဒေါ်ရှမ်း တစ်ဖဝါးမျှပင် မခွာရဲပါ။ ကောင်းနိုးရာရာ အစားအသောက်လေးတွေ ချက်ပြုတ်ကျွေးသော်လည်း လက်ဖျားနှင့်မထိ။ ဒေါ်ရှမ်းက ဖွတ်အတင်းချော့မော့ကျွေးမှ တို့ကနန်း ဆိတ်ကနန်းမျှသာ စားသည်။

အိမ်ရှေ့ပူတော့ အိမ်နောက်မှာလည်း မချမ်းသာပါ။ တစ်နေ့တစ်နေ့ ပိန်လှီဖျော့တော့လာသော မိုးအခြေအနေကို အားမရပေမယ့် မတတ်နိုင်။ ဒီအတိုင်း လက်ပိုက်ကြည့်နေရသည်။ အရူတကော့ အပူထဲမှာ ချစ်သောသူများနှင့် ကွေကွင်းရသော ဒုက္ခဆင်းရဲက ဘာနှင့်မှမတူ။

အေးစက်စက်လေတွေက မိုးဇောရီ အပါအဝင် ဒေါ်ရှမ်းကိုယ်ကြီးကို သိမ်းကျုံးပွေ့ယူသွားသဖြင့် ခိုက်ခိုက်တုန်သွားသည်။

"ပြန်ကြပါစို့ ကလေးရယ်၊ ရာသီဥတုက သိပ်အေးလာပြီ၊ တော်ကြာ ဖျားနာနေမှဖြင့်"

"လာပါကွယ်၊ ပြန်ကြရအောင် ကလေး"

မိုးကိုယ်လေးကို ဒေါ်ရှမ်းကိုယ်တိုင် ဆွဲယူထူမပြီး အိမ်ပြန်ရာလမ်းကို ဦးဆောင်ခေါ်လာခဲ့သည်။ မိုးကေရီတို့လို လူငယ်တွေက ကျန်းမာရေးတစ်ခုခုဖြစ်လဆင် အချိန်မရွေး ပြန်လည်ကောင်းလာနိုင်ပေမယ့် ဒေါ်ရှမ်းတို့လို လူကြီးတွေမှာတော့ မလွယ်





ကူလှပါ။

တောင်ဝှေးလဲလျှင် ဖိုးသူတော် ထူနိုင်ပေမယ့် ဖိုးသူတော်လဲလျှင်ကော့ တောင်ဝှေးမလေး မိုးဇကရီ ထူနိုင်မည်မထင်။ သူမကိုယ်သူမတောင် အနိုင်နိုင်ဖြစ်သည်။

"တစ်ခုခုစားပြီးမှ အိပ်လေ ကလေး၊ ဝမ်းစာ အစာမရှိရင် ဘယ်လိုလုပ် အိပ်ပျော်မှာလဲကွဲ့"

"ဒေါ်ရှမ်းပဲ စားပါနော်၊ မိုး တကယ်မဆာလို့ပါ"

ပြောရင်း သိမ့်ခနဲ ငိုချလိုက်သည့် မိုးကြောင့် ဒေါ်ရှမ်းပါ ဝင်ငိုချင်စိတ်ပေါက်လာသည်။

"မငိုပါနဲ့ ကလေးရယ်၊ ကလေးငိုနေတာ မြင်ရတော့ ဒေါ်ရှမ်းလည်း ဘယ်စိတ်ချမ်းသာမှာလဲကွယ်၊ တိတ်ပါ"

မိုးက တသိမ့်သိမ့်ငိုနေဆဲ။

"ဆရာကြီးလည်း မရှိတော့ဘူးဆိုတော့ မောင်အောင်ခိုင်ကိုပဲ လက်ထပ်လိုက်ပါလားကွယ်၊ မိုး သဘောတူရင် မောင်အောင်ခိုင်ကို မိုးရှိတဲ့နေရာ ဒေါ်ရှမ်းကိုယ်တိုင် လှမ်းခေါ်လိုက်မယ်"

"တော်ပါတော့ ဒေါ်ရှမ်းရယ်၊ မိုးရှေ့မှာ ကိုကို့အကြောင်း မပြောစမ်းပါနဲ့၊ မိုး ရင်တွေ နာလွန်းလို့ပါ"

"ကိုယ့်အဖေနဲ့အမေကို ရက်ရက်စက်စက်သတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှိသမျှစည်းစိမ်ဥစ္စာတွေပါ ယူသွားတဲ့လူရဲ့သမီးကို ဘယ်သူက လက်ထပ်ယူမှာလဲ''

''အခုလောက်ဆို ကိုကိုတစ်ယောက် မိုးတို့သားအဖကို ဘယ်လောက်ရွံရှာမုန်းတီးနေမယ်ဆိုတာ ဒေါ်ရှမ်း သိလား''

''ဒါလည်းဒါပေါ့ကွယ်၊ ဒါပေမဲ့ မိုးလေးကိုတော့ မောင်အောင်ဖုံးမျာ သိပ်ချစ်ရှာပါတယ်ကွယ်၊ ဒါကို ကလေးလည်း သိမှာပါ''

''အို…တော်ပါတော့''

ငိုရှိုက်သံတစ်ဝက်နှင့် ဒေါ်ရှမ်းစကားကို မိုးကော်ရီ တားမြစ်လိုက်ပါသည်။ မိုးကို ကိုကို ဘယ်လောက်ချစ်သည်ဆိုတာ ကို မိုးလည်းသိပါသည်။ ချစ်သူနှင့် တစ်ရက် တစ်စက္ကန့်ပင် ခွဲမနေချင်လောက်အောင် ကိုကို့ကိုချစ်သော မိုးရင်ထဲက ခံစားချက် ကိုလည်း ကိုကို သိမည်ထင်သည်။

ကိုယ့်ရင်ထဲ အသည်းထဲက လှိုက်လှဲသော အချစ်တွေနှင့် အမြတ်တနိုး တန်ဖိုးထားရသည့်ချစ်သူကို စွန့်လွှတ်ထားရစ်ဖို့ ဆုံးဖြတ်ခဲ့ရသော မိုးအဖြစ်က ကိုယ့်အသည်းကိုယ် ရက်စက်စွာ ပြန်ခွဲရခြင်းမျှသာ။

''တိတ်ပါကွယ် တိတ်ပါ၊ မိုး မကြိုက်ရင် နောက်မပြော တော့ပါဘူး၊ ကလေးအတွက် ကော်ဖီပူပူလေးသောက်ရအောင်





ရေနွေးလေး သွားတည်လိုက်ဦးမယ် ဟုတ်လား''

ကိုကိုရယ်။

မိုးရင်တွေ အသည်းတွေ တသေစိကွဲကျေကုန်ပြီ အချစ် ရယ်။

ဒက်ဒီကို ကိုကို့မိဘတွေကို ရက်စက်စွာ သတ်ဖြတ်ပြီး ပစ္စည်းဥစ္စာတွေကိုပါ ရယူလာသူအဖြစ် အခုချိန်ထိ မိုးကော်ရီ လက်ခံလို့မရသေးပါ။ ဖြစ်နိုင်ရင် ထိုကိစ္စတွေကို ကိုကို အထင်လွဲ မှားခြင်းသာ ဖြစ်စေချင်မိသည်။

မိုးကော်ရီတို့ သားအဖဘဝထဲ ကိုကိုရောက်လာပုံက အကွက်ချပြီးမှ လှလှပပလေး ဝင်ရောက်လာတာဆိုရင် မိုးကိုပဲ ကလဲ့စားချေပြီး မိုးနဲ့အဝေးဆုံးကို ကျောခိုင်းသွားလိုက်ပါလားကွယ်။ ဒါဆို ကိုကို့ကို စိတ်နာပြီး မိုးလည်း အခုလို ငိုနေရမှာမဟုတ်ဘူး။

တမ်းတပြီး လွမ်းနေရမှာလည်း မဟုတ်ဘူး။ အခုတော့ ကိုကိုက မိုးကို သေတာထက်ဆိုးတဲ့ဘဝမျိုးနဲ့ ထားခဲ့တာပါလားရှင်။

မိုးအတွက် မျက်ရည်တွေက မစဲနိုင်တော့။

လူယုတ်မာကြီးရဲ့ သမီးအဖြစ် မိုးကို ရွံမုန်းနေမှာပါလား ဟု တွေးမိတိုင်း မိုး ဖြေမဆည်နိုင်အောင် ခံစားရသည်။ ဒါကြောင့် လည်း ဘယ်သူမှမသိအောင် မိုးမခက ကိတ်တိတ်ထွက်လာခဲ့ သည်။

www.burmeseclassic.com



မိုးကိုယ်မိုး သတ်မသေရဲ၍ မသေသော်လည်း စိတ်ကတော့ မြန်မြန်သေပါစေဟု ကျိတ်ဆုတောင်းနေသည်။ သို့သော် မိုး ဆုတောင်းကမပြည့်။ တစ်ညလုံး ငိုရှိုက်ပြီး မောမောနှင့် အိပ်သွားရာက အသံတစ်သံကြောင့် လန့်နိုးလာရသည်။

"အင်း…ဟင်း…ဟင်း"

လူညည်းသံတစ်ခု။

သေချာနားထောင်ကြည့်လိုက်တော့ ဒေါ်ရှမ်းဆီက ဖြစ်နေသည်။

"ဒေါ်ရှမ်း…ဒေါ်ရှမ်း"

အို ကိုယ်တွေလည်း ခြစ်ခြစ်တောက်ပူလို့ပါလား။

ဒုက္ခပါပဲ။

မိုးတစ်ယောက် ခြေမကိုင်မိ လက်မကိုင်မိ ပျာသွားသည်။ တစ်သက်လုံး သူများ၏ အပြုအစု အယုအယကိုသာ ခံယူလာခဲ့ရသည့် ကလေးမ။ သူတစ်ပါးကို ဘယ်လိုပြုစုရမည်ဆိုတာကို မိုးကေရီ သိလည်းမသိ။ နားလည်းမလည်ပါ။ မိုးနားမှာ ဒေါ်ရှမ်း မရှိရင် ဆိုတာလောက်တွေးပြီး မျက်လုံးအိမ်မှာ မျက်ရည်ပြည့်တက်လာသည်။

"ဒေါ်ရှမ်း"

"ဟင်…ကလေး ဘာဖြစ်လို့လဲ"





"ဟင့်အင်း မိုး ဘာမှမဖြစ်ပါဘူး၊ ဒေါ်ရှမ်းသာ ကိုယ်တွေ ခြစ်ခြစ်တောက်ပူပြီး ဖျားနေတာပါ"

"အာကျွန်ုအဖျားပါကွယ်၊ ညနေက အအေးမိသွားတယ် ထင်ပါရဲ့၊ ငမ်းဆေးလေးတစ်ထုပ်လောက် ရေနွေးနဲ့သောက်လိုက်ရင် ပျောက်သွားမှာပါ"

"အပြင်မှာ အေးကအေးနဲ့ သွားအိပ်ချည်၊ သွားအိပ်ချည်၊ ဒေါ်ရှမ်း ဘာမှမဖြစ်ဘူးသိလား"

"သွား သွား"

ပါးစပ်က ပြောလည်းပြော၊ ဒေါ်ရှမ်းကိုယ်တိုင်လည်း အိပ်ရာက လူးလဲထပြီး အသင့်ဆောင်ထားဟန်တူသော ဆေးထုပ်ကို ဖွင့်ဖောက်ပြီး ရေနွေးနှင့် မျောချလိုက်တာမြင်ရသည်။ ပြီးတော့ အနွေးထည်ထူထူ၊ စောင်ထူထူခြုံပြီး ဒေါ်ရှမ်း ပြန်အိပ်သွားသည့် အချိန်ထိ မိုးကေရီမအိပ်ဘဲ ဒေါ်ရှမ်းကိုသာ ငြိမ်ကြည့်နေမိသည်။

မိုးကေရီ၏ ငယ်ဘဝတစ်လျှောက်လုံးရော၊ အခုအသက်အရွယ်ရောက်လာသည့်အချိန်အထိ သူမနှင့် အနီးကပ်ဆုံး ချိုပိုးပြုစုလာခဲ့သူမှာ မိုးကေရီ၏ အထိန်းတော်ကြီး ဒေါ်ရှမ်းသာဖြစ်ပါသည်။

တစ်ချိန်လုံး ဒေါင်ဒေါင်မြည်လာခဲ့သည့် အတွားအို။ အခုတော့ မိုးကေရီ၏ မဆင်မခြင် ဖြစ်ချင်ရာဖြစ် နေထိုင်မှုကို သူပါရော ပြီး ခံစားနေရသည်။ မနက်မိုးလင်းလာသော်လည်း ဒေါ်ရှမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



အဖျားမ ကျ။ အနီးပတ်ဝန်းကျင်က လူတွေကို အကူအညီတောင်းပြီး ဆရာဝန်ပင့်ရသည်။

ထိုဆရာဝန်က တခြားသူမဟုတ်။ ဒေါက်တာအောင်စုံ၏ သူငယ်ချင်း ဒေါက်တာစည်လွင်ဆိုသည့်လူ။ မိုးကို မြင်ဘူးထားသည့်အတိုင်း ဒေါ်ရှမ်းဆိုသည့် အဘွားကြီး၏ လူနာရှင်အဖြစ် သိပ်လှသည့် မိုးကို တွေ့လိုက်ရတော့ အံ့ဩသွားသည်။

အောင်စုံ့ပစ္စည်းလေးပါလားဟု တွေးကာ ပြုံးကာနီနီလေးနှင့် ကလေးကို ချက်ချင်းမျက်လုံးမှာ ပြေးမြင်သည်။

"ဆေးရုံတင်မှဖြစ်မယ် ညီမရေ၊ ညီမအဒေါ်မှာ သွေးတိုးရော နှလုံးရော ရှိနေတယ်၊ အနေအထိုင် အစားအသောက်ရော ဆင်ခြင်ရဲ့လား"

"ရှင်"

"အို…မိုးမသိဘူးဆရာ"

ဇာကယ်လည်း မိုးကေရီ ဘာဆိုဘာမှမသိ။ ဆရာဝန်က မိုးစကားကို မည်သို့မှ မတုံ့ပြန်ဘဲ ဦးခေါင်းကို တဆတ်ဆတ်ညိတ်သည်။

"ကောင်းပြီလေ၊ ဘာပဲဖြစ်ဖြစ် ဆေးရုံတင်လိုက်ကြတာပေါ့ ဟုတ်လား၊ ဒါမှ လူနာအတွက် စိတ်ချရမှာ"

"ဆေးရုံတင်ရမယ်"





"ညီမ မလုံတတ်ရင် ဆရာပဲကူညီပါ့မယ်၊ ဆရာ့ပြောသလိုသာလုပ် ဟုတ်ပြီလား"

"ဟုတ်ကဲ့"

ဒေါက်တာ စည်လွင်၏ အကူအညီဖြင့် ဒေါ်ရှမ်းကို ဆေးရုံတင်လိုက်ရသည်၊ လူနာစောင့်မလုပ်နိုင်၍ ဒေးရော နိုက်အတွက်ပါ ဆရာမငှားပေးထားသည်။ အတွေ့အကြုံလည်းမရှိ။ ဘာမှလည်းမသိသဖြင့် မိုးဘာလုပ်၍ လုပ်ရမှန်းမသိ။ စိတ်ပျက်အားငယ်တိုင်း ဝမ်းနည်းမိတိုင်း အဖေနှင့်ချစ်သူကိုချည်း တမ်းတပြီး ကြိတ်ငိုနေမိသည်။

ဖြစ်နိုင်ရင် ကိုကို့ရင်ခွင်ထဲ အားကိုးတကြီး ခိုဝင်ပစ်ချင်သည့်တိုင် စိတ်ကမလုံ။ လိပ်ပြာက မသန့်တော့။ ဒက်ဒီ့ပြစ်မှုတွေကို တွေးမိတိုင်း စိတ်ဆင်းရဲရတာ နှလုံးသားတွေ နာကျင်ရတာပဲ အဖတ်တင်သည်။

ကိုကိုဆိုသည့်လူတစ်ယောက်ကို မိုးကေရီဘဝထဲက ထာဝရ ထုတ်ပစ်ရန် နည်းလမ်းမှတစ်ပါး တခြားမရှိ။

မိုးကို ခွင့်လွှတ်ပါကိုကိုရယ်။

ကိုကို့ကို သိပ်ချစ်လွန်းလို့ မုန်းမေ့ထားပါရစေ။ ချစ်သူတွေအကြောင်း အမျိုးမျိုးကြောင့် ကွဲကြတာသိပေမယ့် မိုးတို့ချစ်သူနှစ်ယောက် ကွဲရသလိုအဖြစ်မျိုးကတော့ ရှားမှရှားဟုဆိုချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံကိုသွားပြီး ဒေါ်ရှမ်းကို ကြည့်ရသည်။ လိုအပ်သည့် ဓာတ်စာဆေးဝါးဝယ်ပေးရသည်။

အသက်ကြီးသူမို့ပဲလား။

ရောဂါအခြေအနေသည်း၍ပဲလားမသိ။

ဒေါ်ရှမ်းအခြေအနေက သက်သာသည်လည်းမဟုတ်။ မသက်သာသည်လည်းမဟုတ်။ မိုးသာ ရင်တထိတ်ထိတ်နှင့် ထိတ်လန့်နေရသည်။

ဒေါ်ရှမ်း ဘာမှမဖြစ်ပါစေနဲ့။

နေကောင်းလာပါစေဟု ကျိတ်ဆုတောင်းရင်း ဘုရားစင်ရှေ့ရောက်ရသည်။ ဒေါ်ရှမ်း မရှိလျှင် မိုးတစ်ယောက်တည်း အထွေးနှင့် ရင်ပူပြီး အိမ်ရှေ့တံခါးပေါက်မှာ ထွက်အရပ် အိမ်ရှေ့လမ်းဆီမှ ဖြတ်သွားသည့်ကားတစ်စီးနှင့် လူတစ်ယောက်ကြောင့် မိုးစကရီမျက်လုံးထဲ ပြာခနဲဖြစ်သွားသည်။

သူမ မျက်စိအကြည့်မှားတာများလားဆိုသည့် အသိဖြင့် သေချာထပ်ကြည့်ပေမယ့် အကြည့်က မမှား။ ငွေမင်ရောင်ဖိတ်ဖိတ်လက်နေသည့် ကားကို ခပ်ကြမ်းကြမ်းမောင်းသွားသူက တခြားသူမဟုတ်။

မိုး၏ချစ်မေတ္တာကို အကြိမ်ကြိမ်တောင်းခံနေသော ဒယ်နီဆိုသည့် ကိုလူချောကိုယ်တိုင် ဖြစ်နေ၏။ သူဘယ်လိုလုပ်ပြီး မိုးရှိရာကို ရောက်လာရသနည်း။ မိုးရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။ ရင်တွေတဒိတ်ဒိတ်ခုန်သွားသလို ကားပေါ်ကလူကလည်း ပြတင်းပေါက်မှာ ရပ်နေသည့်မိုးကို မြင်သွားသည်။





"ကျွိး"

"မိုး"

"ဒယ်နီ"

မိုးရယ်။

ဒယ်နီကားလေး မိုးရှိရာခြံရှေ့မှာ ရပ်သွားသလို မိုးကလည်း ဒယ်နီရှိရာကို အပြေးလေးဆင်းသွားမိသည်။

ကားပေါ်က ဒယ်နီဆင်းလာသည်။

"မိုး"

"ဒယ်နီရယ်"

ဒယ်နီရင်ခွင်ထဲ မိုးကိုယ်လေး တစ်အားတိုးဝင်ပြီး တသိမ့်သိမ့် ရှိုက်ငိုလိုက်တော့ ဒယ်နီ မိုးကိုယ်လေးကို အလိုက်သင့်ညင်သာစာနာစွာ ပွေ့ဖက်ထားလိုက်သည်။ မိုးက ဒယ်နီရင်ခွင်မှာ အားကိုးရာမဲ့သော ကလေးငယ်လို တသိမ့်သိမ့်ရှိုက်ငိုနေဆဲ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"မငိုပါနဲ့မိုးရယ် မိုးမျက်ရည်တွေကို ကိုယ်မဆုံချင်ဘူး၊ ရင်မဆိုင်ရက်ဘူး၊ မိုးဒက်ဒီအတွက်ရော မိုးအတွက်ရော ကိုယ်စိတ်မကောင်းပါဘူး"

"မိုးကိုက ကံဆိုးတာပါ ဒယ်နီရယ်"

"မိုးနားမှာ ကိုယ်တစ်ယောက်လုံးရှိပါသေးတယ်ဗျာ၊ မိုးကိုယ်မိုး အဲဒီလိုမယူဆပါနဲ့၊ မိုးသာဆန္ဒရှိမယ်ဆိုရင် မိုးအတွက်ဘာမဆို ကိုယ်ကူညီချင်ပါတယ်"

"မိုး"

"ဟင်"

"မငိုနဲ့တော့နော်"

ပထမဆုံးအကြိမ် မိုးကေရီဆိုသည့် မိုးမင်းသမီးလေးထံမှ ကလေးငယ်တစ်ယောက်လို နူးညံ့သိမ်မွေ့ခြင်းနှင့် မည်သည့်





မာန်မာနမှမရှိသော ပကတိအလှတရား၏ မျက်နက်ဝန်းလေးများကို ချစ်မြတ်နိုးခြင်းများစွာဖြင့် ဒယ်နီ ငေးကြည့်နေမိသည်။

မိုးက သူမပါးပြင်ပေါ်က မျက်ရည်လေးတွေကို ဖယ်ရှားရင်း တစ်ချက်ရှိုက်သည်။ ဘယ်လိုနေနေ မိုးက လှပ၍ ဆွဲဆောင်မှုရှိသော မိန်းမလှလေးဖြစ်ခြင်းကို မည်သူမျှ မငြင်းနိုင်သလို ဒယ်နီလည်း မိုးကို မျက်လုံးလက်လက်တောက်နှင့် အမှမလွှာရှားသမျှ လိုက်ကြည့်နေမိသည်။

တစ်ချိန်က မိဘအရှိန်အဝါဖြင့် သူတို့ကျောင်း အသိုင်းအဝိုင်းမှာ ဘုရင်မတစ်ပါးအဖြစ် နာမည်ကြီးလှသိမ့်ခဲ့သော မိုးကေရီတို့ သားအဖအကြောင်းက အခုချိန်မှာလည်း လူပြောစရာ အများဆုံးဖြစ်ခဲ့သည်။ ဦးစက်ရှိန်၏ မလှပသော ဘဝဇာတ်သိမ်းပိုင်းနှင့် မိုးမခကို ပစ်ပြီး ရုတ်တရက်ပျောက်သွားသည့် မိုးကေရီ၏ သတင်းစကားမျိုးစုံကို နားနှင့်မဆန့်အောင် ကြားခဲ့ရပေမယ့်

အခု သူရင်ဆိုင်ကြုံတွေ့လိုက်ရသည့် မိုးကေရီက ဒယ်နီ ကြားထားသည့် သတင်းအတင်းအဖျင်းစကားတွေနှင့် ဆန့်ကျင်ဘက် မာန်မာနတွေ ခဝါချထားပြီး ရင်ကွဲနာကျင်မှုတွေကို ပိုက်တွေးထားသူ။

ဒယ်နီကိုယ်တိုင် မိုးကေရီနှင့် ပြန်ဆုံတွေ့ရလိမ့်ဦးမည်ဟု မျှော်လင့်မထားပါဘဲ အမှတ်မထင် မိုးနှင့်သူ ပြန်လည်ဆုံတွေ့ရခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ထိုအတွက် ဒယ်နီရင်တွေ လှုပ်ရှားနေသည်။ မိုးဇကရီဆိုသည့် မိန်းမလှလေးကလည်း အချိန်အခါမရွေး၊ နေရာမရွေး ဒယ်နီနှလုံးသားကို ဖမ်းစားပိုင်စိုးနိုင်လွန်းသည့် မိန်းမလှလေးဖြစ်သည်။

"ကိုယ့်ဘဝမှာ မိုးကို ပြန်မဆုံရတော့ဘူးလို့ထင်နေတာ၊ အခုလို အမှတ်မထင်ပဲ ပြန်တွေ့ရတော့ ကိုယ်သိပ်ဝမ်းသာတာပဲ မိုးရယ်"

"မိုးလည်း ဝမ်းသာပါတယ် ဒယ်နီရယ်၊ အခုချိန်မှာ ဒက်ဒီလည်းမရှိတော့ မိုးတစ်ယောက်ထဲ"

ပြောရင်း မိုးအသံက တိမ်ဝင်သွားကာ ပါးပေါ်မျက်ရည်တွေ စီးကျလာတာမို့ မိုးပါးပြင်ပေါ်က မျက်ရည်တွေကို ဒယ်နီကိုယ်တိုင် ယုယကြင်နာစွာ သုတ်ပေးမိသည်။

"မိုးနားမှာ ကိုယ်ရှိနေပါသေးတယ်မိုးရယ်၊ မိုးတစ်ယောက်ထဲမဟုတ်သေးပါဘူး၊ အခု မိုးဘယ်သွားချင်လဲ ဘာလုပ်ချင်လဲ ကိုယ့်ကိုပြော"

"ကိုယ် မိုးနားမှာ အတူရှိနေပေးမယ်"

"ဒယ်နီရယ်"

"ယူ မိုးကို စိတ်မနာဘူးလားဟင်"

"စိတ်နာနေမှဖြင့် မိုးနားမှာ အခုလိုအတူရှိနေနိုင်ပါ့မလား





ဗျာ၊ ဒယ်နီဆိုတာ မိုးအတွက် ထာဝရသူငယ်ချင်းပါ"

"သူငယ်ချင်း"

ဒယ်နီစကားက မိုးနားမှာ ပဲ့တင်ထပ်သွားကာ ဒယ်နီမျက်နှာချောချောကိုပါ အံ့ဩသလို မော့ကြည့်လိုက်တော့ မိုးကို ငေးကြည့်နေသည့် ဒယ်နီ၏ နူးညံ့ရွှန်းလဲ့သည့် မျက်ဝန်းလက်လက်များဖြင့် ဆုံပါသည်။

"မိုးအတွက် ချစ်သူမဖြစ်နိုင်မှန်းသိလို့ သူငယ်ချင်းလို့ ပြောလိုက်တာကို မိုး စိတ်ဆိုးလား၊ မိုးမှာ ချစ်ရမယ့်သူရှိတာ ကိုယ်သိပါတယ်"

"အခု မိုးချစ်သူရော"

"သူ့ကို မိုး မုန်းလိုက်ပြီဒယ်နီ၊ မိုးဘဝထဲက သူ့ကို မေ့ပစ်နိုင်အောင် ကြိုးစားနေတယ်"

"မိုးချစ်သူကရော၊ မိုးကို မုန်းလိုက်ပြီတဲ့လား"

"မိုးမသိဘူး ဒယ်နီ၊ သူ့ကို မိုး မေ့ပစ်လိုက်ပြီ"

စိတ်လိုက်မာန်ပါလေး ပြောနေပေမယ့် ကိုကို့ကို မေ့လိုက်ရပြီဟု တစ်ခါပြောတိုင်း မိုးရင်ထဲ လှိုက်ခနဲ ဝမ်းနည်းစို့နင့်ကာ မျက်ရည်တွေကလည်း အလိုလိုကျချင်နေသည်။ ဒယ်နီပုံစံကတော့ မိုးစကားကို ယုံကြည်ပုံမရပါ။

"မိုးချစ်သူကို မိုးတကယ် မမုန်းနိုင် မမေ့နိုင်ပါဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်နီ"

"ကိုယ်ဒီလိုပြောလို့ ကိုယ့်ကို မိုး စိတ်ဆိုးချင်ဆိုးပါ၊ ကိုယ်ကိုယ်တိုင်တောင် ကိုယ့်ကို မိုးမချစ်မှန်းသိရက်နဲ့ အခုချိန်ထိ မြတ်မြတ်နိုးနိုး ချစ်နေနိုင်သေးတာပဲ"

"မိုးလည်း ကိုယ့်လိုပဲနေမှာပါ"

"ဒယ်နီရယ်"

ရီဝေပြာမှိုင်းသွားသည့် ဒယ်နီမျက်ဝန်းအစုံနှင့် ဆန့်ကျင်ဘက် ပြုံးနေသည့် ဒယ်နီနှုတ်ခမ်းလေးများကို မိုး မမြင်ရက်တော့ပါ။

"မိုး"

"မိုးကိုခွင့်လွှတ်ပါ ဒယ်နီရယ်၊ ယွကို မိုးဘဝတစ်လျှောက်လုံးအတွက် အကောင်းဆုံးမိတ်ဆွေအဖြစ် မိုး မှတ်ထားပါ့မယ်"

"ချစ်တော့မချစ်နိုင်ဘူးပေါ့နော်"

"အိုကွယ်"

မချင့်မရဲ တိုးတိတ်စွာမေးလာသည့် ဒယ်နီအမေးစကားအတွက် ဖြေရန်စကားလုံး မိုးမှာမရှိပါ။

"ကိုယ်နားလည်ပါတယ်လေ၊ အချစ်ဆိုတာ လုပ်ကြံဖန်တီးယူလို့မှမရတာ၊ မိုး ဒေါ်ရှမ်းဆီသွားမယ်ဆို ကိုယ်နဲ့အတူ သွားကြမယ်"





ဒေါ်ရှမ်းရှိနေသည့် ဆေးရုံကို ဒယ်နီနှင့်အတူ ထွက်ခဲ့သည်။

"နေသာရဲ့လားဟင် ဒေါ်ရှမ်း"

"နေသာပါတယ်ကွယ်၊ ကလေးသာ ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ပါ၊ ထမင်းရော မှန်မှန်စားရဲ့လား၊ ဒေါ်ရှမ်းကို ချစ်ရင် ထမင်းမှန်မှန်စားနော်"

"ဟုတ်ကဲ့ပါ"

"ဧည့်သည်လည်းပါတယ် မဟုတ်လား၊ ပြန်တော့၊ ပြန်တော့၊ ဒေါ်ရှမ်းကို ပြုစုပေးတဲ့ ဆရာမလေးနှစ်ယောက်စလုံး ဒေါ်ရှမ်းကို သေချာဂရုစိုက်ကြပါတယ်၊ ဒေါ်ရှမ်းအတွက် မပူနဲ့ ဟုတ်လား"

"ဒေါ်ရှမ်းရယ်"

ဆေးရုံခုတင်ထက်က လူမမာက သူ့ထက်ငယ်ရွယ်ပြီး ကျန်းမာရေးပြည့်စုံနေသူများအတွက် ပြန်ပြီးစိတ်ပူဖြစ်နေပုံကလည်း သနားစရာပါ။ ဒေါ်ရှမ်းအတွက် ဝယ်လာသော လူမမာအတွက် အာဟာရဓာတ်စာများကို အစောင့်ဆရာမလေးဆီပေးပြီး စိတ်ပင်ပန်းစွာ နှစ်ယောက်အတူပြန်အလာ

"ဟင်"

ဆေးရုံဝင်းအတွင်း အရှိန်ပြင်းစွာ မောင်းဝင်လာသော



www.burmeseclassic.com

www.burmeseclassic.com



ကားတစ်စီးကြောင့် မိုမျက်ဝန်းထဲ ပြာခနဲဖြစ်သွားကာ အနားမှာ အတူရှိနေသည့် ဒယ်နီလက်တစ်ဖက်ကိုပါ ယောင်ရမ်း ဆုပ်ကိုင်မိ လျက်သား ဖြစ်သွားသည်။

"ဘာဖြစ်တာလဲ မိုး"

"ဘာဖြစ်ရလို့လဲ"

"သူ…သူ လိုက်လာပြီ ဒယ်နီ၊ မိုး သူ့ကိုမတွေ့ချင်ဘူး၊ မိုးတို့ပြန်ကြမယ်"

"ဟိုကားပေါ်ကလူက မိုးချစ်သူလား"

"အို…အရေးထဲ ဒယ်နီကလည်း လာပါဆို"

မိုးက ဒယ်နီလက်ကိုဆွဲပြီး ကားပေါ်တက်စေသလို သူမ ကိုယ်တိုင်ကလည်း အောင်စံနှင့် မျက်နှာချင်းမဆိုင်လိုသဖြင့် ဒယ်နီ ကားပေါ် ခပ်သွက်သွက်တက်လိုက်သည်။

ဒါကို အောင်စံကလည်း မြင်ဖြစ်အောင်မြင်ပါသည်။ မိုးနှင့် ဒယ်နီဆိုသည့် ချာတိတ်။ အောင်စံရင်ထဲ ဒိတ်ခနဲတော့ ဖြစ်သွား သည်။

ဒယ်နီဆိုတာ မိုးနှင့် သက်တူရွယ်တူ လူချောလေး တစ်ယောက်။ မိုးမေတ္တာကို တောင်းခံနေသူများစွာထဲက တစ်ယောက်အဖြစ် သိထားသည်။ ဘယ်အချိန်ထဲက မိုးနားကို ဒီချာတိတ်ရောက်နေသည်ကိုက သူလည်းမသိ။



သူငယ်ချင်းစည်လွင်၏ သတင်းပေးချက်ဖြင့် မိုးရှိရာကို ခရီးပြင်းနှင်လာခဲ့ရသူ၏ အဆုံးသတ်ခရီးက မိုးနှင့်ဒယ်နီဆိုသည့် ချစ်စရာစုံတွဲလှလှလေးကို ကြည့်ဖို့မြင်ဖို့လား။

"ဗွီး"

"ဝရော"

မိုးတို့ကားက အောင်စံ့ကားနားက ထပ်ဖြတ်သွားသည့် အခိုက်မှာ ဒယ်နီက မိုးချစ်သူဘယ်သူလဲဆိုတာ သိချင်စိတ်နှင့် တစ်ဖက်ကားကို လှမ်းကြည့်သည်။ တိုက်ဆိုင်စွာ တစ်ဖက်ကား ပေါ်က လူကလည်း ဒယ်နီမျက်နှာကို စူးရဲစွာအကြည့်။ စူးရှတောက် ပသော မျက်လုံး။ တည်ကြည်ခန့်ညားချောမော ဥပဓိရုပ်ကို ဒယ်နီ ချက်ချင်းမှတ်မိလိုက်သည်။

"ဦးအောင်စံပါလား"

ဒယ်နီ အံ့ဩသွားသည်။

မိုးကေရီ၏ ချစ်သူက တခြားသူမဟုတ်။ တစ်ကြိမ်တစ်ခါ က မိုး၏အရှက်နှင့် သူ့အသက်ကို ကယ်ခဲ့သော အောင်စံဆိုသည့် လူ။

"ဗွီး"

"ကျွီး"

သူရှိနေမှန်းသိပါလျက် တစ်ချက်ကလေးမျှပင် ငဲ့စောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဖော်မရသော အသည်းမာသူ မိုးမင်းသမီးနောက်လိုက်ရန် သူ့ကားကို ခပ်ပြင်းပြင်း ချိုးကွေ့သံက တိတ်ဆိတ်သောလမ်းမှာ ဆူညံစွာ ကျန်ရစ်သည်။

"ဦးအောင်ဖုံ လိုက်လာပြီမိုး၊ ကိုယ့်ကားကို ရပ်ပေးလိုက်ရမလား"

"မရပ်နဲ့၊ သူနဲ့မိုးကြားမှာ ဘာမှပြောစရာမရှိဘူး"

"မိုးမှာမရှိပေမယ့် သူ့မှာရှိနေမယ်ထင်တယ်"

"ဒယ်နီ"

"တီ…တီ"

မိုးအော်သံကို အောင်ဖုံကားဟွန်းသံက ဖုံးလွှမ်းသွားသည်။

"ဝူး"

"ကျွီး"

"အမလေး"

"ဟာ"

"ကျွီး…ကျွီး"

အောင်ဖုံက သူ့ကားကို ဒယ်နီကားရှေ့က မိုက်ကန်းစွာ ပိတ်ရပ်ပစ်လိုက်သည့်အတွက် လမ်းပေါ်မှာ ကားဘရိတ်သံတွေ ဆူညံသွားသည်။ ဒယ်နီနှင့်မိုး ကြောင်ကြည့်တုန်း တစ်ဖက်ကားပေါ်က အောင်ဖုံ ဆင်းလာသည်။



"မိုး"

အောင်ဖုံက မိုးကောရီထိုင်နေသည့် ကားပြတင်းနားလာရပ်ပြီး မိုးမျက်နှာလေးကို စေ့စေ့ကြည့်၍ မိုးအမည်ကို ခေါ်သည့်ကို မိုးက ဂရုမစိုက်။

"ရှေ့ကပိတ်ထားတဲ့ကားကို ကွေ့ပြီးမောင်း ဒယ်နီ"

"မိုး"

"မိုးနဲ့ စကားပြောစရာရှိလို့ ကိုကိုနဲ့ ခဏလိုက်ခဲ့ပါမိုး"

"မိုးအဖေကိုသတ်ပြီး မိုးဘဝကို ပျက်အောင်လုပ်တဲ့လူနဲ့ စကားပြောစရာမရှိဘူး"

"ကိုကိုတောင်းပန်ပါတယ် နိုးရယ်၊ ခဏလေးပါ"

"ဒယ်နီ အစ်ကို မိုးကို ခဏခေါ်သွားပါရစေ"

"ဟုတ်ကဲ့ အစ်ကို"

"မိုး…လာ"

"ရှင် မိုးလက်ကိုလွှတ်"

"မိုး မလိုက်ဘူးဆို"

"ဒယ်နီ"

"အို"

ရုန်းကန်နေသော မိုးကိုယ်လေးကို အရပ်ကလေးတစ်ရပ်ကို ဖွတ်ခနဲ ပေါ့ပါးစွာ ပွေ့ချီသွားသူ၏ လက်ထဲ မိုးကောရီမှာ

www.burmeseclassic.com



ဒယ်နီအမည်ကို ခေါ်ရင်း ပါသွားသည်။

ဒယ်နီ ကြည့်နေဆဲမှာ ဦးအောင်ဖုံး၏ကားက မိုးကိုတင်ပြီး နေရာက ဝေါခနဲ မောင်းထွက်သွားသည်။ ကားမောင်းသူကို ငိုယို ထုရိုက်လျက် အော်ဟစ်ပါသွားသူက မိုး။

အင်မတန်လိုက်ဖက်တင့်တယ်သည့် ချစ်သူစုံတွဲဟု ဒယ်နီ မြင်ပါသည်။ မိုးတို့ချစ်သူနှစ်ယောက် အမြန်ဆုံး ပြေလည်ကြပါစေ ဟု သူဆုတောင်းလိုက်သည်။

မိုးရင်ထဲက ချစ်သူကို မိုး မမုန်းနိုင်မှန်းသိ၍ဖြစ်သည်။ ကားကို နေရာက ညင်သာစွာ မောင်းထွက်လိုက်တော့ ပတ်ဝန်း ကျင်က မြင်ကွင်းတွေက ဝေး၍ကျန်ရစ်၏။

◆ ◆ ◆



## အခန်း (၂၀)

"မိုး"

"ရှင် မိုးအသားကိုမထိနဲ့"

သူမပခုံးလေးပေါ် တင်လိုက်သည့် အောင်ဖုံလက်ကို ပုတ်ချလိုက်သည့် မိုးမျက်နှာကို သူစိုက်ကြည့်ပစ်လိုက်သည်။ တွေ့ချင်မြင်ချင်လွန်း၍ ရှာဖွေနေခဲ့ရသည့် မျက်နှာလေးက သူ့ကို မကြည့်။ ကျောခိုင်းလျက် စိမ်းကားအေးစက်စွာ ရက်ရက်စက်စက် တုံ့ပြန်ခံရခြင်းအဖြစ်က သူ့ရင်ကို အခံရခက်အောင် နာကျင်စေသည်။

"ကိုကို့ကို မကြည့်ချင်အောင် မုန်းနေပြီလား"

"ရှင့်ကြောင့် မိုးဒက်ဒီသေရတာ"

မိုးဒက်ဒီကြောင့် ကိုကို့မိဘနှစ်ပါးစလုံး ဆုံးရှုံးခဲ့ရခြင်းအဖြစ် ကို သူမပြောတော့ပါ။ ပြောစရာလည်း မလိုဟုထင်သည့်အတွက် ကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးခဲ့တာတွေ မေ့လိုက်ကြရအောင်လား မိုးရယ်၊ ကိုကို့ဘဝမှာ မိုးရှိမှဖြစ်မယ်၊ မိုးနားမှာလည်း ကိုကို့ရှိမှဖြစ်မယ်၊ ကိုကိုတို့ လက်ထပ်ကြမယ်နော် မိုး"

"သေတောင်လက်မထပ်ဘူး"

"ဘာဖြစ်လို့လဲ"

"မုန်းလို့ရှင့်၊ မုန်းလို့"

"အရင်ကတော့ ချစ်တယ်ဆို"

"အို"

မိုး ဘာပြောရမှန်းမသိ နှုတ်ဆွံ့သွားခြင်းကို မြတ်နိုးစွာ အောင်ဖုံ ပြုံးပါသည်။

"ဒီမယ် အရင်ကဟာတွေ လာမပြောနဲ့ အခုဟာက အခုပဲ"

"အခုဟာက ဘာလဲ"

"မုန်းတယ်လို့ပြောတာရှင့်၊ ရှင့်လိုလူကို အခုရော နောက်ရော တစ်သက်စာလုံးအတွက်ကို မုန်းတာမှတ်ထား"

"ဟုတ်ကဲ့ မှတ်ထားပါ့မယ်"

"ဒေါ်ရှမ်းရော နေကောင်းပြီလား"

"သိချင်ရင် ဆေးရုံသွားကြည့်"

"လူမမာရှင်ဆီမှာ သတင်းမမေးရဘူးလား"



"မမေးနဲ့"

"မိုးကိုချစ်တယ်"

"ဘာပြောတယ်"

"ဩော်...မိုးကိုချစ်တဲ့စိတ်၊ လွမ်းတဲ့စိတ်နဲ့ ကိုကိုလည်း အလွမ်းဖျားဖျားနေတာလို့ ပြောတာ"

မိုး အခုမှ ကိုကို့မျက်နှာကို သေချာကြည့်မိသည်။ အနွေးထည်ထူထူဝတ်ထားသည့် ကိုကို့မျက်နှာက အဖျားသွေးဖြင့် နီရဲနေသလို ခရီးပြင်းနှင်လာရခြင်းကြောင့်လည်း လူတစ်ကိုယ်လုံး စုတ်ပြတ်ဖွာလန်နေသည်။ ပိန်သွားလိုက်တာဆိုသည့် စကားကိုတော့ မိုးစိတ်ထဲကပဲ ပြောပါသည်။

မိုးကိုယ်တိုင်လည်း တစ်နေ့တစ်နေ့ ကိုကို့စိတ်ဖြင့် တငိုငိုတရယ်ရယ်ဖြစ်နေတာမို့ ဘာကိုမှလည်း ဟုတ်တိပတ်တိ စားနိုင်ခြင်းမရှိသူမျှသာ။

"မိုးလည်း ပိန်သွားတယ်၊ ကိုကို့ကို မသနားဘူးလား ဟင်"

"ရှင့်ကို မိုးက ဘာလို့သနားရမှာလဲ"

"ဆရာဝန်ကပြောတော့ ကိုကို့ရောဂါက ကျွမ်းနေပြီတဲ့"

"ဟင်"

"နောက်ထပ်သုံးလပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မိုး အိမ်ပြန်တော့မယ်"

"ကိုကိုလည်း လိုက်မယ်လေ"

"ရှင့်ကို ဘယ်သူကခေါ်လို့လဲ"

"ဒီမြို့မှာ တည်းခိုစရာအသိ မရှိဘူး၊ မိုးအိမ်ထဲမခေါ်ချင်လည်း ရတယ်လေ၊ လမ်းဘေးမှာ ကားရပ်ပြီး အိပ်မယ်"

ရင်ထဲကပူလှပြီ။

အသည်းထဲက နာလှပြီ။ သူရောဂါဖြစ်နေတယ်ဆိုတာ တကယ်လား။ ညာနေတာလားမသိပေမယ့် မိုးရင်ထဲမှာ ဒိုချင်းပြင်းစွာ လှိုက်စို့နေ၏။

"မိုး"

"အို"

"လွမ်းလိုက်ရတာအချစ်ရယ်"

မိုးအလစ်မှာ မိုးကိုယ်လေးကို သိမ်းကျုံးပွေ့ယူသွားသူ ရင်ခွင်ထဲ စကားသံတို့ ပျောက်ဆုံးရသည်။ ထုရိုက်သော မိုး၏ လက်သီးဆုပ်ကလေးများကို သူက ငြိုက်နမ်းလျက် ရင်ခွင်ထဲ ဆွဲသိမ်းပါသည်။

"လက်ထပ်ကြမယ်နော် အချစ်"

"ရှင် မိုးကို အနိုင်မကျင့်နဲ့နော်"

"ချစ်တာပါဗျာ"





"အနိုင်ကျင့်တယ်ဆိုတဲ့ စကားကြီးကို ရက်ရက်စက်စက် မသုံးပါနဲ့"

"ဟော မိုးတွေရွာလာပြီ"

"ဖယ်စမ်းပါ"

"ချစ်တယ်လို့ပြော"

"အိမ်ပြန်မယ်"

"ကျွန်းကလေးမှာ နှစ်ယောက်ထဲရှိတုန်းက အပိုင်သိမ်း လိုက်ရမှာ"

"ဘာ"

"ဒါဆို အခုလို ဘယ်စွာနိုင်မှာလဲ"

"ရှင်နေခဲ့"

"တားနေလည်း လိုက်ရမှာပဲ၊ အိမ်အတူပြန်မယ်"

"ဟူး"

မိုးက သည်းထန်စွာရွာချသည်။ မိုးရေထဲ ပြေးဝင်သွားသည့် ကားထဲမှာ ဆုံးဖြတ်ရခက်သော ကျပ်တည်းမှုတွေနှင့် ဦးအောင်စုံခေါ်ဆောင်ရာ ပါလာသည်။ အပြင်မှာ မိုးတွေရွာနေသည်။ ကားထဲမှာ ဦးအောင်စုံဆိုသည့်လူက ဖျားနေသည်။

မိုး ဘာလုပ်ရမည်နည်း။

ကားမှန်ကတစ်ဆင့် လှမ်းမြင်နေရသော မိုးရေစက်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကို မိုး ငေးကြည့်နေမိသည်။ တိတ်ဆိတ်သောကားထဲမှာ ကားစက်သံသဲ့သဲ့ကလွဲ၍ ဘာသံမှမရှိ။ မိုးအိမ်ဘယ်မှာလဲဟု ဦးအောင်စိုး မမေးဘဲ မိုးနေသည့်အိမ်အရောက် သူကားကို မောင်းလာသည်။

"ဒယ်နီ"

မိုးအိမ်ရှေ့မှာ လှမ်းမြင်လိုက်ရသည့် ဒယ်နီ့ကားကိုမြင်တော့ တွေဝေသည့် မိုးဆုံးဖြတ်ချက်လေးတွေ တစ်မျိုးတစ်ဖုံ ပြောင်းလွဲ၍ ပြန်သည်။ ဘာကို မိုးတွေဝေနေရမည်နည်း။

ပြတ်သားသော ဆုံးဖြတ်ချက်ချရန်သာ အဓိကလိုရင်းဖြစ်ခြင်းကို မိုးသိမြင်လာ၏။

"ဒယ်နီကားပဲ၊ သူလည်း မိုးအိမ်မှာပဲ တည်းသလား"

"ဟုတ်တယ်"

"ဒယ်နီနဲ့ကိုကိုက အရင်ထဲက မိတ်ဆွေတွေပဲ၊ တစ်အိမ်ထဲအတူတည်းလဲ ပြဿနာမရှိပါဘူး"

"ရှင့်ကို ဘယ်သူက မိုးအိမ်မှာလက်ခံမယ် ပြောလို့လဲ"

"မိုးလက်မခံချင်လည်း မရဘူးလေ၊ ကိုယ့်အဝတ်သေတ္တာနဲ့ တခြားပစ္စည်းတွေအားလုံး မိုးအိမ်ရှင်အန်တီကြီးနဲ့ တွေ့လို့ မိုးအိမ်ထဲ ထည့်သိမ်းပေးသွားပြီ"

"ဟင်"

"ကိုကို့ကို မိုးရဲ့ အမျိုးသားလို့ မေးလို့ ဟုတ်တယ်လို့



ဖြေလိုက်တယ်"

"အို"

"ကံကောင်းချင်တော့ အန်တီစိမ်းဆိုတဲ့ မိုးအိမ်ရှင်အန်တီကြီးက မမလုံ့ရဲ့အချစ်ဆုံးသူငယ်ချင်း မမအုံးရဲ့ အမေတဲ့လေ၊ ကိုယ့်ကို အိမ်သော့ပိုတစ်တွဲတောင် ပေးလိုက်သေးတယ်"

"ဟာ"

"ကျွီး"

မိုး ဘာမှပြန်မပြောနိုင်ခင် မိုးတို့စီးလာသည့်ကားလေးက ဒယ်နီကားနားမှာပဲ နီးကပ်စွာ ထိုးဆိုက်ရပ်တန့်ပါသည်။

"မိုး"

"ဒယ်နီ"

ဒယ်နီက သူ့ကားထဲမှာ မဆင်းဘဲထိုင်နေရာက မိုးကို နှုတ်ဆက်ရင်း အောင်စိုးကို လှမ်းအကဲခတ်လိုက်တာ မြင်ရသည်။ အောင်စိုးက ဘယ်သူ့ကိုမှမကြည့်။ ကားထဲမှာ ထီးရှာနေတုန်း။ ဒယ်နီက သူ့ကားပေါ်က ထီးတစ်လက်ဖြင့် မိုးဆင်းရမည့် ကားတံခါးကို သူကိုယ်တိုင်လာဖွင့်ပေးပါသည်။

"သင့်ခ်ယူး ဒယ်နီ"

"မိုးတွေသိပ်ရွာနေတယ်မိုး၊ လာ ဒယ်နီလိုက်ပို့မယ်"

ထီးတစ်လက်ထဲ နှစ်ယောက်အတူ ပူးပူးကပ်ကပ် တိုးတိုး



www.burmeseclassic.com

www.burmeseclassic.com



ဖွေ့ဖွေ့။ မိုးလွတ်ရာတံစက်မြိတ်အောက်ရှိရာ အတူပြေးသွားပုံက ချစ်စရာစုံတွဲလေးလို လှလှပပ။ မနှာလိုခြင်း၊ သဝန်တိုခြင်းဆိုသည့် အရာမှာ သူနှင့်မဆိုင်သလို ကားထဲက ရှာဖွေတွေ့ရှိလာသည့် ထီးတစ်လက်ကို ခပ်တည်တည်ဖွင့်ဆောင်းပြီး ဣန္ဒြေရရှာ မိုးရေထဲ လျှောက်လှမ်းလာသည့် အသွင်သဏ္ဌာန်မှာ ထူထဲသော အနွေးထည် နှင့်ပါ။

''အဆင်ပြေရဲ့လား မိုး''

ဒယ်နီအမေးကို မိုးမဖြေဘဲ နူးညံ့သိမ်မွေ့သော ဒယ်နီ မျက်ဝန်းအစုံကိုသာ မော့ကြည့်လိုက်သည်။

''ဒယ်နီ''

''ဟင်''

''မိုးကို လက်ထပ်မလား''

''ဗျာ''

''ဒယ်နီသာ မိုးကိုလက်ထပ်မယ်ဆိုရင်''

''မိုးရယ်''

မိုးလက်ကလေးတစ်ဖက်ကို စိတ်လှုပ်ရှားစွာ ဆုပ်ညှစ် လိုက်တော့ မိုးရေတို့စိုရွှဲနေသော မိုးလက်ကလေးက သူ့ကို တုံ့ပြန် ဆုပ်ထွေးခြင်းမပြုပါ။

''ပေး အိမ်သော့ကို ကိုယ်ဖွင့်ပေးမယ်''





အိမ်သော့က ရုတ်တရက်ဖွင့်လို့မရ။

''သော့ကျပ်နေတယ်ထင်တယ်၊ အစ်ကို့မှာ သော့ တစ်ချောင်းရှိသေးတယ် ညီလေး''

''ရော့ ဒီသော့နဲ့ဖွင့်လိုက်''

အနားရောက်လာသည့် ဦးအောင်ဖုံလက်ထဲက အိမ်သော့ အပိုတစ်စုံကို လှမ်းမယူခင် ဒယ်နီက မိုးသဘောထားကို တောင်းခံ သည့်အနေနှင့် မိုးကေရီကို တစ်ချက်လှမ်းကြည့်သည်။

မိုးက ဘယ်သူ့ကိုမှမကြည့်။

ဒယ်နီက ဦးအောင်ဖုံလက်ထဲကသော့ဖြင့် မိုး၏အိမ်တံခါး သော့ကို အဖွင့်မှာ အလွယ်တကူ ချောက်ခနဲပွင့်သွားပုံက ဘာခွန်အား မှ မစိုက်ရ။

''အပြင်မှာ မိုးရေလေပါ သိပ်ကျနေတယ် ဒယ်နီရေ၊ ပွင့်နေတဲ့ အိမ်တံခါးတွေကို အရင်ပိတ်ပေးပါဦး၊ တစ်အိမ်လုံး မိုးရေတွေ ရွှဲကုန်တော့မယ်''

''ဟုတ်ကဲ့ အစ်ကို''

အိမ်ထဲကို လှမ်းအဝင်မှာ ဦးအောင်ဖုံ၏ အဝတ်သေတ္တာ နှင့် မိုးအတွက်ဝယ်ယူလာသော တခြားအသုံးအဆောင်ပစ္စည်းများ တို့ တစ်နေရာထဲ အစုလိုက်အပုံလိုက် တွေ့ရတော့ ဦးအောင်ဖုံ၏ မိုးအပေါ် စိုးပိုင်ရဲဝံ့ခြင်းအဖြစ်ကို သူအလိုလိုနားလည်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရေစိုအဝတ်တွေကို အရင်လဲလိုက်ဦးလေမိုး၊ ခေါင်းက ဆံပင်တွေ ရေစိုနေတာလည်း စင်အောင်သုတ်ဦး"

"ဦးအောင်စုံ"

သူ့အမည်ကို မိုး ခပ်ကျယ်ကျယ်အော်ပစ်လိုက်တော့ သူရော ဒယ်နီပါ ရေစိုစက်လက်နှင့် မိုးကို ပြိုင်တူလှမ်းကြည့်သည်။

"ပြောလေ မိုး၊ ကိုကို့ကို ဘာပြောချင်လို့လဲ"

"မိုးကို ဒယ်နီရှေ့မှာ ရှင်ပိုင်ပစ္စည်းတစ်ခုလို အမိန့်တွေလာမပေးပါနဲ့၊ ရှင့်ကို မိုးမုန်းတယ်"

"မိုး"

"ရှင်သိထားဖို့က မိုးလက်ထပ်မဲ့သူက ဒယ်နီပဲ"

"ဒယ်နီ"

"ယူ့ပြောလိုက်လေ"

"ဟုတ်၊ ဟုတ်ပါတယ်အစ်ကို၊ မကြာခင် မိုးနဲ့ကျွန်တော်တို့ လက်ထပ်တော့မှာပါ"

ဒယ်နီလေသံက ခပ်တိုးတိုး။ တုံ့ဆိုင်းဆိုင်း။ ဒယ်နီ့ပုံစံကိုကြည့်ထဲက အောင်စုံ သူ့အလိုလို သဘောပေါက်နေသည်။ မိုး သူ့ကိုညာနေပြီ။ မကြာခင်လက်ထပ်တော့မည်ဟု ဆိုလာသူနှစ်ဦးကို လက်ပိုက်ပြီး အောင်စုံ ခပ်ပြုံးပြုံးကြည့်လိုက်သည်။





"ဆုံးဖြတ်ပြီးကြပြီပေါ့"

"ဟုတ်ကဲ့"

မိုးထံမှဖြေခြင်းမဟုတ်ပါ။

ဒယ်နီက အောင်စုံအမေးကို ဝင်ဖြေတာဖြစ်ပါသည်။

"ကောင်းပြီလေ၊ နှစ်ဦးသဘောတူ ဆုံးဖြတ်ပြီးပြီဆိုမှတော့ အစ်ကိုက ဘာတတ်နိုင်မှာလဲ၊ ကာယကံရှင်ဆန္ဒအတိုင်းဖြစ်ရမှာပေါ့"

"အခုလောလောဆယ် အစ်ကိုသိချင်တာက မိုးအိမ်မှာပဲ ဒယ်နီတည်းနေလား၊ မနေဘူးလား၊ အဲဒါ သိချင်တယ်"

"ဟို အဲဒါက"

"နေစမ်းပါဦး အဲဒါ ရှင့်ကိစ္စလား"

"မိုးကို ကိုကိုမမေးဘူးနော်၊ ဒယ်နီကိုပဲ ကိုကိုမေးနေတာ၊ ဒယ်နီ ဒီအိမ်မှာပဲ တည်းခိုနေတယ်ဆိုရင် အစ်ကိုလည်း ဒီမှာပဲ တည်းခိုရမှာမို့လို့ ခွင့်ပြုစေချင်တယ်"

"တခြားလည်း သွားစရာမရှိဘူးလေ၊ ပြီးတော့ အစ်ကို သိပ်များနေတယ်၊ မိုးမျက်နှာလေးကို မြင်ချင်တွေ့ချင်လွန်းလို့သာ ရှုတ်နှစ်ပြီး ထွက်လာတာ အစ်ကို အနားယူချင်ပြီ"

"အပြင်မှာလည်း မိုးတွေသိပ်ရွာနေတယ်အစ်ကို၊ ဒီမှာပဲ တည်းပါအစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



''ဒယ်နီ''

''အစ်ကိုသိပ်ဖျားနေတယ် မိုး၊ ပြီးတော့ မိုးရေတွေလည်း ရွဲနေပြီ၊ ဒီမှာပဲ အေးအေးဆေးဆေး အနားယူပါစေ''

''သင့်ခ်ယူး ဒယ်နီ''

မိုးဇေကရီထံမှ အော်ဟစ်တားမြစ်သံလေးက ဒယ်နီဆုံးဖြတ်ချက်အောက်မှာ သူ့အလိုလိုကွယ်ပျောက်သွားသည်။ အပြင်မှာက မိုးက သည်းထန်စွာရွာနေဆဲ။ အောင်ဖုံကိုယ်ပေါ်က မိုးစိုနေသည့် အဝတ်တွေကို ချွတ်နေချိန်မှာ မိုးလည်း ရေစိုအဝတ်တွေနှင့် မိုးက သူ့မအိပ်ခန်းလေးထဲ ဝင်ခဲ့သည်။

အဝတ်မလဲသေးဘဲ ပြတင်းပေါက်မှာ ရပ်လျက် မိုးရေစက်တွေကို မိုး အကြာကြီး ရပ်ငေးနေမိသည်။ မျက်ဝန်းထဲမှာ မိုးရေစက်တွေကြား ဝိုးတဝါးပုံရိပ်တွေ တစ်ခုပြီးတစ်ခု ပေါ်လာသည်။ ထိုပုံရိပ်တွေထဲမှာ ကိုကို့မိဘနှစ်ပါးနှင့် မိုးဒက်ဒီ ဦးစက်ရှိန်၏ပုံရိပ်တွေ။ အားလုံး ဝေဝေဝါးဝါး ရောရောထွေးထွေး။

နောက်ဆုံး ထင်ထင်ရှားရှား တွေ့မြင်ရသည်က မိုးဒက်ဒီ ဦးစက်ရှိန်၏ သေဆုံးခါနီးမျက်နှာ။

''ဒက်ဒီရယ်''

မိုးပါးပြင်ပေါ် မျက်ရည်တွေ ပေါက်ပေါက်ကျလာသည်။ ဒက်ဒီ နောက်ဆုံးဆန္ဒအတိုင်း ကိုကို့မိဘတွေဆီက ဒက်ဒီယူထား





သည့် ရတနာပစ္စည်းတွေဟု ထင်ရသော ပစ္စည်းထုပ်ကြီးကို မိုး၏ လမ်းခွဲနှုတ်ဆက်စာလေးနှင့်အတူ ကိုကို့အတွက် ထားခဲ့သည်။ ဒက်ဒီ့သမီးဖြစ်ပေမယ့် မိုးဇေကရီက ဘာကိုမှမမက်။ ဒက်ဒီကိုယ်တိုင် အသက်နှင့်ရင်း၍ တစ်ဘဝလုံးအတွက် ရင်းနှီးကြိုးစားရှာဖွေ စုဆောင်းခဲ့သမျှ ဒက်ဒီနောက်ဆုံးအချိန်မှာ ဘာတစ်ခုမှ ယူမသွားနိုင်တာကို တွေ့ပြီးထဲက မိုးဇေကရီ ကြောက်သွားသည်။

ချစ်သူကိုကို့ကိုလည်း လက်လွှတ်ဆုံးရှုံးဖို့ ထိုအချိန်ထဲက ဆုံးဖြတ်ခဲ့သည်။ ကိုကိုနှင့် မတွေ့အောင် ရှောင်ပုန်းနေပေမယ့် ကိုကိုက မိုးဇေကရီရှိရာကို ရှာဖွေပြီး မိုးမျက်စိရှေ့ကို ရောက်လာသည်။ မိုးဘာဆက်လုပ်ရမည်နည်း။

မိုးမသိ။

မိုး အိပ်ခန်းအပြင်ဘက်မှာ တစ်ချိန်က မိုးဇေကရီ၏ ချစ်သူကိုကိုနှင့် မိုးထံမှ ချစ်မေတ္တာကို တစ်ဖက်သတ်တောင်းခံနေသည့် ဒယ်နီရှိသည်။

''ဒေါက်...ဒေါက်''

''မိုး''

ဒယ်နီအသံ။

''အပြင်ခဏလောက်ထွက်ခဲ့ပါဦး မိုး၊ မိုးနဲ့ကိုယ် စကားနည်းနည်းလောက် ပြောရအောင်''



www.burmeseclassic.com

www.burmeseclassic.com



"မိုးမှာ ပြောစရာမရှိဘူး"

"ကိုယ် ဒီနေ့ည ဒီမှာပဲနေရမှာလား၊ ဒါမှမဟုတ်"

"မိုးတစ်ယောက်တည်း ထားခဲ့မလို့လား ဒယ်နီ"

အခန်းအပြင်ဘက်က ဒယ်နီအသံ ခဏတော့ တိတ်သွားသည်။ ပြီးမှ…

"ကောင်းပါပြီ၊ ဒီနေ့တော့ ဦးအောင်စုံနဲ့ပဲ အတူညအိပ်လိုက်ပါ့မယ်"

အပြင်ဘက်က စကားသံတွေ တိတ်သွားသည်။ အပြင်မှာ မိုးကသည်းထန်စွာရွာဆဲ။

◆ ◆ ◆



## အခန်း (၂၁)

"အင်း…ဟင်း…ဟင်း"

တိတ်ဆိတ်သောအချိန်မှာ ထွက်ပေါ်လာသော ညီးညူသံက နီးတစ်ဝက် အိပ်တစ်ဝက်ဖြစ်နေသော အောင်စုံနားအတွင်းသို့ ညင်သာစွာ ဖြတ်သန်းတိုးဝင်ရောက်ရှိလာ၏။ ပထမတော့ ဖဝေဖဝါ။ နောက်တော့ အသေအချာ။

အိပ်ရာမှာ ငြိမ်သက်စွာ လှဲလျောင်းနေရာထလိုက်တော့ သူနှင့်ခပ်လှမ်းလှမ်းမှာ နှစ်ခြိုက်စွာအိပ်မောကျနေသည့် ဒယ်နီမျက်နှာကို မြင်ရသည်။ မိုးဇေရီဆိုသည့် မိန်းမလှလေးထံက ချစ်မေတ္တာကို တောင်းခံနေသော လူတစ်ယောက်နှင့်အတူ မိုးဇေရီ၏ချစ်သူဖြစ်သော အောင်စုံတို့ သုံးယောက် တစ်မိုးအောက်ထဲ အတူရှိနေသည့်အဖြစ်က သေချာတွေးကြည့်တော့ တကယ့်ကို ရယ်ရခက်၊ ငိုရခက်မျှသာ။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်က တိတ်နေ၏။

မိုးက ဘယ်အချိန်ထဲက စဲတိတ်သွားသည်မသိ မိုးအိပ်ခန်းထဲက ညည်းသံခပ်သဲ့သဲ့ထွက်လာပြန်သည်။ အောင်ဖုံ လက်ကနာရီကို ကြည့်လိုက်တော့ နံနက်ငါးနာရီတိတိကို ညွှန်ပြ နေသည်။ မနေ့က မိုးစိုနေသော မိုးမျက်နှာလေးကို ဖျတ်ခနဲ ပြေးမြင်သည်။

ညက ရေစိုအဝတ်တွေနှင့် အချိန်ဘယ်လောက်ကြာ ပေတေနေသည်မသိ။ အခု မိုးထံမှ ညည်းညူသံသဲ့သဲ့က သူမ ဖျားနေပြီဖြစ်ကြောင်း အသိပေးနေ၏။

အိပ်ရာက သူထလိုက်တော့ ခေါင်းထဲ မိုက်ခနဲဖြစ်သွားသည်။

"အား…ကျွတ်…ကျွတ်"

ဦးခေါင်းထဲ တဆစ်ဆစ်ကိုက်သွားတာကို လက်နှင့်ဖိလိုက်သည်။ အောင်ဖုံကိုယ်တိုင်လည်း နေကောင်းခြင်းမရှိ။ ခန္ဓာကိုယ်က ပူနွေးနေဆဲ။ မိုးအိပ်ခန်းရှေ့ကို သူလျှောက်ခဲ့သည်။ အခုတော့လည်း တိတ်ဆိတ်နေသည့်အခန်းထဲက ဘာသံမှ မကြားရ။

သူရပ်နေဆဲ မိုးထံမှ ညည်းသံထွက်လာတော့ အောင်ဖုံ လက်တွေက အိပ်ခန်းတံခါးကို အလိုလိုခေါက်မိလျက်သား ဖြစ်သွားသည်။





"ခေါက် ခေါက်"

"မိုး"

"မိုး"

"အင်း…ဟင်း…ဟင်း"

"မိုး ကိုကိုခေါ်တာကြားလား၊ မိုး ဖျားနေလားဟင်"

တိုးတိတ်စွာ သူမေးလိုက်တော့ အခန်းထဲက အသံတိတ်သွားသည်။

"မိုး"

"မိုး"

အောင်ဖုံ ထပ်ခေါ်ပေမယ့် အခန်းထဲက ဘာသံမှမကြားရတော့။ အောင်ဖုံထံမှ ကျယ်လောင်စွာ သက်ပြင်းရှိုက်သံအဆုံးမှာ ဒယ်နီက တစ်ဖက်သို့ အသာစောင်းလှည့်အိပ်လိုက်သလို အိပ်ခန်းထဲမှ မိုးသည်လည်း ချစ်သူကိုကိုထံမှ စိုးရိမ်ကြင်နာသံကြောင့် တစ်ယောက်တည်း ကျိတ်မျက်ရည်ကျနေပါသည်။

မိုး ဖျားနေပါပြီ။

ရေစိုအဝတ်တွေနှင့် အချိန်အကြာကြီး လေစိမ်းတိုက်သည့်နေရာမှာ ရပ်နေမိသလို ရေစိုဆံပင်တွေကို စင်အောင်မသုတ်ဘဲ အိပ်ရာထဲ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ပင်ပန်းနွမ်းနယ်စွာ ငိုရှိုက်ရင်း ဘယ်အချိန် အိပ်ပျော်သွားမှန်းမသိသော်လည်း အခု မိုးအိပ်ရာက



www.burmeseclassic.com

www.burmeseclassic.com



လန့်နိုးလာချိန် တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူနေသည်။

ဟိုတုန်းက မိုးဖျားနာလျှင် ပြေးခိုဝင်စရာ ကိုကို့ရင်ခွင်ကြီး ရှိသည်။ အားငယ်ဝမ်းနည်းနေချိန်တိုင်း ကိုကို့ရင်ခွင်မှာ နားခိုခဲ့ဘူးသည်။ အခုတော့ မိုးနှင့် ကိုကိုက တံခါးတစ်ချပ်သာခြားလျက် တစ်ယောက်တည်း ဝမ်းနည်းအားငယ်နေရသည့် အဖြစ်တွေနှင့် ကျိတ်ငိုနေရသည့်အဖြစ်။

မိုးနောက်ကို ဘာလို့လိုက်လာတာလဲ ကိုကိုရယ်။

ကိုကို့မိဘနှစ်ပါးကို ရက်ရက်စက်စက် သတ်ပြီး ကိုကို့ မိဘတွေပစ္စည်းကို ယူခဲ့တဲ့ ဦးစက်ရှိန်ရဲ့သမီးကို ကိုကို စိတ်မနာ ဘူးလား။

သတ်ပစ်ချင်လောက်အောင် ကလဲ့စားချေချင်လောက် အောင် မမုန်းခဲ့ဘူးလားကွယ်။

ကိုကို့ကို မိုး မုန်းပါရစေ။

မေ့ထားပါရစေ။

မိုးဆိုတဲ့ မိန်းကလေးကို ကိုကို စိတ်နာပြီး နောက်ထပ် မချစ်ချင်တော့ တစ်သက်လုံး ခွင့်မလွှတ်ချင်ဘဲ မုန်းသွားအောင် ဒယ်နီဆိုတဲ့ မိုးမချစ်မနှစ်သက်သူ ရင်ခွင်ထဲ မိုးတစ်ဘဝလုံးကို အဆုံးရှုံးခံလိုက်တော့မယ်။

မိုးကို ခွင့်မလွှတ်ပါနဲ့ ကိုကိုရယ်။





ဒီဘဝအတွက် ကိုကိုနဲ့ မိုးတို့ရဲ့ အချစ်ဇာတ်လမ်းကို ဒီလိုပဲ အဆုံးသတ်လိုက်ဖို့ မိုး ဆုံးဖြတ်လိုက်ပြီ။ ငိုရင်းရှိုက်ရင်း မိုး ပြန်အိပ်ပျော်သွားပေမယ့် အောင်စိုးကတော့ ပြန်မအိပ်တော့။ ချစ်သူအကြောင်းတွေကိုသာ တစ်ချိန်လုံး စဉ်းစားနေပါသည်။

မိုးက အောင်စိုးကို စိတ်နာသည်။ သူမဒက်ဒီကို သတ်သူ အဖြစ် ပြောဆိုစွပ်စွဲသည်။ ဤအကြောင်းပြချက်တစ်ခုထဲအတွက် သူ့အပေါ် အမုန်တကယ် မိုး မုန်းမည်ဆိုလျှင်တော့ မိဘနှစ်ပါးလုံး မိုးဒက်ဒီက ရက်စက်စွာ သတ်ဖြတ်ပြီး ပစ္စည်းတွေပါ လုယူသွား သည့်အဖြစ်ကို အောင်စိုးအနေနှင့် ပို၍နာကြည်းခါးသီးရပေမည်။ မိဘနှစ်ပါးကိုယ်စား ကလဲ့စားချေသင့်သည်။ ရက်စက်သင့်သည်။

ချစ်သော မိုးအပေါ်မှာ အောင်စိုး ဘာတစ်ခုမှ အပြစ်မယူ နိုင်ခဲ့။ ခွင့်လွှတ်နိုင်ရန်သာ အကြိမ်ကြိမ်ကြိုးပမ်းပြီး မိုးအပေါ်ထား သည့် ချစ်မေတ္တာတွေကိုသာ ရှေ့တန်းတင်ခဲ့ပါလျက် မိုးက ဘာကြောင့် သူ့မေတ္တာကို အသိအမှတ်မပြုနိုင်ရသနည်း။

ဒယ်နီ အိပ်ရာကထသွားသည်။ ရေချိုးခန်းထဲက ပြန်ထွက် လာတော့ ခေါင်းလျှော်ရေချိုးထားသည့် ဒယ်နီအသွင်သဏ္ဌာန်က နံနက်ခင်းနှင့်အပြိုင် လန်းဆန်းနေသည်။ အောင်စိုးမှာ ကိုယ်လက် သန့်စင်ရုံမှတစ်ပါး ပူနွေးနေသော ခန္ဓာကိုယ်မှ အဖျားရှိန်ကြောင့် အနွေးအင်္ကျီတစ်ထည်ဖြင့် ငြိမ်နေဆဲ ဒယ်နီက မိုးအိပ်ခန်းတံခါးရှေ့



www.burmeseclassic.com

www.burmeseclassic.com



မှာ နာရီတကြည့်ကြည့်နှင့် သွားရပ်သည်။

"ခုနစ်နာရီတောင် ခွဲတော့မယ်၊ မိုး အခုထိမထသေးဘူး ဆိုတော့ ဖျားများနေပြီလားမသိဘူးနော် အစ်ကို"

"သိချင်ရင် နှိုးကြည့်လိုက်လေ"

"ဟုတ်ကဲ့"

ဒယ်နီက မိုး၏သက်ဆိုင်ပတ်သက်သူအဖြစ် အောင်စုံ ဘက်ကို လှမ်းကြည့်ပြီး ပြောခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် မိုးနှင့်ပတ်သက်ပြီး သက်ဆိုင်သူထံမှာ ခွင့်တောင်းခံသည့်သဘော သက်ရောက်ခြင်းဟု သူသိသလို ဒယ်နီလည်းသိသည်။

ဒယ်နီက ရည်မွန်ယဉ်ကျေးသော လူငယ်လေးဖြစ်၍ စွမ်း ဆိုသည့်လူဆိုးလေးနှင့် တခြားစီဖြစ်သည်။

"ဒေါက်…ဒေါက်"

"မိုး"

"ဒယ်နီပါ၊ တံခါးဖွင့်ပါဦးဗျာ၊ ဒီမှာ ကိုယ်တို့ မိုးကို စိတ်ပူနေပြီ"

"မိုး"

"မိုး"

"ချောက်"

"ကျွီး"





"မိုး"

အိပ်ခန်းတံခါးပွင့်သည်ဆိုရုံလေး ပွင့်လာသဖြင့် ဒယ်နီ မိုးအိပ်ခန်းတံခါးကို တွန်းဖွင့်လိုက်သည်။

"မိုး"

"မိုးဖျားနေပြီ ဒယ်နီ၊ ဆရာဝန်ခေါ်ပေးပါ"

"ဟင်"

အိပ်ရာပေါ် ပြန်လှဲချလိုက်သော မိုးကိုယ်လေးပေါ် ခြုံစောင်တစ်ထည်ကို လှမ်းခြုံရင်း ဒယ်နီတစ်ယောက် ပျာယာခတ် သွားသည်။ မိုးနဖူးလေးကို သူ့လက်နှင့် အသာထိကိုင်ကြည့်သည်။

"ဟာ"

"ကိုယ်တွေခြစ်ခြစ်တောက်ပူနေပါလား"

"မိုး"

"ဟင်"

"အစ်ကိုက ဆရာဝန်ပဲ၊ အစ်ကို့ကိုပဲ ခေါ်လိုက်မယ် နော်"

"ဒီလူနဲ့ဆို လုံးဝဆေးမကုဘူး"

"မိုး"

မိုးအခန်းထဲကို လှမ်းဝင်လာနေပြီဖြစ်သော အောင်စုံကို ကြည့်ပြီး မိုးကိုယ်စား ဒယ်နီက ကြားထဲ အားတုံ့အားနာဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အစ်ကို ဟို မိုးက"

"အစ်ကိုနားလည်ပါတယ် ညီ၊ အစ်ကိုကို ဘာမှအားမနာနဲ့ ဟုတ်လား"

"ရှင် မိုးအခန်းထဲကို ဘာလို့ဝင်လာတာလဲ၊ အခုထွက်သွားပါ"

"ရူး"

"တိ…တိ"

"ဟော စည်လွင်လာပြီ၊ ခဏနော် မိုး"

အောင်ဇံက မိုးပြောသည့်စကားကို ဘာမှဂရုမစိုက်သည့်ဟန်ဖြင့် အခန်းအပြင်ကို ပြန်ထွက်သွားကာ သူဖုန်းဆက်ထားသည့် သူငယ်ချင်းစည်လွင်ကို ထွက်ကြိုသည်။

"ဘယ်လိုလဲ အိုကေလား"

"သိချင်ရင် ငါနဲ့လိုက်ခဲ့"

"အိုကေ"

"ဩော်…နေဦး၊ မင်းလည်း ဆေးထိုးရမယ်နော် ကိုယ့်လူ"

"အေးပါ"

"ညီမရေ ဆရာဝင်ခဲ့မယ်နော်"





"ဆရာက"

"ဟုတ်ပါ့ဗျာ၊ အောင်ဇံ့သူငယ်ချင်းပါ"

"အို"

ဒေါ်ရှမ်းကို ဆေးကုသပေးသူမှာ ကိုကို့သူငယ်ချင်းဖြစ်နေခြင်းကို တွေ့မြင်ရပြီးနောက်မှာ ကိုကို ဘာကြောင့် မိုးရှိရာကို ရောက်လာရခြင်းအဖြစ်ကို မိုးသဘောပေါက်သွားရပါပြီ။

"နေမကောင်းဘူးဆို ညီမ"

"ဟုတ်ကဲ့ ဆရာ"

အနားမှာ အောင်ဇံရှိပေမယ့် မိုး စိတ်ထင်တိုင်းပြောမဖြစ်တော့ပါ။ ဒေါက်တာစည်လွင်ပြောသမျှကို ယဉ်ကျေးစွာ ဖြေနေရပါသည်။

"ဆေးထိုးမယ်နော် ညီမ"

"ဆေးပဲသောက်လို့မရဘူးလား ဆရာ"

"ဆေးထိုးမှ စိတ်ချရမှာညီမရဲ့၊ တော်ကြာ အဖျားတာရှည်နေလိမ့်မယ်၊ ညီမအဒေါ်ကို ဆေးရုံသွားကြည့်ရဦးမယ်လေ၊ နာပါဘူး ညီမရဲ့၊ ခဏလေးပါ"

ဆေးထိုးမည့်သူက ဖွတ်တရွတ်ဆေးအပ်တပြင်ပြင်ဆိုတော့ အနားမှာအတူရှိနေသည့် ဒယ်နီနှင့် ဦးအောင်ဇံကို မိုး လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့နှစ်ယောက်စလုံး အပြင်ထွက်ပေး"

"ဗျာ"

"ဪ…ဟုတ်ပြီ၊ ဟုတ်ပြီ"

ဒယ်နီနှင့်အောင်ဇံ့တို့ မိုးအခန်းထဲက ထွက်သွား၏။ ဒေါက်တာစည်လွင်က ဒယ်နီနှင့် သူ့သူငယ်ချင်းအောင်ဇံ့ လူချော နှစ်ယောက်ကို တစ်လှည့်စီကြည့်ပြီး သူ့လူနာမလှလှလေး၏ မျက်နှာ ကိုပါ ပြန်ကြည့်သည်။ အမျိုးမလှလှလေးနှင့် လူပျိုချောချော နှစ်ယောက်။

ဒယ်နီဆိုသည့် လူချောလေး၏ အကြည့်လက်လက်တွေ ကလည်း မိုးကေရီထံမှာ ရွှန်းရွှန်းနက်နက်။ ယောက်ျားချင်း မြင်တာ နှင့် သိသည်။

မိုးကေရီ၏ ချစ်သူမှာ သူငယ်ချင်းအောင်ဇံ့ဟု သိထား ပေမယ့် ဒေါက်တာစည်လွင် မျက်လုံးထဲမှာ အခြေအနေက တစ်မျိုး တစ်ဖုံထူးခြားနေသည်။

"ကဲ ပြီးပါပြီဗျာ၊ သောက်ရမယ့်ဆေးတွေကို တစ်ခါထဲ အောင်ဇံ့ကြီးကိုပေးခဲ့မယ် ဟုတ်လား"

"ဟိတ်ကောင် အောင်ဇံ့ မင်းကိုလည်း ဆေးထိုးမယ် လာခဲ့"

"နေပါစေကွာ"





"မရှာဘူးမောင်၊ မရှာဘူး"

"လာ…လာ"

သူများအသားကို ဆေးထိုးရမှာ ဘယ်တုန်းကမှ လက်မနှေးသည့် ဆရာဝန်က အခု သူ့အလှည့်ကြတော့ ဆေးထိုးခံရ မှာ ကြောက်နေပုံကို မိုး စိတ်မဝင်စားအားပါ။ သူငယ်ချင်း နှစ်ယောက် ဧည့်ခန်းထဲမှာ အုပ်အုပ်ကျက်ကျက်စကားပြောနေချိန် မိုးနားကို ဒယ်နီ ရောက်လာသည်။

"မိုး"

"ဒယ်နီ"

"ကိုယ် ဘာဆက်လုပ်ရမလဲ"

"ဟင်"

"ကိုယ့်ကို မိုး တကယ်လက်ထပ်ရဲလို့လား"

"အို"

"မိုးသဘောတူရင် ကိုယ်နဲ့မိုး ဒီနေ့ပဲလက်ထပ်ကြမယ်"

"ရှင်"

"မိုးအနားမှာ ပိုင်စိုးပိုင်နင်း အမူအရာနဲ့ တခြားလူ တစ်ယောက်ရှိနေတာ ကိုယ်မကြိုက်ဘူး၊ မိုး သူ့ကို သဘောမကျ ဘူးဆိုရင်လည်း ပြတ်ပြတ်သားသား ကိုယ့်ဘက်ကရပ်ပါ"

"ဒယ်နီ"



www.burmeseclassic.com

www.burmeseclassic.com



ဒယ်နီနှာမည်ကို မိုးကေရီ အလန့်တကြားလေး ခေါ်လိုက်သည်။ ရဲ့ပြတ်သားသည့် ဒယ်နီစကားလုံးတိုင်းက မိုးကို အတာယ်မျှ တုန်လှုပ်ချောက်ချားစေကြောင်း ဒယ်နီသိမည်မဟုတ်ပါ။

"ကိုယ် မိုးကိုချစ်တယ်"

"ဒယ်နီရယ်"

မိုး မည်သို့ပြောရမှန်းမသိတော့ပါ။ တကယ်ပဲ ကိုကို့ကို မိုး စွန့်လွှတ်ရတော့မည်လား။ မျှော်လင့်ခြင်းဖြင့် လင်းလက်တောက်ပနေသော ဒယ်နီမျက်လုံးအစုံကို ငေးကြည့်ရင်း မိုးရင်တစ်ခုလုံး စို့နင့်မွန်းကျပ်လျက် အသက်ရှူရပ်လုမတတ် ဖြစ်သွားရ၏။

◆ ◆ ◆



## အခန်း (၂၂)

"ကိုယ်ဝမ်းသာလိုက်တာမိုးရယ်၊ မိုး ကိုယ့်ကို လက်ထပ်မယ်ဆိုတာ တကယ်ပါနော်"

"ဒယ်နီက မယုံလို့လား"

"အိပ်မက်မဟုတ်ပါစေနဲ့လို့ ဆုတောင်းနေတာပါဗျာ၊ ကိုအောင်ရုံလာရင် ကိုယ်တို့အကြောင်း ပြောလိုက်တော့မယ်"

"ဒယ်နီသဘောပဲ"

"မိုး...မိုးရယ်"

ဒယ်နီအသံက စိတ်လှုပ်ရှားခြင်းဖြင့် ဝမ်းသာတုန်ရီနေသလောက် မိုးမှာတော့ တစ်ယောက်တည်း တိတ်တိတ်ကျိတ်၍ ဝမ်းနည်းကြေကွဲနေပါသည်။ မိုက်သည်လို့ပဲဆိုဆို ရူးသည်လို့ပဲပြောပြော ကိုကို့ကို မိုး လက်မထပ်လိုတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့မျက်နှာကိုမြင်တိုင်း အတိတ်က မိုးဒက်ဒီကျူးလွန်ခဲ့သော ပြစ်မှုတွေအတွက် လိပ်ပြာမလုံ ရှက်ရွံ့မိသလို မှောင်ခိုရာဇာကြီးအဖြစ် ထုတ်ပြန်ကြေငြာခံရသော ဦးစက်ရှိန်သမီးနှင့် လက်ထပ်ရဲသော ကိုကို့ကို လူတွေဝိုင်းပြီး ကဲ့ရဲ့လက်ညှိုးထိုးကြမည့်အဖြစ်ကို မိုး မခံနိုင်ပါ။

ကိုကို့ဘဝနဲ့ ကိုကို နေရစ်ခဲ့ပါကွယ်။ မိုးကောရီဆိုတာ ကိုကိုတို့ အသိုင်းအဝိုင်းထဲက မိန်းကလေးမဟုတ်ပါဘူး။

"မိုး ကိုကို့ကိုခေါ်တယ်ဆို"

"ဒယ်နီနဲ့မိုး လက်ထပ်ရင် အသိသက်သေနေရာမှာ လက်မှတ်ထိုးပေးနိုင်မလားလို့ပါ"

"မိုး"

"မိုး ဒယ်နီနဲ့ လက်ထပ်တော့မယ်"

အောင်ဇံ့ လှပသော မိုးမျက်နှာလေးကို စူးစူးနှင့် စိုက်ကြည့်ပစ်လိုက်သည်။ မိုးက သူ့ကိုမကြည့်ဘဲ မျက်နှာလွှဲထား တာကိုကြည့်ပြီး အောင်ဇံ့ရင်ထဲ နာလာသည်။ ဒယ်နီကတော့ အောင်ဇံ့မျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး မိုးလက်ကလေး တစ်ဖက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားသည်။





"မိုး တကယ်ဆုံးဖြတ်တာလား"

"တီ…တီ"

"ဟင်…မာမီနဲ့မမပါလား"

"ဒယ်နီ"

"မာမီ"

ရှေ့ဆင့်နောက်ဆင့်ဆိုသလို အိမ်ရှေ့တည့်တည့်မှာ ထိုးရပ်လာသည့် ကားနှစ်စီးကြောင့် ဒယ်နီမျက်နှာပျက်သွားကာ မိုးမျက်နှာလှလှလေးကို စိုးရိမ်သောမျက်နှာဖြင့် ငုံ့ကြည့်လိုက်တာ မြင်ရသည်။

ကားနှစ်စီးပေါ်က ဒယ်နီအမေနှင့် အစ်မဖြစ်သူတို့ တင်းမာခက်ထန်သော မျက်နှာထားကိုယ်စီနှင့် ဆင်းလာပြီး ဒယ်နီ မိုးနှင့် အောင်ဇံ့နား ရောက်လာသည်။

"မင်း ဘာတွေလုပ်နေတာလဲ ဒယ်နီ၊ ဘာကိစ္စ မင်းက ဒီကိုရောက်နေရတာလဲ အခုလာခဲ့စမ်း"

"မာမီ"

"မာမီလုပ်မနေနဲ့၊ မင်းနဲ့လက်ထပ်ရမယ့် မေဖြူကိုထားပြီး ဘာမဟုတ်တဲ့နာမည်ပျက်နဲ့ မိန်းမတစ်ယောက်နားမှာ လာအချိန်ကုန်ခံနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဟာ…မာမီ ဘာတွေလာပြောနေတာလဲဗျာ"

"ဘာတွေပြောရမှာလဲ၊ အမှန်တရားတွေပြောနေတာ"

"ယောကျ်ားတစ်ယောက်နဲ့ နှစ်ယောက်တည်း ကျွန်းတစ်ကျွန်းမှာ ဖြစ်ချင်တိုင်းဖြစ်ပျက်လာတဲ့ ဒုစရိုက်ခေါင်း ဆောင်လူဆိုးသမီးကိုမှ မင်းက"

"ရှင်…ရှင်တို့ ကျွန်မ အိမ်ကအခုထွက်သွား"

"မိုး"

အဆုံးစွန်သော စော်ကားနှိမ့်ချမှုအောက်မှာ မိုးဘဝ တစ်လျှောက်လုံး ထောင်လွှားခဲ့သော မာန်မာနတို့ ဘာတစ်ခုမှ ရစရာမရှိတော့ဟု ထင်သည်။ မိုးမျက်လုံးတွေ ပြာကုန်သည်။ မိုးအသားတွေ ဆတ်ဆတ်တုန်နေပြီ။ ဖြစ်နိုင်လျှင် မိုး လူသတ်ချင် နေပါပြီ။

"ရှင် ကျွန်မနာမည်မခေါ်နဲ့ ဒယ်နီ၊ ရှင်အခု ကျွန်မနားက ထွက်သွားပါ"

"မိုး…ကိုယ်"

"မင်းဘာမှမပြောနဲ့ ဒယ်နီ၊ ကိုယ် ဒေါသတွေ အဆုံးစွန်





ပေါက်ကွဲမသွားခင် မင်းတို့ အခုပဲ ဒီနေရာကထွက်သွားလိုက်ပါ"

"ဒီမှာ ခင်ဗျားတို့သိထားရမှာက မိုးဆိုတာ ကျုပ်လက်ထပ်မယ့် ချစ်သူ၊ ကျုပ်ရဲ့ဇနီးလောင်း"

"ကျုပ်ဇနီးလောင်းကို ခင်ဗျားတို့ ချက်ချင်းပဲတောင်းပန် ပါ၊ မဟုတ်ရင် ခင်ဗျားတို့ကို ကျုပ် ဆိုင်ရာကနေ တရားစွဲရလိမ့် မယ်"

"ကျွန်တော်ပဲ မာမီနဲ့မကိုယ်စား တောင်းပန်ပါတယ် အစ်ကို၊ မိုးရော အစ်ကိုပါ ခွင့်လွှတ်ပါ"

"အံမယ် မင်းက ဘာကိစ္စတောင်းပန်နေရတာလဲ"

"လာပါ မာမီရယ်"

"လာပါဗျာ"

ဒယ်နီက သူ့မာမီကို ဖွတ်အတင်းဆွဲခေါ်ပြီး သူ့ကိုယ်တိုင် ကားပေါ်တက်သွားပေမယ့် မျက်နှာချောချောကတော့ ငိုမလိုမည်း ဖူက်နေပါသည်။

"ရှူး"

"ဝရော"

ဒယ်နီက သူ့မာမီကားကို ကိုယ်တိုင်မောင်းသွားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ပါလာသည့် ဒရိုင်ဘာက ဒယ်နီကားကိုပါ ပြန်မောင်းယူသွားသဖြင့် မိုးမျက်စိရှေ့က ကားသုံးစီးစလုံး ရှေ့ဆင့်နောက်ဆင့် ထွက်သွားတာကို မြင်လိုက်ရသည်။

"အီး…အဟင့်…ဟင့်"

မိုးက နောက်ဆုံး ဘယ်လိုမှ ဟန်ဆောင်ခြင်း ထိန်းချုပ်ခြင်း မပြုနိုင်တော့ဘဲ မျက်နှာလှလှလေးကို လက်ဖဝါးမှာ ထိုးအပ်ကွယ်နှစ်ပြီး ငိုချပြေးထွက်မည်အလုပ်။

"မိုး"

"ဖယ်…လွှတ်…လွှတ်"

"ရှင့်ကို မိုး မုန်းတယ်သိလား"

"မုန်းတယ်"

အောင်ဖုံက မိုးကိုယ်လေးကို သူ့ရင်ခွင်ထဲမှာ နစ်နေအောင် အတင်းကျပ်ဆုံး ချုပ်ကိုင်ထွေးပွေ့ထားလိုက်ခြင်းဖြင့် မိုးမှာ မည်သည့်နေရာကိုမှ ပြေးခွင့်မသာလိုက်ပါချေ။

မိုးနှုတ်များမှ အောင်ဖုံကို အမုန်းစကားတွင်တွင်ဆိုရင်း မျက်ရည်စက်လက်နှင့် ရှိုက်ကြီးတငင် ငိုကျွေးထုရိုက်နေခြင်းအဖြစ်ကို မြတ်နိုးခြင်းအတိဖြင့် ငြိမ်သက်စွာ ခံယူရင်း မိုးဆံနွယ်လေး





များကို ဖွဖွရှိုက်နမ်းလိုက်သည်။

မိုးရယ်။

ကိုကို့မိုးလေးရယ်။

မိုးဘယ်လိုပဲ ကိုကို့ကို အမုန်းစကားတွေဆိုနေလည်း မိုးရင်ထဲက နှလုံးသားကို လှမ်းမြင်တွေ့နေပြီသားဖြစ်တဲ့ ကိုကို့အတွက် မိုးရဲ့အမုန်းစကားတွေဟာ ကိုကို့အချစ်အတွက် မေတ္တာအားဆေးတွေသာ ဖြစ်ခဲ့ရသူပါကွယ်။

မိုးကို ကိုကိုချစ်တယ်။

ငိုရှိုက်နေသော မိုးကိုယ်လေးကို ကလေးတစ်ယောက်လို ညင်သာစေ့ပါးစွာ ပွေ့ယူမချီလိုက်တော့ မိုးက သူ့ရင်ခွင်ထဲက ခွတ်ရုန်းထွက်သည်။

"ရှင့်ကို မိုးမုန်းတယ်လို့ ပြောနေတာ မကြားဘူးလား"

"ရှင်မိုးကို အခုလွှတ်"

"မိုး"

"အို"

ကျောပြင်နှင့် အိပ်ရာအထိမှာ မိုးတစ်ကိုယ်လုံး ကိုကို့ရင်ခွင်မှာ နွေးထွေးပါသည်။ မိုးဘာတတ်နိုင်မည်နည်း။ ကိုကို့ရှေ့



www.burmeseclassic.com

www.burmeseclassic.com



မှာ ဒယ်နီမာမီကြောင့် မိုး အရုက်အိုးလေးချွဲခံလိုက်ရသည်။ ဖြစ်ချင်တော့ မိုးမုန်းမေ့ပစ်ရန် ကြိုးစားနေသော ကိုကို့ရှေ့မှာ ဖြစ်နေသည်။

မိုးကို ဒယ်နီချစ်တာ မှန်ပေမယ့် သူမာမီကို ဘာတစ်ခုမှ မတွန်းလှန်နိုင်ဘဲ ခပ်ကုတ်ကုတ်ပြန်ပါသွားရခြင်းအဖြစ်ကိုလည်း မကျေ။ မိုးကိုယ်မိုးလည်း ကိုကို့ရင်ခွင်ထဲမှာ မျက်ရည်နစ်ရွှဲစွာ ဝမ်းနည်းအားငယ်စွာ ခိုကိုးရာမဲ့ ရှိုက်ငိုနေရခြင်းအဖြစ်ကိုလည်း မကျေနပ်ပါ။

"မိုး"

"တိတ်ပါ အချစ်ရယ်၊ မိုးနားမှာ ကိုကိုတစ်ယောက်လုံး ရှိပါသေးတယ် အချစ်ရယ်"

"မငိုနဲ့နော်"

"မပြောနဲ့၊ ရှင့်ကြောင့် မိုး အခုလိုငိုနေရတာ"

"အစထဲက အစထဲက မိုးကို ဒက်ဒီသမီးမုန်းသိရဲ့သားနဲ့၊ ရှင့်မိဘတွေအတွက် ဘာဖြစ်လို့ လက်စားမချေခဲ့တာလဲ၊ ဘာဖြစ်လို့ လာချစ်ရတာလဲ"

"ဖြစ်ချင်ရာဖြစ် ထားပစ်ခဲ့ပါလား၊ တကယ်ဆို ဟိုကျွန်းလေးမှာထဲက မိုးကေရီဆိုတဲ့ မိန်းကလေးတစ်ယောက်ဟာ သေဆုံး





သွားခဲ့ရမှာပါ"

ပြောရင်း မိုးငိုသည်။

ငိုရင်းက ဝမ်းနည်းလာရခြင်းကြောင့် မိုးရှိုက်သံတွေက အောင်နိုရင်ခွင်ထဲမှာ ရောနှစ်လျက်ဗလုံးဗထွေး။ မိုးကိုယ်လေး သိမ့်သိမ့်ရှိုက်ငိုနေတာကို မကြည့်ရဲစွာ မိုးကိုယ်လေးကို သိမ်းကျုံးပွေ့ယူလိုက်သည်။ နစ်မွန်းသွားသည့် ချစ်အနမ်းတွေအောက်မှာ မိုး၏ ထုရိုက်ငိုရှိုက်သံလေးက တဖြည်းဖြည်း တိုးဝင်ပျောက်ဆုံးလျက် ငြိမ်သက်သွားသည်။

"မိုး"

"ကိုကို့အသက်ရယ်"

"သိပ်ချစ်တယ်ကွယ်"

"မိုးကတော့ ရှင့်ကိုမချစ်ဘူး"

"ဟုတ်ပါပြီဗျာ"

"မိုးမချစ်လည်း ကိုကိုကပဲ မိုးကိုချစ်ပါ့မယ်ဟုတ်လား"

"အဟွန်း…ဟွန်း…ဟွန်း"

ကြည်နူးရွှင်မြူးစွာ သူဆိုတော့ မိုးက သူ့ကို မျက်စောင်းရွယ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သလား"

"ဥစ္စာရင်းမှန်လို့ နတ်သိကြားလေးတွေက ကိုကို့ပစ္စည်းလေးကို ကိုကို့လက်ထဲ ပြန်အပ်ပေးခဲ့တာတွေ့လား"

"ဘာပစ္စည်းလဲ လူကို"

"ဒီပစ္စည်းလေ၊ မိုးကေးရီဆိုတဲ့လူမလှလှလေး"

"ပြောစမ်း ဒယ်နီကို ဘာလို့လက်ထပ်ချင်ရတာလဲ"

"မုန်းလို့"

"ဘယ်သူ့ကိုလဲ"

"ကိုယ့်ကိုယ်ကို"

"ဘယ်လို ကိုယ့်ကိုယ်ကို မုန်းတယ်ဟုတ်လား၊ ဘာဖြစ်လို့ပါလိမ့်ဗျာ"

မိုးမျက်နှာလေးကို သူ တအံ့တဩလေး ငုံ့မိုးစိုက်ကြည့်လိုက်တော့ မိုးက သူ့ကိုမကြည့်။

"ဘာဖြစ်ရမှာလဲ"

"မိုးဟာ ဦးစက်ရှိန်သမီးဖြစ်နေလို့ပေါ့"

"မိုးရယ်"

ပြောရင်း ဝမ်းနည်းကာ မိုးငိုသည်။





မိုးဘာကြောင့်ငိုသည်ကိုသိသဖြင့် အောင်ခိုင်လည်း မိုးအတွက် အတော်စိတ်မကောင်းဖြစ်သွားကာ မျက်ရည်တွေနှင့် စိုလူးနေသော မိုးမျက်နှာလှလှလေးကို နေရာမလပ် ရှိုက်နမ်းပစ်ကာ အငိုရပ်တန့်စေလိုက်သည်။

"ကိုကို့ကို သိပ်ချစ်တာပဲလားဟင်"

"ဘယ်တုန်းကမှမချစ်ဘူး"

"ဒါဖြင့် ဘာဖြစ်လို့ ဦးစက်ရှိန့်သမီးဖြစ်ရတာကို မုန်းနေလဲ"

"အို့..အဲဒါက"

"ကိုကို့ကို ချစ်လို့ပဲမဟုတ်လား"

"မိုးသာ ဦးစက်ရှိန်သမီးမဖြစ်ခဲ့ရင် ဒါမှမဟုတ် ကိုကိုသာ ဦးအောင်ဇော ဒေါ်ခင်မေတို့ရဲ့သား မဖြစ်ခဲ့ရင်"

"အို...တော်ပါတော့"

မိုးမကြားရဲသလို နားနှစ်ဖက်ကိုလက်ကလေးနှင့် ပိတ်ကွယ်ပြီးအော်တော့ မိုးမျက်နှာလေးကို သူ ငုံ့နမ်းလိုက်သည်။

"တော်ပါပြီဗျာ၊ နောက်ဆို မိုးလည်း ဒီအကြောင်းတွေ မပြောနဲ့တော့၊ ကိုကိုလည်း ပြီးခဲ့တာတွေကို မေ့ပစ်လိုက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကိုရန်ခြင်း မတုံ့နှင်းဘဲ ငြိမ်းချမ်းကျေအေးလိုက်ခြင်းအားဖြင့် ကိုကိုတို့ ချစ်စရာအနာဂတ်လေးကိုပဲ နွေးထွေးစွာ ကြိုဆိုလိုက်ကြမယ်ဟုတ်လား"

"ကိုကိုရယ်"

မိုးမှာ ဆိုရန်စကားမရှိတော့ပါ။

မြတ်နိုးခြင်းဖြင့် လှိုက်လှဲစွာ ထွေးပွေ့လာသော ချစ်သူရင်ခွင်ကျယ်ကြီးထဲ ခိုကိုးရာမဲ့ဖြစ်သော သူမကိုယ်လေးကို တွယ်မှီနားခိုရင်း ကုန်လွန်ခဲ့ရသော အလွမ်းနေ့များအတွက် အချစ်လွန်မိုးသည်းမည်းစွာ ရွာချလာခြင်းကို ကျေနပ်ကြည်နူးခြင်းများစွာဖြင့် လှိုက်လှဲစွာ ခံယူလိုက်ပါတော့သတည်း။

ချစ်သူတိုင်း မျှော်ရှင်ကြည်နူးနိုင်ကြပါစေ၊
ချစ်ခြင်းမေတ္တာဖြင့်
မြပုလဲသွယ်



www.burmeseclassic.com